"ငါ့ရှင်တို့၊ ပဗ္ဗဇိတ ဒုလ္လဘဟူသော ရဟန်း အဖြစ်ကို ရခဲသည်ဆိုရာ၌ အသက် မငဲ့မူ၍ သီလချစ်သော ရဟန်းအဖြစ်မျိုးကို ရခဲသည်ဟုဆိုခြင်းဖြစ်သည်။ ရဟန်း ဖြစ်ဆန်း ကာမျှ ရဟန်းအဖြစ်မျိုးကို ရခဲသည်မဟုတ်"

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး

"တပည့်တော်တို့ ရဟန်းတွေဆိုတာဟာ အနေရိုးသားရမယ်၊ အသိဉာဏ်ဘက်ကျတော့ ဆန်းကြယ်စေရမယ်၊ လူများနဲ့ ရောရောနှောနှောလည်း မနေရဘူး၊ ကင်းနိုင်သမျှ ကင်းအောင် နေရမယ်၊ ဒါပေမဲ့ သူတို့နဲ့ လုံးဝ မဆက်ဆံဘဲ နေလို့လည်း မဖြစ်ဘူး၊ အသင့်အတင့် ပေါင်းသင်းဆက်ဆံမှုတော့ ရှိရမယ်၊ ပေါင်းသင်းဆက်ဆံတဲ့ အခါမှာလည်းပဲ ငါရဟန်းဆိုတဲ့ သမဏ သညာကို ပျောက်မသွားစေရဘူး"

ကျေးဇူးရှင် ဒဿမရွှေကျင်သာသနာပိုင်
မြောင်းမြဆရာတော်ဘုရားကြီး

ဒို့မြန်မာလူမျိုးက စေတနာကောင်း၊ လောကွတ်ကောင်းတော့ ရဟန်းတွေ အာပတ် သင့်တယ်၊ လူဝတ်ကြောင်တွေ ဝိနည်းသင်ပေးမှုဖြစ်မယ်။ သာသနာပျက်တယ်ဆိုတာ ကိုယ်တိုင် မကျင့်သုံးကြလို့ ကိုယ့်သန္တာန်မှာ သာသနာပျက်တာ၊ ငွေကြေးကို ကိုယ်တိုင် ကိုင်တွယ်တော့ ဇာတရူပရဇတ သိက္ခာပုဒ် မိမိသန္တာန်မှာ ပျက်တယ်၊ ရှောင်ကြဉ်ရင် မိမိသန္တာန် မှာ ဇာတရူပသိက္ခာပုဒ် သာသနာတည်တာပဲ။

ကျေးဇူးရှင် ဘာရာဏသီဆရာတော်ဘုရားကြီး

"ရန်ကင်းတောရက အရင်ဘုန်းကြီးတွေလည်း ငွေမကိုင်ကြဘူး၊ ခုဘုန်းကြီးတွေလည်း ငွေမကိုင်ကြနဲ့၊ ဒါဆိုရင် ရှေး ဘုန်းကြီးနှင့် ခုဘုန်းကြီး တူသွားပြီ။ ဒါသြဝါဒပဲ။"

ကျေးဇူးရှင် နတ္ထားကျောင်းဆရာတော်ဘုရားကြီး

မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ (အပိုင်း-၂) ✲ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပြင်

ရန်ကင်းတောင်စာစဉ်(၂၉)

# မဟာထေရ်မြတ်တို့၏ စံနမူနာယူစရာ ကျင့်သီလ

## (အပိုင်း - ၂)

အရှင်ခေမာနန္ဒ (ရန်ကင်းတောရ) သပြေပြင်

# ၁။ ဝိနည်းကျင့်ဝတ်နှင့် ပတ်သက်လာလျှင် မြူမျှ အလျှော့မခံသည့် ဆရာတော်

မြောင်းမြဆရာတော်ဘုရားကြီးက "မြောင်းမြမြို့ဟာ ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်အများစု နေထိုင်ရာမြို့တစ်မြို့ဖြစ်တယ်၊ဘာသာရေး ကိုးကွယ်ဆည်းကပ်ရေးမှာ အသားကျပြီးသူများ နေထိုင်ရာ မြို့တစ်မြို့လည်းဖြစ်တယ်၊ ဒါကြောင့် ပဋိရူပဒေသ စစ်မှန်တယ်၊ စာသင်တိုက်ဖွင့်လို့ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ ဇွဲရှိဖို့သာ လိုတယ်၊ လုပ်ရင်ဖြစ်ရမယ်၊ ဘယ်သူက ဘာပြောပြော ငါဖြစ်အောင်လုပ်မယ်"ဟု ခိုင်မြဲစွာ ဆုံးဖြတ်တော်မူသည်။ ဤဆုံးဖြတ်ချက်ကလည်း ဘုန်းတော်ကြီး၏ မူလဓာတ်ခံ ဝီရိယကို ပို၍ ပို၍ ထက်သန်လာစေသည်။

အချို့ ရင်းနှီးသော ငယ်ပေါင်းမိတ်ဆွေ ဓာတ်သိဖြစ်သော အဝေးနေ တပည့်အချို့ကလည်း ဘုန်းတော်ကြီး၏ စရိုက်ဝါသနာကို သိထားကြသည့်အတိုင်း **"ကျောင်းတိုက်တည်ခါစ ဝိနည်းမိုရ်လွန်းလျှင် ငတ်မည်၊ ပတ်ဝန်းကျင်၏ ဖိနှိပ်မှု, အကူအညီမပေးဘဲ ချောင်ဖယ်မှုတို့ကိုလည်း မုချတွေ့ရမည်၊ ကြီးပွားတိုးတက်မည် မဟုတ်**"ဟု သတိပေးကြသည်၊ လျှောက်ထားကြသည်။

သို့သော် မြောင်းမြဆရာတော်ဘုရားကြီး၏ ကြိုးပမ်းမှုရလဒ်ကို ယနေ့ကြည့်တတ်သူတိုင်း မြင်တွေ့နေရသဖြင့် ဝမ်းမြောက်စွာ သာဓုခေါ်နေကြရပါသည်။ ဘုန်းတော်ကြီးက ဝိနည်းကျင့်ဝတ်နှင့် ပတ်သက်လာလျှင် မျှမျှအလျှော့မခံ **"အဆာပြေ ရေကိုသောက်လျက် ဝမ်းလျားမှောက်ပြီး နေတန်နေရပါစေ၊ အဖော်မရလျှင် တစ်ယောက်တည်း နေတန်နေရပါစေ၊ ကိုယ်ကျင့် ကောင်းမွန်နေက အရှုံးမရှိ"**ဟု ထက်သန်သော သမ္မာဆန္ဒဖြင့် လုပ်ကိုင်လာခဲ့ပါသည်။

## ၂။ သင်္ကန်းအစား ဆေးရုံမှ ခွဲစိတ်ခန်းသုံးဝတ်စုံ ဝတ်မှခွဲရမည်ဆိုလျှင် သေချင်သေပါစေ မဝတ်နိုင်ဘူး

ကျေးဇူးရှင် ဗာရာဏသီဆရာတော်လောင်းလျာသည် ၁၂၇၇ ခုနှစ်၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဂန္ထကာရက၊ အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော်ဘုရားကြီးထံမှောက်သို့ ကပ်ရောက် ခိုဝင်တော်မူခဲ့ပြီး ပညာရင်နို့ သောက်စို့နေပါသည်။ ဝိနည်းကို ချစ်မြတ်နိုးတော်မူသော ဆရာတော်ဘုရားကြီး ဖြစ်မည့်အလျောက် (၁၃)နှစ်သား အရွယ် ကျောင်းသားသူငယ်ဘဝကပင် "ဝိကာလဘောဇနသိက္ခာပုဒ်"

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ (၂၀၁၁-ခုနှစ်) ဒီဇင်ဘာလ တတိယအကြိမ်။ (နှာ-၂၁၆၊၂၁၇)

ကို စောင့်ထိန်းကြောင်း၊ ညစာမစားဘဲ ညစာစားမည့်အချိန်တွင် စာကျက်ခဲ့ကြောင်း သုတအနေအားဖြင့် ကြားသိရပါသည်။

**ရစ်မသည် ဥအတွက် အသေခံသည်။**

**စာမရီသားကောင်သည် အမြီးအတွက် အသေခံသည်။**

**ရဟန်းသည် သီလအတွက် အသေခံသည်။**

တစ်နေ့သော အခါသမယ ဆရာတော်ဘုရားကြီး "အူကျရောဂါ" ဖြစ်၍ မကွေးဆေးရုံကြီး၌ ခွဲစိတ်ကုသမှု ခံယူရ၏။ ခွဲစိတ်ခန်းဝင်မည်အပြု၌ ခွဲစိတ်ခန်းသုံး ဝတ်စုံများ ဝတ်ရမည်ဆိုသော် ဆရာတော်ဘုရားကြီးက **"အဲဒီဝတ်စုံဝတ်မှ ခွဲရမည်ဆိုလျှင် သေချင်သေပါ စေတော့ မဝတ်နိုင်ဘူး"**ဟု ငြင်းဆန်တော်မူခဲ့သည်။

* **အသက်ဆုံးရှုံး ပျက်စီးဖို့နှင့် ကြုံလာလျှင် ခြေလက် အင်္ဂါကို စွန့်ရဲရ၏။**
* **ခြေလက်အင်္ဂါ ပျက်စီးဖို့နှင့် ကြုံလာလျှင် ပစ္စည်းဥစ္စာကို စွန့်ရဲရ၏။**
* **ကိုယ်ကျင့်သီလ ပျက်စီးဖို့နှင့် ကြုံလာလျှင် အသက်ကို စွန့်ရဲရ၏။**

**ဤကား သူတော်စင်တို့၏ ထုံးတမ်းပေတည်း။**

---

**ကျမ်းညွှန်း**

* ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်မှ စာချဂဏဝါစက အရှင်ဇယိဿရ၏ အတီတေ ဗာရာဏသိယံ၊ (၂၀၀၂-ခုနှစ်)။ (နှာ-၁၄၉)
* ဝိသုဒ္ဓိမဂ် အတွဲ(၁)။ (နှာ-၃၄)

## ၃။ သီလသိက္ခာ၌ အလွန်လေးစားတော်မူသည့် စံကျောင်းဆရာတော်

စံကျောင်းဆရာတော်ဘုရားကြီးသည် အကြင်အမှုသည် အာပတ် မကင်း အပြစ်ရှိသည်ဟုသိ၏။ ထိုအမှုကို အသက်ထက်ဆုံး မည်သည့် အခါမျှ ကျူးလွန်ခြင်း ရှိတော်မမူပေ။ သိက္ခာပုဒ်တော်တို့၌ အလွန် အကျုံ့လည်း သံသယဖြစ်တော်မမူ၊ အပ်သောအရာ၌ အပ်သလိုပင် ပြုကျင့် ဆောင်ရွက်တော်မူသည်။ မဇ္ဈိမပဋိပဒါကျသည်ဟု ဆိုရပေမည်။ ဆရာသမားများ၏ ဆုံးမဩဝါဒတို့ကိုလည်း မြေဝယ်မကျ အထူးရိုသေ လေးစားစွာ လိုက်နာကျင့်သုံးတော်မူလေ့ရှိသည်။ ကိုယ်တော်တိုင်က သီလသိက္ခာ ဆရာသမား ဆုံးမဩဝါဒတို့ကို ရိုသေ လေးစားတော် မူလေ့ရှိသောကြောင့် တပည့်များကလည်း စံကျောင်းဆရာတော်အား ကြည်ညိုမြတ်နိုး ချစ်ကြောက်ရိုသေကြကုန်၏။

စံကျောင်းဆရာတော်ဘုရားသည် သဘောဉာဏ်, မှတ်ဉာဏ် နှစ်ပါးလုံး ကောင်းတော်မူသည်။ **နှစ်ခေါက်ကြည့်ရှု၍သော်လည်း ကောင်း, ကျက်မှတ်၍သော်လည်းကောင်း ရပြီးလျှင် အနည်းဆုံး ၃-နှစ်လောက် မမေ့ပါဘူးဟု မိန့်တော်မူဖူးသည်။ တစ်နေ့လျှင် ဂါထာတစ်ရာလောက် သက်သောင့်သက်သာ ရသည်ဟု နာခံရ ဖူးသည်။**

---

**ကျမ်းညွှန်း**

* ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ရွှေကျင်နိကာယ သာသနာဝင် (၂၀၁၁-ခုနှစ်) တတိယအကြိမ်။ (နှာ-၂၅၈)

# ၄။ ဒုတိယတိပိဋကဆရာတော်သည် ဝိနည်းတရား အလွန်လေးစားသည်

တိပိဋကပခုက္ကူဆရာတော်ဘုရားသည် ဝိနည်းသိက္ခာပုဒ်တော်များကို အသက်တမျှ ရိုသေလေးစားတော်မူသည်။ ကျန်းမာရေးကောင်းနေစဉ်က လေးလေးစားစား ဖြည့်ကျင့်တော်မူသလို ကျန်းမာရေးမကောင်း၍ ဆေးရုံပေါ်ဝယ် ဆေးကုသမှု ခံယူနေရချိန်၌လည်း အထူးဂရုစိုက်၍ လိုက်နာဖြည့်ကျင့်တော်မူသည်၊ ဆေးရုံပေါ်၌ သဟသေယျစသော သိက္ခာပုဒ်များကို လိုက်နာကျင့်ဆောင်ရန် မလွယ်သဖြင့် **နေ့စဉ် နေ့စဉ် အာပတ်ဖြေ ဒေသနာကြားတော်မူသည်၊ ဦးနှောက်တွင်းအကြိတ် ဖြစ်နေခြင်းဖြစ်၍ နောက်ဆုံးအချိန်တွင် သတိလစ်သွားတော်မူရာ သတိမလစ်မီအချိန်ထိ ဒေသနာကြားတော်မူသွားသည်ကို အံ့သြဖွယ် တွေ့မြင် ကြည်ညိုကြရလေသည်။**

---

**ကျမ်းညွှန်း**

* မောင်သုတ၏ သုတဗုဒ္ဓဝင် (နှာ -၂၀၃)

## ၅။ ရဟန်းသီလထဲမှာ အများသိတဲ့သိက္ခာပုဒ်နှင့် အများမသိတဲ့သိက္ခာပုဒ် ရှိပါတယ်

သီလထဲမှာလည်း အများသိတဲ့ သိက္ခာပုဒ်နဲ့ အများမသိတဲ့ သိက္ခာပုဒ်လို့ နှစ်မျိုးရှိပါတယ်။ အများမသိတဲ့ သိက္ခာပုဒ်က ချွတ်ယွင်းနေသော်လည်း ဘေးပုဂ္ဂိုလ်က မသိဘူး၊ အများသိတဲ့ သိက္ခာပုဒ် ချွတ်ယွင်းနေရင်တော့ ဘေးကပုဂ္ဂိုလ်ကလည်း သိတယ်။ ဒီသာသနာ့ ရိပ်သာမှာ သင်္ကန်းရုံမှုနဲ့စပ်ပြီးတော့ ဥပဒေလည်း ထုတ်ထားပါတယ်၊ **ကျောင်းထဲက ထွက်လို့ရှိရင် ဘယ်သွားသွား သင်္ကန်းရုံသွားဖို့** အဲဒါကို ဥပဒေထုတ်ထားပါတယ်၊ ဘုရားသွားတယ် ဆိုလို့ရှိရင် သင်္ကန်းမရုံဘဲလည်း ဝိနည်းအရကတော့ သွားနိုင်ပါတယ်၊ ဒါပေမယ်လို့ လူတွေအမြင်အားဖြင့်တော့ သင်္ကန်းမရုံဘဲသွားတဲ့ ပုဂ္ဂိုလ်ကို အပြစ်မြင်တယ်၊ ဒီကိုယ်တော် သင်္ကန်းမရုံဘဲနဲ့ အရပ်ထဲ လျှောက်လည်နေတယ်၊ **ဝိနည်းသိက္ခာပုဒ် မရှိသေတဲ့ပုဂ္ဂိုလ်ပဲလို့ ထင်မှတ်တတ်တယ်၊ ထင်မှတ်တဲ့ ပုဂ္ဂိုလ်လည်း အပြစ်ဖြစ်တာပဲ၊ ထင်မှတ်ခံရတဲ့ ပုဂ္ဂိုလ်လည်း ဂုဏ်သိက္ခာ ကျဆင်းတဲ့သဘော ရှိတာပဲ၊ သင်္ကန်းရုံသွားတာကတော့ ကြည်ညိုဖွယ်လည်းရှိတယ်၊ လမ်းမှာ တွေ့ဦးတော့ သင်္ကန်းရုံသွားတဲ့ ပုဂ္ဂိုလ်ဆိုတော့ အရိုအသေ ပေးတတ်တယ်၊ လူပုဂ္ဂိုလ်ထဲကလည်း အရိုအသေ ပေးတတ်တယ်၊ ရဟန်းပုဂ္ဂိုလ်တွေထဲကလည်း အရိုအသေ ပေးတတ်တယ်၊ အဲဒီတော့ ကိုယ့်သိက္ခာကို စောင့်ရှောက်ရာလည်း ကျပါတယ်။**

---

**ကျမ်းညွှန်း** * မစိုးရိမ်ဆရာတော် ဝက်လက်ဦးတိဿ စုဆောင်းသည့် မဟာစည်ဆရာတော်ဘုရားကြီး၏ မဟာစည် ဝိနယဝိနိစ္ဆယသင်္ဂဟ၊ (၁၉၈၆ ခုနှစ်) ဒုတိယအကြိမ်။ (နှာ-၃၂)

* သေခိယကဏ္ဍ၊ ပရိမဏ္ဍလဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-၂၄၀)

## ၆။ သောက်ရေကို့ အကြောင်းပြု၍ပင် သိက္ခာပုဒ်တော်အညိုးမခံ

တူရွှင်းခြေဆရာတော်ဘုရားကြီးသည် ဝိနည်းကို အလေးဂရုပြုသဖြင့် မြင်မြင်ဝါးဝါးသော ရဟန်းတို့၏ ပစ္စည်းကို သုံးတော်မမူကုန်။ အယုတ်သဖြင့် ရေကိုမျှလည်း သောက်တော်မမူကုန်။ ရေအရခက်သည့်အရပ်များသို့ ရောက်သည့်ကာလ သိက္ခာပုဒ်တော်ညှိုးမည်စိုး၍ ကရားနှင့်သွားလေရာရာ ရေဆောင်တော်မူကုန်သည်။

ရွှေရင်မြော် ရေကန်များသည် ရှေးရှေးဘုန်းတော်ကြီးများ ရွှေငွေ လက်ဝယ်ကိုင်ကာ အဖိုးအခ ကိုယ်တိုင်ပေး၍ တူးစေအပ်သော ရေကန်ဟုအဆိုရှိသဖြင့် ဝိနယဂရုက ဖြစ်တော်မူသည့် ရှေးဆရာမြတ်တို့သည် ထိုရေကန်ကို အသုံးပြုလိုခြင်း မရှိကြပေ။

## ၇။ မိမိကိုယ်တိုင် ဝိနည်းကို ချစ်မြတ်နိုးသကဲ့သို့ တပည့်အများကိုလည်း ဝိနည်းကို ချစ်မြတ်နိုးစေချင်သည်

“ကိုယ့်ဟာကိုယ် ယူစားတဲ့ခေတ်ကြီး ရောက်နေပါပြီလား”

အကပ်ခံရာ၌ အလိုမကျ၍ ဆရာတော်ဘုရားကြီး ငြီးငြီးညူညူ ပြောဆိုသော စကားသံဖြစ်သည်။ စာရေးသူတို့ ရဟန်းငယ်ဘဝ နေ့တစ်နေ့ ဆွမ်းစားနေစဉ်ဖြစ်သည်။ ဟင်းလိုက်သော ကျောင်းသားမှ ဟင်းလိုက်လျှင် ရဟန်းတော်က စားပွဲခုံကို ကိုင်ပေးထားရုံနှင့် မကျေနပ်၊

---

**ကျမ်းညွှန်း**

၁။ တတိယနံမော်ဆရာတော်ဘုရားကြီးအရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီကျမ်း (၁၈၃၇-ခုနှစ်) (နှာ-၅၉)

ထည့်သည့်ဟင်းခွက်ကို ကိုင်ပေး ထိပေးမှ ကျေနပ်တော်မူသည်။ ဟတ္ထပါသ်လည်း မလွတ်စေရပါ။

**"ဆွမ်းလုတ်ကို လက်မလေးနဲ့ လုံးလုံးပေးရတယ်၊ လက်ကိုလည်း သပိတ်နှုတ်ခမ်းပေါ် တင်ထားပေါ့"**

ဆရာတော်ဘုရားကြီး၏ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်လေးများကိုပင် အလေးဂရုပြုပုံ ဖြစ်ပါသည်။ သေခိယ ပရိမဏ္ဍလ သိက္ခာပုဒ်အရ ဆွမ်းလုတ်ကို ဝန်းဝိုင်းစေချင်သည်၊ ဝန်းဝိုင်းအောင် ပြုလုပ်နေစဉ် တစ်ဖက်မှ ပိဏ္ဍုက္ခေပကသိက္ခာပုဒ်အရ ဆွမ်းလုတ်ကို မြှောက်သလို ဖြစ်သွားမှာကိုလည်း စိုးဟန်တူပါသည်။

**"အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ" အဏုမြူမျှ အပြစ်ကလေးကိုပင် ရောမအပြစ်ကြီးဟု နှလုံးပြု ရှောင်ကြဉ်ကာ၊ အပြစ်ကြီး ဂရုက အာပတ်တို့ကို လေးစားရှောင်ကြဉ်သည်မှာ ဆိုဖွယ် အဘယ်ရှိပါအံ့နည်း။** "သဒ္ဓါသီလာဒိ သမ္ပန္နော" ပြည့်စုံ လုံလောက်သော မဟာထေရ် ဆရာတော်ဘုရားကြီးပါတကား။

**"သင်းပိုင်ကို ဝတ်တဲ့အခါ အောက်ပိုင်းမှာ အနားစများ ညီစေရတယ်၊ ကေသီကို အပေါ်က ရုံတဲ့အခါမှာလည်း အဝန်း ညီအောင် ဝတ်ရုံရတယ်၊ သွားလာတဲ့အခါမှာလည်း ဣန္ဒြေရရ သွားကြ လာကြ၊ သံဃာ့ပရိသတ်အလယ်မှာ နေထိုင်တဲ့အခါ အင်္ဂါခြေလက် လှုပ်လှုပ်ခါခါ မရှိစေနဲ့၊ စားသောက်တဲ့အခါမှာလည်း ပလုတ်ပလောင်း မစားရဘူး။ ရှူးရှူးရှဲရှဲ မြည်အောင်လည်း ဟင်းရည် မသောက်ရဘူး"**

---

**ကျမ်းညွှန်း** * ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်မှ စာချဂဏဝါစက အရှင်ဇယိဿရ၏ အတီတေ ဗာရာဏသိယံ၊ (၂၀၀၂-ခုနှစ်) (နှာ-၁၅၁)

* ဘောဇနဝဂ္ဂ၊ ဒန္တပေါနသိက္ခာပဒ၊ ပါစိတ္တိယပါဠိ၊ (နှာ-၁၂၀)

## ၈။ အလောင်းမင်းတရားကြီးလက်ထက်

## အရုံနှင့် အတင်ပြဿနာ

အလောင်းမင်းတရားကြီးသည် အတုလဆရာတော်၏ အယူဝါဒကို ယုံကြည်နှစ်သက်ရင်း ရှိသောကြောင့် နိုင်ငံတော်အတွင်း မည်သည့်ဆရာတော် သံဃာတော်မျှ အရုံ စာရိတ္တဖြင့် သာမဏေတို့ကို မဆုံးမရအောင် နှိပ်ကွပ်တော်မူသည်။ နိုင်ငံတော်အတွင်း ခပ်သိမ်းကုန်သော ရဟန်းတို့သည် အတုလဆရာတော်၏အလိုသို့ လိုက်, မလိုက် စုံစမ်းစစ်ဆေးတော်မူသည်။ မလိုက်နာသော ရဟန်း သံဃာပေါ်ပေါက်တွေ့ရှိလျှင် ကြီးလေးသောအပြစ်ဒဏ်ကို ပေးတော်မူသည်။

အခါတစ်ပါး နိုင်ငံတော်အတွင်းရှိ ခပ်သိမ်းကုန်သော ရဟန်းတို့သည် ငါ၏ဆရာဖြစ်သော အတုလဆရာတော်၏အလိုသို့ လိုက်ကြကုန်၏လောဟု မေးတော်မူသည်။ မှူးတော်မတ်တော်တို့က အရှင်မင်းကြီး ယခုအခါ ကူးခန်းနယ်၌ မုနိန္ဒဃောသမည်သော မထေရ်သည် အရုံ၏အစွမ်းအားဖြင့် တပည့်ပရိသတ်ကို ဆုံးမ၍ များစွာသော ဂိုဏ်းသံဃာကို ဖြစ်စေလျက်နေပါသည်ဟု လျှောက်ကြကုန်၏။

ထိုအခါ အလောင်းမင်းတရားကြီးက ဤမထေရ်ကို ပင့်ခေါ်စေ၊ သုဓမ္မာသဘင်၌ မဟာထေရ်တို့ကို စည်းဝေးစေ၍ ဝိနည်းပညတ်တော်ကို ဟုတ်တိုင်းမှန်စွာ မသိမလိမ်မာသော ထိုမုနိန္ဒဃောသမထေရ်အား ဟုတ်မှန်သောသဘောတရားကို ပြသ၍ ဆုံးမကြပေစေဟု မိန့်တော်မူ၏။

မျှးတော်မတ်တော်တို့လည်း အမိန့်တော်အတိုင်း ပြုကြကုန်၏။ အတင် မထေရ်တို့လည်း သုဓမ္မာသဘင်၌ စည်းဝေးကြ၍ အရှင်မုနိန္ဒ ဃောသကိုခေါ်လျက် အတင်ဝါဒသို့ လိုက်ပါကျင့်ကြံရန် ဆုံးမကြကုန် ၏။ ထိုမထေရ်တို့တွင် တစ်ပါးသောမထေရ်က ရေမြေ့ရှင်မင်းကျောဇ် နှင့် သံဃရာဇာ အတုလဆရာတော်၏ မျက်နှာကိုသာကြည့်၍ ဘုရား ရှေ့မျက်နှာတော်ကို မကြည့်ဘဲ အရှင်မုနိန္ဒဃောသကို ပြောကြား သည်ကား "ငါ့ရှင်၊ ယခုအခါ မြန်မာပြည်ကြီး၌ ခပ်သိမ်းကုန်သော ရဟန်းတို့သည် ရေမြေ့ရှင် မင်းကျောဇ်နှင့် သံဃရာဇာဆရာတော်၏ အာဏာတော်သို့ လိုက်ကြ၍ တင်ကြကုန်ပြီ၊ သင်တစ်ပါးတည်းသာလျှင် ပရိသတ်နှင့်တကွ အရုံဝတ်ကိုဖြည့်၍ နေတော့သည်၊ သင်သည် အဘယ်ကြောင့် ခက်ထန်သော မာနရှိသည်ဖြစ်၍ မပြုသင့် မပြုအပ် သောအမှုကို မစွန့်ဘဲ နေဘိသနည်း"ဟု ဆို၏။

ထိုအခါ အရှင်မုနိန္ဒဃောသမထေရ်သည် ထိုဆိုလာသော မထေရ်၏မျက်နှာကို တည့်တည့်ကြည့်၍ "အရှင်ဘုရားသည် လဇ္ဇီ ပေသလ သိက္ခာကာမပုဂ္ဂိုလ်ပေတည်းဟု ရှေးက ကြားဖူးပါသည်။ ကြားသည့်အတိုင်း လဇ္ဇီပေသလ သိက္ခာကာမပုဂ္ဂိုလ်ဖြစ်လျှင် ဤသို့ သောစကားကို ဆိုခြင်းငှါမသင့်၊ လဇ္ဇီပေသလ သိက္ခာကာမပုဂ္ဂိုလ်အား ဤသို့သောစကားသည် မလျောက်ပတ်၊ အရှင်ဘုရားသည် ဤမုနိန္ဒ ဃောသကား ဘုန်းတန်ခိုး အရှိန်အစော်မရှိ၊ အားကိုးအားထားမရှိဟု အောက်မေ့မှတ်ထင်၍ မရိုမသေသည်၏ အစွမ်းအားဖြင့် ဆိုပြောခြင်းငှါ အကယ်၍ အလိုရှိငြားအံ့၊ ယင်းသို့ အလိုရှိသော်လည်း အကျွန်ုပ်ဆရာ၏

မျက်နှာကိုကြည့်၍ အကျွန်ုပ်ဆရာ၏ ဂုဏ်ကျေးဇူးကိုသိ၍ ဤမုနိန္ဒ ယောသကား ထိုဆရာ၏ တပည့်ပေတကားဟု အောက်မေ့တော်မူ၍ ဤသို့သော အခမ္မိကစကားကို ဆိုခြင်းငှါ မတတ်ကောင်း”ဟု ဆိုတော်မူလေသည်။

ဆိုလာသောမထေရ်က သင်၏ဆရာကား အဘယ်သူနည်းဟု အရှင်မုနိန္ဒယောသကိုမေးလျှင် သုဓမ္မာသဘင်၌ ထားအပ်သော ဘုရားဆင်းတုတော်ကို ရှိခိုး၍-

“ဤသည်လျှင်အကျွန်ုပ်၏ဆရာပေတည်း” ဟုဆို၍ ရဟန်းသံဃာအလယ်မှ ထတော်မူလျက် လက်ဝဲတစ်ဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို လက်ကန်တော့တင်တော်မူ၍ ဆောင့်ကြောင့်ထိုင်လျက် လက်အုပ်ချီပြီးလျှင်-

**“အရှင်ဘုရား အကျွန်ုပ်သည် အသက်ထက်ဆုံး အကျွန်ုပ်၏ အသက်ကိုသာ စွန့်ပါမည်၊ လောကသုံးပါး၌ အတုမရှိ မြတ်တော်မူသော မြတ်စွာဘုရား၏ သိက္ခာပုဒ်တော်ကို မစွန့်ပါ”**ဟု လျှောက်ထားလေ၏။

ဤအကြောင်းကို အလောင်းမင်းတရားကြီးကြားလျှင်-

“ဤမထေရ်ကား မာန်မာန ခက်ထန်လှ၏။ ငါ့တိုင်းနိုင်ငံ၌ နေစေခြင်းငှါ မသင့်၊ နယ်ခြားသို့ ပို့အပ်၏”ဟု မင်းအာဏာဖြင့် နယ်ခြားသို့ ပို့စေ၏။ မင်းချင်း ယောကျ်ားတို့သည် ထိုမထေရ်ကိုခေါ်၍ နယ်ခြားသို့ ဆောင်ကြလေ၏။ ဗဟင်မည်သောအရပ်သို့ ရောက်သော အခါ ဗဟင်ရွာသူကြီးက မင်းချင်းယောကျ်ားတို့အား တံစိုးလက်ဆောင်

ပေး၍ အချင်းတို့ ဤအရပ်ကား မြန်မာပြည်၏အပ အစွန်းတည်း၊ မထေရ်ကို ဤအရပ်၌ထား၍ သင်တို့ပြန်ကြကုန်ဟုဆို၏။ မင်းချင်း ယောက်ျားတို့လည်း တံစိုးလက်ဆောင်ကိုယူ၍ မထေရ်ကို ထိုအရပ်၌ ထားပြီးလျှင် ပြန်ကြကုန်၏။

မထေရ်မြတ်လည်း အရပ်လေးမျက်နှာမှ ဆည်းကပ် ရောက်လာ ကုန်သော ရဟန်းသာမဏေတို့အား အရုံစာရိတ္တ၏ အစွမ်းအားဖြင့် အဆုံးအမပေးတော်မူ၍ ကျမ်းဂန်စာပေ ပရိယတ္တိကို ပို့ချတော်မူလျက် ထိုအရပ်၌ သီတင်းသုံးတော်မူ၏။ အဘိဓမ္မတ္ထသင်္ဂဟနိသျကိုလည်း ရေးသားတော်မူ၏။ ထိုအရပ်သို့ ရောက်ပြီးနောက်မှ ဗဟင်ရှင်မုနိန္ဒ ယောသဟုတွင်သည်။

## ၉။ ဝိကာလဘောဇနေသိက္ခာပုဒ်ကို မကျော်လွန်ဘဲ ဘဝနတ်ထံ ပျံတော်မူသည့်ဆရာတော်

ဓမ္မပဒဝတ္ထု မြန်မာပြန်ကျမ်းနှင့် ဝိနည်းအရသာ စသော အရသာကျမ်းများစွာကို ပြုစု၍ 'သီလအရာ၌ စံပြ'ဟု သာသနာ တစ်ခေတ်တွင် တံခွန်ထူနိုင်လောက်အောင် သီလဝိသုဒ္ဓိ ဖြစ်တော် မူသော ညောင်လေးပင်မြို့ တောရကြီးတိုက်ဆရာတော် အရှင်အရိယ မထေရ်သည် သက်တော် (၆၆)နှစ်တွင် လေငန်းရောဂါစွဲကပ်၍ ဆေး

**ကျမ်းညွှန်း**

* မဟာဒွါရနိကာယ ဂဏာရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ

(၁၉၅၅ ခုနှစ်) (နှာ-၂၅၁)

ကုသခံယူရန်အတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ကြွရောက်တော်မူခဲ့ပါသည်။

ဆေးကုသမှုခံယူစဉ်အတွင်း ဆရာဝန်၊ သူနာပြုတို့ အထူးဂရုပြု၍ ထိုခေတ်က အကောင်းဆုံးဆိုသော ဆေးဝါးတို့ဖြင့် ကုသပါသော်လည်း လက်တော်, ခြေတော်တို့မှာ လှုပ်ရှားရုံမျှသာ စွမ်းနိုင်တော့သဖြင့် မြင်ကြရသော ဒကာ, ဒကာမအပေါင်း ကရုဏာသောကော အရောရော ဖြစ်ကြရလေသည်။

ထိုအခါ ဆရာဝန်ကြီးက ဆရာတော်၌ အစာအာဟာရ လိုနေ၍ဖြစ်မည်၊ အစာအာဟာရကို အချိန်မရွေး ဘုဉ်းပေးပါက ရောဂါသက်သာလာမည်၊ သို့ပါ၍ ဝိကာလ(နေလွဲ)အခါမှာပင် ကော်ဖီ, စွတ်ပြုတ် ဆန်ပြုတ်မျှ ဘုဉ်းပေးရန် လျှောက်ထားရာ ဆရာတော်ကြီးက စာရွက်တစ်ရွက်တောင်းပြီး ခဲတံဖြင့် **“နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရ၏ ဥပဒေကို တသဝေမတိမ်း လိုက်နာ ကျင့်ကြံရတယ်။ ထို့အတူ မြတ်စွာဘုရား၏ တပည့်သားဖြစ်ကြသော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများလည်း ဘုရားရှင်၏ ဥပဒေ ဝိနည်းသာသနာတော်ကို လိုက်နာရပေမယ်”** ဟူသော စာသားတို့ကို ရေးပြတော်မူပြီးလျှင် ဝိကာလဘောဇနသိက္ခာပုဒ်ကို မကျော်နင်းဘဲ ဝေဒနာကို စောင့်စည်းသိမ်းဆည်းကာ ထိုနှစ် ၁၃၁၄-ခုနှစ်၊ ဝါခေါင်လဆန်း ၁၄-ရက်နေ့တွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီး အထူးခန်း၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

---

**ကျမ်းညွှန်း**

* ဝိသုဒ္ဓိမဂ်လာ၊ ညောင်လေးပင်တောရတိုက် ပဓာနနာယကဆရာတော်အရိယမထေရ် (၂၀၀၅-ခုနှစ်) သတ္တမအကြိမ်။ (နှာ-၄၁)

* ဝိကာလဘောဇန သိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၁၅)

# ၁၀။ ရဟန်းတော်များ အာဇီဝပါရိသုဒ္ဓိသီလ ပြည့်ကျင့်ရာတွင် အတုယူစရာနှင့် သတိပြုစရာများ

ဗဟင်ရှင်မုနိန္ဒဃောသဘုရားကြီးလည်း ကျောင်းနား ဘုရားနား စသည်တို့၌ရှိသော ဇရပ်တန်ဆောင်းဟူသမျှ၊ သစ်ပင်ဟူသမျှ၊ ရေတွင်း ရေကန်ဟူသမျှတို့၌ တည်းခို သီတင်းသုံးတော် မမူလိုပေ။

ရဟန်းများ ဆောက်သောဇရပ်၊ ရဟန်းများ စိုက်အပ်သော သစ်ပင်၊ ရဟန်းများ တူးစေအပ်သော ရေတွင်း၊ ရေကန် ဖြစ်မည်ကို စိုးရွံ့တော်မူသည်။ **ရဟန်းဟူသမျှလည်း ဝိနည်း၌မလိမ္မာ။ လိမ္မာ ပါသော်လည်း သိက္ခာပုဒ်၌ ရိုသေခဲသည်ဟု မိန့်တော်မူပါသည်။**

ကျေးဇူးရှင် နံမော်ဆရာတော်ဘုရားလည်း ဒကာကြောအောင် ဆောက်သည့်ကျောင်းတွင် ထောင်ပျဉ်တစ်ချပ် အကွဲပါသည်ကို ဦးဝိမလာစာရက လဲစေသဖြင့် ကျောင်းကိုအလှူမခံဘဲ ရှိနေပါသည်။ ထိုအခါ ဒကာက ထိုပျဉ်တစ်ချပ်ကို နှုတ်ပစ်မှသာ ကျောင်းကို အလှူ ခံတော်မူပါသည်။

ဤသို့လျှင် ရှေးဆရာမြတ်တို့သည် အာဇီဝပါရိသုဒ္ဓိသီလ ပြည့်စုံအောင် ကျင့်ကြံအားထုတ်တော် မူကုန်သည်။ သီလ မြတ်နိုး တော်မူကြသည့် ပုဂ္ဂိုလ်များအဖို့ နည်းယူဖွယ်၊ အတုယူဖွယ်၊ အားကျ ဖွယ်ပင်တည်း။

**ကျမ်းညွှန်း**

* တတိယနံမော်ဆရာတော်ဘုရားကြီး အရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီကျမ်း (၁၈၃၇-ခုနှစ်) (နှာ-၅၉)

## ၁၁။ အသက်ကိုသာ အသေခံပြီး ဝိနည်းကို အပျက်မခံသည့် ဆရာတော်ဘုရားကြီး

၁၂၉၇-ခုနှစ်အတွင်း မြောင်းမြဆရာတော်ဘုရားကြီးသည် ဆီးအောင့် ထိုးကျင်သောကြောင့် မချိမဆန့် ဝေဒနာ ခံစားနေရသည်၊ ဓာတ်ဆရာကြီး တစ်ယောက်က-

"တပည့်တော့် ဆေးကိုသောက်က ပျောက်ပါလိမ့်မယ်၊ သကြား နဲ့ ဖျော်သောက်ရပါ့မယ်"ဟု လျှောက်ထားလျက် ဆေးလှူဒါန်း သည်။ ဆွမ်းစားကျောင်းတာဝန် ထမ်းဆောင်နေသော စာချဘုန်းကြီး ဦးနန္ဒမာလာထံ သကြားရှိမရှိ ကိုရင်တစ်ပါးကို အမေးခိုင်းလိုက်သည်၊ "မရှိ"ဟု ပြောလိုက်ကြောင်းကို ကိုရင်က ပြန်လျှောက်သည်၊ နောက် ၁၀-မိနစ်ခန့် ကြာသည့်အခါ ဆွမ်းစားကျောင်းမှ သကြားလာပို့သည်။

"ခုတင်က မရှိ၊ အခု ဘယ်ကရှိလာရပြန်သလဲ"ဟု မိန့်တော်မူကာ **မအပ်မစပ် တစ်နေရာရာက ဝယ်လာ, တောင်းလာသည့် အထင်ဖြင့် သကြားကို လုံးဝအသုံးမပြုဘဲ ထားလိုက်ပါတော့သည်၊** ဝိသုဒ္ဓိမဂ်လာ ရှင်သာရိပုတ္တရာ၏ ကျင့်စဉ်နှင့်မခြား တစ်သားတည်း လိုလိုပင် ဖြစ်နေပါတော့သည်။

တစ်နေ့သောအခါ ရှင်သာရိပုတ္တရာသည် လေနာရောဂါ၏ ဒဏ်ကို အပြင်းအထန် ခံစားနေရသည်၊ ရှင်မောဂ္ဂလ္လာန်ရောက်လာပြီး-

“ရှေးက လေနာထလျှင် ဘယ်ဆေး ဘယ်ဝါးကို သုံးစား၍ ပျောက်ဖူး ပါသလဲ?”ဟု မေးသည်၊

“ငယ်စဉ်က လေနာထသည့်အခါ မိခင်ကြီးက နွားနို့ ပျားရည် တို့ဖြင့် နို့ဃနာ လုပ်ပေးသည်ကို စားသုံးရသဖြင့် ရောဂါ ပျောက်ကင်း ဖူးကြောင်း” အမိန့်ရှိတော်မူသည်။ နောက်တစ်နေ့ ရှင်မောဂ္ဂလ္လာန် ဆွမ်းခံထွက်သည့်အခါ အဆင်သင့်ပင် နို့ဃနာရလာသည်၊ ရှင်သာရိ ပုတ္တရာအား ဝမ်းမြောက်ဝမ်းသာ ဆက်ကပ်လိုက်သည်၊ ရှင်သာရိ ပုတ္တရာက လတ်တလောချင်း မဘုဉ်းပေးသေးဘဲ-

“အနံ့က မွှေးလှချည့်လား၊ ဘယ်နည်းဘယ်ပုံ ဖြစ်လာ ပါလိမ့်”ဟု တွေးတောစဉ်းစားနေသည်။ အဘိညာဉ်ဖြင့် ဆင်ခြင် လိုက်သည့်အခါ **ရုက္ခစိုးနတ်၏နှုတ်ဖြင့် တိုက်တွန်းမှု ဝစီပယောဂ ကြောင့် ဖြစ်ပေါ်လာကြောင်း သိရ၍ သုံးဆောင်မှုကို ပြုတော် မမူဘဲ သွန်ပစ်စေသည်၊** နို့ဃနာ မြေကိုကျသည်နှင့် တစ်ပြိုင်နက် လေရောဂါလည်း ပျောက်ကင်းသွားတော့သည်။

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံမြောင်းမြ ဆရာတော်နှင့်ဗုဒ္ဓမြတ်စွာသာသနာ (၂၀၁၁-ခုနှစ်) ဒီဇင်ဘာလ တတိယအကြိမ်။ (နှာ-၁၉၅-၁၉၆)
* သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ် (အတွဲ-၁) (နှာ-၄၀)

## ၁၂။ ရဟန်းက မိမိကို ကြည်ညိုစေချင်၊ လှူစေချင်သောကြောင့် ပစ္စည်းမပေးကောင်း

ရွှေကျင်ဂိုဏ်းကြီး၏ တွဲဖက်ဥက္ကဋ္ဌ နိုင်ငံတော်သြဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ကျေးဇူးရှင် ကျမ်းပြုအကျော် သပြေကန်ဆရာတော်ကြီးသည် “လဇ္ဇီ,ပေသလ,သိက္ခာကာမ,သီလဝန္တ” ဖြစ်တော်မူပေသည်။

၁၃၄၉-ခုနှစ်ခန့်က ရတနာမွန်မဂ္ဂဇင်း တွဲဖက်အယ်ဒီတာ ဒကာထွန်းလွင်နှင့် ရတနာမွန်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဒကာ အောင်မွန်တို့ ဆရာတော်ကြီးအထံသို့ နှစ်ယောက်အတူ မကြာမကြာ လာလေ့ရှိကြ၏။ ဆရာတော်ကြီးသည်လည်း စာပေမြတ်နိုးတော် မူသည့်အလျောက် ထိုဒကာနှစ်ယောက် အပေါ်၌ စိတ်တွင်းမှ ရင်းနှီး တော်မူနေ၏။

တစ်နေ့သောအခါ ရတနာမွန်မဂ္ဂဇင်း တွဲဖက်အယ်ဒီတာ ဒကာထွန်းလွင်တစ်ယောက်တည်း ဆရာတော်ကြီးထံသို့ ရောက်လာရာ ပါနေကျ ဒကာအောင်မွန် မပါလာသဖြင့် မေးတော်မူသည်။ ထိုအခါ ဒကာအောင်မွန် သွားနာနေ၍ မလိုက်ပါလာကြောင်း လျှောက်ထား သဖြင့် အနီး၌ အဆင်သင့်ရှိနေသော သွားနာပျောက်ဆေးကို အမှတ် မထင် ပေးတော်မူလိုက်၏။

ဤနေရာ၌ ရဟန်းများအနေဖြင့်-

(၁) ပေးသာပေးကောင်း၍ မတောင်းကောင်းသောလူ၊

(၂) တောင်းသာတောင်းကောင်း၍ မပေးကောင်းသောလူ၊

(၃) တောင်းလည်းတောင်းကောင်း ပေးလည်းပေးကောင်းသောလူ၊

(၄) တောင်းလည်းမတောင်းကောင်း ပေးလည်းမပေးကောင်းသော လူဟု လေးမျိုးရှိနေသည်ကို ဦးစွာသိအပ်၏။

ထိုလေးမျိုးတို့တွင် မပေးကောင်းသော လူတို့အား မိမိပိုင် ပစ္စည်းကို ကုလသင်္ဂဟစိတ် လှူချင် တန်းချင် ကြည်ညိုစေချင် သောကြောင့် သိမ်းသွင်းလိုသော စိတ်ထားဖြင့်ပေးမိပါက ဝိနည်း ပြစ်ဖြစ်၏။ ထိုသူ့ထံမှ အလှူဝတ္ထုကို အလှူမခံကောင်းတော့ပေ။

ဒကာအောင်မွန်သည် ဆရာတော်ကြီးအနေဖြင့် မတောင်း ကောင်း မပေးကောင်းသော အမှတ်စဉ် (၄)ပါလူ ဖြစ်နေ၏။ **သွားနာ ပျောက်ဆေးပေးခြင်းသည် ကုလသင်္ဂဟစိတ်ဖြင့် ပေးခြင်း မဟုတ်ဘဲ အနာပျောက်စေလိုသော ကရုဏာစိတ်ထားဖြင့် ပေးမိသည် မှန်သော်လည်း ဝိနည်း သိက္ခာတော်တို့ကို ရိုသေ လှသည့် ဆရာတော်ဖြစ်သည့်အလျောက် ထိုကာလမှအစပြု၍ ဒကာအောင်မွန် လှူသမျှပစ္စည်းတို့ကို ဆရာတော်ကြီး မခံယူ တော့ပေ။**

---

**ကျမ်းညွှန်း**

* သပြေကန်ထေရရာပြည့်ဂုဏပူဇာ (၂၀၁၂-ခုနှစ်)မှ ဘဒ္ဒန္တမာနိတသိရီဘိဝံသ၏ လဇ္ဇီပေသလသိက္ခာကာမသီလဝန္တ။
* တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ (နှာ-၃၈၆)

## ၁၃။ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်ကြီးက သားရေနွယ်အခင်းကို မအပ်မစပ် ချုပ်လုပ်မည်စိုး၍ မိန့်တော်မူပုံ

ရွှေကျင်နိကာယ သာသနာပိုင် မြောင်းမြဆရာတော်ကြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ သီတင်းသုံးနေစဉ်အခါ ဖြစ်သည်။ မြောင်းမြဆရာတော်ကြီးသည် သားရေနွယ်(စမ္မခဏ်)ကို အသုံးပြုလေ့ရှိ၏။ ယင်းသားရေနွယ်၌ ချုပ်ရိုးကြောင်းများ ပြတ်သည့်နေရာကပြတ် ပြေသည့်နေရာက ပြေနေ၏။ ဤသို့ ဆရာတော်ကြီး သုံးစွဲနေသော သားရေနွယ် ချုပ်ရိုးများပြေကာ ပျက်စီးနေသည်ကို ဝါးတန်းဘုန်းကြီး ဦးဝဏ္ဏိတာဘိဝံသမြင်လျှင် ဒဟတ်တောကျောင်း ဘုန်းကြီးလောင်းလျာ ဦးသုဇာတအား ဆရာတော်ကြီး၏ အခင်းကို ယူပြီး ပြုပြင်ချုပ်လုပ်ပေးရန် အမိန့်ရှိလိုက်၏။

ဦးသုဇာတလည်း ဝါးတန်းဘုန်းကြီး၏ အမိန့်အတိုင်း ဆရာတော်ကြီးထံ ချဉ်းကပ်၍ သားရေနွယ်ကို ပြုပြင်ချုပ်လုပ်ရန် တောင်းခံရာ ဆရာတော်က မအပ်မစပ် ချုပ်လုပ်မည်ထင်၍ ချက်ချင်း မပေးသေးဘဲ အမျိုးမျိုး စစ်ဆေးနေတော်မူ၏။

"ကိုယ်တော်ကိုယ်တိုင် ချုပ်မှာလား၊ ဘယ်သူ့ကို ချုပ်ခိုင်းမှာလဲ"

"တပည့်တော်ရဲ့ အစ်မရင်း တစ်ယောက်ကို ချုပ်ခိုင်းမှာပါ ဘုရား"



ကျေးဇူးရှင် ဒသမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၅၀ - ၁၃၃၇) (ခရစ် ၁၈၈၉ - ၁၉၇၆)

"ကိုယ်တော့်အစ်မက ဘာလုပ်သလဲ"

"ဖိနပ်ချုပ်ပါတယ်ဘုရား"

"ကိုယ်တော့် အစ်မကိုယ်တိုင်လုပ်သလား"

"မှန်ပါ၊ ကိုယ်တိုင် လုပ်ပါတယ်ဘုရား"

"ကိုယ်တော့်ယောက်ဖက ကိုယ်တော့ကို ပစ္စည်းလေးပါး ဖိတ်ဖူးရဲ့လား"

"မဖိတ်ဘူးပါဘုရား"

"ဒါဖြင့် ကိုယ်တော့်အစ်မ မအားလို့ ဖြစ်စေ၊ ကိုယ်တော့် ယောက်ဖကို ခိုင်းမှ ဖြစ်မယ်ဆိုရင်တော့ ယူမသွားနဲ့"

"အစ်မကိုပဲ ခိုင်းမှာပါဘုရား"

**"ဟုတ်ကဲ့လား၊ ကိုယ်တော်တို့ကို တပည့်တော်က ယုံတာ မဟုတ်ဘူး။ ပြောစကားကို လိုက်နာမယ်၊ ပြောတဲ့အတိုင်း လုပ်မယ် ဆိုရင်တော့ ယူသွား။ အစ်မကို အိမ်မှာမတွေ့ရင် မထားခဲ့နဲ့၊ ပြန်ယူလာခဲ့"**

ဤသို့ ကျေနပ်လောက်အောင် စစ်ဆေး မှာကြားတော်မူပြီးမှ ဆရာတော်ကြီးသည် မိမိ၏ စမ္ပခဏ် သားရေနွယ်အခင်းကို ပြုပြင်ရန် ပေးအပ်တော်မူခဲ့ပါသည်။

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော် အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ (၂၀၁၁-ခုနှစ်) ဒီဇင်ဘာလ၊ တတိယအကြိမ် (နှာ-၄၂၄)

# ၁၄။ သဒ္ဓါလွန်ကဲ အသိဉာဏ်မဲ့သည့် ဒါယကာတို့၏ မျက်ကန်းယုံကြည် ချဉ်းကပ်မှုကြောင့် ဆရာတော်ဘုရားများ အာပတ်သင့်ရ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်

နဘူးကျောင်းဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့ဘုရားဖြူတိုက် စာချဘုန်းကြီးဘဝမှ နိဿဂ္ဂိ စွန့်တော်မူပြီးနောက် တစ်ဘဝဇာတ်သိမ်း တော်မူသည့် တစ်သက်တာကာလတိုင် ရွှေငွေဝတ္ထုကို မထိမကိုင် ရုံမက ဤရောင်စုံခြယ်သထားသော စက္ကူသည်မည်ရွေ့မည်မျှ ဖြစ်သည်ကိုပင် သိတော်မမူပေ။ ဤမည်သော စက္ကူပိုင်းသေးသေး ငယ်ငယ်တို့သည် ရဟန်းမကိုင်ကောင်းသော အရာပေတည်းဟူ၍သာ သိတော်မူပေသည်။ ဆွမ်းခံလမ်းပေါ်တွင် ကျနေသည့် ရောင်စုံစက္ကူ ပိုင်းငယ်ကိုပင် မြွေကိုရှောင်ရှားသည့်ပမာ ဝေးဝေးကသာ ကွင်းရှောင်၍ ကြွသွားတော်မူလေ့ရှိပါသည်။

သို့သော် သဒ္ဓါလွန်ကဲ ဉာဏ်ပညာမဲ့သည့် ဒကာ ဒကာမတို့၏ ကြည်ညိုလွန်ကဲမှုသည် သီလသိက္ခာ ဖြည့်ကျင့်တော်မူကြသည့် ဆရာတော် သံဃာတော်များအတွက် ရံခါ ကြီးစွာသော အနှောင့် အယှက်ကြီး ဖြစ်သွားတတ်လေသည်။

တစ်ခုသော ဝါကျွတ်ပြီး တန်ဆောင်မုန်းလထဲ၌ ဒါယကာ စုံတွဲတစ်တွဲ ဆရာတော်ဘုရားကြီး သီတင်းသုံးရာကျောင်းကို လာ ရောက်ကာ ဧကသီမပါ သင်းပိုင်တစ်ထည်ကို လှူဒါန်းကြလေသည်။ ထိုဒါယကာများပြန်သွားပြီး မကြာခင် ဆရာတော်ဘုရားကြီးသည် သံဃာတစ်ပါးထံကြွကာ ဒေသနာ ကြားတော်မူပါသည်။

ဖြစ်စဉ်မှာ ဗေဒင်ဆရာက သီလပြည့်စုံသော သံဃာတစ်ပါးအား ခါးဝတ်သင်းပိုင်တစ်ထည်နှင့် ငွေတစ်ရာ့ရှစ်ကျပ် ဆက်ကပ်ရန် ယတြာပေးသည်ဟူ၏။ ထိုဒကာသည် သီလပြည့်စုံသည့်ရဟန်းကို သူညာဏ်မှီသမျှ စူးစမ်းလေရာ နဘူးကျောင်းဆရာတော်ဘုရားကြီးအား သူ့အာရုံထဲ ပေါ်လာသတတ်။ ဆရာတော်ကြီးသည် ငွေမကိုင်ကြောင်းကိုလည်း ထိုလင်မယားက သိပြီးဟူ၏။ ဗေဒင်ဆရာ၏ အဟောအတိုင်း ဧကသီမလို ခါးဝတ်သင်းပိုင်တစ်ထည်ရှာကြံကာ ငွေအသပြာကိုမူ ဆရာတော်ကြီးလက်ဝယ် ကပ်မိလျှင် အဆူခံရမည်ကြောက်၍ **သက်န်းကြား ငွေစက္ကူညှပ်ကာ ဖုံးဖုံးဖိဖိ ကွယ်ကွယ်ဝှက်ဝှက် ဆက်ကပ်လေရာ ထိုညာဏ်နည်းကာ သဒ္ဓါလွန်ကဲသည့် ဒါယကာမိုက်ကြောင့် နဘူးကျောင်းဆရာတော် ဘုရားကြီးမှာ အာပတ်သင့်တော့သည်။** ထိုဗေဒင်ဆရာကလည်း သီလပြည့်စုံသောရဟန်းမှာ သူ၏ဗေဒင် ယာယီယတြာကြောင့် အာပတ်သင့်မည်ကို သိဟန်မတူရှာပေ။

တစ်ခါသော် တောရကျောင်းတစ်ကျောင်း၌ သီတင်းသုံးတော်မူသည့် ရဟန်းတော်ထံပါး မြို့ကြီးတစ်ခုမှ ဒါယိကာမတစ်ဦးသည် မိုးတွင်း ဝါဆိုဦးကာလ သင်္ကန်းထုပ်ကို ခေါင်းရွက်ကာ ကျောင်းသို့ ရောက်ရှိလာပါသည်။

“ဝါဆိုသင်္ကန်း ကပ်လှူရန် လာခဲ့တာပါဘုရား၊ ကျောင်းလာတဲ့လမ်း သည်လောက် ဆိုးလိမ့်မယ်လို့ အစက မထင်မှတ်ထားပါဘုရား၊ ကားပေါ်ကဆင်းပြီး တစ်နာရီနီးနီး လမ်းလျှောက်လာတာပါဘုရား”စသည်ဖြင့် ပဋိသန္ထာရစကားများ လျှောက်ကြားအပြီး သင်္ကန်းကပ်လေသည်။ တောနေရဟန်းသည် “ကပ္ပိယံ မေ ပုညံ”ဖြင့်

အလှူခံပေးတော်မူပါသည်။ ဒါယိကာမလည်း ဝမ်းမြောက်စွာ လှူဒါန်းပြီးနောက် အောက်ပါစကားကို ဆက်၍ဆိုလာလေသည်။

"အရှင်ဘုရား သည်သင်္ကန်းကို အနည်းဆုံး တစ်ခါသုံးပြီးရင် ကြိုက်တာလုပ်ပါဘုရား"ဟု လျှောက်လာပါသည်။ သံဃာတော်များ အနေဖြင့် ဒါယကာတို့လှူဒါန်းသည့် အလှူပစ္စည်းကို ထင်ရာ၊ ကြိုက်ရာ စိတ်ကူးတည့်ရာ လုပ်ခွင့်မရှိပေ၊ ထိုသို့ပြုလုပ်ပါက "သဒ္ဓါဒေယျ ဝိနိပါတနအာပတ်" ရှိလေသည်။ ထို့ကြောင့် ဒါယကာတို့၏ သဒ္ဓါ တရားကြောင့် လှူဒါန်းသည့်ပစ္စည်းကို ဝိနည်းလမ်းကြောင်းအတိုင်းသာ စီမံခန့်ခွဲကြရပါသည်။

ထို့ပြင် တောရဆောက်တည်ကာနေသည့် ရဟန်းတစ်ပါး အနေဖြင့် သင်္ကန်းဝုတင်လည်း ဆောင်ထားနိုင်သေးသဖြင့် ထိုသင်္ကန်းကို တစ်ခါသုံးပေးပါဟု လျှောက်ထားခြင်းကြောင့် ရဟန်းတော်၏ ဝုတင် သီလအတွက်လည်း နည်းများမဆို အနှောင့်အယှက် ဖြစ်ကောင်း ဖြစ်နိုင်သည်သာ။ ထို့ပြင် အလှူခံ ရရသမျှ သင်္ကန်းကို တစ်ခါသုံး ပြုရုံမျှသုံးပြီး စွန့်ရိုးလည်း သံဃာအများ၌ မရှိတတ်ပေ။ မိမိအတွက် မျှတရုံအသုံးပြုကာ ပိုလျှံသည့် သင်္ကန်းကောင်းကို လိုအပ်ရာရာ ဌာနသို့ လှူဒါန်းကြသည်က များပါသည်။ ထို့ကြောင့် အလှူရှင် ဒါယိကာမ၏ အပရစေတနာလည်း မထိခိုက်စေဘဲ ဖြစ်နိုင်သမျှထဲမှ အကောင်းဆုံး ခွန်းတုန့်ပြန်ရန် ဆွမ်းပင်မဘုဉ်းပေးသေးဘဲ စဉ်းစားတော် မူရလေသည်။

သို့သော် ထိုအလှူရှင်၏ဆန္ဒကား သူ၏သင်္ကန်းကို အခုချက်ချင်း သူ့ရှေ့၌ပင် လဲလှယ် ဝတ်စေလိုဟန် တူပါသည်။ အလှူရှင်ဒါယိကာမ

သည် သူ၏အလှူပစ္စည်းကို အလှူခံပုဂ္ဂိုလ်က သုံးဆောင်မပေးလျှင် အလှူအကျိုး မရနိုင်တော့ပါဟူ၍များ ယူဆနေလေရော့သလားမသိရပါ။

ပမာတစ်ခုဆိုရသော် ဆရာတော် သံဃာတော်များအနေဖြင့် စားပွဲအပြည့် ဆက်ကပ်လှူဒါန်းထားသည့် ချိုချဉ်ငန်စပ်ခါးအဖန် အားလုံးကို အဘယ်သို့ ဘုဉ်းပေးတော်မူနိုင်ပါမည်နည်း။ ဆရာတော် သံဃာတော်များ၏ ဓုတင်ဆိုင်ရာ ဝိနည်းသီလဆိုင်ရာကို ဉာဏ်မမီ စေကာမူ ဆရာတော်ဘုရားကြီးများ ကျန်းမာရေးနှင့် သင့်ရာရာ၊ ပါစကဝမ်းမီးနှင့် လျော်ရာရာကိုသာ သုံးဆောင်တော်မူမည်ကိုလည်း အလှူဒါယကာများမှ ဖြည့်စွက်ကာ ချင့်ချင့်ချိန်ချိန် စဉ်းစားပေး ကြရမည်သာ။

ထို့ထက်စွမ်းနိုင်မည်ဆိုလျှင်မူ သန္တောသသုံးပါးကိုလည်း စဉ်းစား ပေးစေချင်ပါသည်။ ယထာဗလသန္တောသ=ရဟန်းတော်များသည် တရားနှင့်အညီ ရသမျှဖြင့် ရောင့်ရဲ တင်းတိမ်တော်မူလေ့ရှိကြပါသည်။ ယထာလာဘသန္တောသ=ရဟန်းတော်များသည် ရသမျှဖြင့် တင်းတိမ် ရောင့်ရဲတော်မူကြပါသည်။ ယထာသာရုပ္ပသန္တောသ=ရဟန်းတော် များသည် မိမိနှင့် သင့်တင့်လျောက်ပတ်သည့် ပစ္စည်းမျှဖြင့် ရောင့်ရဲ တော်မူကြပါသည်။ သဒ္ဓါလွန်ကဲကြသည့် ထိုထိုအလှူရှင်များအား သံဃာတော်များ မြတ်မြတ်နိုး ဆောက်တည်တော်မူကြသည့် သင်္ကန်း ဓုတင်နှစ်ပါးကိုလည်း သိစေချင်ပါသည်။ ဖြစ်နိုင်မည်ဆိုလျှင် ဆွမ်းဓုတင် ငါးပါးကိုလည်း သိစေချင်ပါသေးသည်။

---

**ကျမ်းညွှန်း**

* ရူပိယသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ၊ (နှာ-၃၄၄)

* ပစ္စိမဝိကပ္ပနုပဂစီဝရာဒိကထာ၊ စီဝရက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ၊ (နှာ-၄၁၂)

* ဝိရိယာရမ္ဘာဒိဝတ္ထုဝဏ္ဏနာ၊ ဧကကနိပါတ၊ အင်္ဂုတ္တရဋ္ဌကထာ (အတွဲ-၁) (နှာ-၆၀)

# ၁၅။ ဘုရားစကား နားထောင်လိုက်တာနှင့်ကို အစစ အရာရာ ပြည့်စုံပါတယ်

ကျေးဇူးရှင် လဲဘူးတောရဆရာတော်ဘုရားကြီးသည် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီးထက် သက်တော်တစ်နှစ်၊ တစ်ဝါ မျှသာ ငယ်ပါသော်လည်း ဆရာသခင်ရှေ့တွင် ပကတိ ကိုရင်လေးပမာ ကျိုးကျိုးနွံနွံ တလေးတစား ရိုရိုသေသေ လက်အုပ်ချီမိုးကာ သီတင်း သုံး နေထိုင်တော်မူသည်ကို မိမိတို့ ရဟန်းငယ်များအဖို့ တစ်သက် မမေ့စရာ အားကျကြည်ညိုမဆုံးသည့် မျက်မြင်သင်ခန်းစာ များစွာကို ရရှိစေခဲ့ပါသည်။ တစ်သက်တာ တန်ဖိုးဖြတ်မရနိုင်သည့် အတုယူ အားကျစရာ ဝိနည်းမှတ်စု၊ မှတ်ရာကိုလည်း ဆရာတော်ဘုရားကြီး များမှ ဆိုဆုံးမ ပေးတော်မူခဲ့ပါသည်။

စာရေးသူ ရဟန်းတစ်ဝါအရ ရန်ကုန်ဆေးရုံကြီးတွင် ခွဲစိတ် ကုသမှုတစ်ခုကို ခံယူပြီးနောက် ထန်းတပင်တောရကျောင်းသို့ ကြွရန် ရန်ကုန်မြို့မှပျဉ်းမနားမြို့သို့ မီးရထားဖြင့် ကပ္ပိယနှင့်အတူ ပြန်ကြွလာ ခဲ့ပါသည်။

ထိုစဉ် လူစီးဘတ်စ်ကားများ ယခုကဲ့သို့ ပြေးဆွဲခြင်း မရှိ သောကြောင့် မီးရထားကိုပင် အားကိုးကာ ခရီးသွားလာကြရပါသည်။ ရံခါ ကာလများ၌မူ မီးရထားသည် အကြောင်းအမျိုးမျိုးကြောင့် နေဝင်မိုးချုပ် သန်းခေါင် သန်းလွဲအချိန် ဆိုက်ရောက်တတ်ပါသည်။ တောရနေ ရဟန်းသံဃာတော်များ သွားလာရေး မခက်ခဲစေရန် အလို့ငှာ ပျဉ်းမနားဘူတာရုံ အနီးနေထိုင်သူ ဆန်ကုန်သည် ဦးလှအောင်၊ ဒေါ်ခင်သိန်းတို့သည် နဘူးကျောင်းဆရာတော်ဘုရားကြီး၏ တပည့်များ ပီသစွာ ရဟန်းတော်များ ဝိနည်းသံသယ ကင်းရှင်းစွာ ချမ်းချမ်းသာသာ

သီတင်းသုံးနိုင်ရန် သံဃာဆောင်တစ်ဆောင် ဆောက်လုပ်ကာ ခရီးသွား သံဃာတော်များ အိမ်ကျောင်းအဖြစ် သီတင်းသုံးတော်မူပါရန် လျှောက်ထားပါသည်။

ထို့ကြောင့် လယ်ဝေး၊ ပျဉ်းမနားမြို့များ၌ တောရဆောက်တည်ကာနေကြသည့် သံဃာတော်များ အကြောင်းအမျိုးမျိုးကြောင့် မီးရထားနောက်ကျလျှင် သဒ္ဓါတရား ပြည့်ဝသည့် ထိုအမယ်အို၊ အဘိုးအို ဇနီးမောင်နှံကို ချီးမြှောက်သောအားဖြင့် သူတို့၏ အိမ်ကျောင်း၌ ကြောင့်ကြမဲ့ သီတင်းသုံးတော်မူလေ့ ရှိပါသည်။

တောရအသီးသီးမှ ကြွရောက်တော်မူလာကြသည့် ဆရာတော်သံဃာတော်တို့အား ဆွမ်းချိန်ဆိုလျှင် ဆွမ်း၊ ယာဂုနှင့်သင့်တော်ပါက ယာဂု၊ ဖျော်ရည်နှင့်သင့်တော်ပါက ဖျော်ရည်ကို ဝမ်းမြောက်ဝမ်းသာ လှူဒါန်းကြပါသည်။ သူတို့၏အိမ်ကျောင်းမှသည် ကြွလိုရာခရီး ကြွနိုင်ရန်လည်း ကုသိုလ်ယူကြပါသေးသည်။

"ဘုရားတပည့်တော်များ အသက်အရွယ် ကြီးရင့်လှပါပြီဘုရား၊ ခရီးကွာဝေးတဲ့ တောရကျောင်းကိုလည်း အရင်လို စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါဘူးဘုရား၊ ဒါကြောင့် တပည့်တော်တို့ လူအိုများကို သနားသောအားဖြင့် ချီးမြှောက်သောအားဖြင့် ခရီးကြုံကြိုက်ရင် နေ့နေ့ညည အချိန်မရွေး အရှင်ဘုရားများအတွက် တံခါးဖွင့်ထားပါတယ်ဘုရား"ဟု သူတို့၏ အိမ်ကျောင်းကို ကြွလာတော်မူကြသည့် ဆရာတော် သံဃာတော်တို့အား လက်အုပ်ချီမိုးကာ အထပ်ထပ် လျှောက်တင်ကြလေသည်။

တစ်ခုသော ဝါကျွတ်အပြီး ဆောင်းဦးအခါကာလ၏ ညဉ့်သန်းခေါင်ကျော်အချိန်၌ စာရေးသူ ကျိန်းနေသည့် ကျောင်းတံခါးကို သာသာခေါက်ကာ-

"အရှင်ဘုရား၊ အရှင်ဘုရား၊ လဲဘူးဆရာတော်ဘုရားကြီး ပျဉ်းမနားဘူတာရုံကနေ ကြွလာပါတယ် ဘုရား"ဟု လျှောက်ပါသည်။ ထို့ကြောင့် ကျောင်းတံခါးဖွင့်ပြီး သက်န်းလက်ကတော့ထိုးကာ သက်တော်ရှည်ဆရာတော်ဘုရားကြီးအား ခရီးဦးကြိုဆိုကာ ဝတ်ပြု အပြီး နာရီကြည့်မိရာ ည ၂-နာရီ ၁၀-မိနစ် ရှိနေပါသည်။

ဆရာတော်ဘုရားကြီးအား မဖူးမြင်ရသည်မှာ ကာလအတန် ကြာခဲ့ပြီး ဖြစ်သဖြင့် အမှတ်ရဖွယ် ရှေးဟောင်းနှောင်းဖြစ်များကို မိန့်ကြားတော်မူအပြီး-

"တပည့်တော် နဘူးကျင်းဆရာတော်ဘုရားကြီးထံပါး မဆည်း ကပ်မိသေးခင် ငွေကိုင်တယ် ကိုယ်တော်၊ ခုလိုခရီးသွားမယ်ဆိုရင် ငါ့ ဘယ်လောက်ရှိတယ် ဘယ်လောက်သုံးရင်ဖြင့် ဘယ်လောက် ကျန်မယ် ဆိုပြီး ဒါတွေတွက်နေရတယ် ကိုယ်တော်၊ ရထားစီးရင် ကုန်ကျမများ အောင်လို့ ရိုးရိုးတန်းက ငါးပိသိပ် ငါးချဉ်သိပ်ပေါ့ ကိုယ်တော်၊ နောက်တော့ တပည့်တော်က ဆရာသမားရဲ့ဩဝါဒနှင့် ဘုရားဥပဒေကို လိုက်နာပြီးတော့ နိဿဂ္ဂိစွန့်လိုက်ပြီ ကိုယ်တော်၊ ငွေလုံးဝမကိုင် တော့ဘူး၊ ကိုယ်တော်ရော ငွေကိုင်သလား"ဟု ရုတ်တရက်စကားမစပ် ဒိုးဒိုးဒေါက်ဒေါက် မေးမြန်းတော်မူပါသည်၊ မိမိသည်လည်း ဆရာတော် ဘုရားကြီးအား ခြေဆုပ်လက်နယ် ဝတ်ဖြည့်နေရာမှ လက်အုပ်ချီမိုးကာ-

"ရဟန်းဖြစ်ချိန်မှသည် ယနေ့တိုင် နိဿဂ္ဂိ ကင်းရှင်းပါသည် ဘုရား"ဟု လျှောက်တင်လိုက်ပါသည်။ အကယ်၍ ထိုအချိန်ကာလ မိမိလက်ဝယ် အနာမာသဝတ္ထုငွေကြေးသာ ကိုင်ဆောင်ထားပါက ဆရာတော် မည်သို့မိန့်ကြားမည်ကို မတွေးဆဝံ့ပါ။ မိမိ၏ အဖြေ စကားကို ကျေနပ်စွာဖြင့် လက်ခံတော်မူပြီးနောက်-

"ကိုယ်တော်တို့က ဆရာကောင်း အမှီရလိုက်တာကိုး၊ ဆရာ့စကားကိုလည်း လေးစားလိုက်နာတာ သာဓု ခေါ်ပါတယ်ဘုရား"ဟု မိန့်ကြားတော်မူအပြီး-

"တပည့်တော်ကလည်း ခုငွေမကိုင်တော့မှ ခုရထားစီးလာတာက အထက်တန်းတွဲနှင့်ဘုရား၊ အထက်တန်းလက်မှတ် လျှုမယ့်သူက နှစ်ယောက်တောင်ဖြစ်နေတာ ကိုယ်တော်၊ ဒါနှင့်စကားမစပ် ဒကာတစ်ယောက်က လေယာဉ်ပျံလက်မှတ် လျှုမယ်လျှောက်တယ်၊ လေယာဉ်ပျံ ဘယ်စီးရကောင်းမလဲ ကိုယ်တော်" ဆရာတော်ဘုရားကြီး နှုတ်တော်မှ ဘုရားရှင်၏ အဆုံးအမကို လိုက်နာဖို့ ဩဝါဒကထာမိန့်မွက် နေစဉ်မှာပင် ခပ်လှမ်းလှမ်း ဘုန်းတော်ကြီးကျောင်းဆီမှ အုန်းမောင်းသံများ ကြားလာရပါသည်။

"ကိုယ်တော်က ဂိလာန၊ အိပ်ရေးပျက်တာ မကောင်းဘူး၊ တပည့်တော်လည်း ခရီးတော့ ပန်းလာတယ်၊ အရုဏ်မတက်သေးဘူး ခဏလောက် ခါးဆန့်ကြရအောင်၊ ဒါနှင့်စကားမစပ် ဆရာတော်ကြီး မိန့်တော်မူနေတဲ့ တောနေရဟန်းများအတွက် ကောင်းကင်ကြယ်ကြည့်နည်းနှင့် အရုဏ်တက်ချိန်စာအုပ် ပြုစုနေပြီလား"

"မှန်ပါဘုရား စနေပါပြီဘုရား၊ အချိန်ကာလ တော်တော်ကြာတွက်ချက်ပြီး လက်တွေ့လည်း သုတေသနပြုရမှာပါဘုရား"

"သာသနာမှာ အရေးကြီးလို့မို့ ကျန်းမာအောင်နေပြီး ကြိုးစားပါကိုယ်တော်"

"မှန်လှပါ၊ ကြိုးစားပါ့မယ်ဘုရား"

---

**ကျမ်းညွှန်း**

* ရူပိယသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၄၄)

## ၁၆။ ရွှေငွေကို မည်သည့်နည်းနဲ့မှ အလှူမခံရ

မြောင်းမြဆရာတော်ဘုရားကြီး ပဋ္ဌောတာရုံကျောင်းတိုက်သို့ ရောက်၍ မကြာမီ ကျောင်းဒကာကြီး ဦးစုက လာရောက်လျက် "သံဃာတော်များ ငွေကို အလှူခံထိုက်ပါသလား ဘုရား?"ဟု လျှောက်ထားသည်၊ ဘုန်းတော်ကြီးလည်း ဝိနည်းလမ်းကြောင်းအရ အောက်ပါအတိုင်း ရှင်းလင်းပြသည်။

**"မေဏ္ဍကသိက္ခာပုဒ်မှာ လာရှိတဲ့အတိုင်း သဒ္ဓါတရားရှိတဲ့ ဒကာ၊ ဒကာမများက ပစ္စည်းလေးပါးအတွက် ရည်မှန်းလျက် မိမိလှူလိုတဲ့ ငွေများကို ကပ္ပိယထံ အပ်နှံပြီး 'ဒီငွေမှ ဖြစ်ပေါ်လာတဲ့ ပစ္စည်းလေးပါးကို အလှူခံတော်မူပါဘုရား'လို့ လျှောက်တတ်, လှူတတ်မယ်ဆိုရင် ငွေကိုလှူရာ မရောက်တော့ဘူး၊ ပစ္စည်းလေးပါးကိုပဲ လှူရာရောက်တော့တယ်၊ ဒီလိုလျှောက်တတ်, လှူတတ်မယ်ဆိုရင် အလှူခံထိုက်ပါတယ်။**

ဒီလိုမှ မဟုတ်ဘဲနဲ့ ငွေများကို ယူလာပြီး 'ဒီငွေများကို အလှူခံတော်မူပါဘုရား'လို့ ဆိုပြီးလှူရင် ပစ္စည်းလေးပါးကို လှူရာမရောက်တော့ဘူး၊ ငွေကိုပဲ လှူရာရောက်တော့တယ်၊ ဒီလိုမလျှောက်တတ်, မလှူတတ်ရင် အလှူမခံထိုက်ဘူး၊ 'ရွှေငွေကို မည်သည့်နည်းနဲ့မှ အလှူမခံရ'လို့ မြတ်စွာဘုရားက ဝိနည်းပညတ်တော်နဲ့ တားမြစ်ပိတ်ပင်ထားခဲ့တယ်"။

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်နှင့်ဗုဒ္ဓမြတ်စွာသာသနာ၊(၂၀၁၁-ခုနှစ်) ဒီဇင်ဘာလ တတိယအကြိမ်။ (နှာ-၇၆-၇၇)

* ရူပိယသိက္ခာပဒ၊ ကောသိယဝဂ္ဂ၊ ပါရာဇိကပါဠိ (နှာ-၃၄၅)

* ပဥ္စဂေါရသာဒိအနုဇာနနာ၊ သေသဇ္ဇက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ ၃၄၂)

## ၁၇။ ဒါယကာတို့က ကပ္ပိယထံ ဝတ္ထုအပ်နှံ လှူဒါန်းပြီးဖြစ်သော်လည်း ကပ္ပိယက လျှောက်ထားမှသာ အလှူခံကောင်းပါသည်

ဝိနည်းထုံးစံအရ အလိုရှိသောပစ္စည်းကို ဆွေးမျိုးဉာတိ မဟုတ်သူက "အလိုရှိရာ တောင်းပါ"ဟု ဖိတ်မန်ထားခြင်း မပြုသူတို့အထံမှာ ဆွမ်းရပ်သလို ရပ်ခြင်းမှတစ်ပါး **ကိုယ်တိုင်လည်း မတောင်းကောင်း၊ သူများကိုလည်း အတောင်းမခိုင်းကောင်းပါ။**

ဆွေမျိုးမတော်သော်လည်း**"အလိုရှိရာ တောင်းတော်မူပါ"**လို့ ဖိတ်မန်ထားလျှင်မူ ပဝါရိတပုဂ္ဂိုလ် ဖြစ်သွားသဖြင့် တောင်းကောင်း၏၊ ထို့ကြောင့် ကပ္ပိယကာရကကို စီစဉ်သည့်နေရာတွင် ဆရာတော်က ဖြစ်နိုင်သမျှ (မဖိတ်မိသော်မှ) တောင်းကောင်းသော ပုဂ္ဂိုလ်ဖြစ်အောင် ဆွေမျိုးတော်စပ်သည်ကိုရွေး၍ စီစဉ်နေခြင်းဖြစ်ပေသည်။

ဆွေမျိုးမတော်သော ကပ္ပိယကာရကဆိုလျှင်ကား **"အလိုရှိရာ အပ်စပ်သောပစ္စည်းကို တောင်းတော်မူပါ"**လို့ ဖိတ်မန်ထားမှသာ ပဝါရိတပုဂ္ဂိုလ် ဖြစ်သွား၍ တောင်းကောင်းသည်။ မဖိတ်မန်လျှင်

မတောင်းကောင်း၊ ကပ္ပိယက မိမိကိုယ်ပိုင်ပစ္စည်းကို လှူလို၍ ဖိတ်ကြားရ၌ကား တစ်ကြိမ်ဖိတ်ထားလျှင် ကိစ္စပြီး၏။ သို့သော် အခြားပုဂ္ဂိုလ်များ နဝကမ္မဝတ္ထု လာရောက်အပ်နှံ လှူကြရာ၌မူ လှူတိုင်း လှူတိုင်း လှူလာသော ထိုနဝကမ္မအတွက် မတောင်းကောင်းပေ။ ဤအကြောင်းကြောင့်ပင် ဆရာတော်ဘုရားကိုယ်တော်တိုင် ကပ္ပိယဒကာကျော် အနားသို့ သွား၍ သွား၍ ရပ်ရသည်ကို မြင်ကြရဖူး၏။

## ဆရာတော်နှင့် ဒကာကျော်

ဒကာကြီးကျော်သည် အသက် ၈၀-တွင်းသို့ ချဉ်းနင်းဝင်ရောက်လာသောအခါ ဇရာ၏ ဖိစီးမှုဒဏ်ကြောင့် လည်းကောင်း၊ ခေါင်းစီး အမျိုးမျိုးဖြင့် ကိုင်နေရသော ငွေကြေးပမာဏက များနေသောကြောင့် လည်းကောင်း၊ မကြာခဏ လာရောက်လှူကြသော အနာမာသဝတ္ထုကို မှတ်ရသားရ စာရင်းသွင်းရလွန်း၍ လည်းကောင်း တစ်ခါတလေ သတိမေ့နေဟန် တူပါသည်။ ဆရာတော်အား **"ဤ၍ ဤမျှ အပ်စပ်သောပစ္စည်းကို အလိုရှိတဲ့အခါ တောင်းတော်မူပါ"**ဟု ခါတိုင်းလို သွားရောက် မလျှောက်ထားမိ၊ လှူသွားသော ဒါယကာ ဒါယိကာမ တို့ကား ဆရာတော်အား လျှောက်ထားသွားပြီး ဖြစ်သဖြင့် ဆရာတော်က သိထားပြီးဖြစ်သည်။

ထို့ကြောင့် တစ်ရက် နှစ်ရက်လွန်အောင် လျှောက်ချိန်တန်၍ မလျှောက်လာသောအခါ ဆရာတော်က ဒကာကြီးကျော်နေသော

ဇရပ်ကလေးအနီးသို့ သွားကာ ဟိုအကြောင်း၊ ဒီအကြောင်း ပြောရင်း ရပ်တတ်၏။ "ဖိတ်မလား"ဟု စောင့်စား၏။ သို့သော် ဒကာကြီးကျော်က မရိပ်မိ၊ "ဘာများ အမိန့်ရှိမလဲ"ဟုသာ စိတ်စော၍ ဆရာတော့်အနား သွားကာ မတ်တပ်ရပ်ရင်း လက်ခံစကား ပြောနေတော့သည်။ နောက် တစ်နေ့လည်း လာပြန်၏။ ဒကာကြီးကျော်ကလည်း မရိပ်မိသေး၊ ဟိုအကြောင်း ဒီအကြောင်းပြောရင်း အချိန်ကုန်ပြန်သည်။ နောက် တစ်ရက် ဆက်၍ကြွလာသောအခါမှ ဒကာကြီးကျော်က သတိရပြီးလျှင် တစ်နေ့တုန်းက လှူသွားသော နဝကမ္မအတွက် အရေးတကြီး ဖိတ်မန် လျှောက်ထားတော့၏။ ဤသို့လျှင် အလွန်ရင်းနှီးသော ကပ္ပိယကြီး ဖြစ်လင့်ကစား ဆရာတော်က ဖိတ်ပါဟု မပြောကြားဘဲ ဝိနည်း လမ်းကြောင်းအတိုင်းသား ကပ္ပိယရှေ့ရပ်၍ ကျင့်သုံးသွားတော် မူတတ်ပါသည်။

**ကျမ်းညွှန်း**

* သာမဏေကျော်၏ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် ဝိနည်း (နှာ-၁၀၉)
* အညာတကဝိညတ္တိသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၁၅)
* ရာဇသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၂၇)

## ၁၈။ ကိုရင်ဘဝကစပြီး ငွေကြေးမကိုင်ခဲ့သည့် ဆရာတော်ဘုရားကြီး

**“ကျုပ်တို့ကတော့ (၁၈)နှစ်အရွယ် ကိုရင်ဘဝကစပြီး ငွေကြေးကို ကိုယ်တိုင် မကိုင်ခဲ့ဘူး၊ ကပ္ပိယနဲ့ပဲ အပ်နှံထားတယ်။ အိန္ဒိယပြည် ဗာရာဏသီမှာ နေတုန်းကတော့ ပြန်ခါနီးမှာ ကျောင်းသား မောင်ဟန်သိန်းက ထွက်ပြေးလို့ တစ်လလောက် ကိုယ်တိုင် ကိုင်ခဲ့ရ ဖူးတယ်။”**

ဗာရာဏသီ ဆရာတော်ဘုရားကြီး၏ ဩဝါဒတော်ကို နှစ်ကြိမ်ခန့် နာကြားခဲ့ရဖူး၏။ ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီဟူသည်နှင့်အညီ ဆရာတော်ဘုရားကြီးသည် လုပ်သလို ပြော၍ ပြောသလို လုပ်တတ်၏။ ပျံလွန်တော်မူသည့် အချိန်အထိ ငွေကြေးကိုင်တွယ်သည်ကို လုံးဝ မတွေ့ခဲ့ရဖူးပါ။ သိက္ခာပုဒ်များ ကိုလည်း မလွန်ကျူးမိအောင် အထူးသတိထားတော်မူတတ်၏။ ဝိနယကုက္ကုစ္စ ကြီးတော်မူ၏။

ဆွမ်းစား စားပွဲခုံကို အကပ်ခံသောအခါ မဖွဲ့မပုရိသတစ်ယောက် မြောက်နိုင် မမြောက်နိုင် သံသယဝင်လျှင်-

“အဲဒီစားပွဲခုံကော အပေါ်က ဟင်းခွက်တွေကော တစ်ယောက်ထဲ မြောက်ချီနိုင်ပါ့မလား”ဟု မေးတော်မူတတ်၏။

“မြောက်ချီနိုင်ပါတယ်ဘုရား”ဟု လျှောက်လျှင် အကပ်ခံပြီး သံသယကင်းစွာဖြင့် ဘုဉ်းပေးတော်မူ၏။

“တစ်ယောက်ထဲ မမြောက်ချီနိုင်ပါဘုရား”ဟု လျှောက်လျှင် ဟင်းခွက်များကို စားပွဲခုံပေါ် အောက်သို့ ပြန်ချခိုင်းပြီး တစ်ခွက်စီသာ ပြန်လည်၍ ကပ်စေတော်မူသည်။ စားပွဲခုံ ကြီးနေလျှင်မူကား ဆိုဖွယ်ရာ မရှိတော့၊ ဤမျှ ဝိနယကုက္ကုစ္စ ကြီးတော်မူ၏။

ရဟန်းတော်များ ဆွမ်းစားနေစဉ် အချို့ဒကာ၊ ဒကာမများက ဆွမ်းဇလုံကိုဖြစ်စေ၊ ဆွမ်းဟင်းခွက်ကိုဖြစ်စေ၊ ကိုင်လျက်-

“အရှင်ဘုရား ထပ်ထည့်ပါဦးဘုရား” စသည်ဖြင့် ဖိတ်မန် လျှောက်ထားတတ်၏။ ဆွမ်းစားနေသည့် ရဟန်းတော်များက “တော်ပါပြီ” စသည်ဖြင့် ပြန်လည် မိန့်ကြားတတ်၏။ ထိုအခါ ထိုရဟန်းတော်မှာ ပဝါရိတ်သင့်၏။ အတိရိတ်ဝိနည်းကံ မပြုဘဲ ဘုဉ်းပေးပါက ပါစိတ်အာပတ်သင့်ပါသည်။ ထိုကိစ္စကို ရည်ရွယ်၍ ဆရာတော်ဘုရားကြီးက **“ဒို့မြန်မာလူမျိုးက စေတနာကောင်း၊ လောကွတ်ကောင်းတော့ ရဟန်းတွေ အာပတ်သင့်တယ်၊ လူဝတ်ကြောင်တွေ ဝိနည်းသင်ပေးမှဖြစ်မယ်။ သာသနာပျက်တယ်ဆိုတာ ကိုယ်တိုင် မကျင့်သုံးကြလို့ ကိုယ့်သန္တာန်မှာ သာသနာပျက်တာ၊ ငွေကြေးကို ကိုယ်တိုင် ကိုင်တွယ်တော့ ဇာတရူပရဇတသိက္ခာပုဒ် မိမိသန္တာန်မှာ ပျက်တယ်၊ ရှောင်ကြဉ်ရင် မိမိသန္တာန်မှာ ဇာတရူပ သိက္ခာပုဒ် သာသနာတည်တာပဲ။”**

---

**ကျမ်းညွှန်း**

* ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်မှ ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ၏ ထေရဂုဏ်ရည် တစိုးတစိ တစေ့တစောင်း၊ ၂၀၁၃ ခုနှစ်။ (နှာ-၁၄၁)
* ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၁၀၉)
* ပဌမပဝါရဏာသိက္ခာပဒ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ (နှာ-၁၁၀)

## ၁၉။ ကိုရင်တွေကို ပိုက်ဆံလှူတာက ကုသိုလ်ရအောင်လား သာသနာဖျက်တာလား၊ မသိလို့လား၊ သိရက်နဲ့လုပ်တာလား

ဘုန်းကြီးဆီမှာ ဆွမ်းကပ်ခံနေတဲ့ အငယ်ဆုံး ကိုရင်တစ်ပါး ရှိတယ်၊ ရန်ကုန်ထဲက ကျောင်းတစ်ကျောင်းကပဲ လာအပ်ထားတယ်၊ အဲဒီ ကိုရင်ကို-

"မင်း ဟိုမှာနေတုန်းက ဆွမ်းခံသွားလို့ရှိရင် တစ်နေ့ ပိုက်ဆံ ဘယ်လောက်ရသလဲ"လို့ မေးတော့ တစ်နေ့ ဆယ့်ငါးကျပ်လောက် တော့ရတယ်၊ နှစ်ဆယ်လောက် ရတဲ့အခါ ရတယ်တဲ့၊ ဒီတော့ မခက် ဘူးလား၊ လှူတဲ့သူကလည်း လှူတယ်၊ ယူတဲ့သူကလည်း ယူတယ်။ **ဒီကိုရင်တွေကို ပိုက်ဆံဆွမ်းလောင်းနေတာ ကုသိုလ် ရအောင်လို့ လုပ်တာလား၊ သာသနာဖျက်တဲ့ လုပ်ငန်းလုပ်တာလား၊ မသိလို့ လုပ်တာလား၊ သိရက်သားနဲ့ လုပ်တာလားတော့ မသိဘူး၊** ဒါဖြင့် မင်းရသမျှ ပိုက်ဆံတွေကို ဘယ့်နှယ်လုပ်သလဲမေးတော့၊ မုန့်ဝယ်စားပစ်လိုက်တာပဲတဲ့၊ ဘယ်အချိန် ဝယ်စားသလဲဆိုတော့ မနက်ရော, ညရော အချိန်မရွေး ဝယ်စားပစ်လိုက်တာပဲလို့ ပြောတယ်၊ ဒါက ဒကာ,ဒကာမတွေ မလိမ္မာလို့၊ ဒီတော့ ဒကာ,ဒကာမတွေကလည်း ဒါနဲ့ပတ်သက်လို့ရှိရင် နားလည်ထားရတယ်၊ ဒါမျိုး လုပ်သင့် မလုပ်သင့်၊ ဒီလိုမျိုး လှူသင့် မလှူသင့်၊ လှူလို့ရှိရင် အကျိုးရှိမလား၊ အပြစ် ရှိမလားလို့ ခွဲခြား နားလည်ထားရတယ်၊ **သာသနာ ပျက်စီးစေလိုတဲ့ စိတ်နဲ့သာ လှူလိုက်မယ် ဆိုရင်တော့ မတွေးဝံ့စရာဘဲ၊ ကိုယ့်မှာ အပြစ်က တစ်ပုံကြီးဖြစ်သွားပြီ။**

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်၏ သာသနာပြုလမ်းညွှန် ဩဝါဒဓမ္မကထာ၊ (၂၀၁၀-ခုနှစ်) ဒုတိယတွဲ(နှာ-၄၀၅)
* ရူပိယသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၄၄)

## ၂၀။ သတိမူစရာ နိဿဂ္ဂိပါစိတ်အာပတ်

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့ ရွှေကျင်(ကြား)ကျောင်း ဆရာတော်ကြီးဦးသာသနသည် ကွမ်းခြံကုန်း တစ်နယ်လုံးရှိ ဂိုဏ်းဂဏ မရွေး ကြည်ညိုလေးစားမှုကို ခံယူရသော မဟာထေရ်မြတ်ကြီး ဖြစ်ပါသည်။ ဆရာတော်ကြီးသည် အနေအထိုင် ပိရိ၍ ဝိနည်း သိက္ခာပုဒ်တို့ကို အသက်တမျှ လေးစားချစ်ခင်ပြီး၊ ဝိနယကုက္ကုစ္စ အရာမှာလည်း လွန်စွာကြီးမားတော်မူပါသည်။

တစ်ခါသော် ဆရာတော်ကြီးသည် ဒေးဒရဲသို့ အလှူကိစ္စ တစ်ခုဖြင့် စာချဘုန်းကြီး ဦးခေမိဿရနှင့် အတူကြွရာ၊ မွန်းတည့်ချိန် ဖိနပ်မစီး, ထီးမဆောင်းဘဲကြွရ၍ နေအပူဒဏ်ကို ဆရာတပည့်နှစ်ပါး ခံရရှာပါသည်၊ ဒေးဒရဲဘုရားကြီးဝင်းအနီးသို့ရောက်သော် ဦးခေမိဿရက တန်ဆောင်းကြီးတစ်ခုကိုတွေ့၍ ဝင်ရောက်၍ နားခိုမည်ပြုရာ၊ ဆရာတော်ကြီးက ဦးခေမိဿရ၏လက်မောင်းကို ပြုန်းခနဲဆွဲထားပြီး

**"ဦးပဉ္စင်း၊ ဒီတန်ဆောင်းကို ပြင်သွားတဲ့သူက နိုင်ငံကျော် ဓမ္မကထိကတစ်ဦးပဲ၊ သူဟာ မအပ်တဲ့ အလှူပစ္စည်းတွေနဲ့ ဒီတန်ဆောင်းကြီး စီမံထားရင် ဘယ်လိုနေမလဲ**"ဟု သတိပေးတော်မူပါသည်။

ရဟန်းတော်တို့မှာ မအပ်သော အလှူခံယူမှုဖြင့် ရွှေငွေပစ္စည်းကို အလှူခံယူမိက နိဿဂ္ဂိပါစိတ် အာပတ်သင့်ပါသည်။ ထိုအလှူဝတ္ထုပစ္စည်းကိုလည်း နိဿဂ္ဂိပစ္စည်းဟု ခေါ်ပါသည်။ **ထိုနိဿဂ္ဂိပစ္စည်းဖြင့် ဆောက်လုပ်သော ကျောင်း, တန်ဆောင်း, ဇရပ်စသည်၌ ဝင်ရောက်တည်းခိုသော ရဟန်းတို့သည်လည်း ဒုက္ကဋ်အာပတ်သင့်ပါသည်။** ထို့ကြောင့် ဆရာတော်ကြီးဦးသာသနက ဦးခေမိဿရ၏ လက်မောင်းကို ဆွဲခဲ့ခြင်းဖြစ်ပါသည်။

**ကျမ်းညွှန်း**

* ဦးအောင်မွန်(မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ ၂၀၀၆-ခုနှစ်၊ ပထမအကြိမ်။ (နှာ-၁၄၅၊၁၄၆)

* ရူပိယသိက္ခာပဒဝဏ္ဏနာ၊ ကောသိယဝဂ္ဂ၊ ပါရာဇိက ကဏ္ဍအဋ္ဌကထာ။ (ဒုတိယတွဲ) (နှာ-၂၇၁)

## ၂၁။ လှူ၏အလှူနှင့် ရဟန်းတော်များ၏အလှူ သတိပြုစရာ

တစ်ခါမှာလည်း ပဋ္ဌာနတာရုံသာသနပါလအဖွဲ့ဝင် ပုဂ္ဂိုလ်များက နိုင်ငံကျော်ဓမ္မကထိက ဦးလှသိန်းကိုပင့်၍ တရားပွဲ ကျင်းပကြသည်၊ တရားပွဲမှ အလှူခံ၍ရသော ဝတ္ထုငွေများဖြင့် ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြသည်၊ ယင်းကျောင်းကို ဘုန်းတော်ကြီးက ကျေနပ်စွာပင် လက်ခံတော်မူပါသည်။

နောက်တစ်နှစ်မှာ ရန်ကုန်မှ နာမည်ကျော် ဓမ္မကထိက ဘုန်းကြီးတစ်ပါးက မြောင်းမြကိုလာ၍ တရားဟောသည်၊ ပိုက်ဆံကြေးငွေများကိုလည်း မအပ်မစပ် အလှူခံသည်၊ ယင်းအကြောင်းကို ဒကာများ လျှောက်ထား၍ ဘုန်းတော်ကြီးက သိနေသည်။

ယင်း ဓမ္မကထိကဆရာတော်က တရားပွဲပြီးသည့်အခါ တရားပွဲမှ ရလာသော ပစ္စည်းဝတ္ထု အချို့ကို ပဋ္ဌာနတာရုံကျောင်းတိုက်သို့ အပို့ခိုင်းလိုက်သည်၊ လာရောက်ပို့သူများအား အကုန်လုံးကို ပြန်ယူသွားကြရန် မြောင်းမြဆရာတော်ဘုရားကြီးက အမိန့်ရှိလိုက်ပါသည်၊ ဘာတစ်ခုကိုမျှ အလှူခံမှု မပြုပါ။

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်နှင့်ဗုဒ္ဓမြတ်စွာသာသနာ၊(၂၀၁၁-ခုနှစ်) ဒီဇင်ဘာလ တတိယအကြိမ်။ (နှာ-၁၉၆)
* ရူပိယသိက္ခာပဒ၊ ကောသိယဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ (နှာ-၃၄၅)

## ၂၂။ အာဇီဝပါရိသုဒ္ဓိသီလ စင်ကြယ်တော်မူသည့် အုတ်ဖိုဆရာတော်

အုတ်ဖိုဆရာတော်ဘုရားကြီး၏ အာဇီဝပါရိသုဒ္ဓိသီလတော်ကား ပွတ်သစ်စခရုသင်းအသွင် အလွန်စင်ကြယ်တော်မူ၏။ ပရိကထာ ဩဘာနိမိတ်ဝိညတ်ဖြင့် ရအပ်သောဆွမ်းကိုထားဘိ ဝစီဝိညတ္တိဝိပ္ဖါရ နှုတ်မြွတ်သောကြောင့် ဖြစ်ပေါ်လာသောဆွမ်းကိုသော်မှ ဘုဉ်းပေးတော်မမူ၊ ပဋိကူလသညာ စက်ဆုပ်ရွံရှာသဖြင့် စွန့်ပစ်စေတော်မူ၏။ လက်ပံလှရွာ အဇိနာရာမကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသောအခါ အလုပ်အကျွေးဖြစ်သော ကပ္ပိယဘိုးရွှေပြည့်က ဆွမ်းပို့လှူဒါန်းဆက်ကပ်အပ်သည်ကို ဘုဉ်းပေးသုံးဆောင်ပြီးလျှင်

"ဟဲ့ ရွှေပြည့် မုန့်ဟင်းခါးဆွမ်းစားချင်သည်"ဟု မိန့်တော်မူလိုက်၏။ ကပ္ပိယ ဘိုးရွှေပြည့် ကျောင်းမှ ရွာသို့ပြန်သွား သောအခါ ကျောင်းဒါယကာ ဦးဘိုးကွယ်၏မရီးဖြစ်သော ဒေါ်စိုးခေါ် ဒါယိကာမကြီးက ဘိုးရွှေပြည့် ပြန်လာသည်ကိုမြင်လျှင်

"ဦးရွှေပြည့် ဆရာတော်ဘုရားကြီးက ဘာများဘုဉ်းပေး သုံးဆောင်လိုသည်ဟု မိန့်တော်မူပါသနည်း"ဟု ဆီးကြိုမေးမြန်းရာ ဘိုးရွှေပြည့်က-

"မုန့်ဟင်းခါးဆွမ်း စားလိုသည်"ဟု မိန့်တော်မူလိုက်သည်ဟု ပြန်ပြောခဲ့ပြီးလျှင် မိမိအိမ်ရှိရာ ရွာလယ်သို့ သွားလေ၏။

ဒါယိကာမကြီးဒေါ်စိုသည် သဒ္ဓါတရားကြီးမား ထက်သန်သည့်အလျောက် မုန့်ဟင်းခါးသည်ထံ အခြံအရံနှင့်တကွ ပြည့်စုံစွာ မှာထား၍ နောက်တစ်နေ့ နံနက်စောစော၌ ကပ္ပိယ ဘိုးရွှေပြည့် ကျောင်းသို့မရောက်မီ သွားရောက်လှူဒါန်းလေ၏။

ထိုအခါ၌ အလုပ်အကျွေးဖြစ်သော ဦးဇေယျက ကောင်းမွန်စွာ ပြင်ဆင်ပြီးလျှင် မုန့်ဟင်းခါးဆွမ်း ရောက်ပါပြီဟု ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ဆရာတော်ဘုရားကြီးက ခါတိုင်းဆွမ်းကပ်ချိန်နှင့်မတူ စောလွန်းလှသည်ဟု တွေးတော ဆင်ခြင်ဟန်နှင့် "ဇေယျ"ဟု ခေါ်တော်မူ၏။ ဦးဇေယျက "ဘုရား"ဟုထူးလျှင် "ရွှေပြည့် ရောက်ပြီလား"ဟု မေးတော်မူ၏။ ဦးဇေယျက "မရောက်သေးပါဘုရား"ဟုလျှောက်လျှင် "ဘယ်သူ လာလှူသောမုန့်ဆွမ်းနည်း"ဟု မေးတော်မူ၏။

"ဒါယိကာမကြီးဒေါ်စိုက ဘိုးရွှေပြည့်ကို ဆရာတော်ဘုရားကြီးဘာများ သုံးဆောင်လိုပါသနည်းဟု မေးမြန်း၍ မုန့်ဟင်းခါးဆွမ်းဘုဉ်းပေး သုံးဆောင်လိုကြောင်းကို မိန့်တော်မူ၏ဟု ဘိုးရွှေပြည့်က ပြောသောကြောင့် ဆရာတော်ဘုရားကြီး မုန့်ဟင်းခါး ဆွမ်းဘုဉ်းပေးသုံးဆောင်လိုကြောင်းကို သိသည်ဖြစ်၍ လှူကပ်လာသော မုန့်ဆွမ်းပါဘုရား"ဟုလျှောက်၏။ ထိုအခါ ဆရာတော်ဘုရားကြီးက "ဇေယျ" ဟုခေါ်တော်မူ၍ "သည်မုန့်ဆွမ်းကို အခြားတစ်ပါးသို့ သွားရောက်စွန့်ပစ်လိုက်"ဟု မိန့်တော်မူ၏။ လှူဒါန်းဆက်ကပ်လာသော ဒါယိကာမကြီး၏ သဒ္ဓါတရားကို မထောက်မထား၊ အားပါးမနာ မညှာတာ မငဲ့ကွက်ဘဲ ရက်ရက်ကြီး စွန့်ပစ်စေတော်မူ၏။ ဘုဉ်းပေးတော်မမူချေ၊ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏ထုံးကို နှလုံးသွင်းတော်မူ၍ အရိယဝံသဓမ္မကို ဥက္ကဋ္ဌပရိစ္ဆေဒအားဖြင့် ကျင့်တော်မူသည်ဖြစ်၍ ဆရာတော်ဘုရားကြီး၏ အာဇီဝပါရိသုဒ္ဓိသီလတော်ကား လက်ဖျောက်ခတ်တီး၍ အံ့ချီးလောက်ဖွယ် စင်ကြယ်လှပါပေသတည်း။

---

**ကျမ်းညွှန်း** ✱ မဟာဒွါရနိကာယ ဂဏာရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ (၁၉၅၅ ခုနှစ်) (နှာ-၄၈၃၊ ၄၈၅)

✱ ရာဇသိက္ခာပဒဝဏ္ဏနာ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ၊ (နှာ-၂၆၀)

## ၂၃။ ရဟန်းက ဆေးကု ဗေဒင်ဟောရင် သီလမစင်ကြယ်

ကျေးဖူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ၁၃၃၇-ခုနှစ် ပြာသိုလကွယ်နေ့၌ ဟောကြားတော်မူခဲ့သည့် တုဝဋ္ဋကသုတ် တရားတော်၌ ရဟန်းတော်များ ဆေးကုခြင်း၊ ဗေဒင်ဟောခြင်း စသည်ဖြင့် လူမှုကိစ္စတွေ ဆောင်ရွက်ရင် သီလမစင်ကြယ်ဘူး။ သီလ မစင်ကြယ်ရင် သမာဓိ ပညာမဖြစ်နိုင်ဘူး။ သမာဓိ ပညာမဖြစ်ရင် သံသရာမှ မလွတ်မြောက်နိုင်ဘူး။ သီလစင်ကြယ်မှ သမာဓိ ပညာ ပြည့်စုံပြီး သံသရာမှ လွတ်မြောက်နိုင်တယ်။ မိမိတစ်ပါးတည်းသာ မဟုတ်ဘူး၊ မိမိကတစ်ဆင့် ဟောကြားညွှန်ပြပေးလျှင် အခြားသူတွေလည်း ရာ၊ ထောင်၊ သိန်း၊ သောင်းမက သံသရာမှ လွတ်မြောက်ပြီး တကယ့်ချမ်းသာ အစစ်ကို ရနိုင်တယ်။

ဆေးကုပေးခြင်းစသော လူမှုကိစ္စကို ဆောင်ရွက်ရုံမျှဖြင့် ချမ်းသာစေနိုင်တယ်ဆိုတာ ခဏခေတ္တ တစ်ဘဝတာမျှလောက်သာ ရှိတယ်။ အမြဲတမ်း ချမ်းသာစေနိုင်တာ မဟုတ်ဘူး စသည်ဖြင့် ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်ကို လေးလေးနက်နက် ယုံကြည်တဲ့



**ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး**

**(မြန်မာ ၁၂၆၆ - ၁၃၄၄) (ခရစ် ၁၉၀၄ - ၁၉၈၂)**

ရဟန်းများမှာ ဆေးကုပေးကောင်းတဲ့ ပုဂ္ဂိုလ်များကိုလည်း ဝိနည်းက ခွင့်ပြုထားတာကတော့ ရှိပါသေးတယ်။ ဘယ်လိုပုဂ္ဂိုလ်တွေလဲဆိုရင် သီတင်းသုံးဖော် ငါးဦးကို ဆေးကုပေးကောင်းတယ်။

ကျမ်းညွှန်း

※ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး သက်တော်ရာပြည့်အထိမ်းအမှတ်မော်ကွန်း

သဒ္ဓါအစစ်နဲ့ ပြည့်စုံဖို့ပါပဲ။ အဲဒီသဒ္ဓါအစစ်နဲ့ ပြည့်စုံရင်တော့ မြတ်စွာဘုရား ဟောကြားထားတဲ့အတိုင်း ရဟန်းမှာ လူမှုကိစ္စတွေကို မဆောင်ရွက်သင့်ကြောင်း၊ သီလ သမာဓိ ပညာအကျင့်ကိုသာ သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် ကျင့်သွားသင့်ကြောင်း ယုံကြည်မြတ်နိုးနိုင်ပါသည်။ ဒါကြောင့် **"တိကိစ္ဆံ**-ဆေးကုပေးခြင်းကို၊ **မာမကော**-ဘုရား တရား သံဃဂုဏ်ကို ယုံကြည်မြတ်နိုးသော ရဟန်းသည်၊ **နသေဝေယျ**-မမှီဝဲရာ"လို့ (မာမကော) ဆိုတဲ့ ဂုဏ်ပုဒ်နှင့်တကွ အထူးပြုပြီး ဆိုထားပါတယ်။

ဒါပေမယ့် **ရဟန်းများမှာ ဆေးကုပေးကောင်းတဲ့ ပုဂ္ဂိုလ်များကိုလည်း ဝိနည်းက ခွင့်ပြုထားတာကတော့ ရှိပါသေးတယ်။** ဘယ်လိုပုဂ္ဂိုလ်တွေလည်းဆိုရင် သီတင်းသုံးဖော် ငါးဦးကို ဆေးကုပေးကောင်းတယ်။ ယခုအခါမှာတော့ အမျိုးသမီးရဟန်းနဲ့ သာမဏေရီ သိက္ခမာန်တို့က မရှိတော့တဲ့အတွက် သီတင်းသုံးဖော်က ရဟန်းနှင့် သာမဏေ ၂-ဦးသာ ရှိပါတော့တယ်။ နောက်ပြီးတော့ ရဟန်း၏ ခမည်းတော်, မယ်တော်, အဲဒီခမည်းတော် မယ်တော်တို့အား ပြုစုနေသူ, မိမိ၏ ဝေယျာဝစ္စပြုနေသူ, ရှင်လောင်းဆိုတဲ့ ဒီငါးဦးကိုလည်း ဆေးကုပေးကောင်းတယ်။ နောက်ပြီးတော့ မိမိ၏အစ်ကို, ညီ, အစ်မ, နှမ, မိမိမယ်တော်၏အစ်မ, ညီမ, အစ်ကို, မောင်, မိမိခမည်းတော်၏ အစ်ကို, ညီ, အစ်မ, နှမဆိုတဲ့ ဒီဆွေမျိုးရင်းချာများကိုလည်း ဆေးကုပေးကောင်းတယ်။ အဲဒီ ဆွေမျိုးရင်းများ၏ သား၊ မြေး ခုနစ်ဆက်တိုင်အောင်လည်း ဆေးကုပေးကောင်းတယ်။

**ဒီမှတစ်ပါး အခြားပုဂ္ဂိုလ်များကိုတော့ ဆေးကုမပေးကောင်းလို့ ဝိနည်းက ဆိုထားပါတယ်။** ဆေးနည်းကို ပြောချင်တောင်မှ တိုက်ရိုက်မပြောဘဲ "ဘယ်သူမှာ ဒီလိုရောဂါဖြစ်တုန်းက ဘယ်ဆေးနဲ့ ပျောက်ကင်း သွားသလဲ" စသည်ဖြင့် အခြားရဟန်းသာမဏေများနဲ့ ဆွေးနွေးတဲ့ အနေဖြင့်သာ ညွှန်ကြားကောင်းပါသတဲ့။

သီဟိုဠ်က ဝသဘမင်း၏မိဖုရားမှာ ရောဂါဖြစ်တဲ့အခါ အမျိုးသမီးတစ်ယောက်က မဟာပဒုမ မထေရ်ထံလာပြီး ဆေးနည်းကို မေးလျှောက်သတဲ့။ **အဲဒီအခါ မဟာပဒုမ မထေရ်က အခြားရဟန်းများနှင့် ဆေးနည်းကို ဆွေးနွေး ပြောကြားလိုက်တယ်။** အဲဒီ ဆေးနည်းဖြင့် ကုသလို့ ရောဂါပျောက်တဲ့အခါ တိစီဝရိတ်သက်န်းများနှင့်တကွ ငွေသုံးရာတို့ဖြင့် "ပန်းပူဇော်ခြင်းကို ပြုတော်မူပါ"လို့ လျှောက်ထားပြီး ပူဇော်ကြပါသတတ်။ အဲဒါကို ဝိနည်းဓိုရ် မဟာပဒုမ မထေရ်က "ဒါဟာ ဆရာခပဲ"လို့ဆိုပြီး အပ်စပ်သည့်အနေဖြင့် ခံယူပြီးတော့ ပန်းပူဇော်ခြင်းကို ပြုပါသတတ်။ ဒါဟာ ဆေးကုသမှုနှင့် ဆက်ပြီး အပြစ်ကင်းအောင် ဝိနည်းပရိယာယ်သုံးပုံပါပဲ။

---

**ကျမ်းညွှန်း**

* မဟာစည်ဆရာတော်ဘုရား၏ တုဝဋ္ဋကသုတ်တရားတော်၊ (၂၀၀၅ ခုနှစ်) တတိယအကြိမ်။ (နှာ-၁၅၈)
* တတိယပါရာဇိကသိက္ခာပဒဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍ၊ ပါရာဇိကအဋ္ဌကထာ (ဒုတိယတွဲ) (နှာ-၆၆)
* မဟာနိဒ္ဒေသပါဠိ (နှာ-၂၉၇)

## ၂၄။ ဒကာ ဒကာမကလည်း မိမိတို့ဆရာရဟန်းကို ဂိုဏ်းဆရာယောင်ယောင် မဖြစ်အောင် စောင့်ရှောက်ကြဖို့ရန် လိုအပ်သည်

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ယခုနေ အခါမှာ နာမည်ကြီးဘုန်းကြီးတဲ့ အချို့ဆရာတော်က ဒကာ ဒကာမ တို့အား အဆောင်သဘောနဲ့ ဆေးသဘောနဲ့ တစ်စုံတစ်ခု ပစ္စည်းကို ပေးကမ်းချီးမြှင့်တဲ့အကြောင်း ကြားရတယ်။ ကွမ်းယာကလေးများကို ပေးတယ်လို့ ကြားရတယ်။ အဲဒါလည်း ဘုရားနည်းတော့ မဟုတ်ပါဘူး။ ဆရာတော်ကပေးတဲ့ အဲဒီလိုပစ္စည်းကို သုံးဆောင်ရရင် ဘေးရန် အန္တရာယ်ကင်းမည့်အနေ အကျိုးစီးပွား ဖြစ်ထွန်းမည့်အနေဖြင့် ယုံကြည်ပြီး ရတဲ့သူတွေက ဝမ်းမြောက်ဝမ်းသာ ရှိကြတယ်။

တစ်ခါက ဒကာမတစ်ယောက်ဟာ ဘုန်းကြီးထံ လာလျှောက် တယ်။ ကွမ်းယာပေးတဲ့ ဆရာတော်ဘုရားကြီးထံမှ သူလိုချင်တဲ့ ကွမ်းယာကို ပေးပါစေလို့ စိတ်ကူးကြံစည်ထားသတဲ့။ အဲဒီ ကြံစည် ထားတဲ့ ကွမ်းယာကိုပဲ ပေးလိုက်သတဲ့။ သူ့စိတ်အကြံသိပြီး ပေးလိုက် တယ်လို့ သူက ယုံကြည်နေပါတယ်။ ဘုန်းကြီးကတော့ အဲဒါကို ထောက်ခံပြီး ပြောဖို့လည်း ခက်၊ ပယ်ပြောဖို့လည်း ခက်တာနဲ့ ဘာမျှ မပြောဘဲ နားထောင်ရုံသာ နားထောင်နေပါတယ်။ အဲဒီ ဒကာမက

၂-ကြိမ်၊ ၃-ကြိမ် ထပ်ပြီးပြောတယ်။ ဘုန်းကြီးက ဘာမျှမပြောဘဲ နေတာကို သဘောမကျတဲ့ အရိပ်အယောင် ရှိတယ်လို့ ရိပ်မိပါတယ်။

ဘုန်းကြီး၏ ထင်မြင်ချက်ကို အဲဒီတုန်းက တိတိကျကျ ပြောရမယ်ဆိုရင် သူ့စိတ်အကြံ သိပြီးပေးတာ ဟုတ်ချင်လည်း ဟုတ်ပေလိမ့်မယ်။ ဒါပေမယ့် ဗုဒ္ဓသာသနာတော်တွင်းက ဈာန်အဘိညာဉ်နည်းလို့တော့ မယုံကြည်ပါဘူး။ အခြားနည်းဖြင့်သိတာ ဖြစ်မှာပဲလို့ ယူဆပါတယ်။

ဘာကြောင့်လဲဆိုရင် ဈာန်အဘိညာဉ်နည်းဖြင့် သိတာဆိုရင် မိမိအား အထင်ကြီးအောင် ကွမ်းယာပေးမှုကို မပြုတန်ရာလို့ ထင်မြင်ပါတယ်။ အထင်ကြီးအောင်၊ ပစ္စည်းတစ်ခုခုပေးတဲ့အလုပ်ဟာ ဈာန်အဘိညာဉ်ရ ရဟန္တာအရှင်မြတ်တို့ရဲ့အလုပ် မဟုတ်ပါဘူး။ ကုလဒူသန အနေသန မိစ္ဆာဇီဝအလုပ်ထဲမှာ အကျုံးဝင်နေတယ်လို့ ပြောရမှာပဲ။

ဘုန်းကြီးကတော့ တစ်စုံတစ်ယောက်က ဘေးကင်းရန်ကင်း စသည်အတွက် တစ်စုံတစ်ခုကို လာတောင်းရင် “ငါ့မှာ အဲဒီလို ပေးစရာ မရှိဘူး။ ငါလည်း ဘာမျှတန်ခိုးမရှိပါဘူး။ အဲဒီလို တန်ခိုး ရှိတဲ့အနေနဲ့ ပစ္စည်းတစ်ခုခုကိုပေးရင် ငါကိုယ်တိုင် ဂိုဏ်းဆရာကြီး ဖြစ်သွားပါလိမ့်မယ်”စသည်ဖြင့်ပြောပြီး တားမြစ်လိုက်တာချည်းပါပဲ။ ဒါကြောင့် ဒကာ ဒကာမများကလည်း ကိုယ့်ဆရာကို ဂိုဏ်းဆရာ ယောင်ယောင် မဖြစ်အောင် စောင့်ရှောက်ကြဖို့ လိုပါတယ်။

---

**ကျမ်းညွှန်း**

* မဟာစည်ဆရာတော်ဘုရားကြီး၏ တုဝဋ္ဋကသုတ်တရားတော်၊ (၂၀၀၅-ခုနှစ်) တတိယအကြိမ်။ (နှာ-၁၁၄)

* ကုလဒူသကသိက္ခာပဒ၊ သဃာဒိသေသကဏ္ဍ၊ ပါရာဇိကပါဠိ၊ (နှာ-၂၇၄)

## ၂၅။ ဆွေမျိုးမိဘ ဒါယကာများထံ ဘာမှ မတောင်းခဲ့ဖူးဘူး ရသမျှနှင့် ဖြစ်သလိုနေထိုင်ခဲ့တယ်

ရဟန်းတော်နှင့် ရဟန်းဒကာ ရဟန်းအမများ ဆက်ဆံရာ၌ ဆိုင်ရာကျင့်ဝတ်များကို လေးစားလိုက်နာရန်လိုအပ်ပေသည်၊ အချင်းချင်း ဝတ္တရားကျေကြမှသာလျှင် ဆက်ဆံရေး ချောပြေနိုင်သည်၊ **ရဟန်းတော်များဖက်မှ အလိုက်သိရန် အရေးကြီးသလို ရဟန်းဒကာ ရဟန်းအမများဖက်မှလည်း ဝတ္တရားသိတတ်ရန် အရေးကြီးလှပေသည်။**

ရဟန်းတော်များဘက်မှ အလိုက်သိမှုဆိုသည်မှာ ပစ္စည်း၏ အတိုင်းအတာ, ဒကာမများ၏ စေတနာ, မိမိ၏လိုအပ်ချက်တို့ကို နားလည်ခြင်းဖြစ်သည်။

(၁) ပစ္စည်းဝတ္ထုကား များပါ၏၊ ဒကာ, ဒကာမ အနည်းငယ်သာ လျှချင်၏၊ ဒကာ ဒကာမများ **ဆန္ဒအတိုင်း အနည်းငယ်သာ အလှူခံသင့်သည်။**

(၂) ပစ္စည်းဝတ္ထုက နည်း၏၊ ဒကာ ဒကာမက အများကြီး လှူချင်၏၊ **ပစ္စည်း၏ ပမာဏကို ကြည့်၍ အနည်းငယ်သာ အလှူခံသင့်သည်။**

(၃) ပစ္စည်းဝတ္ထုကလည်း များ၏၊ ဒကာ ဒကာမများက လည်း အများကြီး လှူချင်၏၊ **မိမိလိုအပ်ချက် နှင့်အညီ သင့်ရုံမျှသာ အလှူခံသင့်သည်။**

ရဟန်းဒကာ ရဟန်းအမများဖက်မှ ဝတ္တရားသိမှုဆိုသည်မှာ **"မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင် ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေ ဒါယကာ"** ဟူသည့် ဒကာ ဒကာမကျင့်ဝတ် ၅-ပါးကို လိုက်နာကျင့်သုံးခြင်း

ဖြစ်၏။

ထို့ပြင် ရဟန်းတော် ကြွလာသောအခါ မြတ်မြတ်နိုးနိုး ကြိုဆိုခြင်း၊ မြတ်မြတ်နိုးနိုး ရှိခိုးခြင်း၊ မြတ်မြတ်နိုးနိုး နေရာပေးခြင်း၊ လှူဖွယ်ဝတ္ထုရှိလျက် လျှို့ဝှက်မထားခြင်း၊ များများရှိသော် များများ လှူခြင်း၊ မွန်မွန်မြတ်မြတ်ရှိသော် မွန်မွန်မြတ်မြတ်လှူခြင်း၊ မရိုမသေ မဟုတ်ဘဲ တရိုတသေ ကိုယ်တိုင်လှူခြင်း၊ တရားနာယူရန် အနီးတွင် ထိုင်နေခြင်း၊ ဟောအပ်သည့်တရားကို လိုလိုချင်ချင် နာယူခြင်း ဟူသော ဒကာကောင်း ဒကာမကောင်းတို့၏ အင်္ဂါ ၉-ချက်နှင့် ပြည့်စုံအောင် လိုက်နာကျင့်သုံးခြင်းဖြစ်၏။ ရွှေဟင်္သာဆရာတော် ဘုရားလောင်းလျာနှင့် ရဟန်းဒကာ ရဟန်းအမတို့သည် ဖော်ပြပါ အတိုင်း လိုက်နာ ကျင့်သုံးလေ့ရှိကြသဖြင့် ဆက်ဆံရေး ချောပြေကြ၏၊ မေတ္တာသက်ဝင် ချစ်ခင်မြတ်နိုးကြ၏။ ဆရာတော်ဘုရားလောင်းလျာ ဦးပဏ္ဍိတသိရီသည်လည်း ရသမျှဖြင့် မျှတရောင့်ရဲကာ စာပေကိုသာ ကြိုးစား အားထုတ်သည်၊ ဒကာ ဒကာမများထံ အလှူမခံတတ်၊ အတောင်းအရမ်း မထူတတ်ပေ။

**“စာသင်ထွက်လာကတည်းက ကနေ့အထိ ဆွေမျိုးမိဘ ရဟန်းဒကာ ရဟန်းအမများထံ ဘာမှ မတောင်းဖူးဘူး၊ ရောက်ရာအရပ်မှာ ရသမျှနဲ့ပဲ ဖြစ်သလို နေထိုင်ခဲ့တယ်”**ဟု ရွှေဟင်္သာ ဆရာတော်က အမိန့်ရှိတော်မူဖူးသည်။

---

**ကျမ်းညွှန်း**

* အရှင်နန္ဒမာလာဘိဝံသ၏ ရွှေဟင်္သာဆရာတော် ဘဝနှင့်စာပေ အထွေထွေ၊ (၁၉၇၇ ခုနှစ်) (နှာ-၇၉)
* ရထောပမသုတ္တဝဏ္ဏနာ၊ သဋ္ဌာယတနဝဂ္ဂအဋ္ဌကထာ၊ (နှာ-၆၈)
* ကုလသုတ္တ၊ နဝကနိပါတပါဠိ၊ အင်္ဂုတ္တရနိကာရ၊ (နှာ-၁၉၂)

## ၂၆။ ဒကာ ဒကာမအပေါ် ကိုယ်ရောစိတ်ပါ ခွာထားပြီး အမြဲတမ်း အနေစိမ်းစွာ နေတော်မူသည့်ဆရာတော်

ရွှေဟင်္သာဆရာတော်လောင်းလျာ ရဟန်းသိက္ခာ ၅-ဝါ အရတွင် ဖြစ်သည်၊ လေးမျက်နှာမှ ညောင်တုန်းသို့အပြန် ခမောက်စုဘူတာ သရက်ပင်အောက်၌ ရထားစောင့်ရင်း ဆွမ်းဘုဉ်းပေးနေသည်၊ ထိုစဉ် မွန်မွန်ရည်ရည်ရှိသော ဇနီးမောင်နှံ ၂-ဦး လှည်းယာဉ်ကလေးဖြင့် ရောက်လာကြသည်။ ဆွမ်းဘုဉ်းပြီးသောအခါ အနီးသို့လာပြီး-

"အရှင်ဘုရား ဘယ်ကလာပြီး ဘယ်ကြွမှာလဲဘုရား" ဟု လျှောက်သည်၊ လေးမျက်နှာမှလာခဲ့ကြောင်း ညောင်တုန်းသို့ သွားမည် ဖြစ်ကြောင်းပြောရာ-

"တပည့်တော်တို့က ဟင်္သာတကပါ၊ ညောင်တုန်း ကြွရင် တပည့်တော်တို့အိမ်မှာ ညကျိန်းပါ၊ အိမ်က သင်္ဘောဆိပ်နဲ့ နီးပါတယ်၊ နံနက်အရုဏ်ဆွမ်းကပ်ပြီးမှ သင်္ဘောဆိပ် လိုက်ပို့ပေးပါမယ်"ဟု လျှောက်ကြသည်။ အကြိမ်ကြိမ်လျှောက်သော်လည်း ငြင်းပယ်သဖြင့် စိတ်မကောင်း ဖြစ်သွားကြ၏။ ထို့နောက် အဆိုပါ ဒကာက ဖွင့်၍



ကျေးဇူးရှင် ဒွါဒသမရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၅၅ - ၁၃၅၇) (ခရစ် ၁၈၉၄ - ၁၉၉၆)

လျှောက်သည်။

“အရှင်ဘုရား အနေအထိုင်ကို မြင်ကတည်းက ဆရာကောင်း တပည့်ဆိုတာကို သိပါတယ်၊ တပည့်တော်လည်း ကျောင်းတော်ရာ ဆရာတော်ကြီးရဲ့ ဒကာရင်းတစ်ယောက်ပါ၊ ကျောင်းတော်ရာ ဆရာတော်ကြီးရဲ့တပည့် ဖြစ်မှန်းသိလို့ ပင့်ခြင်းဖြစ်ပါတယ်။”

ထိုဒကာမှာ အခြားမဟုတ်၊ ဟင်္သာတမြို့ မိုးကောင်းဒါယကာ သမာဓိမြို့ဝန် ဦးမင်းမောင်ဆိုသူ ဖြစ်သည်။

တစ်ခါက ဒေးဒရဲမြို့အနီးရှိ သဲကုန်းရွာသို့ ကိစ္စရှိ၍ သွားသည်၊ မရောက်ဖူးသည့်အရပ်ဖြစ်၍ လူတွေ့တိုင်း လမ်းမေးရသည်၊ အသက် ၆၀-ခန့် ဒကာမကြီးတစ်ဦးနှင့်တွေ့ရာ-

“အရှင်ဘုရား အခု ၅-နာရီ ထိုးနေပြီ၊ အချိန်မရှိတော့ဘူး၊ တပည့်တော်မတို့အိမ်မှာ ကျိန်းပြီး မနက်ဆွမ်းပါ ဘုဉ်းပေးပြီးမှ ကြွပါ၊ လမ်းပြလူတစ်ယောက် ထည့်ပေးလိုက်ပါမယ်”ဟု ပြောဆို၍ အိမ်အရောက် ပင့်သွားသည်။

ဦးပဏ္ဍိတသည် အိမ်၌ကျိန်းရမည်ကို ဝန်လေးသဖြင့် သဲကုန်းသို့ ယခုည အရောက်သွားလိုကြောင်းပြောပြီး လမ်းပြလူတစ်ယောက် ရှာစေသည်၊ ဒကာမကြီးသည် တားမရသည့်အဆုံး လူတစ်ယောက် ခေါ်ပြီး သဲကုန်းသို့ လိုက်ပို့စေသည်၊ အပြန်တွင် အိမ်ဝင်ကျိန်းဖို့ပါ လျှောက်လိုက်သည်။ လမ်းတွင်လိုက်ပို့သူ ဒါယကာက အဆိုပါ ဒါယိကာမကြီးအကြောင်းကို ဤသို့ပြောပြသည်။

“အရှင်ဘုရား သည်ဒကာမကြီးက ဗွါရသံဃာကို ကိုးကွယ်တဲ့

ဒကာမကြီးပါ၊ ကျောင်းလည်း ကျောင်းအမကြီး၊ သဒ္ဓါတရားလည်း အင်မတန် ကောင်းပါတယ်၊ သာမညဘုန်းကြီးကို မကြည်ညိုဘူး၊ အင်မတန် ရွေးပါတယ်၊ အရှင်ဘုရားကိုသာ သက်နှန်းရုံနဲ့ ဣန္ဒြေရရ ကြွလာတာ မြင်လို့ ကြည်ညိုပြီး ပင့်တာပါ၊ ပင့်ခဲ့ပါတယ်။”

ဦးပဏ္ဍိတသည် သဲကုန်းမှအပြန်တွင် သင်္ဘောသို့ တန်းဆင်းပြီး သင်္ဘောပေါ်တွင် ညကျိန်းသည်၊ သင်္ဘောပေါ်၌ ညအိပ်ခရီးသည် မရှိချေ၊ ထိုနေ့ညက သင်္ဘောဆိပ်နှင့်ကပ်လျက် ခမ်းနားလှပသည့် တန်ဆောင်းအတွင်း မီးထွန်းပူဇော်ထားသည့် ရုပ်ပွားတော်ကို ဦးပဏ္ဍိတတို့ သွားရောက်ဖူးမြော်ကြသည်။

ထိုစဉ် တန်ဆောင်းအတွင်း၌ အဆိုပါဒကာမကြီးနှင့် မျက်နှာချင်းဆိုင် ဆုံမိနေပြန်သည်၊ ဒကာမကြီးက အိမ် မကြွကောင်းလားဟု အပြစ်တင်ပြီး ပင့်လျှောက်သည်။

“သင်္ဘောပေါ်၌ လူရှင်း၍ သင်္ဘောပေါ်မှာပင် အိပ်မည့်အကြောင်း”ကျေနပ်အောင် ပြောလိုက်သည်။

---

**ကျမ်းညွှန်း**

* အရှင်နန္ဒမာလာဘိဝံသ၏ ရွှေဟသ်ာဆရာတော် ဘဝနှင့်စာပေ အထွေထွေ (၁၉၇၇ ခုနှစ်) (နှာ-၃၂၇)

## ၂၇။ ဇာတိရွာမှ ဘုန်းကြီးများအကြောင်းကိုသာ မေးတော်မူသည် ဆွေမျိုးရင်းချာအကြောင်း တစ်ခါမျှ မမေးဘူးပါ

ဤစာရေးသူများသည် ဆရာတော်နှင့် နီးနီးကပ်ကပ် (၃)နှစ် တိတိ နေဖူးသည်။ သွေးသားလည်း တော်စပ်သည်။ ပညာလည်း တော်တော်တန်တန် ကျေနပ်လောက်သည့် အဆင့်သို့ ရောက်ရှိသည်။ သို့သော် **တစ်ခါဖူးမျှ ရွာအကြောင်း၊ ဆွေမျိုးအကြောင်း မေးဖူးသည် မရှိ။ ဇာတိရွာက ဘုန်းကြီးများအကြောင်းလောက်သာ မေးဖူးသည်။ ဆွေရင်းမျိုးရင်းများအကြောင်း မမေးဘူးပါ။**

မိမိတစ်ဦးတည်းသာ ဤသို့အဖြစ်မျိုး ကြုံခဲ့သည်ကား မဟုတ်ပါ။ ရှေ့ကနေသွားသော ပုဂ္ဂိုလ်တို့ကိုလည်း ဤအတိုင်း၊ နောက်နောင် ရွာမှရောက်သောသူများကိုလည်း ဤနည်းအတိုင်းသာ။ တခြားအနီးနေ တပည့်တွေအပေါ်လည်း ထိုနည်းဇင်းပင်။ စံကျောင်းဆရာတော်သည် ထွေရာလေးပါး ပြောလေ့မရှိသကဲ့သို့ သီတင်းသုံးရာ ဝံသာနုတိုက်မှ တစ်ပါး အခြားကျောင်းများနှင့် စကြံလမ်းပေါ်သို့ လှည့်လည်ကြည့်ရှု ထွက်ကြွသည်ကို တစ်ကြိမ်ဖူးမျှ မတွေ့ရပါ။

---

**ကျမ်းညွှန်း**

* စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဘဝနှင့်သာသနာ၊ တပည့်များစုပေါင်းပူဇော်သည်၊ (၂၀၀၄ ခုနှစ်) (နှာ-၂၉၉)

## ၂၈။ နံမော်ဆရာတော်ဘုရားကြီးသည် လူဆွဲယာဉ် တိရစ္ဆာန်ယာဉ် စီးတော်မမူ

တတိယနံမော်ဆရာတော်ဘုရားကြီး၏ ဆရာ့ဆရာ နံမော် အရှင်သာရမဥ္ဇူဆရာတော်ဘုရားသည် ဝိနည်းတော်ကို ရိုသေလှသည်။ တစ်ရံအခါ ဆရာတော်ဘုရားကြီး၏ဇာတိ မိတ္ထီလာမြို့ ဥသျှစ်ကုန်းရွာသို့ ကြွတော်မူသည်တွင် ခရီးပန်းသည်ဟု ရွာကလှည်းထောက်သည်ကို-

**"မတတ်နိုင်မှ ငါ ပြောမည်သာ" မိန့်တော်မူပါသည်။ လှည်းသို့ တက်တော်မမူ၊ အသွားလည်း ဥသျှစ်ကုန်းသို့ ရောက်တော့သည်။ အပြန်လည်း နံမော်သို့သာ ရောက်လေတော့သည် မည်သည်တွင်မှ လှည်းစီးတော်မမူ။**

## ၂၉။ အုတ်ဖိုဆရာတော်ဘုရားကြီးသည် ယာဉ်နှင့်ဖိနပ်ကို ပယ်မြစ်တော်မူသည်

အုတ်ဖိုဆရာတော်ဘုရားကြီးသည် ဂေလညအကြောင်း တစ်ပါးမရှိဘဲ မိမိလည်း ရွာတွင်း၌ ဖိနပ်စီးတော် မမူ၊ တပည့်တို့ အားလည်း ဂေလညအကြောင်းတစ်ပါးမရှိဘဲ ဖိနပ်မစီးရဟု တားမြစ် ဟောကြားတော်မူသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့ ပေါက်တောချောင် နာဇီတောရဆရာတော်ဘုရားကြီးက သတိုးဝေခေါ် ဝန်ထောက်ကြီး တစ်ယောက်ကို ဒါယကာခံစေ၍ ပင့်လျှောက်သောကြောင့် တပည့် ပရိသတ်အများနှင့်တကွ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ကြွသွား တော်မူသည်။

---

**ကျမ်းညွှန်း**

* တတိယနံမော်ဆရာတော်ဘုရားကြီးအရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီကျမ်း (၁၈၃၇-ခုနှစ်) (နှာ-၁၀၉)

* ယာနာဒိပဋိက္ခေပ၊ စမ္မက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ။ (နှာ-၂၈၀)

ယောက်ျားမြတ်တို့၏ လက္ခဏာတော်နှင့်အညီ အလွှန်နူးညံ့သိမ်မွေ့ပျော့ပျောင်း၍ ဟင်းသပဒါးအသွေး နီထွေးသောလက်ဖဝါးခြေဖဝါးရှိတော်မူလျက် သင်္ဘောမှဆင်းသောအခါ ဖိနပ်စီးတော်မမူ၊ ဖျာရိုင်သင်ဖြူး စသည်တို့ဖြင့် ဒါယကာတို့ ခင်းထားအပ်သောလမ်းခရီး၌ အချည်းနှီးသောခြေဖြင့် ကြွတော်မူသည်။

ဆရာတော်ဘုရားကြီးသည် **'န ဘိက္ခဝေ ယာနေန ယာယိတဗ္ဗံ၊ ယော ယာယေယျ၊ အာပတ္တိ ဒုက္ကဋဿ'**ဟူသော သိက္ခာပုဒ်တော်အရ မိမိလည်း ကျင့်တော်မူသည်။ တပည့်တို့အားလည်း ကျင့်ကြံ လိုက်နာကြစေရန် ဆုံးမဟောကြားတော်မူသည်။ သီဟိုဠ်ကျွန်းသို့ ကြွတော်မူသောအခါ ကိုလံဘိုမြို့ ဇေယသေခရကျောင်းတိုက်၌ တည်းခိုတော်မူစဉ် ဘုရင်ခံမင်းကြီးထံ သွားရောက်ခွင့်တောင်းရန် သိရိသုမင်္ဂလဆရာတော်ကြီးနှင့် တိုင်ပင်တော်မူသည်။

ဘုရင်ခံမင်းကြီး အိမ်သို့သွားရန် အချိန်သင့်သောအခါ သိရိသုမင်္ဂလဆရာတော်ကြီးသည် ကိုယ်တိုင် လက်ဆွဲရထားစီး၍ ရထားတစ်ခု အပိုဆောင်ယူလာပြီးလျှင် "ဤရထားကို စီးနင်းရန်" မိန့်ကြားရာ-

**"တပည့်တော်မှာ ရထားစီးနင်းရန် ဂေလညအကြောင်း မရှိသောကြောင့် မစီးလိုပါ၊ ဆရာတော်သာလျှင် အကြောင်းရှိက စီးပါတော့"**ဟုမိန့်တော်မူ၏။ ထိုအခါ သိရိသုမင်္ဂလဆရာတော်ကြီးလည်း ရထားမစီးဝံ့ဘဲ နှစ်ပါးစလုံးပင် ခြေကျင် ကြွသွားတော်မူရလေသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ ဆိုက်ရောက်ကာ ဇေယသေခရကျောင်းတိုက်၌ ကိန်းဝပ်တည်းခိုတော်မူစဉ် ဝါလုတိတ္ထဂါမမှ ဉာဏတိလက အစရှိကုန်သော သီဟိုဠ်ကျွန်းသား ရဟန်းတော်တစ်ကျိပ်ငါးပါးတို့သည် ဆရာတော်ဘုရားကြီး ဟောပြောအပ်သော

တရားတော်ကိုလည်းကောင်း၊ ကိုယ်နှုတ်နှလုံး စောင့်သုံးခြင်း သံဝရ တရားကိုလည်းကောင်း၊ မျက်ဝါးထင်ထင် ကြားနာဖူးမြင်ကြရသဖြင့် မိမိတို့ ရှိရင်းသိက္ခာပဟောင်း၌ ယုံမှားခြင်းဖြစ်၍ သိက္ခာသစ် တင်လိုပါကြောင်းဖြင့် တောင်းပန်လျှောက်ထားအပ်သောကြောင့် ယူဇနာ ကွာဝေးသော ထိုဝါလုတိတ္ထဂါမသို့ ကြွတော်မူသောအခါ လွန်စွာ ပြိုပြင်ပင်ပန်းသဖြင့် ဖိနပ်စီးနင်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ ဖဝါးအပြင်၌ ဖူးရရူးပေါက်ကွဲ၍ ဆင်းရဲကြီးစွာ တွေ့ကြုံရသဖြင့် တပည့်ကြီးအပေါင်း တို့နှင့်တကွ ဉာဏတိလက အစရှိကုန်သော သီဟိုဠ်ရဟန်းတော်တို့ပါ ယာဉ်ရထားကို စီးနင်း၍ ကြွတော်မူပါရန် လျှောက်ထားကြသည်ကို ပယ်တော်မူလိုက်သဖြင့် တိရစ္ဆာန်ကသော ယာဉ်ရထားဖြစ်၍သာ ငြင်းပယ်တော်မူသည်ဟု မှတ်ထင်၍ လက်တွန်းရထားကို ရှာကြံ ပြီးလျှင် ဉာဏတိလကကိုယ်တိုင် လက်တွန်းရထားထက် စီးနင်းတော်မူရန် လျှောက်ထား တောင်းပန်လေ၏။

ထိုအခါ မစီးနင်းလိုကြောင်းကို အမိန့်တော်ရှိ၍-

"အရှင်ဘုရား၊ အရှင်ဘုရားတို့သည် ယာဉ်နှင့်ကင်း၍ သွားခြင်းငှာ မစွမ်းနိုင်သော ဂိလာနပုဂ္ဂိုလ်ဖြစ်ပါသဖြင့် ယခုအခါ ယာဉ်ကို စီးနင်းခြင်းငှာ အပ်သည်မဟုတ်ပါလော"ဟု ဉာဏတိလက လျှောက်ထားလျှင် ဆရာတော် ဘုရားကြီးက-

"ဉာဏတိလက၊ ဤသီဟိုဠ်ကျွန်းသို့ သာသနာပြုရန် ရှေးမဆွ အဘယ်ပုဂ္ဂိုလ် ကြွရောက်သနည်း"ဟု မေးတော်မူ၏။

"အရှင်မဟာမဟိန္ဒမထေရ် ကြွရောက်ပါကြောင်း"ဖြင့် လျှောက်ထားလျှင်-

"အဘယ်အရပ်သို့ ရှေးဦးစွာ ကြွရောက်သနည်း"ဟု မေးလေသော်-

"စေတိယမိဿကတောင်သို့ ရှေးဦးစွာကြွရောက်ပါကြောင်း" ဖြင့် လျှောက်ထားလေ၏။ ထိုအခါ-

"အရှင်မဟာမဟိန္ဒမထေရ်သည် စေတိယမိဿကတောင်မှ ဒေဝါနံ ပိယတိဿမင်းကြီး ပင့်ဆောင်အပ်သည်ဖြစ်၍ တရားမဏ္ဍပ်သို့ ကြွရောက်တော်မူသောအခါ ရထားကို စီးနင်းပါသလော"ဟု မေးတော်မူသောအခါ "မစီးနင်းပါကြောင်း"ဖြင့် လျှောက်ထားလေ၏။ ထိုအခါ ဆရာတော်ဘုရားကြီးက-

**"ဉာဏတိလက၊ ငါတို့၏နောင်တော်ကြီးဖြစ်သော အရှင်မဟာမဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်း၌ သာသနာတော်တည်ထွန်းစေရန် အစဦးစွာ သာသနာပြု ကြွရောက်တော်မူသော အာဒိကမ္မိက သာသနာပြုပုဂ္ဂိုလ်ဖြစ်ပေသည်။ ထိုအာဒိကမ္မိက သာသနာပြုဖြစ်ပေသော နောင်တော်အရှင်သည် ယာဉ်ရထားကို မစီးမနင်း ကျင့်ဆောင်တော်မူခြင်းကား ငါတို့အား နည်းပေးသကဲ့သို့ ဖြစ်ချေသည်၊ ထို့ကြောင့် ဆရာအား ရထားစီးရန် ထပ်မံ၍ မလျှောက် မထားလင့်၊ စွမ်းနိုင်သမျှပင် ဆရာကြွသွားမည်**"ဟု အမိန့်တော် ရှိတော်မူသောအခါ တစ်စုံတစ်ယောက်သောသူမျှ ထပ်မံလျှောက် မထားဝံ့ကြဘဲ လွန်စွာ အံ့သြလျက်သာ အမိန့်တော်အတိုင်း လိုက်နာ ကျင့်ဆောင်ကြရကုန်သတည်း။

---

ကျမ်းညွှန်း

* မဟာဒွါရနိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ(၁၉၅၅ခုနှစ်) (နှာ-၅၀၆-၅၀၉)

* ယာနာဒိပဋိက္ခေပ၊ စမ္မက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ၊ (နှာ-၂၈၀)

## ၃၀။ ဘုရားပွင့်ရာ မဇ္ဈိမဒေသသို့ကြွရောက်ခြင်း တစ်လွှာဖိနပ်ဖြစ်အောင် ကိုယ်တိုင်ချုပ်ပြီးမှ ကြွတော်မူသည်

(၁၂၄၂)ခုနှစ်အခါ ဘုရားသခင် ပွင့်တော်မူရာ မဇ္ဈိမဒေသ မဟာဗောဓိသို့ ကြွတော်မူမည်ဟု နေ့ရက်အချိန်အခါ ချိန်းဆို သေချာသောအခါ ဆရာတော်ဘုရားကြီးသည် သားရေဖိနပ်၌ အောက်အလွှာတို့ကို ခွဲခွာထုတ်ဖြတ်၍ တစ်ထပ်တည်း တစ်ဖန် ပြန်လှန် ချုပ်စပ်နေတော်မူသည်ကို တပည့်များက-

"ကျေးဇူးရှင်ဘုရား ဖိနပ်ကောင်းကို ဖျက်ဆီး၍ နောက်ပြီး တစ်ဖန် ပြန်လှန်ချုပ်စပ်ရခြင်းကား အကြောင်း အသို့ပါနည်းဘုရား"ဟု လျှောက်ထားကြကုန်၏။ ထိုအခါ ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်ကား-

"ယခု ရဟန်းတို့ သုံးဆောင်မြဲဖြစ်သော ဖိနပ်ကား သားရေ အထပ်ထပ်ဖြင့် ချုပ်စပ်အပ်သည်ဖြစ်၍ ဂုဏဂုံဏူပါဟနမည်သည်၊

ဤဂုဏင်္ဂဏူပါဟနကား ပစ္စန္တရစ်အရပ်၌သာအပ်သည်၊ မဇ္ဈိမအရပ်၌ မအပ်ချေ၊ မဇ္ဈိမအရပ်၌ကား ဂုဏင်္ဂဏူပါဟနကို ခွင့်မပြု၊ ဧကင်္ဂဏူ ပါဟန တစ်လွှာတည်းသော ဖိနပ်ကိုသာ ပညတ်ခွင့်ပေးတော်မူသည်၊ ထို့ကြောင့် ကာလကတ္တားမြို့သို့ သင်္ဘောဆိုက်၍ သင်္ဘောမှ ဆင်း လျှင်ပင် မဇ္ဈိမဒေသသို့ ဆိုက်ရောက်တော့သည်ဖြစ်ရကား အသင့် စီးနင်းရန် ဂုဏင်္ဂဏူပါဟနကိုဖျက်၍ ဧကင်္ဂဏူ ပါဟန လုပ်နေသည်”ဟု မိန့်တော်မူပြီးမှ ပဒေသပညတ်(၁၀)ပါးကို ပိုင်းခြား ဟောပြတော် မူလေသည်။

ဤသို့လျှင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် “အဏု မတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ”ဟူသော ပါဠိတော်နှင့်အညီ သေးငယ် လှစွာသော သိက္ခာပဒဝိနယအရာ၌ပင် သတိသမ္ပဇညတရား လက်ကိုင် ထား၍ မလွန်ကျူးမိအောင် ကျင့်ဆောင်တော်မူပါပေသည်၊ ကြီးကျယ် သောသိက္ခာပဒတို့၌ အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိချေတော့အံ့နည်း။

**ကျမ်းညွှန်း**

* မဟာဒွါရနိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ(၁၉၅၅ ခုနှစ်) (နှာ-၅၄၆၊ ၅၄၇)
* ဒိဂုဏာဒိဥပါဟန ပဋိက္ခေပ၊ စမ္မက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ၊ (နှာ-၂၇၂)

## ၃၁။ ဝိနယဂရုက စံကျောင်းဆရာတော်ဘုရားကြီးသည် နေပူကျဲကျဲ ဖိနပ်မစီး၊ ထီးမဆောင်းဘဲ ကြွတော်မူပါသည်

စံကျောင်းဆရာတော်ဘုရားကြီးသည် ၁၂၉၄-ခုနှစ်၌ မန္တလေးသို့ သာသနာရေးကိစ္စ၊ ဂိုဏ်းကိစ္စနှင့်ပင့်၍ ကြွလာတော်မူသည်။ နယုန်လ ဖြစ်၍ ပူပြင်းသောကာလပင်ဖြစ်သည်။ ဥတုဒေသအားဖြင့်လည်း အောက်အရပ်ထက် ပူပြင်း၏။ ပူပြင်းသောရာသီ၊ ပူပြင်းသောဒေသ ဖြစ်ရာတွင် အချိန်မှာ နေ့တစ်ချက်တီးအချိန်တွင် မန္တလေးမြို့ စိန်ပန်းရပ် အဘယာရာမရွှေဂူတိုက်မှ ဝိသုဒ္ဓါရုံတိုက်သို့ နေပူကျဲကျဲ၌ ဖိနပ်မစီး၊ ထီးမဆောင်းဘဲ ကြွတော်မူသည်။

၁၂၉၉-ခုတွင် ရွှေကျင်သို့ကြွတော်မူရာ ညနေ(၄)နာရီလောက်၌ မဒေါက်ဘူတာသို့ ရောက်သည်။ မီးရထား ပထမတန်းတွဲ ရပ်သည့် နေရာသည် ဘူတာရုံနှင့် တစ်ဖာလုံကျော်ဝေးကွာသဖြင့် ဆရာတပည့် ရထားမှဆင်း၍ လျှောက်လာခဲ့ရသည်။ ပထမ လူနေတဲတစ်လုံးကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ဆရာတော်ဘုရားက-

**“ဒါဟာ ဂါမဒွါရ ရွာဝဖြစ်လိမ့်မယ်”**ဟုဆိုကာ စီးလာသည့် ဖိနပ်ကို ချွတ်လိုက်သဖြင့်. . .

စံကျောင်းဆရာတော်ကား အထက်ပါအတိုင်း အသေးအမွှား သိက္ခာပုဒ်များကိုပင် လေးလေးစားစား လိုက်နာ ကျင့်သုံးတော်မူသည်။

---

**ကျမ်းညွှန်း**

* စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဘဝနှင့်သာသနာ၊ တပည့်များစုပေါင်းပူဇော်သည်၊ (၂၀၀၄ ခုနှစ်) (နှာ-၁၂၇)

* ဂိဟိဝိကတာနုညာတာဒိ၊ စမ္မက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ၊ (နှာ-၂၈၃)

## ၃၂။ မဟာစည်ဆရာတော်ဘုရားကြီး၏ ဘုန်းကြီးကျောင်းဝင်းထဲ၌ လူများဖိနပ်စီးခွင့် ရှိ,မရှိ အဆုံးအဖြတ်

ဘုန်းကြီးကျောင်းထဲ၌ လူများ ဖိနပ်မစီးရဟု တားမြစ်သော ဘုရားဟောပါဠိ မရှိ၊ အဋ္ဌကထာမှာလည်း အထင်အရှား မရှိ၊ ဗိမ္ဗိသာရမင်း ခံစားခဲ့ရခြင်းအကြောင်းကို ပန်းနှံ့သာ စသည်ပူဇော်ရာ စေတီရင်ပြင် ဖိနပ်စီးသောကြောင့် ဟူ၍လည်းကောင်း၊ ရဟန်း သံဃာတော်များထိုင်ရန် ခင်းထားသော သင်ဖြူးပေါ်၌ ခြေမဆေးဘဲ တက်နင်းသောကြောင့်ဟူ၍လည်းကောင်း ရှေးဆရာတို့ဆိုကြောင်း မသေမချာ ပြဆိုထား၏။ ထိုပြဆိုချက်၌လည်း စေတီရင်ပြင်၌ ဖိနပ်စီးခြင်းသည် ဘုန်းကြီးကျောင်းဝင်းအတွင်း၌ဟူ၍ မဆိုချေ။ ရဟန်းသံဃာများထိုင်ရန် ခင်းထားသော သင်ဖြူးပေါ်၌ ခြေမဆေးဘဲ ကျောင်းပေါ်တက်ခြင်း၊ ဖျာပေါ်နင်းခြင်းအတွက်လည်း ဆင်ခြင်စရာ ရှိ၏။

ခရီးသွား အာဂန္တုရဟန်းတော်များ အခြားကျောင်းတိုက်သို့ ဝင်လျှင် ဖိနပ်ချွတ်ခြင်းစသော အာဂန္တုကဝတ်ကို ပြုရ၏။ ထိုဝတ်ပြုပုံကို ထောက်၍ ဘုန်းကြီးကျောင်းထဲ၌ လူများ ဖိနပ်မစီးဘဲ အရိုအသေ ပြုလာခဲ့ကြဟန် တူပေသည်။

သီလက္ခန်(၄၇)၌ "ယာဝတိကာ နာဂဿ ဘူမိ၊ နာဂေန ဂန္တာ နာဂါ ပစ္စောရောဟိတွာ ပတ္တိကော၀ ယေန မဏ္ဍလမာဠေဿ ဒွါရံ တေနုပသင်္ကမိယာနာ"ဟူ၍လည်းကောင်း၊ န္ဓာ(၁၀၁) "ယာဝတိကာ ယာနဿဘူမိ၊ ယာနေန ဂန္တာ ယာနာ ပစ္စောရောဟိတွာ ပတ္တိကော၀ ယေန ဘဂဝါ တေနုပသင်္ကမိ" ဟူ၍လည်းကောင်း ပြဆိုထားသည်ကို ထောက်လျှင် ကျောင်းဝင်းကိုမဆို ယာဉ်ဖြင့်သွားနိုင်ရာအရပ် မသွားနိုင်ရာအရပ်ကိုသာ ပြဆိုထား၏။ **ယာဉ်ရထား စီးကောင်းရာအရပ်၌ ဖိနပ်လည်း စီးကောင်းသည်ဟု အဘယာရာမဆရာတော်က မိန့်ဆို ထား၏။** ထိုအလိုအားဖြင့် ယခုကာလ၌ ကျောင်းလှေကားအနီးအထိ ယာဉ်ရထားစီး၍ လာတတ်သောကြောင့် ထိုအရပ်တိုင်အောင် ဖိနပ် စီးကောင်းသည်ဟု ယူသင့်သကဲ့သို့ရှိ၏။ ဖိနပ်မစီးဘဲလာလျှင် ခြေဆေး နိုင်ပါမူကောင်း၏။ **ခြေမဆေးဘဲ ကျောင်းပေါ်တက်လျှင် ကျောင်းကို ညစ်ပေစေသဖြင့် မရိုသေရာရောက်သည်ဟူ၍လည်း အဘယာရာမ ဆရာတော်က မိန့်ဆိုသေး၏။ စဉ်းစားစရာပင်။**

မိထွေးတော်ဂေါတမီ မြတ်စွာဘုရားထံ ဘိက္ခုနီပြုရေးအတွက် ခွင့်တောင်းရန် လိုက်လာစဉ် ဘုရားကိုရိုသေသောအားဖြင့် နန်းတော်က ထွက်ကတည်းက ဖိနပ်မစီးဘဲ လာသည်ဟုဆို၏။ ထိုသို့ ရိုသေခြင်းမှာ

ကျောင်းဝင်းနှင့်မဆိုင်၊ ဤအလုံးစုံကို ထောက်ဆကြည့်လျှင် ဖိနပ်မစီးခြင်းသည် အရိုအသေ ပေးခြင်းသဘောဖြစ်သည်။ **ကျောင်းဝင်းအတွင်း၌သာ မဟုတ်၊ လမ်းမှာလည်း ရိုသေထိုက်သော ရဟန်းကို တွေ့လျှင် အချို့က ဖိနပ်ချွတ်၍ အရိုအသေပြုကြ၏။ ထိုသို့ အရိုအသေ ပြုရာ၌ အရိုအသေအပြုခံသော ရဟန်းက ဖိနပ်စီးပါဟု ခွင့်ပြုနိုင်၏။ ခွင့်ပြုသည့်အတိုင်းလည်း ဖိနပ်စီးနိုင်ပါ၏။**

ထို့အတူပင် သံဃိကဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ ကျောင်းတိုက်အတွင်းရှိ ရဟန်းတော်များက ခွင့်ပြုထားလျှင် ဖိနပ်စီးခွင့် ရှိပါ၏။ အပြစ်ဖြစ်စရာ အကြောင်းမမြင်ပါ။ ကျောင်းပေါ်တက်သောအခါ ကျောင်းကို မလူးလဲ မညစ်ပေစေရန်ဟု ရည်ရွယ်လျှင် သေနာသနကို ရိုသေရာလည်း ရောက်ပါသေး၏။

---

**ကျမ်းညွှန်း**

* သာမဏေကျော်၏ မဟာစည်ဆရာတော်ဘုရားကြီး၏ ထူးခြားသော အတွေးအမြင်များ၊ ၂၀၁၀ ပြည့် ဒုတိယအကြိမ် (နှာ-၁၅၂)

# ၃၃။ ဝိနည်းအရ မီးရထား အပ် မအပ် ဝိနိစ္ဆယ

အခါတစ်ပါး ဂူဖြူဆရာတော်ကြီးသည် ခင်မွန်ဆရာတော်ကြီးကို "ရထားအပ်, မအပ် စာဆိုအတိုင်း ဖြေစမ်းပါ"ဟု ဆို၏။

"**ဂိလာနဿ**-နာသောရဟန်းအား၊ **ယာနံ**-ယာဉ်ကို၊ **အနုဇာနာမိ**-ငါဘုရားခွင့်ပြု၏"ဟူ၍ လည်းကောင်း၊ **ယာနံနာမ**-ယာဉ်မည်သည်ကား၊ **ဝယှံ**-ပေါင်းချပ်၊ **ရထော**-ရထား၊ **သကဋံ**-လှည်း၊ **သန္ဒမာနိကာ**-သန်လျင်း၊ **သိဝိကာ**-ထမ်းစင်၊ **ပါဋင်္ကီ**-ပုဆိုးသန်လျင်း ဟူ၍လည်းကောင်း ယာဉ် ၆-မျိုးဟောသည်။

"**နာလျှင် ရထား စီးအပ်၏၊ မနာလျှင် မစီးအပ်၊ ဤ၌ ခြေဖြင့် သွားခြင်းငှာ မစွမ်းနိုင်လျှင် လူနာမည်၏**"ဟု ဖြေ၏။

"ယခုကာလ မန္တလေး-ရန်ကုန် စုန်ဆန်နေသော စက်မီးရထားများကော အပ်, မအပ် ဘယ်ပုံ သဘောရပါသလဲ"ဟု ဆက်မေး၏။

"ဘယ်ပုံသဘောရဖို့ရာ ထိုစက်မီးရထား သွားလာပုံကို ပြောပြစမ်းပါဦး"ဟု ပြန်မေးလတ်သော်-

"ဘယ်ပြောတတ်မလဲ တွေ့မှ မတွေ့ဘူးသေးဘဲ"ဟု ဖြေ၏။

"သည်လို မတွေ့ဘူးသူချင်းဖြစ်လျှင် အပ်, မအပ် ဆုံးဖြတ်ဖို့ ဘယ်ဖြစ်နိုင်ပါ့မလဲ"ဟု ဆိုလတ်သော်

"ဒါဖြင့် မစီးတာဘဲ အပြစ်ကင်းပါတယ်လေ"ဟု ဆိုမိန့်သတတ်။

---

**ကျမ်းညွှန်း**

* စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်အရှင်ပဏ္ဍိတထေရ်၏ ရွှေကျင်နိကာယ သာသနာဝင် (၂၀၀၁-ခုနှစ်) တတိယအကြိမ်။ (နှာ-၃၁၄)

## ၃၄။ အပြန်အလှန်လေးစားသည့် တိပိဋကဆရာတော်နှစ်ပါး

တိပိဋကမင်းကွန်းဆရာတော်ကြီးနှင့် တိပိဋက ပခုက္ကူ ဆရာတော်တို့သည် တစ်ပါးနှင့်တစ်ပါး အပြန်အလှန် လေးစားတော်မူကြသည်။ မင်းကွန်းဆရာတော်ကြီးသည် တစ်ခါတစ်ရံ သက်န်းမရုံဘဲ ကြွတော်မူသည်ကို ပခုက္ကူဆရာတော်က-

**"သင်္ကန်းရုံပြီးကြွလျှင် ပိုမိုသင့်တော်ပါကြောင်း"လျှောက်ထားရာ မင်းကွန်းဆရာတော်ကြီးက လက်ခံပြီး ထို့နောက်ပိုင်းတွင် သင်္ကန်းရုံ၍သာ ကြွတော်မူသည်။** မင်းကွန်းဆရာတော်ကြီး မော်လမြိုင်မြို့ မဟာဝိသုတာရာမ ဓမ္မဗိမာန်သို့ ကြွရောက်စဉ် ပခုက္ကူဆရာတော်က အလွန်ခမ်းနားလှသော ရွှေးဟောင်း ကုလားထိုင်ကြီးဖြင့် နေရာပြင်ပေးရာ-

"ဤကုလားထိုင်ကြီးပေါ်တွင် တပည့်တော် မထိုင်လိုကြောင်း၊ ထို့အတူ ဦးပဉ္စင်းလည်း (ပခုက္ကူ ဆရာတော်ကို 'ဦးပဉ္စင်း'ဟု ချစ်စနိုးခေါ်တော်မူသည်) မထိုင်စေလိုကြောင်း၊ ဤကုလားထိုင်ကြီးသည် ထိုင်ဖို့ထက် အမှတ်တရသာ ထားဖို့ကောင်းသည့် ပစ္စည်းဖြစ်ကြောင်း" မိန့်ကြားတော်မူသည်ကို ပခုက္ကူဆရာတော်က ရိုသေစွာ နာခံပြီး ထိုကုလားထိုင်ကြီးကို အသုံးမပြုတော့ဘဲ အမှတ်တရပစ္စည်းအဖြစ် ထားရှိတော်မူလိုက်လေသည်။ ဝတ္တာဂုဏ်ရှင်, ဝစနက္ခမဂုဏ်ရှင် ပုဂ္ဂိုလ်ထူးကြီးများပါပေတည်း။ (**ဝတ္တာ**= အမြင်မတော်တာတွေ့လျှင် တွေ့သည်အတိုင်း ကြည့်မနေဘဲ ပြောဆိုဆုံးမတတ်သူ**, ဝစနက္ခမ**= သူတစ်ပါးက ပြောဆိုဆုံးမသည်ကို ဆင်ခြေဆင်လက် မပေးဘဲ ရိုသေစွာ နာခံတတ်သူ)

---

**ကျမ်းညွှန်း** ✻ မောင်သုတ၏ သုတဗုဒ္ဓဝင် (နှာ-၂၀၂)

## ၃၅။ သေခိယသိက္ခာပုဒ်တော်များနှင့်အညီ ဝတ်ရ ရုံရသည်

သင်္ကန်းဝတ်ရုံသည့်အခါမှာလည်း သေခိယသိက္ခာပုဒ်တော်များနှင့်ညီအောင် ဝတ်ရ ရုံရသည်၊ သင်းပိုင်ကို ဒူးဆစ်အောက်လက် ၈-သစ်လောက်ချ၍ ဝိုင်းစက်ညီညာအောင် ဝတ်ရသည်၊ အပေါ်မှလည်း ချက်ကို ဖုံးမိစေရသည်။ ကေသိကိုကား ဒူးဆစ်အောက်လက် ၄-သစ်လောက်ချလျက် အောက်ဘက်၌ အကျညီအောင် ဝိုင်းစက်ညီညာနေအောင် ရန်းရသည်၊ လက်ဝဲဘက် တံတောင်ဆစ်ကိုလည်း ဖုံးအုပ်နေစေရသည်။

သင်္ကန်းရုံသည့်အခါမှာလည်း ဒူးဆစ်မှအောက်လက် ၄-သစ်လောက်ချလျက် အောက်ဘက်၌ အညီကျစေရသည်၊ ဝိုင်းစက်ညီညာစွာ ရှိနေစေရသည်၊ အပေါ်၌ လည်မျိုနှင့် ဘယ်ဘက်လက်ကောက်ဝတ်တို့ကိုလည်း ဖုံးအုပ်နေစေရသည်၊ ဂုတ်ပိုးကိုလည်း ပွရောင်းရောင်း မဖြစ်စေရ၊ ချပ်ချပ်ရပ်ရပ် ရှိနေစေရသည်။

ဤသို့ ကောင်းစွာ မဝတ်တတ် မရုံတတ်သေးသော ရှင်ငယ်, ရဟန်းငယ်များကိုမူ ဘုန်းတော်ကြီးကိုယ်တော်တိုင် အနားသို့ ခေါ်ယူလျက် သေချာကျန လက်ထပ်သင်ပြသည်၊ ဝတ်ပြီး ရုံပြီးသည်ကို ဖျက်စေ၍ ထပ်ကာ ထပ်ကာ ပြန်လည်ဝတ်ရုံခိုင်းသည်။ အချို့ပုဂ္ဂိုလ်များကို ၃-၄ ရက်တိုင် ခေါ်ယူသင်ပြပေးသည်။

ယင်းသို့ စနစ်တကျ သင်ပြပေးထားပါလျက် အမူမဲ့ အမှတ်မဲ့

တော်အောင်လျော်အောင် ဝတ်ရုံလာသော သူများကိုမူ ဆူပူပြောဆို၍ မဆုံးနိုင်တော့ပါ။ တွေ့တိုင်းမြင်တိုင်း သတိရတိုင်း မာန်မဲပြောဆို နေပါတော့သည်။

**“သက်န်းညီညီဝတ်ပြီး ကြန္ဒြေရရ သွားတတ် လာတတ်ရင် အင်မတန် ကြည်ညိုစရာကောင်းတယ်၊ အသောကမင်းကြီး သာသနာ တော်ကို ကြည်ညိုလာအောင်, ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်လာ အောင် ဆွဲဆောင်ခဲ့တဲ့သူဟာ အခြားသူ မဟုတ်ဘူး၊ နိဂြောဓ သာမဏေကလေး ဖြစ်တယ်၊ ဒီသာမဏေကလေးဟာ နန်းတော် ရင်ပြင်ကဖြတ်ပြီး အမေ့ဆီကို သွားနေတယ်၊ အဲဒီအချိန်မှာ အသောကဘုရင်ကြီးဟာ လေသာပြတင်းပေါက်က ကြည့်နေတော့ “ဒန္တံ-ယဉ်ကျေးစွာ၊ သန္တိန္ဒြိယံ-ငြိမ်သက်သော ကြန္ဒြေရှိသည်ဖြစ်၍၊ ဣရိယာပထသမ္ပန္နံ-သွားဟန်လာဟန် ဝတ်ပုံ ရုံပုံ ကြည့်ရှုပုံ ဣရိယာ ပုထ်နှင့် ပြည့်စုံသည်ဖြစ်၍၊ ဂစ္ဆန္တံ-ကြွနေတော် မူသည်ကို၊ ဒိသွာ- မြင်ရ၍။”**လို့ ဝတ်နည်း စားနည်း သွားနည်း လာနည်း စည်းစနစ် ကျကျ ဝတ်စားသွားလာတာကို မြင်ရတာနဲ့ပဲ အလွန်ကြည်ညို သွား တာပဲ၊ ဒါကိုကြည့်၊ အဝတ်အစား အသွားအလာ ဘယ်လောက် အရေးကြီးသလဲ၊ ဒါကြောင့် အဝတ်အရုံ စနစ်ကျအောင် ခဏခဏ ပြောနေရတာပဲ”။

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်နှင့်ဗုဒ္ဓမြတ်စွာသာသနာ၊ (၂၀၁၁-ခုနှစ်) ဒီဇင်ဘာလ တတိယအကြိမ်။ (နှာ-၁၂၅-၁၂၆)

* ပရိမဏ္ဍလဝဂ္ဂဝဏ္ဏနာ၊ ပါစိတျာဒိ အဋ္ဌကထာ (နှာ-၁၆၁)

* တတိယသင်္ဂီတိကထာ၊ ပါရာဇိကကဏ္ဍ အဋ္ဌကထာ ပထမတွဲ (နှာ-၃၅)

## ၃၆။ ရေအိုးအပြင်ဘက် ရေညှိတွေစိမ်းနေရင် အိုးပြင်သန့်စင်ရေး ရဟန်းမလုပ်ကောင်း

"တို့ငယ်ငယ်က ဥက္ကံမှာ နေကြတော့ ဆွမ်းစားတဲ့နေရာ, စာတက်တဲ့နေရာများမှာ ရေလဲသင်းပိုင်များကို ခင်းပြီး ထိုင်ကြရတယ်၊ နေရာထိုင်ရယ်လို့ စနစ်တကျ ချုပ်မထားကြဘူး။

ရေကိုလည်း အမြဲစစ်သောက်ကြရတယ်၊ ဒီနည်းကို တို့ဆီမှာ အသုံးပြုတော့ ပိုပြီးစနစ်ကျအောင် နေရာထိုင်ကို ကျကျနန ချုပ်လုပ်ပြီး သုံးစေခဲ့တယ်။

သောက်ရေအိုးကိုလည်း မနက်အိုး, ညအိုး ခွဲခြားထားစေခဲ့တယ်၊ ရေစစ်, ရေခွက်တို့ကိုလည်း သီးသန့်တစ်စုံစီ ထားစေခဲ့တယ်၊ ၂-ရက်တစ်ခါ ၃-ရက်တစ်ခါ ပွတ်တိုက်ပေးရတယ်၊ အနည်းဆုံး သီတင်းတစ်ပတ် တစ်ကြိမ် ရေအိုး, ရေခွက်တွေကို ပွတ်ကြ, ဆေးကြရတယ်။

**ရေအိုးကို ပွတ်တိုက်မယ်ကြံရင် အတွင်းဘက်ကို ရဟန်းတော်များ ပွတ်တိုက်ကောင်းတယ်၊ အပြင်ဘက် ရေညှိတွေနဲ့ စိမ်းနေရင် 'ရေအိုးကိုသိစမ်းပါ'လို့ ကိုရင်, ကျောင်းသားကိုခိုင်းရတယ်၊ ရဟန်းကိုယ်တိုင် မလုပ်ရဘူး၊ လုပ်ရင် ဒုက္ကဋ် အာပတ်သင့်တယ်၊** ပန်းကန် ခွက်ယောက်များကိုလည်းပဲ နေ့တိုင်း ပွတ်တိုက်ကြရမယ်၊ အာမိသ ပြောင်စင်အောင် အထူးသတိ ထားပြီး အကျအန ပွတ်တိုက်ရမယ်"။

---

**ကျမ်းညွှန်း**

* အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်နှင့်ဗုဒ္ဓမြတ်စွာသာသနာ၊(၂၀၁၁-ခုနှစ်)၊ဒီဇင်ဘာလ တတိယအကြိမ်။ (နှာ-၁၂၅-၁၂၆)

* ဘူတဂါမသိက္ခာပဒ၊ ဘူတဂါမဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၅၁)

* ဘူတဂါမသိက္ခာပဒ ဝဏ္ဏနာ၊ ဘူတဂါမဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၂၅)

## ၃၇။ သောဝစသဃတာဂုဏ်နှင့် ပြီးပြည့်စုံသည့် ဆရာတော်ဘုရားကြီး

ဆရာတော်သည် သောဝစဿတာမင်္ဂလာနှင့်လည်း ပြည့်စုံတော်မူသည်။ ဆရာသမားတို့၏ အဆုံးအမကို နာခံရာ၌လည်း ရှင်ရာဟုလာကဲ့သို့ ပြည့်စုံသည်။ မိမိ၏ဆရာရင်း ကျောင်းတော်ရာ ဆရာတော်ကြီးက-

**"မောင်ဝါယာမ၊ စာတတ်ချင်လျှင် လက်ဖက်မစားနှင့်"ဟု မိန့်တော်မူသည့် နေ့မှစ၍ အသက်ထက်ဆုံး လက်ဖက်ကို ပယ်လိုက်သည်။**

**"လက်ဖက်ရည် မသောက်နှင့်"ဆိုလျှင်လည်း ထို့အတူ လက်ဖက်ရည်ကို တစ်သက်လုံး မသောက်တော့ပေ။** နေ့ဆွမ်းဘုဉ်းပေးပြီးချိန်တွင် ရေနွေးအဖြူသက်သက်ကိုသာ တစ်ငုံနှစ်ငုံ သောက်၍ ပလုတ်ကျင်းသည်။

**"နေ့ခင်းမအိပ်နှင့်" ဆိုလျှင်လည်း ရာသက်ပန် နေ့ခင်းဘက် မကျိန်းစက်တော့။**

---

**ကျမ်းညွှန်း**

* စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဘဝနှင့်သာသနာ၊ တပည့်များစုပေါင်းပူဇော်သည်၊(၂၀၀၄ ခုနှစ်) (နှာ-၁၃၁)

## ၃၈။ တပည့်ရဟန်းများ ဝိနည်းသိက္ခာပုဒ်ကို လေးစားတတ်လာစေရန် နေရာမရွေး လက်တွေ့သင်ကြားပေးတော်မူသည်

တစ်နေ့သော ညချမ်းဆည်းဆာ ၆-နာရီခန့်အခါတွင် ဖြစ်၏၊ ညတရားဟောရန် ဂျစ်ကားတစ်စီးဖြင့် လာ၍ပင့်သည်၊ တပည့်များလည်း ပစ္ဆာသမဏ (နောက်ပါရဟန်းများ)အဖြစ် လိုက်ပါကြဖို့ရန် ဂျစ်ကားပေါ်သို့ အရောက်တွင် "ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ" ဟု တောင်မြို့ဆရာတော်ကြီးက စ၍ပန်ပြောလေသည်၊ ထိုအခါ သတိရလာကြပြီးလျှင် အားလုံးပင် တစ်ပါးသည် တစ်ပါးအား အချင်းချင်း "ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ"ဟုဆို၍ ပန်ပြောကြတော့သည်။

ဝိနည်းသိက္ခာပုဒ်များ၌ "ဝိကာလ ဂါမပ္ပဝေသန' သိက္ခာပုဒ်တော်တစ်ခုရှိပါသည်၊ ယင်း၏ အဓိပ္ပါယ်မှာ "ရဟန်းတစ်ပါးသည် အဆောတလျင် အရေးတကြီး ရုတ်တရက်ပြုရသော မီးဘေး, ရေဘေး, ခိုးသူ ဓားပြဘေး, ရန်သူဘေးစသော ကိစ္စတို့မှတစ်ပါး အခြားအချိန်အခါများတွင် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ (ခွင့်မတိုင်ဘဲ) နေလွဲအခါ ရွာတွင်း မြို့တွင်းသို့ဝင်လျှင် ပါစိတ်အာပတ်သင့်၏"ဟူ၍ ဖြစ်သည်။ (အန္တရာယ် တစ်ခုခုရှိလျှင်ကား မပန်ကြားဘဲ ဝင်ကောင်း၏။) ထိုသိက္ခာပုဒ်ကို တပည့်ငယ်များအား ဝိနည်း အလေ့အကျင့်ရအောင် ဝိနည်းကို လေးစားတတ်အောင် လက်တွေ့ ကျင့်သုံးတတ်အောင် လက်ထပ်သင်ပေးနေခြင်း ဖြစ်ပါသည်။

---

**ကျမ်းညွှန်း** * သာမဏေကျော်၏ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် ဝိနည်း။ (နှာ-၆၅)
* ဝိကာလဂါမပ္ပဝိသနသိက္ခာပဒ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ၊ (နှာ-၂၁၃)

## ၃၉။ သွားတိုက်ရာတွင် ဆားသည် အကောင်းဆုံးဟု ဆို့ဆုံးမတော်မူသည့်ဆရာတော်

ရွှေဥမင်ဆရာတော်ဘုရားကြီးသည် ဝါကျွတ်လျှင် နှစ်စဉ် တောရတစ်ခုခုသို့ အမြဲကြွ၍ တော၌ ခိုအောင်းတော်မူလေ့ရှိပါသည်။ ကျွန်းမာရေးကောင်းစဉ် အစောပိုင်း၌ အခြားအခြားသော တောရများသို့ ကြွရောက်တော်မူခဲ့ပါသော်လည်း သက်ရွယ်ကြီးရင့်သည့် နောက်ပိုင်းကာလဝယ် သပိတ်အိုင်တောရနှင့် မနီးမဝေး၌ရှိသည့် ကျောက်အိုင်တောရ၌ နှစ်အတော်များများ သီတင်းသုံးတော်မူခဲ့ပါသည်။

ရွှေဥမင်ဆရာတော်ဘုရားကြီးသည် တောရိပ်ကို ခိုလုံရာမှ အပြန်တွင် ကျေးရွာများမှ စာသင်တိုက်သွားလိုသော သာသနာ့အာဇာနည်လောင်းလျာ ကိုရင်လေးများကို ခေါ်လာတတ်ပါသည်။ ဝိဇ္ဇောတာရုံကျောင်း သို့မဟုတ် သာသနာ့ဝန်ဆောင်ကျောင်းသို့ ပို့ပေးတော်မူလေ့ရှိပါသည်။

ဝိဇ္ဇောတာရုံကျောင်းမှ စာသင်နေသော ကိုရင်လေးတစ်ပါးသည် ရွှေဥမင်ဆရာတော်ဘုရားကြီးထံပါး စာမေးပွဲအောင်ကြောင်း

နှင့် ပက်ဆိုဒင့်သွားတိုက်ဆေးလည်း လိုအပ်နေကြောင်း စာဖြင့်တစ်ဆင့် လျှောက်ထားလာပါသည်။ ဆရာတော်ကြီးသည် စာအုပ်စာရေး ကိရိယာနှင့် တခြားလိုအပ်ရာရာ ပစ္စည်းများနှင့်တကွ ကိုရင်လေး မှာထားသည့် ပက်ဆိုဒင့်သွားတိုက်ဆေးဘူးကို ထည့်ပေးလိုက်ပါသည်။ ထို့နောက် ဆရာတော်ဘုရားကြီးလက်ရေးဖြင့် စာတစ်စောင် ရေးပေး တော်မူပါသည်။

"ကိုရင်လေး စာမေးပွဲအောင်မြင်၍ ဝမ်းမြောက်ပါကြောင်း၊ နောက်ထပ်လည်း ဒီလို အောင်မြင်အောင် စာကြိုးစားစေလိုကြောင်း၊ လိုအပ်ရာရာပစ္စည်းများလည်း ထည့်ပေးလိုက်ကြောင်း ကိုရင်လေး မှာလိုက်သော ပက်ဆိုဒင့်သွားတိုက်ဆေးလည်း ထည့်ပေးလိုက်ကြောင်း **သို့ရာတွင် သွားတိုက်ရာတွင် ဆားသည် အကောင်းဆုံး**ဟု ရှေးဆရာ တော်ကြီးများ ဆုံးမထားသည်ကိုလည်း သိရှိဗဟုသုတ ပွားနိုင်ရန် ကိုရင်လေးအတွက် လက်ဆောင်ပါးလိုက်ပါကြောင်း"ဟု ပါရှိပါသည်။

ထိုစာကို ဆရာတော်ဘုရားကြီး ဘေးနားရှိ ကျောင်းသား များကို တစ်ခေါက်ဖတ်ခိုင်းတော်မူပြီး ခြိုးခြံချွေတာတတ်အောင်လည်း သွန်သင်ဆုံးမတော်မူပါသည်။ ရွှေဥမင်ဆရာတော်ဘုရားကြီးသည် **ကျောင်းသား ကိုရင်လေးများဘဝကပင် ခြိုးခြံချွေတာတတ်သည့် အလေ့အကျင့်ကောင်းကို သွန်သင်ပေးတော်မူပါသည်။ ရေ၊ မီး သုံးစွဲရာတွင်လည်း အထူးဂရုစိုက်ကာ သင်ပေးတော်မူပါသည်။ ရေကို လိုအပ်သလောက်သာ သုံးရန်၊ သောက်ရေကို လိုအပ် သလောက်သာ ခပ်သောက်ရန်၊ ရေပိုက်ခေါင်းများကိုလည်း**

**ရေလုံရုံလောက်သာ ပိတ်ခိုင်းပြီး အားစိုက်မပိတ်မိစေရန် ဆုံးမလေ့ ရှိပါသည်။** နွေရာသီတွင် ကိုရင်နှင့် ကျောင်းသားလေးများကို အရိပ်ရသစ်ပင်များအောက်တွင် ရေချိုးစေပါသည်။ သစ်ပင်များပါ ရေသောက်စေလိုသောကြောင့် ဖြစ်ပါသည်။ ရေလည်းချိုးပြီး သစ်ပင်လည်း ရေကပ္ပိပြီး(ရေလောင်းပြီး)သားဖြစ်စေဟု မိန့်တော်မူပါသည်။

မီးများကိုလည်း အသုံးပြုသော မီးပွင့်ကိုသာ ဖွင့်စေပါသည်။ ကုဋီမီးကို ကုဋီတက်မှ ဖွင့်စေပြီး ကုဋီမှ ထွက်လာပါက ပြန်ပိတ်ခိုင်းပါသည်။ ကုဋီအတွင်း လူမရှိလျှင် မီးမဖွင့်ရပါ။

ဆရာတော်ဘုရားကြီးသည် "ရဟန်းဆိုတာ ပစ္စည်းဘယ်လောက်ပဲ ပေါများနေနေ၊ မရှိသလိုဘဲ သုံးရတယ်။ ခြိုးခြံ ချွေတာရတယ်။ ကိုယ့်မှာပိုနေရင် လိုနေတဲ့ စာသင်တိုက်တွေ၊ ဘုန်းတော်ကြီးကျောင်းတွေကို လှူဒါန်းရတယ်"ဟု ရဟန်းများကို ဆုံးမတော်မူပါသည်။

ဆွမ်းဘုဉ်းပေးရာဘေးတွင် ကျောင်းသားလေးများ ယပ်ခပ်ပေးလေ့ ရှိတတ်ပါသည်။ ယပ်ခပ်ရာတွင် ယပ်မှဖုန်မှုန့်များ ဆွမ်းဝိုင်းထဲသို့ မကျရောက်စေရန် ယပ်မခပ်မီ ဘေးတွင် ယပ်ကို လက်ဖြင့် ခါပြီးမှ ယပ်ခပ်စေပါသည်။

အကပ်ခံရာတွင်လည်း ဆရာတော်ကြီးသည် ဂရုတစိုက် ခံယူလေ့ရှိပါသည်။ အကပ်ခံပစ္စည်း သေးသေးကြီးကြီး အလှူရှင်

ပုဂ္ဂိုလ် ငယ်ငယ်ကြီးကြီး မခွဲခြားဘဲ လက်နှစ်ဖက်စလုံးအားလျှင် လက်နှစ်ဖက်ဖြင့်သာ ခံယူလေ့ရှိပါသည်။ ၂-တောင့် ၁-ထွာ ဟတ္ထပါသ် အတွင်း ဝင်စေရန်လည်း အကပ်ခံမည့်လက်၏ တံတောင်ဆစ်ကို ရင်ဘတ်တွင်ကပ်လျက် အကပ်ခံရန် တပည့်ရဟန်းများကို သင်ပေး တော်မူပါသည်။ ဆရာတော်ကြီး ကိုယ်တိုင်လည်း ထိုနည်းအတိုင်း အကပ်ခံပါသည်။

ရွှေဥမင်ဆရာတော်ကြီးသည် မြတ်စွာဘုရားရှင်၏ နှုတ်က ပတ်တော် မေတ္တသုတ်လာ ကရဏီယတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံ တော်မူသည့် လဇ္ဇီပေသလ သိက္ခာကာမ သူတော်ကောင်းကြီး ဖြစ်ပါ ပေသည်။

ကရဏီယံ- တစ်ဆယ့်ငါးပါးဆိုလတ္တံ့သော တရားကို လေးစား သမှု အားထုတ်ကျင့်ကြံခြင်း ပြုအပ်၏။ **သက္ကောစ**-လေးသစ္စာကို လှစ်ခါသိရန် မြဲမြံကြံ့ခိုင် ကျင့်စွမ်းနိုင်သည်လည်း၊ အဿ-ဖြစ်ရာ၏။ **ဥဇူစ**-ကိုယ်လည်းအဟုတ် နှုတ်လည်းမမှား မျိုးမပြားဘဲ ရိုးသား ဖြောင့်မတ်သည်လည်း၊ အဿ-ဖြစ်ရာ၏။**သုဟုဇူစ**-ကွေ့ကောက် လိမ်လည် တစ်ဆံခြည်မျှ ကြံစည်စိတ်မစောဘဲ သဘောမနော ရိုးမတ် သည်လည်း၊ **အဿ**-၏။ **သုဝစောစ**-ပညာရှိများ ဆိုဆုံးမ စကားကို မရှားမပယ် နာယူလွယ်သည်လည်း၊ **အဿ**-၏။ **မုဒုစ**-ရွှေဇမ္ဗူရာဇ် မြူညစ်စင်သန့် အမှုဥ္ခံသကဲ့သို့ နူးညံ့သိမ်မွေ့သော ကိုယ်နှုတ်နှလုံး ရှိသည်လည်း၊ **အဿ**-၏။ **အနတိမာနီစ**-ဇာတိဂေါတ္တ စသည်

ဂုဏ်ရောင် မှန်ကင်းတောင်ကဲ့သို့ အခေါင်ပင့်မြောက် မမြင့် မောက်ဘဲ အောက်ကျနောက်ကျ မာန်နှိမ့်ချသည်လည်း၊ **အသ**-၏။

**သန္တုဿကော** စ-ယထာလာဘ သာရုပ္ပ စသဖြင့် သန္တောသ နိဿရည်း ပစ္စည်းလေးပါး၌ ရောင့်ရဲသည်လည်း၊ **အသ**-၏။ **သုဘရောစ**-ကောင်းသောဆိုးသော သဘောမထား မပြောကြားဘဲ ပေါ်များပြန်သည် ရှားပြန်သည်ဟု မမြည်မဆို သူကြည်ညို၍ လှူလိုသမျှ ရသမျှနှင့် မျှတဖွယ်ရေး အလေးအပေါ့ အပျော့အမာ အရာရာ၌ အဆာမကျယ် မွေးမြူလွယ်သည်လည်း၊ **အသ**-၏။ **အပ္ပကိစ္စော စ**- နဝကမ္မ ဗာဟီရကို ကိစ္စတစ်ခု မပြုကြရာ ကိုယ့်တွက် တာနှင့် ပက်ပါကြံ၍ ဆုံခါတွေ့လည်း နေ့ရှည်ရက်များ အားပါးမထုတ် သပိတ်ဖုတ်ခြင်း သင်္ကန်းချုပ်ခြင်းမျှကိုသာ အဟုတ် သီးခြား အလုပ်ကြီးထားသောအားဖြင့် နည်းပါးသော အမှုကိစ္စ ရှိသည်လည်း၊ **အသ**-၏။ **သလ္လဟုက ဝုတ္တိ စ**-တစ်တောထွက်ဝင် တစ်ပင် ထွက်သွား ကျေးငှက်များတို့ စားရန် သောက်ရန် နေထိုင်ရန်ဟု ကြံစည်ထိုထို မပိုမိုဘဲ ကိုယ်တွင်ဆောင်ကာ အတောင်သာလျှင် သွားလာစခန်း ပါမြဲတမ်းသို့ ရဟန်းတို့လည်း ငှက်တို့နည်းပင် ပစ္စည်း ထိုထို မပိုမိုဘဲ ကိုယ်တွင်ပရိက္ခရာ ရှစ်ပါးသာလျှင် သွားလာသောအား မလျော့လျား သဖြင့် ပေါ့ပါးသော အသက်မွေးခြင်း ရှိသည်လည်း၊ **အသ**-၏။ **သန္တိန္ဒြိယောစ**-အနိဋ္ဌာရုံ ဣဋ္ဌာရုံနှင့် ကြုံလင့်ကစား တရားနှလုံး သုံးလျက်ချိန်လျက် ရှိန်မပျက်စေဘဲ ငြိမ်သက်သော

ဣန္ဒြေရှိသည်လည်း၊ **အဿ**-၏။ **နိပကော စ**- ကိစ္စရေးရာ အဖြာဖြာ၌ ကောင်းစွာပြီးအောင် ဆောင်ခွင့်ရွက်ခွင့် မျှော်ခေါ်ချင့်နိုင်သော ရင့်သော ပညာရှိသည်လည်း၊ **အဿ**-၏။ **အပ္ပဂဗ္ဘော စ**-ကိုယ်မကြမ်းကြုတ် နှုတ်မကြမ်းခက် စိတ်မမျက်သည်လည်း၊ **အဿ**-၏။ **ကုလေသု**-ကြည်ညိုသဒ္ဓါ ဆည်းကပ်လာသော ဒါယကာ အမျိုးသားတို့၌၊ **အနနု ဂိဒ္ဓေါ စ**-ပစ္စည်းကိုမင် လူကိုခင်လျက် ကြင်နာသမှု ပြုစုရက်ရော မယှက်နှောသဖြင့် မက်မောတွယ်တာခြင်း မရှိသည်လည်း၊ **အဿ**-၏။

**ယေန**- အကြင်ဒုစရိုက်မှု မကောင်းပြုခြင်းကြောင့်၊ **ပရေ**-တစ်ပါးကုန်သော။ **ဝိညူဟိ**-ထင်စွာ မြင်သိ ပညာရှိတို့သည်၊ **ဥပဝဒေယျုံ**-ဤသို့ဤသူ ပြုသောဟူ၍ လူရှင်အပေါင်းမြကြားတောင်းလျက် အကြောင်းထင်စွာ ကဲ့ရဲ့ကြကုန်ရာ၏။ **တံ**- ထိုဒုစရိုက်စု မကောင်းမှုကို၊ **ကိဉ္စိ**- စိုးစဉ်းသော **ခုဒ္ဒံ**- အနည်းငယ်မျှကိုသော်လည်း၊ **နစ အာစရေ**- မပြုမကျင့်ရာဟူသော ပါဠိတော်လာနှင့် ရွှေဥမင်ဆရာတော်ဘုရားကြီးအား စံထားကာ တပည့်များက ကြည်ညိုကြရပေသည်။

**ကျမ်းညွှန်း**

* ဦးဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ)၏ မြင်းခြံကိုးဆောင်မှု မဟာပရိတ်ကြီး နိဿယသစ်၊ ဒုတိယအကြိမ်။ (၂၀၁၁-ခုနှစ်) (နှာ-၁၀၃-၁၀၄)

## ၄၀။ ဘုရားပညတ်ချက် မလိုက်နာရင် ပညာတတ်လည်း လူမိုက်ပဲ

ဘုရားက ပညတ်ထားတဲ့ မလုပ်ရဘူးဆိုတာတွေကို လုပ်တယ်၊ ဉပမာ အခုကာလမှာ ဖြစ်နေတာတွေ ပြောပါမယ်၊ ညဆွမ်းမစား ရဘူးဆိုတာ စားတယ်၊ ပွဲမကြည့်ရဘူးဆိုတာ ကြည့်တယ်၊ ပိုက်ဆံ မကိုင်ရဘူးဆိုတာ ကိုင်တယ်၊ ခုနကပြောသလို ဒါ ပညာရှိခေါ်မလား ဘာခေါ်မလဲ၊ အဲဒါကျတော့ ကိုယ်နဲ့ ကောင်းတဲ့အလုပ်ကို လုပ်တာ ဟုတ်သလား၊ မကောင်းတဲ့အလုပ်ကို လုပ်သလား ၊ ကိုယ်တိုင် စဉ်းစား ကြည့်၊ အဲဒါ လူမိုက်ဘက် ပါသွားပြီ၊ ပြောတဲ့အခါကျတော့လည်း ကိုယ့်အပြစ်ရှိလို့ ဆရာသမား မေးတဲ့အခါကျတော့ မှန်မှန်ကန်ကန် မပြောဘူး၊ လိမ်လိုက်ညာလိုက်၊ မဟုတ်တာလည်း လုပ်သေးတယ်၊ ပါးစပ်ကလည်း ညာသေးတယ်၊ ပြီးတော့ သီချင်းဆိုချင်ဆို ထင်ရာ လျှောက်လုပ်ချင်ရာလုပ်၊ အဲဒီလို ဖြစ်နေလို့ရှိရင် နှုတ်နဲ့ ကောင်းတဲ့ အလုပ်ကို လုပ်သေးလား၊ ဒါလည်းနှုတ်နဲ့ ကောင်းတဲ့အလုပ်ကို လုပ်ရာ မရောက်လို့ရှိရင် ဘာဖြစ်မလဲ၊ ဘယ်လောက် ပညာတတ်ထား ထား လူမိုက်ပဲ။

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်၏ သာသနာပြုလမ်းညွှန် ဩဝါဒဓမ္မကထာ၊ (၂၀၁၀ ခုနှစ်) ဒုတိယတွဲ။ (နှာ-၃၆)

## ၄၁။ ဒါယိကာမများနှင့် ဆက်ဆံရာဝယ် ဝိနည်းသတိပြုသင့်

“ဆရာတော်ဘုရား၊ ဥပုသ်နေ့မှာ ဥပုသ်လာစောင့်ကြတဲ့ ဒါယိကာမတွေနဲ့ ရယ်ရယ်မောမော ပြောဆိုမိကြတဲ့ ကျောင်းဘုန်းကြီး စာချဘုန်းကြီးတွေကို ဘာကြောင့် ဒဏ်ထမ်းခိုင်းတယ်ဆိုတာကို တပည့်တော် သိချင်ပါတယ်ဘုရား”ဟု တပည့်တစ်ပါးက သိလို စိတ်ဖြင့် လျှောက်ထားရာတွင်-

**“ကိုယ်တော်၊ ဒါယိကာမတွေကို သိကြားလိမ္မာတဲ့ ယောကျ်ား အနီးမှာမရှိဘဲ တရားစကား မပြောရဘူးဆိုတာ ကိုယ်တော် သိတယ် မဟုတ်လား၊ ပြီးတဲ့နောက် မေထုန်ငယ် ခုနစ်ပါးဆိုတာ ကိုယ်တော် ကြားဖူးသလား၊ အဲဒီခုနစ်ပါးထဲမှာ ဒါယိကာမတွေကို စိုက်ကြည့်တာတို့ ရယ်မောပြောင်လှောင် ပြောဆိုတာတို့ပါတယ် ကိုယ်တော်၊ ဒါကြောင့် ဒဏ်ပေးတာ မှတ်ထား**”ဟု ပြတ်ပြတ်သားသား မိန့်ကြားတော်မူပါသည်။ ဆရာတော်ဘုရားကြီးသည် မိမိတစ်ပါးတည်း သီလ ပြည့်စုံရန် မရည်ရွယ်ဘဲ တပည့်သံဃာများကိုလည်း ဝိနည်းအာပတ်မှ ကင်းလွတ်စေလိုတော်မူသည့် ကရုဏာမှာ အံ့သြကြည်နူးဖွယ် ဖြစ်လေသည်။

---

**ကျမ်းညွှန်း**

* ရွှေဟသ်ာတောရပါဋ္ဌိတက္ကသိုလ်ကျောင်းတိုက် ရာပြည့်မော်ကွန်းတင်စာစောင်မှ ဦးနု(ဓမ္မာစရိယ)၏ ကောင်းရာတု၍ ကောင်းမှုမြတ်နိုး။ (၂၀၀၁-ခုနှစ်) (နှာ-၃၁၉)

## ၄၂။ မှုဆိုး၏ညှွတ်ကွင်းဖြုတ်လျှင် ဘဏ္ဍာစား၊ ညှွတ်ပြန်ထောင်ခဲ့လျှင် ပါဏာတိပါတ

မြန်မာနိုင်ငံအောက်ပိုင်း သုဓမ္မကျွန်ဘဝမရောက်သေးခင် (AD ၁၈၈၂)ခန့်ကာလ ဘုန်းတော်ကြီး ဦးသီလ (AD ၁၈၃၂-၁၉၀၇)သည် ရွှေကျင်ဆိတ်ကလေးတောရကျောင်း၌နေစဉ် ဝမ်းခနိမ်ရွာသို့ ဆွမ်းခံကြွရ၏။ တစ်နေ့သော် ဆွမ်းခံကြွရင်း သားငှက်များကိုထောင်သော ညှွတ်ကွင်း၌ ခြေထောက်စွပ်မိ၍ ရှေ့မတိုးဘဲ ရပ်နေတော်မူ၏။ ညှွတ်ထောင်ထားသူမြင်လျှင် ကြောက်လန့်နေ၍ အနားသို့ မကပ်ဝံ့ချေ။ အခေါက်ခေါက်လာရောက် ချောင်းမြောင်းကြည့်၏။ ဘုန်းတော်ကြီးကား ရပ်လျက်သာ။ ညှွတ်သမားလည်း ကြီးစွာသောက ဖြစ်နေရှာ၏။ လာ၍လည်း မဖြုတ်ဝံ့၊ ကြာသော် အခြားသူတစ်ယောက်အား အဖြုတ်ခိုင်း၏။ ဘုန်းတော်ကြီးက ထိုလာသူအား-

"ဒကာ ဒါနင့်ညှွတ်ကွင်းလား"ဟု မေး၏။

"မဟုတ်ပါ"ဟု လျှောက်၍-

"သူတစ်ပါးညှွတ်ကွင်းကို မဖြုတ်နှင့်"ဟု ပယ်မြစ်တော်မူ၏။

ကိုယ်တိုင်လည်း ဝိနည်းအရ မဖြုတ်အပ်။ မဆိုင်သူ ဖြုတ်သော်လည်း ခွင့်မပြုထိုက်။ သို့နှင့် ထိုသူက ညွတ်ကွင်းရှင်အား-

"မင်းတော့ခက်တာပဲ၊ မွန်းလည်းတည့်လုပြီ၊ ဆွမ်းမစားရလို့ သေသွားရင် မင်းတော့အဝီစိပဲ"ဟု ပြန်၍ပြောရာ ညွတ်ရှင်လည်း ဝမ်းနည်းကြေကွဲစွာ ငိုယို၍ လာရောက်ဖြုတ်ရတော့၏။

"နောင်ဒီလို မလုပ်တော့ပါ၊ သည်းခံပါဘုရား"ဟု ညွတ်ကွင်းပါ လျှ၍ ကန်တော့၏။ ဘုန်းတော်ကြီးကား ဆွမ်းတစ်နပ် လစ်လပ်လေပြီ။

ဘုရားရှင်စသော သူတော်ကောင်းတို့သည် မာရ်နတ်ကြောင့် ဆွမ်းလစ်လပ်ရသော အခါမျိုးတွင် ပီတိဘက္ခ-တရား ပီတိကိုသာ စား၍နေသော ပြဟ္မာကဲ့သို့ ဝမ်းမြောက်ဝမ်းသာပင် နေတော်မူကြမြဲ ဖြစ်၏။

**ရဟန်းတစ်ပါးအနေဖြင့် ညွတ်ကွင်းကို ဖြုတ်လျှင် မိထိုက်သော သားကောင်အတွက် ဘဏ္ဍာစားထိုက်သည်၊ လျော်ရသည်။ ပြန်ထောင်ခဲ့ပြန်လျှင်လည်း ပါဏာတိပါတအပြစ် မလွတ်သဖြင့် အာပတ်သင့်ပါသည်။**

**ကျမ်းညွှန်း**

* ဓမ္မာစရိယဦးဌေးလှိုင်၏ မြန်မာနိုင်ငံ ပဋိပတ္တိ သာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ (၁၉၉၃-ခုနှစ်) နဝမအကြိမ်။ (နှာ-၂၂၁)

* ပါရာဇိကကဏ္ဍ အဋ္ဌကထာ (၁) (နှာ-၃၃၇)

## ၄၃။ သံဃိကနှင့် ပုဂ္ဂလိက ဝေဖန်ရာဝယ်

တောရဆောက်တည်ကာ တောတောင်ထဲ သီတင်းသုံးတော်မူကြသည့် တောရဂုံမြိုင်များ၌ မွေ့လျော်တော်မူကြသည့် တောပျော်မထေရ်များအနေဖြင့် မိမိသီတင်းသုံးနေထိုင်ရာ ကျောင်းဝန်းအတွင်းမှ တောကို စောင့်ရှောက်ကြရမည်မှာ သေနာသနဝတ်အနေဟု ခံယူကြရပါသည်။

တောတောင်ပျက်ပြုန်းကာ ထင်းဝါး ပါးရှားလာသောကြောင့် တောရကျောင်းတွင်းမှ သစ်ပင် ဝါးပင်ကို လူတို့ အာရုံစိုက်လာကြပါသည်။ ကျောင်းဝင်းထဲ ဆရာတော်အစဉ်အဆက် ကာလရှည်ကြာ စောင့်ရှောက်လာသော သစ်မာပင်များဖြစ်သည့် ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းပင်တို့ကို လူတို့က တဲတိုင် အိမ်တိုင်အဖြစ် ဒကာ ယောက်ျားကြီးများက ခိုးခုတ်လာကြပါသည်။ ဒကာမများက ထမင်းချက်ရန် ထင်းအလို့ငှာ သစ်ပင်ငယ် ဝါးပင်ငယ်များကို ခိုးခုတ်လာကြပါသည်။

တောရနေ ရဟန်းတော်များက ထိုထို သူခိုးဒကာ ဒကာမများကို မိမိ၌လည်း ဝိနည်းအာပတ် မသင့်စေဘဲ ကျောင်းဝန်းကို စောင့်ရှောက် နေရသည်မှာ တာဝန်ကြီးလှပါသည်။ နှစ်ဖက်အန္တရာယ်ကို ကြောင့်ကြစိုက်ကာ နေကြရပါသည်။ အခါမလပ် မေတ္တာပို့သရုံနှင့်က

လုံလောက်ချင်မှ လုံလောက်ပါသည်။ မိမိမေတ္တာပို့သနေသည်မှာ ကျောင်းဝင်းတော မနှံ့စပ်ခင် သူခိုးဒကာက ကျောင်းဝင်းထဲ အနှံ့ ပတ်လျှောက်ကာ သူကြိုက်ရာအပင်ကို ရွေးပြီး ခုတ်နေလေပြီ။

ထိုအခါ တရားရှုပွားနေသည့် ဣရိယာပုထ်ကိုပြင်ကာ တောင်ဝှေးတစ်ချောင်းနှင့် ဒုတ် ဒုတ်၊ ဒုတ် ဒုတ်ဖြင့် ထင်းခုတ်သံ ကြားရာသို့ သွားရပါသည်။ ရံခါ အန္တရာယ် တွေ့တတ်လေသည်။ သူခိုးက မာတုဂါမဖြစ်နေပါလျှင် မိမိက သတိကြီးစွာထားကာ သူခိုးမပြေးခင် တောနေရဟန်းက ဝေးလွတ်ရာသို့ စောစွာ ပြေးရပါသည်။ ဤသို့ သတိကြီးကြီးမထားမိဘဲ သူခိုးဒကာမကို ကျောင်းဝင်း သစ်ပင် မခိုးရေးတရားကို ဟောမိလျှင် ထိုဒကာမသည် တောနေ ရဟန်းကို မကျေမနပ်ဖြစ်ကာ သူ့ရွာသားများအား-

"တောရကျောင်းက ဘုန်းကြီးက ငါ့ကိုဘာပြောပါတယ်၊ ဘာလုပ်ပါတယ်"ဟု မဟုတ်တမ်းတရား စွပ်စွဲလာလျှင် ရဟန်းတစ်ပါး အဖို့ မည်သည့်သက်သေဖြင့် ဖြေရှင်းတော့မည်နည်း။ ရဟန်းကောင်း တစ်ပါးအဖို့ ထိုသို့ ဖြေရှင်း၍လည်း ပြီးပြေမည်ဟု ပြောမရပေ။

ထို့ကြောင့် တောရပျော် ဆရာတော်ဘုရားကြီးတစ်ပါးမှ-

"ဆူးပေါ် ဖက်ကျလည်း ဖက်ပေါက်တယ် ကိုယ်တော်၊ ဖက်ပေါ် ဆူးကျလည်း ဖက်ပေါက်တယ်ဆိုတာ တပည့်တော်တို့ ရဟန်းဘဝ ကို ပြောတာ သတိထားတော်မူကြပါ"ဟု ဆိုဆုံးမတော်မူဖူးပါသည်။

တစ်ဖန်သူခိုးက ဒကာဖြစ်နေပါလျှင် တရားဟောခွင့် ကြုံ လောက်မှသာ ဟောရန်ဆုံးဖြတ်ရပါသည်။ အကြောင်းမှာ သူ့လက်ထဲ

ဓားရှိနေတတ်ပါသည်။ လက်ဝယ် တုတ် ဓားဆောင်ထားသူကို တရား ဟောခြင်း ဆိုင်ရာဝိနည်းညွှန်ကြားချက် ရှိနေပါသည်။ လောလော ဆယ်လည်း အန္တရာယ် ကြုံနိုင်ပါသည်။

ရွှေဥမင်ဆရာတော်ဘုရားကြီးထံတော်ပါး နေစဉ်ကာလ ဆရာတော်ဘုရားကြီး၏ ညွှန်ကြားမှုအရ ဝါးနက်ချောင်းတောရ ရွှေဥမင်ကျောင်းကို စတင်ထူထောင်ကာ တောရဆောက်တည်၍ သီတင်းသုံးစဉ်က ဖြစ်ပါသည်။ လေထီးတပ်ထဲ ဆွမ်းခံပြန်လာပြီး ခြေလက်ဆေး ခေတ္တနားကာ ဆွမ်းဘုဉ်းပြီးခါစ ရှိသေးသည်။ ခြေသံ ကြားသဖြင့် လှည့်ကြည့်ရာ ထင်းစည်းတစ်စီးကို ပခုံးပေါ်ထမ်းလာသည့် လူတစ်ယောက် ကျောင်းဝင်းတောထဲမှ ဘွားခနဲ ထွက်လာပါသည်။ မိမိကို ပက်ပင်းတွေ့သောကြောင့် ထင်းစည်းကို ပခုံးပေါ်မှ မြေပြင်သို့ ပစ်ချကာ၊ ခါးကြားမှဓားကို မြေကြီးပေါ် ပစ်ပေါက်ပြီး မိမိနှင့် သူ၏ကြား စိုက်လိုက်ပါသည်။

"သည်တောရ ကျောင်းဝင်းထဲ ထင်းခုတ်ခွင့် ရှိမရှိတော့ မသိဘူး၊ တပည့်တော်ကတော့ ထင်းခုတ်လာခဲ့ပြီ"ဟု လျှောက် လာပါသည်။

"မင်း ထင်းထားခဲ့"ဟုဆိုလျှင် ထင်းခုတ်လုပ်အားခကို ဘဏ္ဍာ စားပေးရမည်။ "အေးအေးယူသွား" ဟုဆိုလျှင်လည်း ကုလဒူသက အနေဖြင့် သံသယဖြစ်စရာ ဖြစ်ပေတော့သည်။ ထို့ကြောင့် ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ထံပါး လျှောက်ထားကာ ဝိနည်းအဆုံးအဖြတ်

ခံယူရန် ဆုံးဖြတ်လိုက်ပါသည်။ သို့သော် မိမိသီတင်းသုံးရာ မှော်ဘီ ဝါးနက်ချောင်းနှင့် မင်္ဂလာဒုံ ပတ္တမြားမြို့သစ်ရောက်ရန် ခရီးအတန်ကြီး ကွာဝေးလှသဖြင့် ကပ္ပိယနှင့် အစစ အရာရာ ပြည့်စုံမှသာ သွားရောက် နိုင်မည် ဖြစ်ပါသည်။

ကံအားလျော်စွာ အကြောင်းတိုက်ဆုံလာပါသည်။ ပဝါရဏာကို ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ပတ္တမြားမြို့သစ် ရွှေဥမင် တောရကျောင်း၌ပြုရန် မိန့်တော်မူသည့်အကြောင်းကို ကပ္ပိယဒကာ တစ်ဦးက လာရောက်ပင့်လျှောက်ပါသဖြင့် ဆရာတော်ထံပါး သွား ရောက်ရန် အခွင့်အခါ သင့်သွားပါသည်။

အကြောင်းစုံ လျှောက်ထားအပြီးတွင် ဆရာတော်ဘုရားကြီးမှ

**"ပုဂ္ဂလိကပစ္စည်း မဆိုထားဘိ သံဃိကဖြစ်စေကာမူ မင်း အစိုးရ၊ လူဆိုး၊ ဓါးပြ၊ သူခိုးနှင့် ပတ်သက်လာလျှင် တောင်းခံ လာသည်ကို ရဟန်းက ပေးကောင်းကြောင်း ကုလဒူသက သိက္ခာပုဒ်ကို ဦးခေမာ သေချာဖတ်ကြည့်ပါဦး"**ဟု မိန့်တော်မူအပြီး- "တောနေရဟန်းများ တောကို စောင့်ရှောက်ရမည် မှန်ပါ သော်လည်း မယဉ်ကျေးသူများရဲ့ အန္တရာယ်ကို ဂရုပြုကာ ဝိနည်း ဘောင် အတွင်း စောင့်ရှောက်ရပါမယ် ဦးဇင်း"ဟု ဆက်လက် မိန့်ကြား တော်မူပါသည်။

တောထဲ သံဃိကပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ မေးခွန်းကို ဆက်လက်လျှောက်ထားပါသည်။

"ကျောင်းဝင်းထဲ တံမြက်စည်းပင်များ သဘာဝအလေ့ကျ ပေါက်နေပါတယ်ဘုရား။ ရှေးရှေးတောရကျောင်းကို မစောင့်ရှောက်ခင်ကာလက အဲဒီတံမြက်စည်းပင်တွေကို လူတွေက ရိတ်သိမ်းပြီး ရောင်းချခဲ့ကြောင်း သိရပါတယ်။ ခုဘုရားတပည့်တော် ကျောင်းကို စောင့်ရှောက်နေတော့ အဲဒီသံဃိက ဘဏ္ဍာပစ္စည်းကို ဘယ်ကဲ့သို့ သံဃာပန်ကြားပြီး ဆောင်ရွက်ရပါမလဲဘုရား၊ တံမြက်စည်းအပင် မရိတ်သိမ်းရင်လည်း တောမီးအန္တရာယ် များပါတယ်ဘုရား"

**"သံဃိကကျောင်းဝင်းထဲက ဘဏ္ဍာပစ္စည်းက သံဃိက မှန်ပါတယ်၊ ဒါပေမယ့် တောရကျောင်းမှာက ဦးခေမာတစ်ပါးထဲ သီတင်းသုံး နေထိုင်တာဖြစ်တဲ့အတွက် အခြားသံဃာ ပန်ကြားဖို့ အကြောင်းထူး မရှိပါဘူး၊ ဦးခေမာကပဲ အဲဒီသံဃိက ဘဏ္ဍာ ပစ္စည်းတွေကို အသင့်တော်ဆုံးဖြစ်အောင် စီမံခန့်ခွဲလို့ ရပါတယ်။ အဲသလို စီမံတဲ့အတွက် ဝိနည်းအာပတ်မသင့်ပါဘူး၊** မိမိသီလ ဆိုင်ရာ ဝိနည်းလမ်းကြောင်းကို ခုလိုအသေးစိတ် ဂရုပြုတဲ့ရဟန်း ရှားသွားပြီ ဦးဇင်း"

---

**ကျမ်းညွှန်း**

* သုရသုရဝဂ္ဂ၊ သေခိယကဏ္ဍ၊ ပါစိတ္တိယပါဠိ၊ (နှာ-၂၆၃)
* တတိယပါရာဇိက ဝိနီတဝတ္ထုဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍ၊ ပါရာဇိကအဋ္ဌကထာ၊(အတွဲ-၂) (နှာ-၆၇)

## ၄၄။ သတိပြုစရာ သံဃိကနှင့်ပုဂ္ဂလိက အလှူ

သာသနာတော်တွင်းရှိ ရဟန်းသံဃာတော်များသည် သံဃိက ပစ္စည်းနှင့် ပတ်သက်လာလျှင် အထူးကြောင့်ကြစိုက်တော်မူကြပါသည်။ ရှိသေသမှုလည်း ပြုကြရပါသည်။ မိမိကြောင့် သံဃိကပစ္စည်းများ အကြောင်းကြောင်းကြောင့် ပျက်စီးပါက သို့မဟုတ် ပျောက်ဆုံး သွားပါက မဖြစ်မနေ ဘဏ္ဍာစားပေးရပါသည်။

ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီး၏ သံဃိကနှင့် ပုဂ္ဂလိကပစ္စည်းအပေါ် ထားရှိသည့် အမြင်မှာလည်း နောင်တပည့် အစဉ်အဆက် အတုယူထိုက်ပေသည်။ ဆရာတော်ဘုရားကြီး ကျင့်သုံး သည်မှာ လှူဒါန်းသည့် ဒါယကာ၏ သဘောဆန္ဒမပါခဲ့ပါက-

"ဟိုဟို ဒီဒီ ယူသွားလို့ မရရင် သံဃိက၊ ဟိုဟို ဒီဒီယူသွား လို့ရရင် ပုဂ္ဂလိက"သို့ပါသော်လည်း ဒါယကာ၏ဆန္ဒမှာ သံဃိကပင် အာသီသ ပြင်းပြကလည်း သံဃိကပင် အလှူခံပေးတော်မူပါသည်။

ရံခါ ဆရာတော်ဘုရားကြီး ထံတော်ပါးမှ ခုတင်အရာ၊ ဝိနည်းအရာနည်းခံကာ ချဉ်းကပ်တော်မူကြသည့် သံဃာတော်များ ကျောင်းမှပြန်ကြွရန် ဆရာတော့်ထံပါး ဝတ်ပြုသခိုက်-

"ဘုရားတပည့်တော်များ ဤကျောင်းတိုက်၌ သီတင်းသုံး နေထိုင်စဉ် သံဃိကပစ္စည်းများ မရှိမသေ ပြုမှားမိသည်များ ရှိပါလျှင်

ခွင့်လွှတ်ပေးတော်မူပါရန်” စသည်ဖြင့် တောင်းပန်လျှောက်ထား လာကြလျှင်-

“တပည့်တော်ပိုင် ပုဂ္ဂလိကပစ္စည်းများ ပျက်စီးပါလျှင် ခွင့်မပန်လည်း ခွင့်လွှတ်ပြီးဖြစ်ပါတယ်ဘုရား၊ အကယ်၍ သံဃိကပစ္စည်းများ အရှင်ဘုရားတို့ကြောင့် ပျက်စီးခဲ့တာရှိခဲ့ရင်တော့ တပည့်တော် ခွင့်ပြု ပေးလို့မရပါဘုရား၊ ဘဏ္ဍာစားပေးမှသာ ဝိနည်းအပြစ် လွတ်ပါမည် ဘုရား၊ သနားသည်းခံရုံနှင့်လည်း မရပါဘုရား” ဤသို့ရှည်လျားစွာ ဩဝါဒစကားများ မိန့်တော်မူလေ့ ရှိပါသည်။

တစ်ခုသော ညနေချမ်းအချိန်၌ ဆရာတော်ဘုရားကြီးထံပါး (ဆရာတော်ဘုရားကြီး၏ အန္တေဝါသိကတပည့်ရင်း ထိုစဉ်က ရဟန်းငယ်မျှသာ ရှိသေးသည့် ယခု ထန်းတပင်တောရ ပဓာနနာယက ဆရာတော်) ဦးကေဝလသည် ဆရာတော်ကြီး ခိုင်းစရာ၊ မိန့်မှာစရာ များရှိပါကလည်း ညွှန်ကြားနိုင်ရန် အခါတိုင်းကဲ့သို့ပင် ချဉ်းကပ်တော် မူပါသည်။ ဆရာတော်ဘုရားကြီးအနား၌ ဝိနည်းဆိုင်ရာ စာအုပ် တစ်အုပ်တွေ့ရှိသဖြင့် ဖတ်ရှုလိုသည့်ဆန္ဒ ရှိသောကြောင့်-

“ဆရာတော်ဘုရား၊ သည်စာအုပ် တပည့်တော် ဖတ်ရှုလိုပါတယ်၊ ဆရာတော်ဘုရား ဖတ်ပြီးပါက ဘုရားတပည့်တော်အား ချီးမြှင့် ပေးတော်မူပါဘုရား”ဟုလျှောက်ထားလိုက်ရာ၊ ဆရာတော်ဘုရားကြီးမှ ခေတ္တ တွေးတောနေပြီးတော့မှ-

**“ပျော်ဘွယ်က ဒကာတစ်ယောက်က သံဃသဒေမ ဆိုပြီး ဆိုဆိုလှူလှူ လှူခဲ့တာ စာအုပ်က သံဃိကဖြစ်နေတယ်၊**

**အင်း. . . သို့သော် အဲဒီအိမ်မှာ စာအုပ်လှူစဉ်က ဒီဘုန်းကြီး တစ်ပါးတည်း ဖြစ်နေတယ်၊ တခြားသောသံဃာ မရှိကြဘူး၊ တစ်ပါးထဲပိုင်အနေနှင့် နှလုံးသွင်းထားခဲ့မိတယ်၊ ဒါကြောင့် အခြားသံဃာ၊ ပန်ကြားဖို့ မလိုတော့ဘူးလေ။ အင်း. . . ပေးရင် တော့လည်း ရတယ်၊ ဖတ်ချင်ရင် ယူသွားလေ**"ဟု ဝိနည်းရှုဒေါင့်မှ တွေးတွေးဆဆ ချင့်ချင့်ချိန်ချိန်ဖြင့် အဆုံးအဖြတ်တစ်ခု ပေးတော်မူခဲ့ပါသည်။

သာသနာတော်၌ထင်ရှားသည့် ဆရာသခင်ထံပါး ဒါယကာ တစ်ဦးမှ သာသနာတော်အတွက် အကျိုးများမည့် စာအုပ်လှူဒါန်းရန် ဆုံးဖြတ်ထားလေသည်။ ထို့ကြောင့် ထိုသဒ္ဓါတရားနှင့် ပြည့်စုံသည့် ဒါယကာသည် ဆရာတော်ထံပါး ချဉ်းကပ်ကာ ထိုထိုစာအုပ်တို့ကို သာသနာတော်အတွက်၊ စာချ စာသင် သံဃာတော်များအတွက် အကျိုးများစေရန် သံဃိကနှင့် ပုဂ္ဂလိက မည်သို့လှူဒါန်းသင့်ကြောင်း ဩဝါဒ ပြုပေးတော်မူပါရန် လျှောက်ထားရာ အသိဉာဏ်အမြော်အမြင် ပြည့်စုံသည့် ထိုဒါယကာကြီးအား ဆရာတော်ဘုရားကြီးမှ တိုတိုဖြင့် မမေ့နိုင်စရာ စကားမိန့်ကြားတော်မူပါသည်။

**"စာအုပ်တွေကို 'သံဃဿ ဒေမ'ဆိုရင်တော့ ဘီဒိုထဲထည့် သော့ခတ်ထားရုံပဲဒကာ၊ 'ဉီးဓမ္မိကဿ ဒေမ'ဆိုရင်တော့ စာအုပ်ကို စာသင် စာချသံဃာတွေ ရဲရဲဝံ့ဝံ့ ကိုင်ကြည့်နိုင်ကြမှာပါ"**

---

**ကျမ်းညွှန်း**

* အညတြပရိဘောဂပဋိက္ခေပါဒိကထာ၊ သေနာသနက္ခန္ဓက၊ စူဠဝဂ္ဂအဋ္ဌကထာ၊ (နှာ-၈၆-၈၇)

## ၄၅။ သူခိုးကို ဘေးကင်းရာလမ်းသို့ ညွှန်ပြတော်မူသည့် ရွှေဥမင်ဆရာတော်

ရွှေဥမင်ဆရာတော်ဘုရားကြီးသည် ရွှေဥမင်စာသင်တိုက် (တောင်ကျောင်း) ဆရာတော်၊ အနန်းပင်တောရ စာသင်တိုက် (မြောက်ကျောင်း) ဆရာတော်တို့နှင့်အတူ ရာသီဥတုကောင်းမွန်သည့် ညနေပိုင်းတို့တွင် စင်္ကြံကြွတော်မူလေ့ရှိပါသည်။

အသက်အရွယ် ကြီးရင့်တော်မူသည့် အနန်းပင် ဆရာတော်ဘုရားကြီးသည် မမာမကျန်းဖြစ်နေသဖြင့် ရွှေဥမင်ဆရာတော်ကြီးက ကပ္ပိယများခေါ်ပြီး အနန်းပင်ကျောင်းသို့ စင်္ကြံမကြွခင် ဆေးဆက်ကပ်ရန် ကြွတော်မူပါသည်။

ထိုတစ်ညနေ ဆရာတော်ကြီး စင်္ကြံလျှောက်တော်မူရာ နေဝင်ပြီး ဝိုးတဝါးမှောင်ရိပ်ပျိုးမှ သိတင်းသုံးရာကျောင်းသို့ ရောက်ရှိလာပါသည်။ ဆရာတော်ဘုရားကြီးအား စင်္ကာပူနိုင်ငံက ဒါယကာများ လှူဒါန်းထားသော Aiwa ကက်ဆက်ကို သူခိုးဒါယကာတစ်ဦးက ပခုံးထက်ထမ်းပြီး ကျောင်းတံခါးမှအထွက် ဆရာတော်ဘုရားကြီး ကျောင်းတံခါးမှ အတွင်းသို့အဝင် ပက်ပင်း ကြုံဆုံတော့သည်။

ဆရာတော်ဘုရားကြီးက တစ်စုံတစ်ရာ မိန့်ကြားလို၍ "ဟော့ ဒကာ"ဟုခေါ်ရာ ဒကာသူခိုးမှာ တံခါးအထွက် ပခုံးပေါ်မှ ကက်ဆက်ကြီးနှင့် အဆင်မပြေဖြစ်နေသဖြင့် ဆရာတော်ကြီးကို တိုး၍ ထွက်သွားရာ ရွှေဥမင်ဆရာတော်ဘုရားကြီးက-

**"ဒကာ ခဏနေဦး၊ ဒကာ ခဏနေဦး၊ အဲဒီလမ်းက အစောင့်အကြပ်တွေ ထူထပ်တယ်၊ ဟော့ဒီလမ်းဘက်က သွားရင် ဘေးကင်းလိမ့်မယ် ထင်တယ်"ဟု မိန့်တော်မူရာ သူခိုးဒါယကာကြီး သဘောပေါက်သွားဟန် တူပါသည်။ ဘေးကင်းသော လမ်းကို ရွေးချယ်၍ ကျောင်းဝန်းပြင်ပသို့ ထွက်ခွာသွားပါသည်။**

ထိုအချိန်က ရွှေဥမင်ကျောင်း၏ အနောက်ဘက် ကပ်လျက်ရှိသော မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ် (၅၀၂)မှ လုံခြုံရေး အစောင့်အကြပ်များ ထူထပ်စွာ ချထားသည့်ကာလ ဖြစ်ပါသည်။

## ၄၆။ ငါ ဧရာတ်ကောင်း အလိုရှိသည်ဟုမဆို သည်ဖျင်ကို ဧရာတ်ကောင်းဖြစ်စေဟူ၍ ငါဆိုသည်

တစ်ရံရောအခါ မန်လည်ဆရာတော် ဆေးဖော်ရန် ငရုတ်ကောင်းအလိုရှိ၍ ကပ္ပိယလူတပည့်ကို-

“ငရုတ်ကောင်း ရှာချေ၊ သည်ဖျင် ငရုတ်ကောင်းဖြစ်စေ” ဆိုတော်မူသည်ကို ကပ္ပိယတပည့် ရွာထဲသွားပြီး ထိုဖျင်ဖြင့် ဆရာတော်ကြီး ငရုတ်ကောင်း အလိုရှိကြောင်းကို ပြော၍ဝယ်လျှင် ငရုတ်ကောင်းရှင် ဖျင်ကို မယူ၊ ငရုတ်ကောင်းအများ လှူလိုက်သည်၊ ထိုအကြောင်းကို တပည့်က အကုန်အစင်လျှောက်သော် -

**“သည်ဖျင်ကို ငရုတ်ကောင်း ဖြစ်စေလောဟုသာ ငါဆိုသည်၊ ငါ ငရုတ်ကောင်း အလိုရှိကြောင်းကို ငရုတ်ကောင်းရှင်အား ပြောဟု ငါမဆို၊ နင့်ငရုတ်ကောင်းကို နင်ယူ၊ ငါ့ဖျင်ကို ငရုတ်ကောင်း ဖြစ်စေ၊ ရှေးအတူ မပြောနှင့်**”ဟု မိန့်တော်မူသည်၊ ကပ္ပိယ ပြော၍ ရရှိအပ်သော ငရုတ်ကောင်းကို သုံးတော်မမူချေ။

---

**ကျမ်းညွှန်း**

* မဟာဒွါရနိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ (၁၉၅၅ ခုနှစ်) (နှာ-၂၇၀)
* ကယဝိက္ကယသိက္ခာပဒဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍအဋ္ဌကထာ (အတွဲ-၂) (နှာ-၂၇၉)

# ၄၇။ ရဟန်းတရား ချွတ်မည်ကို စိုးရိမ် လောကဝတ် ချွတ်မည်ကို မစိုးရိမ်

**'သူတော်ကောင်းရဟန်းတို့မည်သည် သီလစသော ရဟန်းတရားချွတ်မည်ကိုသာစိုးသည်။ လောကဝတ် ချွတ်မည်ကို တစ်စိုးတစ်စိမျှမစိုး'**ဟူ၍ ရှေးဆရာမြတ်တို့၏ ဆိုထုံးအတိုင်း လယ်တီတောရ ဆရာတော်သည် မိမိ၏ကျင့်ဝတ်ပဋိပတ်ကိုသာ မပျက်စေရန် စွဲမြဲစေပြီး ဒကာ, ဒကာမနှင့် ဆက်ဆံရာ၌ နှုတ်ထွက်မာသည်။ လောကဝတ်ပြုခဲသည်။ ကုဟန,လပန,ကုလဒူသက,အာပါထကဇ္ဈာယ, မိစ္ဆာဇီဝဟူသော ကုဟနဝတ္ထုတို့မှ ကင်းအောင်နေတော်မူ၏။

လယ်တီတောရဆရာတော်သည် ရဟန်းခံစဉ်ရလာသော သံသပိတ်ကြီးကို လက်စွဲထားကာ ဆွမ်းခံဝတ်ဖြင့် အသက်မွေးတော်မူလေသောကြောင့် ဆွမ်းဒကာ, ကွမ်းဒကာဟု သံယောဇဉ်မရှိပေ။ ထိုတစ်လံမျှသော ခန္ဓာဝမ်းတစ်ထွာအတွက်ကြောင့် မည်သည့်ပုဂ္ဂိုလ်ကိုမျှ ကုလဒူသကပြု၍ ရှာမှီးဖွယ် အကြောင်းမရှိ။

**ဆရာတော်ကြီးသည် တောရနေစဉ်အခိုက် ဆွမ်းခံရလာလျှင် မွှန်မွှန်မြတ်မြတ်ကို ဘုရားဆွမ်းတော် တင်သည်။ သူနာနှင့်သင့်သော အစားအစာခဲဖွယ်ကို သူနာရှိလျှင် ပို့ပေးသည်။ ထိုမှအကြွင်းကို မျှတရုံ ဘုဉ်းပေးသည်။ သပိတ်ဖြင့် ဘုဉ်းပေးခြင်းသာဖြစ်ပြီး သပိတ်ကို ဆေးကြောပြီးက နေ့အခါ ရေမွတ်သိပ်လျှင်သောက်ရန် ရေကိုဖြည့်၍ထားသည်။ လယ်တီတောရဆရာတော်၌ ပန်းကန်ခွက်ယောက် ဇွန်း ပန်းကန်လုံး ရေခွက်စသည် ဗာဟီရဟူ၍ ဘာမျှမရှိ။**

ထို့အတူ လယ်တီတောရကြီးအတွင်း၌ ကပ်မိုး, ကပ်ကာ ဝါးတဲ ကျောင်းကလေးများသာရှိပြီး ကြီးကြီးမားမား ထည်ထည်ဝါဝါ ကျောင်းကြီးမရှိသည့်အတွက် ကျောင်းဒကာဟူ၍လည်း ငဲ့ကွက်စရာ မလိုပေ။ ထိုကျောင်းဒကာစသော ပုဂ္ဂိုလ်တို့ ကြည်ညိုစေရန် မိမိ ကိုယ်၌ ပြုပြင်ရသော အမူအရာလည်းမရှိ။ ဝိနည်းကို ရိုသေခြင်း၊ သုတ်, အဘိဓမ္မာကို ရိုသေခြင်းငှာ ပြကတေ့သောစိတ်ဖြင့်သာ မပြု ပြင်သော ကိုယ်အမူအရာဖြင့် အစဉ်သုံးနေတော်မူသော လယ်တီ တောရဆရာတော်ကား အနေအထိုင်ကောင်းသည်ဟု ထင်ရှား၍ ချဉ်းကပ်ကြည်ညိုသူ တစ်နေ့တခြား ပေါ်များလေ၏။

ရှေးစကားရှိကြသည်မှာ လယ်တီဆရာတော်ကြီး၏ မျက်နှာ တော်သည် တင်းမာ ခက်ထန်သည့်အတွက် ဒကာများ မချဉ်းကပ် ဝံ့ကြ။ တပည့်များလည်း အလွန်ကြောက်ကြရသည်ဟူ၏။ ပမာအားဖြင့် သက်န်းလှူလိုသော ဒကာသည် ဆရာတော်ကြီး ချိုးရေသုံးသပ်စဉ် အခါ ချိုးရေအိမ် ကုဋီအနား၌ ပွံသကူပစ်၍ ထားရ၏။ ထိုသို့ထားရာ မှာလည်း ဖျင်သင်္ကန်းမှသာ ကောက်တော်မူ၏။ ပိုးဖဲစသည်ကို စိုးရွံ့တော်မူသည်၊ မသုံးဆောင်ဟူ၏။

**ရပ်ရွာတွင်းဆွမ်းပင့်၍ ဆွမ်းဘုဉ်းရာ၌ နီးရာဟင်းခွက်ကို ဘုဉ်းပေးတော်မူ၏။ ကျော်၍လှမ်း၍ ဘုဉ်းပေးလေ့မရှိ။ ဆွမ်းကပ်သူ ဒကာက ဟင်းကောင်းကြောင်း စကားထည့်သော် ထိုဟင်းကို မသိဟန် ပြုနေတော်မူသောအလေ့ ရှိပါသည်။**

---

**ကျမ်းညွှန်း**

* ဦးအောင်မွန်(မြတ်ဆုမွန်)၏ လယ်တီဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ်။ (၂၀၀၇-ခုနှစ်)ဒီဇင်ဘာလ၊(နှာ-၃၉၃)

## ၄၈။ ဖျင်ကို ငါမရောင်းခိုင်း ဒီဖျင် ကြိမ်ဖြစ်စေသော ငါဆို့သည်

ရွှေတောင်ဆရာတော်ဘုရားကြီးကား အတိဂမ္ဘီရဉာဏ် ရှိလှသည်။ စတုက္ကနိပါတ်ဇာတ် အဋ္ဌကထာနိဿျ ပဥ္စကနိပါတ်ဇာတ် အဋ္ဌကထာနိဿျ ဝိထိလက်ရိုး သုဗောဓာလင်္ကာရ စာကိုယ်နိဿျ သမ္မော အဋ္ဌကထာဂဏ္ဌိကျမ်းများကို စီရင်တော်မူသည်၊ ထိုဆရာတော်အား သားတော် ပြည်မြို့စားကောင်းမှု တုလွှတ်ဘုံစံကျောင်းတော်ကို တင်လျှုသောအခါ မင်းတရားကြီးကိုယ်တော်တိုင် ရေစက်သွန်းတော်မူပြီးလျှင် ဆရာတော်ကြီး ရှစ်ပါးကို လက်အုပ်ချီ၍ မေးတော်မူသည်။ မည်သည့် ဆရာတော်မျှ စကားမပြွက် ယပ်ကာ၍သာ နေကုန်သည်။ မည်သည့်ဆရာတော်ပါဘုရားဟု ဘွဲ့အမည်ကိုခေါ်ကောက် လျှောက်ထားသောအခါမှ နှုတ်မြွက်တော်မူသည်။ ရှေးဆရာတော်ကြီးတို့သည် သို့စဉ် သိမ်းဆည်းတော် မူကြကုန်သည်။

တစ်ရံရောအခါ ရွှေတောင်ဆရာတော် ကြိမ်အလိုရှိ၍ ကပ္ပိယ လူတပည့်ကို ကြိမ်ရှာချေ။

"သည်ဖျင် ကြိမ်ဖြစ်စေ"ဆို၍ ဖျင်တစ်ထည် ပေးတော်မူ လိုက်သည်။ တပည့်က ယူသွားပြီးလျှင် ဖျင်ကို ငွေဖြင့် ရောင်း၍ ထိုငွေဖြင့် ကြိမ်ဝယ်လာသော် ကြိမ်များလှသည် မိန့်တော်မူသည်။ ငွေဖြင့် ရောင်းပြီးမှ ဝယ်သောကြောင့် ကြိမ်အများရပါသည် လျှောက်လျှင်-

**"နင့်ကို ဖျင်ရောင်းမခိုင်း၊ သည်ဖျင် ကြိမ်ဖြစ်စေသာ ငါဆိုသည်၊ နင့်ကြိမ်ကို နင်ယူ၊ ဖျင်အသစ် သည်ကယူ၍သွား၊ သည်ဖျင်ကြိမ်ဖြစ်စေ။ ရှေးအတူ မပြောနှင့်"** ဆိုတော်မူသည်။ ကပ္ပိယ ဖျင်ကိုရောင်း၍ ငွေဖြင့်ဝယ်အပ်သောကြိမ်ကို သုံးတော် မမူချေ။ ထိုမျှ အာဇီဝပါရိသုဒ္ဓိ ဖြစ်တော်မူလှသည်။

**ကျမ်းညွှန်း**

* မဟာဒွါရနိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ (၁၉၅၅ ခုနှစ်) (နှာ-၅၄၆၊ ၅၄၇)
* ကယဝိက္ကယသိက္ခာပဒဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊ (အတွဲ-၂) (နှာ-၂၇၉)

# ၄၉။ ရေနွေးကြမ်းကို လက်ကိုင်ပါသည့်ခွက်ဖြင့် ဘုဉ်းပေးတော်မူသည်

ပန်းကုံးဆရာတော်ဘုရားကြီးသည် ရေဘုဉ်းရာတွင်ဖြစ်စေ၊ ရေနွေးဖျော် ဘုဉ်းပေးရာတွင်ဖြစ်စေ၊ ရေနွေးကြမ်း ဘုဉ်းပေးရာတွင် ဖြစ်စေ လက်ကိုင်ပါသည့်ခွက်ကိုသာ သုံးတော်မူလေ့ရှိပါသည်။

လက်ကိုင်မပါသော် ခွက်ဖြင့်ရေအေးကို ဘုဉ်းပေးရာတွင် မဆိုသာသော်လည်း အပူကိုဘုဉ်းပေးရာတွင်မူ ပူနေသဖြင့် အချိန်ယူ၍ အကြိမ်ကြိမ်ကိုင်လိုက် ချလိုက် ပြန်ဘုဉ်းပေးလိုက် ပြုရသော ကြောင့် လက်မှ ဖုန်မှုန့်များနှင့်ရောကာ အာမိသများ ကပ်ပါနိုင်စရာ အကြောင်းရှိလေသည်။ လက်ကိုင်ပါလျှင်မူ အပူသက်သာစရာလည်း ကောင်း ဝိနည်းလမ်းကြောင်းအရလည်းကောင်း သင့်လျော်ပေသည်။

ထို့ကြောင့်မထေရ်မြတ်များက "ဆွမ်းဘုဉ်းပြီးလို့ လက်ဆေးပြီးတဲ့အခါ လက်သုတ်ပဝါနှင့် မသုတ်ရဘူး။ သင်္ကန်းကိုလည်း မကိုင်ရဘူး။ အဲဒါတွေ ထိလိုက်ကိုင်လိုက်ရင် အမှုန်ကလေးတွေ လက်မှာ ကပ်ပါတတ်တယ်၊ ဒါကြောင့်အချိုပွဲ ဘုဉ်းပေးဖို့ရာ လက်ကိုတစ်ခါ စင်ကြယ်အောင် ဆေးမှဖြစ်မယ်၊ နို့မဟုတ်ရင် ဖုန်တွေနဲ့အာမိသတွေ ကပ်ငြိပြီးတော့ ပါးစပ်ထဲကို ရောက်သွားလို့ရှိရင် အာပတ်သင့်တတ်တယ်"ဟု ဆုံးမတော်မူလေ့ ရှိပါသည်။

---

**ကျမ်းညွှန်း**

* ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ ပါစိတ္တိယကဏ္ဍ၊ ပါစိတျာဒိ အဋ္ဌကထာ။ (နှာ-၁၀၉)

## ၅၀။ သိမ်သိမ်မွေ့မွေ့ မသိမသာဖြင့် အကပ်ပျက်သွားတတ်ပါသည်

"သံဃာတော်များ ဆွမ်းစားကြွလာသည့်အခါ နေရာထိုင်ကို ညင်သာစွာ ခင်းကြရသည်၊ သံဃာတော်များ စားသောက်နေတုန်းမှာ ဖျာ စသည်တို့ကို အကြမ်းပတမ်း မသိမ်းရ၊ တံမြက်လှည်းခတ်မှုကို မပြုရ၊ **ဆွမ်းဇလုံကို တစ်ပါးနှင့်တစ်ပါး လှမ်းပေးသည့်အခါမှာ အကပ်ခံပြီးခွက်များပေါ်မှ ဖြတ်ကျော်၍ မပေးရ၊ ဆေးကြောပြီး စားမည့်လက်ဖြင့် ဆွမ်းဇလုံ စသည်တို့ကို အကပ်မခံရ၊ ဘယ်လက်ဖြင့် သာ အကပ်ခံရမည်**၊"အစရှိသည်ဖြင့် ပဋ္ဌာတာရုံတိုက်သား များ လိုက်နာ လုပ်ကိုင်နေကြရသော စည်းကမ်းများမှာ မြူမှုန်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော စည်းကမ်းများဖြစ်သည်၊ မြောင်းမြ ဆရာတော်ဘုရားကြီးသည် ယင်းမြူမှုန်နှင့် စပ်၍လည်း မကြာမကြာ ဩဝါဒ ပေးလေ့ရှိပါသည်။

ဆွမ်းစားသည့်အခါ ဖုန်မကျရအောင် အမြဲသတိပြုရမယ်၊ လှည်းတို့ ကားတို့ မောင်းနှင်သွားသည့် အခါမျိုးမှာ ထတဲ့မြူမှုန်ကို 'ရထရေဏုမြူ'လို့ ခေါ်တယ်၊ ဆွမ်းစားနေတုန်း အကပ်ခံပြီး စားစရာ သောက်စရာထဲကို ကျလာရင် အကပ်ပျက်တယ်၊ ထပ်အကပ်ခံမှ အပ်တယ်။

ဆွမ်းစားပြီးလို့ လက်ဆေးပြီးတဲ့အခါ လက်သုတ်ပဝါနဲ့ မသုတ်နဲ့၊ သင်္ကန်းကိုလည်း မကိုင်နဲ့၊ မသုတ်မဖြစ်လို့ မကိုင်မဖြစ်လို့ သုတ်မိ ကိုင်မိရင် လက်ကိုပြန်ပြီး စင်ကြယ်အောင်ဆေးပြီးမှ အချိုပွဲကို စားရမယ်။

တချို့က ဆွမ်းစားရင်း လက်သုတ်ပဝါနဲ့ ပါးစပ်ကို သုတ်လိုက်

ဆွမ်းစားလိုက် လုပ်တတ်သေးတယ်၊ ဒါလည်း မအပ်ဘူး၊ လက်သုတ်ပဝါမှာ ပါလာတဲ့ဖုန်တွေ အာမိသတွေက နှုတ်ခမ်းမှာ ငြိကပ်ကျန်နေပြီး ပါးစပ်ထဲကို ရောက်သွားမယ်ဆိုရင် အလိုလို စားရင်းသောက်ရင်း အာပတ်သင့်တော့တာပဲ၊ ဒါကြောင့် တို့ဆီမှာ 'ဆွမ်းစားလာရင် လက်သုတ်ပဝါ ယူမလာနဲ့'လို့ လုပ်ထားရတာပဲ။

'အင်္ဂလဂ္ဂဖြစ်တဲ့ အင်္ဂါကြီးငယ်နဲ့ ငြိကပ်နေတဲ့ အရာဝတ္ထုများ အကပ်ခံစရာမလိုဘူး'လို့ စာကဆိုထားတာကို အဓိပ္ပါယ်အကောက် လွဲတတ်တယ်၊ လက်ကပ်နေတဲ့မြူမှုန် ပါးစပ်ကပ်နေတဲ့ မြူမှုန်များဟာ မအပ်ပါဘူး၊ ဒါကြောင့် လက်နဲ့ ပါးစပ်တို့ကို စင်ကြယ်အောင် ဆေးပြီးမှ စားရတယ်။

**အကပ်ခံစရာ မလိုတဲ့ အင်္ဂလဂ္ဂဆိုတာဟာ လက်မှာ မင်ဖြစ်ဖြစ် ဆေးရည်တစ်ခုခုဖြစ်ဖြစ် ကိုင်တွယ်မိလို့ လက်ပေကျံသွားမယ်၊ ဆပ်ပြာနဲ့ တိုက်ချွတ်ဆေးပစ်ပေမယ်လို့ မစင်ဘူး၊ အဲဒီလိုဟာမျိုး၊ ဆွမ်းစားပြီး ကြည့်လိုက်တော့ လက်မှာအစွန်းအထင်း မရှိတော့ဘူး၊ ဒါမျိုးကို ဆိုတာဖြစ်တယ်။**

**'အင်္ဂလဂ္ဂမဝိစ္ဆိန္န, ဒန္တကွိကဏ္ဏဂူထကံ'စသည်ဖြင့် ခုဒ္ဒသိက္ခာမှာ ဆိုထားတာတွေလည်း ရှိသေးတယ်၊ ကိုယ်အင်္ဂါက ပြတ်မကျသေးတဲ့ ကိုယ်အင်္ဂါမှာ ငြိကပ်နေတဲ့ သွားချေး, မျက်ဝတ်, နားဖာချေး, ကိုယ်မှာ ချွေးထွက်လို့ဖြစ်နေတဲ့ ဆား, မျက်ရည်, တံတွေး, နှပ်, ကျင်ကြီး, ကျင်ငယ်-စသည်တို့ဟာ ကိုယ်မှ ပြတ်မကျသေးရင် အကပ်ခံစရာမလိုတဲ့ အရာဝတ္ထုတွေပဲ။"**

## တံသမုဋ္ဌိတနှင့် နဝသမုဋ္ဌိတ

အကပ်ခံပြီးသော အရာဝတ္ထုသည် မြူမှုန်ကြောင့်သာ အကပ်ပျက်တတ်သည် မဟုတ်ပါ၊ နဝသမုဋ္ဌိတ ဖြစ်ပေါ်လာလျှင်လည်း

အကပ်ပျက်တတ်ပါသေးသည်၊ ယင်းနဝသမုဋ္ဌိတမှာ သိခဲ မြင်ခဲ သတိထားခဲသော အချက်တစ်ခု ဖြစ်ပါသည်၊ သို့ဖြစ်၍ နဝသမုဋ္ဌိတ အကြောင်းကိုလည်း ဩဝါဒပေးရင်း အောက်ပါအတိုင်း မိန့်ကြား တတ်ပါသည်။

"ပြီးတော့ 'တံသမုဋ္ဌိတနဲ့ နဝသမုဋ္ဌိတ' ဆိုတာမျိုးတွေလည်း ရှိတတ်သေးတယ်၊ တံသမုဋ္ဌိတဆိုတာဟာ အကပ်ခံပြီးပစ္စည်းဝတ္ထုမှာ နဂိုထဲကိုက ရှိနေတဲ့ဥစ္စာပဲ၊ ဥပမာ-ထန်းလျက် မှိုတတ်လာတာမျိုး၊ ချင်းတက်မှာ အမှုန်အမွှား ဖြစ်ပေါ်လာတာမျိုး၊ အညွန့်ပေါက်လာ တာမျိုး၊ သဘော်သီးစိမ်း အကပ်ခံပြီး ဓားနဲ့ အခွံနွှာလိုက်တဲ့အခါ အစေးပေါ်လာတာမျိုး၊ အဲဒါတွေဟာ တံသမုဋ္ဌိတတွေချည်းပဲ၊ ပြန် အကပ်ခံစရာ မလိုဘူး"။

**"ကြံကို အကပ်ခံပြီး အခွံသင်လိုက် နွှာလိုက်တဲ့အခါ ဓား မသန့်ရှင်းလို့ရှိရင် ညိုညစ်ရောင် သန်းလာတတ်တယ်၊ သရက်သီးကို ဓားနဲ့လှီးတဲ့အခါမျိုးမှာလည်းပဲ အဲဒီလို ညိုညစ် ရောင်မျိုး ပေါ်လာတတ်တယ်၊ အဲဒါမျိုးကို 'နဝသမုဋ္ဌိတ'လို့ခေါ် တယ်၊ သူ့ကို ပြန်ပြီးအကပ်ခံရမယ်၊အကပ်မခံဘဲ မစားကောင်း တော့ဘူး။"**

ဤသို့ စသည်ဖြင့် ပါဠိတော် အဋ္ဌကထာမှာ တိုက်ရိုက်ပါနေ စေကာမူ စာသင်သားငယ်များ အသိအမြင်နည်းပြီး မကြာမကြာ တွေ့ရတတ်သော အပြစ်ကလေးများကို ဩဝါဒပေးရင်း ထည့်သွင်း ဆုံးမတော်မူလေ့ ရှိပါသည်။

---

**ကျမ်းညွှန်း**

* ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတျာဒိ အဋ္ဌကထာ။ (နှာ-၁၁၁)
* ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတျာဒိ အဋ္ဌကထာ။ (နှာ-၁၁၃)
* ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတျာဒိ အဋ္ဌကထာ။ (နှာ-၁၂၀)
* ပန်းကုံးဆရာတော် အရှင်ကုမာရ၏ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ (၂၀၁၁-ခုနှစ်) ဒီဇင်ဘာလ၊ တတိယအကြိမ် (နှာ-၁၈၆-၁၈၇)

## ၅၁။ ထန်းလျက်ခဲ နှစ်ခဲကြောင့် ဒေသနာကြား

တစ်နေ့တွင် သပြေကန်ဆရာတော်ဖြစ်လာလတ္တံ့သော ဦးပဥ္စင်း အရှင်ဝါသေဌသည် သံဃာများ သုံးဆောင်ရန်ထားသော ထန်းလျက်တောင်းထဲမှ ထန်းလျက်နှစ်ခဲကို နှိုက်ယူလိုက်သည်။ ဤသည်ကို မြင်သွားသော ဘုရားလေးခေါ် မောင်အောင်ကြီးက-

**"အဲဗျာ ဒီဦးပဥ္စင်းက ဘယ်လိုဦးပဥ္စင်းလည်း မသိဘူး၊ ကိုရင်ဘဝနဲ့ ဝိနည်းငါးကျမ်းလည်း ပြန်တယ်ပြောသေး၊ ပြီးတော့သံယုတ်ငါးကျမ်းလည်း ပြန်တယ်ပြောသေး၊ အကပ်လည်းမခံဘဲနဲ့ ထန်းလျက်ခဲတွေ နှိုက်ယူရသလား"**တဲ့။ ဤတွင် ဦးပဥ္စင်းအရှင်ဝါသေဌမှာ စိတ်မဆိုးဘဲ မျက်နှာမှာ ဝင်းလက်သွားပြီး ဝမ်းမြောက်သည့် အသွင်အပြင် ဖြစ်လာကာ-

"အေး ဟုတ်တယ်၊ မင်း ပြောတာမှန်တယ်၊ ငါ မင့်ကိုကျေးဇူးတင်တယ်"ဟု ပြောကာ ထန်းလျက် နှစ်ခဲကို သင့်တော်ရာမှာ လွှတ်ပစ်လိုက်သည်။

ထို့နောက် အရှင်ဝါသေဌသည် သင်္ကန်းကို သပ်သပ်ရပ်ရပ် ပြန်လည်ဝတ်ပြီး အဘယာရာမ ဆရာတော်ကြီးထံသို့ သွားရောက်

သည်။ “ ဦးပဥ္စင်း ဘာကိစ္စတုန်း”၊ ဆရာတော်ကြီးက တုံးတုံးတိတိပင် မေးလိုက်သည်။

“တပည့်တော် ဒေသနာကြားချင်လို့ပါ”၊

“အေး လာ”ဟု ဆိုကာ ဒေသနာကြားလိုက်သည်၊ ဒေသနာကြားပြီးမှ-

“အချိန်မှန်မဟုတ်ဘဲ ဒီအချိန်မှာ ဘာလို့ဒေသနာကြားရတာ တုန်း”၊ အဘယာရာမ ဆရာတော်ကြီးကမေးရာ အရှင်ဝါသေဌက အကျိုးအကြောင်းပြန်၍ လျှောက်ထားသည်။

“အေး အောင်ကြီးနဲ့တွေ့လို့ အောင်ကြီးနဲ့သာမတွေ့ရင် ဦးပဥ္စင်းက ဘယ်လောက်အကြာကြီး မှားနေဦးမလဲ မသိဘူး” မိန့်တော်မူလိုက်သည်။

ဆရာတော်ကြီးထံ ဒေသနာ သွားကြားသည်ဟုသိသော ပဲခူး ကျောက်တန်း မဟာဗောဓိတိုက်မှ ပညာလာသင်နေသော ဦးပညာ သိရီက “ဦးဝါသေဌရယ် တပည့်တော်တို့နဲ့ ဒေသနာကြားလည်း ပြီးတာပဲ၊ ဆရာတော်ကြီးဆီ သွားရတယ်လို့”ဟု လျှောက်တော့ “ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ပိုပြီးလေးနက်အောင်လို့လေ၊ နောက်ပြီးကိုယ့်ကိုယ်ကို ဆုံးမလို့ မနိုင်မှာစိုးတာလည်း ပါပါတယ်”တဲ့ အရှင်ဝါသေဌက ပြောလိုက်သည်။

---

**ကျမ်းညွှန်း**

* သပြေနွယ်၏ သာရိပုတ္တရာအလား ဒို့ဆရာတော်ဘုရား။ သပြေကန်ထေရ ရာပြည့်ဂုဏပူဇာ(၂၀၁၂-ခုနှစ်) (နှာ-၃၆၁)

* ဒန္တပေါနသိက္ခာပဒ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ (နှာ-၁၂၁)

## ၅၂။ ဘုဉ်းပေးရာမှာ အာပတ်မသင့်စေချင်

ဆွမ်းလုတ်မလာခင် အဝေးကြီးက ပါးစပ်ကြီး ဖွဲမထားရဘူး၊ ဒီစည်းကမ်းတွေက ဝိနည်းစည်းကမ်းတွေ၊ အဲဒီလို ပါးစပ်ကြီး ဖွဲထားတယ်ဆိုရင် လူမြင်ကောင်းတာ မဟုတ်ဘူး၊ အပ်လည်း မအပ်ဘူး၊ အဲဒါတွေ သတိထား၊ ပြီးတော့ လက်ချောင်းတွေကို ပါးစပ်ထဲ မရောက်စေရဘူး၊ သူ့ဟာနဲ့သူ ကြည့်ပြီးတော့ အသားလေး ထည့်လိုက်ရတယ်၊ စားတာသောက်တာကစပြီးတော့ အဲဒီလို သပ်သပ်ရပ်ရပ်လုပ်ပါ။ အကပ်ခံတာကျတော့လည်း တပည့်တော်တို့ ဒီအကပ်ခံတဲ့နေရာမှာ ဘယ်ဘက်နဲ့သာ အကပ်ခံရတယ်၊ ညာဘက်လက်က ဆေးထားပြီးပြီ၊ ညာဘက်လက်နဲ့ အဲဒီ အကပ်ခံတဲ့ဇလုံရဲ့ အပြင်ဘက်တို့ ဘာတို့ကို မထိရဘူး၊ ဘယ်ဘက်နဲ့ အသာလေး အကပ်ခံထားရတယ်၊ **ဘယ်ဘက်နဲ့ အကပ်ခံပြီးတော့မှ စားရတယ်၊ ဆွမ်းမစား လက်မဆေးခင် ညာဘက်နဲ့ အကပ်ခံတာကတော့ ကိစ္စမရှိဘူး။**

**ဆွမ်းဇလုံ ပေးတဲ့အခါကျလည်း သပိတ်ပေါ်က ကျော်မပေး ရဘူး၊ ဖုန်တွေ သဲတွေ ကျကုန်မယ်၊ အကပ်ပျက်ကုန်မယ်၊ တစ်ပါး နဲ့တစ်ပါး ဆွမ်းလိုလို့ရှိရင် ဆွမ်းဇလုံကိုင်ပြီး“အရှင်ဘုရား ဆွမ်း လိုသေးလား”လို့ မမေးနဲ့၊ မေးလို့ရှိရင် ဘာဖြစ်မလဲ၊“ဟင့်အင်း တော်ပြီ”လို့ဆိုရင် ကိုယ်ကလည်း ဆွမ်းဇလုံကို ကိုင်ထား မ,ထား တယ်၊“တော်ပြီ”လို့ ဆိုလိုက်ရင် ပဝါရိတ်သင့်သွားမယ်၊** ဝိနည်း သိက္ခာပုဒ်က တချို့နေရာ ရှောင်တတ်လို့ရှိရင်လည်း လွယ်လွယ်လေး၊ မရှောင်တတ်လို့ရှိရင် အဲဒီဟာ ဘာမဟုတ်တာနဲ့ အပြစ်ဖြစ်တတ် တယ်၊ ဒီတော့ အသာလေး မ,ပြီးတော့ သူလိုမယ်ထင်လို့ရှိရင် အသာ လေးရှေ့ပေးလိုက်၊ ဒါမှမဟုတ် မေးချင်လို့ရှိရင် ဇလုံကို ကိုင်မထားနဲ့၊ ဒီထဲမှာ မေးနေလည်း မကောင်းပါဘူး၊ မေးချင်လို့ရှိရင် ဇလုံမကိုင်ခင် မေးရတယ်။

ပြီးတော့ ကပ်တဲ့နေရာမှာကျတော့ ဥပမာ ဆွမ်းဟင်းတွေ လာလိုက်တယ်။ဆွမ်းဟင်းတွေ လိုက်(ထည့်)ဖို့ ယူလာတဲ့အခါ ဟင်းခွက် တွေထဲမှာ ကျကျန်ရစ်ခဲ့ပေမယ့် အကပ်မြောက်ပြီးသား ဘာမှမဖြစ်ဘူး၊ ပြန်ရုတ်လိုက်တဲ့အခါ အဲဒီဇွန်းထဲက ကျကျန်လိုက်တဲ့ ဟင်းရည်က ဟင်းခွက်ထဲကျလို့ရှိရင် အဲဒါ အကပ်မမြောက်တော့ဘူး ပြန်အကပ်ခိုင်းပါ။ အကပ်မြောက်တဲ့ အင်္ဂါတွေရှိတယ်၊ **“ရှေးရှု လည်းဆောင်၊ နှစ်တောင့်ထွာရောက်။ မြောက်နိုင်ဝတ္ထု၊ သုံးခု ပေးခြင်း၊ ခံခြင်းနှစ်လျောက်၊ ကပ်ခံမြောက်၊ မှတ်လောက်အင်္ဂါ ငါးပါးတည်း”**တဲ့၊ **ဒါတုကာမာဘိဟာရော**-ကပ်တဲ့အခါ ထည့်လိုတဲ့

ပုဂ္ဂိုလ်က ရှေးရှု ဆောင်ယူလာတာ ဖြစ်ရမယ်၊ ဒီတော့ ကိုယ့်ဘက်ကို ယူလာတာ ဟုတ်သေးရဲ့လား၊ အဲဒါ သူပြန်ယူသွားတာ၊ ပြန်ယူသွားတော့ အဲဒီအင်္ဂါ ပျက်သွားပြီ၊ **ဟတ္ထပါသော**-နှစ်ထောင့်ထွာ ဟတ္ထပါသ် တွင်းကိုလည်း ရောက်ရမယ်၊ ပြီးတော့ **ဧရဏက္ခမံ**-ဆိုတာက ဘာ ပြောလဲ၊ **ထာမမဇ္ဈိမပုရိသ**-ဆိုတာ အားအလယ်အလတ်ရှိတဲ့ပုဂ္ဂိုလ် ကြွနိုင် မ,နိုင်တဲ့ အရာဝတ္ထုလည်း ဖြစ်ရမယ်။

သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်က နားလည်တဲ့အတိုင်း ကျင့်တယ်၊ အဲဒါ အမှုမဲ့အမှတ်မဲ့ တော်အောင် လျော်အောင် နေချင်တဲ့လူကတော့ ပြော တာလည်း နားမထောင်ဘူး၊ နားလည်အောင်လည်း မလုပ်ဘူး၊ အဲဒီလို ဖြစ်နေတယ်၊ ဒီတော့ အခုကာလမှာ ဝိနည်းတော်အတိုင်း နေတတ်ဖို့ ဆိုတာက သိပ်မလွယ်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ဝိနည်း ပို့ချတဲ့ပုဂ္ဂိုလ်တွေကလည်း များသောအားဖြင့် စာမေးပွဲအောင်ရုံ လောက်တင် ပြောသွားတယ်၊ ဒီစားတဲ့သောက်တဲ့နေရာမှာ ကျတော့ ဆရာသမားတွေကလည်း ပြောတာ ဆိုတာ သင်ပြတာ အင်မတန် နည်းလာပြီ၊ အဲဒီလို နည်းလာတော့ ဒီဝိနည်းကို ကျင့်ချင်တဲ့ ပုဂ္ဂိုလ် တောင်မှ နေရာတိုင်းမှာ ကျင့်လို့မဖြစ်တော့ဘူး။

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်၏ သာသနာပြုလမ်းညွှန် ဩဝါဒဓမ္မကထာ၊ (၂၀၁၀ခုနှစ်) (ဒုတိယတွဲ)။ (နှာ-၇၁)
* ပဥ္စမပဝါရဏာသိက္ခာပဒ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ၊ (နှာ-၁၁၀)
* ဒန္တပေါနသိက္ခာပဒဝဏ္ဏနာ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတျာဒိအဋ္ဌကထာ၊ (နှာ-၁၀၉)

## ၅၃။ ဆွမ်းစား စားပွဲဆိုတာ အားအလယ်အလတ်ရှိတဲ့ယောက်ျား ချီနိုင်ကြွနိုင်ရမယ်

ဆွမ်းစားကျောင်း၌ တာဝန်ထမ်းဆောင်နေကြရသော ပုဂ္ဂိုလ်များသည် အမှတ်တမဲ့ စားပွဲခုံများကို ခပ်ကြီးကြီး လုပ်မိတတ်ကြသည်၊ ယင်းစားပွဲခုံကြီးများကို တွေ့ရသည့်အခါ မြောင်းမြဆရာတော်ဘုရားကြီးက တာဝန်ရှိသူများကို အခေါ်ခိုင်း၍ အလောတော်ဖြစ်အောင် ပြန်အလုပ်ခိုင်းတတ်သည်။

**ဒကာ ဒကာမများက သံဃာတော်များကို ပင့်၍ မိမိတို့အိမ်မှာ ဆွမ်းကပ်ကြသည့် အခါမှာလည်း စားပွဲခုံများ ကြီးနေပါက တစ်ခွက်ချင်း အကပ်ခိုင်းလေ့ရှိသည်၊ ခုံလိုက် အကပ်ခံတော်မမူပါ၊ ခုံကို ကိုင်ထား၍လည်း အကပ်ခံလေ့မရှိပါ။**

"ဆွမ်းစား စားပွဲများ ကြီးတာဟာ မကောင်းဘူး၊ အားအလယ်အလတ်ရှိသူ ချီနိုင် ကြွနိုင်တာမျိုး ဖြစ်ရမယ်၊ နည်းနည်းကြီးနေရင် ခုံပါ အကပ်မခံရဘူး၊ ခုံကို ကိုင်လို့လည်း အကပ်မခံရဘူး၊ ဆွမ်းခွက် ဟင်းခွက်တွေကို တစ်ခွက်စီ အကပ်ခံပြီးမှ ခုံပေါ်တင်ရမယ်၊ **ကျောင်းမှာလည်းပဲ ခုံကြီးကြီး လုပ်မထားရဘူး၊ ဝိနယဂရုက သိက္ခာကာမ ဖြစ်တဲ့ပုဂ္ဂိုလ်တွေ ကျောင်းကိုကြွရောက်လာရင် သံသယကုက္ကုစ္စ ဖြစ်နေပါဦးမယ်။"**

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ၊(၂၀၁၁-ခုနှစ်) ဒီဇင်ဘာလ တတိယအကြိမ်။ နှာ-၁၈၅-၁၈၆

* ဒန္တပေါနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တျာဒိအဋ္ဌကထာ (နှာ-၁၀၉)

## ၅၄။ ရဟန်းတော်များ ဖျော်ရည်၌အဖတ်ပါလျှင် ဘုဉ်းပေးတော်မမူပါ

စံကင်းဆရာတော်ဘုရားကြီးသည် အတော်ပင် မကျန်းမမာဖြစ်ကာ မောပန်းနွမ်းနယ်နေပါသည်၊ ပျံတော်မူလေမလားဟူ၍ပင် စိုးရိမ်နေရပါသည်၊ ထို့ကြောင့် ဥသျှစ်ဖျော်ရည်ကလေး ညနေကပ်မှ သင့်မည်ဟု ဆရာများနှင့် တိုင်ပင်ကာ ဥသျှစ်ဖျော်ရည်ကပ်ကြပါသည်။

သို့သော် ဆရာတော်ဘုရားကြီး ဘုဉ်းပေးတော်မမူပါ။ ဖျော်ရည်ကိုသေချာ စစ်ဆေးကြည့်သောအခါ အနှစ်ပါနေသည်ကို တွေ့ရပါသည်၊ ထို့ကြောင့် ဖျော်ရည်စစ်သူကို မေးမြန်းကြည့်ရာတွင် "အားရှိအောင် ဆိုပြီး အနှစ်ပါအောင် စစ်ချကြောင်း" ဝန်ခံပါသည်၊ ပြန်၍စစ်ပြီး ကပ်သောအခါမှသာ ဘုဉ်းပေးတော်မူပါသည်။

**ညနေပိုင်း ဖျော်ရည်ကပ်ရာတွင် အနယ်အဖတ်များ ပါဝင်နေလျှင် ဝိကာလဘောဇန သိက္ခာပုဒ်အရ ရဟန်းတော်များမှာ အပြစ်ဖြစ်တတ်ပါသည်။ ထို့ကြောင့် ဖျော်ရည်ကပ်ရာတွင် ဂရုတစိုက် ရေစစ်ဖြင့် အထပ်ထပ် စစ်ပြီးမှသာ ကပ်သင့်ပါသည်။ ဝိနည်းကို ဂရုထားတော်မူကြသည့် အရှင်မြတ်များသည် ခန္ဓာကိုယ် အားရှိရန်ထက် ဘုရားဥပဒေအရ အာပတ်အပြစ် မသင့်ရန်ကိုသာ အလေးဂရု ပြုတော်မူသည့် သာဓကပေတည်း။**

---

**ကျမ်းညွှန်း**

* ဉူးမာနိတသိရီဘိဝံသ၊ ဉူးနန္ဒမာလာဘိဝံသ၏ စံကင်းဆရာတော် (၂၀၀၆-ခုနှစ်) ဒုတိယအကြိမ်။ (နှာ-၁၅၂)

* ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၁၄)

# ၅၅။ မြွေကြီးတစ်ကောင်နှင့် သဟာသေယျသိက္ခာပုဒ်ဆိုင်ရာ သံသယ

ဝါးနက်ချောင်းရွှေဥမင်တောရကို စတင်ထူထောင်ကာ သီတင်းသုံးခဲ့စဉ်ကာလ တစ်ခုသောဝါဆိုအခါ၌ သီတင်းသုံးရာကျောင်းတွင် ကြုံကြုံဖန်ဖန် ဝိနည်းဆိုင်ရာ သံသယဖြစ်စရာ ကိစ္စတစ်ရပ်ပေါ်ပေါက်၍ လာပါသည်။

တစ်ခုသောညနေပိုင်း၌ မိုးများခြိမ်းကာ ရွာသွန်းဖြိုးတော့မည့်ဆဲဆဲအချိန်တွင် သီတင်းသုံးရာကျောင်း၏ အမိုးပေါ်သို့ ကလေးငယ်တစ်ဦး၏ အလေးချိန် ပမာဏမျှ လေးလံသည့် အရာဝတ္ထုတစ်ခု ကျရောက်လာပါသည်။ တရားနှလုံးသွင်းနေရာမှထ၍ ပြင်ပထွက်ကြည့်မည်အပြုတွင် မိုးမှာသဲသဲမဲမဲ ရွာသွန်းလာသဖြင့် အပြင်မထွက်ဖြစ်တော့ပါ။ အမှတ်တမဲ့ပင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားပါသည်။

ထိုအသံမျိုးကို နောက်ပိုင်းလည်း သုံးရက်ခြား နှစ်ရက်ခြား ကြားမိနေပါသည်။ ကျောင်းပတ်ဝန်းကျင်သည် တောဝက်များ၊ ချေများပင် နေလောက်သည့်အထိ တောတောင်ထူထပ်လေသည်။ သို့သော် ထိုအသံမှာမူ မည်သည့်အသံဟု မကွဲပြားသေးပေ။

ကျောင်းပတ်ဝန်းကျင်၌ ငှက်များအသိုက်ပြုကာ နေကြပါသည်။ ငှက်တို့၏ သီချင်းသီကျူးသံကိုလည်း အချိန်အခါမလပ် ကြားနေရပါသည်။ ကျောင်းပြတင်းပေါက်၌ ခြင်ဇကာများ တပ်ဆင်ထားသဖြင့် တောကောင်တို့၏သဘာဝ ငှက်တို့၏အလှကို ခြင်ဇကာအတွင်းမှ တဝကြီး သေသေချာချာ ကြည့်ရှုနိုင်ပါသည်။ လှပသည့် အသိုက်များကို ပြုလုပ်တတ်သည့် စာဗူးတောင်းငှက်များလည်း ကျောင်းအနီး သစ်ကိုင်းတစ်ကိုင်း၌ တစ်နေကုန် အသိုက်သစ်များ ပြုလုပ်ရင်း သီကျူးနေကြသည်မှာ မမောနိုင် မနားနိုင်အောင်ပင်တည်း။

တစ်ခုသောနံနက်ခင်း ဆွမ်းခံပြန်လာ ခြေထောက်ရေဆေးကာ ထိုင်နေကြ ထိုင်ခုံလေးပေါ်တွင် ထိုင်ကာ မနေ့ညနေက ဆောက်လက်စ စာဗူးတောင်းအသိုက် ပြီးလောက်ပြီထင်ပြီး ကြည့်ရှုမိရာ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူး မကြုံဖူးသည့် မြင်ကွင်းကြောင့် လွန်စွာ အံ့ဩမိသဖြင့် ထိုင်ကြည့်နေရာ အားမရတော့ဘဲ ခြင်ဇကာအကွယ်မှ ရပ်ကြည့်နေမိတော့သည်။

မနေ့တစ်နေ့က သုံးလေးရက်ခန့် စုပေါင်းကာ ယက်လုပ်ခဲ့ကြသည့် သူတို့၏လက်ရာမြောက်ဆုံး ကျောင်းပြတင်းနှင့်လည်း အနီးဆုံး စာဗူးတောင်းအသိုက်ကို စာဗူးတောင်းငှက်ဖိုတစ်ကောင်က သူ့နှုတ်သီးဖြင့် တစ်စချင်း ဆွဲဖျက်နေပါပကော၊ အံ့ဖွယ်ရှိပေစွ။ ဤအသိုက်ဖျက်သူသည် အသူနည်း။ အဘယ်ကြောင့် ဖျက်ရသနည်း၊ ရန်သူငှက်များလော စသည်ဖြင့် မေးခွန်းများစွာ တွေးခဲ့မိပါသော်

လည်း ဤဖြစ်စဉ်သည် မိမိ ရံဖန်ရံခါ ကြားဖူးနေသော ထူးခြားသည့် အသံနှင့် တိုက်ရိုက် ဆက်စပ်နေသည်ကိုမူ မတွေးမိခဲ့ပါ။ ဤငှက်ဖိုသည် အန္တရာယ်ကို သိပြီးလေပြီ။ မိမိက အန္တရာယ်ကို သိရန်ဝေးစွ ရိပ်မိရုံပင် မရိပ်မိသေးပါတကား။ အံ့သြ၍ကောင်းတုန်း ကြည့်ရှုငေးမော၍ ကောင်းတုန်းပင်ရှိသေးသည်။ နောက်တစ်နေ့မနက် ဆွမ်းခံအပြန်၌ကား သိလိုစိတ် ပြင်းပြနေသည့် ထိုအဖြေကို ရလေပြီ။

ဆွမ်းခံပြန်ရောက်သည်နှင့် ကျောင်းထဲအဝင် အခါတိုင်းနှင့် မတူသည့် ငှက်တို့၏အသံကို ကြားရပါသည်။ ထိုအသံသည် ငှက်၏ ပုံမှန်အသံ မဟုတ်ကြောင်းကို မိမိ၏တောတောင်၌ နေခဲ့သည့် အလေ့အထ အတွေ့အကြုံအရ သိထားပါသည်။ ငှက်တို့ ဤအသံ ပြုလျှင် အန္တရာယ်တစ်ခုခု အနီး၌ ရောက်နေသဖြင့်-

“သူငယ်ချင်းတို့ သတိပြုကြ၊ သတိပြုကြ မပေါ့ဆနှင့် အန္တရာယ် လက်တစ်ကမ်းမှာ ရောက်နေပြီ”ဟူ၏။

ထို့ကြောင့် ခြင်ဇကာကို သတိထားဖွင့်ကာ မော့ကြည့်မိရာ ယောက်ျားလက်မောင်းလုံးခန့် တုတ်ပြီး မည်းနက်ပြောင်လက်နေသည့် မြွေရှည်ကြီးတစ်ကောင်သည် သူ့ကိုယ်တစ်ပိုင်းကို ကျောင်းမှသစ်သား တန်းနှင့် ရစ်ပတ်ကာ အားငယ်ကြောက်လန့်နေရှာသည့် ငှက်ကလေး တို့၏ သားသမီး မိသားစုနေရာ စာဗူးတောင်းငှက်သိုက်ကို နှိုက်စား နေရာ သူ့ဝမ်းဗိုက်သည် ဖောင်းနေသဖြင့် ကျောက်ပြားအမိုးနှင့် မျှားတန်း သစ်သားကြား ညှပ်နေလေသည်။ မိမိနှင့် မြွေသည် တစ်ပေ သာသာ အကွာအဝေးသာရှိတော့ရာ ရန်ပြုလိုသည့် ဟန်လော၊ သူဒုက္ခ

ရောက်နေသဖြင့် ကိုယ်လွတ်ရုန်းနေခြင်းပေလော၊ မဝေခွဲနိုင်သေးခင် ခြင်ဇကာကို ဆွဲပိတ်လိုက်ပါသည်။

နောက်တစ်နေ့မနက်တွင် ငှက်များသည် ထိုမည်းပြောင်သည့် ကောင်ရှည်၏ အန္တရာယ်ကြောင့်ထင့် ကျောင်းအနီးသစ်ပင်၌ မလာကြတော့ပေ။ သူတို့မိသားစု၏ အသက်ကို ပေးခဲ့ကြရသဖြင့် ဘဝလုံခြုံရာ နေရာသို့ ရွှေ့ပြောင်း သွားကြဟန်တူပါသည်။ ထိုအန္တရာယ်ကောင်ကို အထူးသတိပြုပြီး ခြေရာခံလိုက်ကြည့်ရာ ထိုမှသည် သုံးရက်ပြည့်သောနေ့၌ အဖြေရလေသည်။ သူသည် အကောင်ရှည်ဖြစ်သဖြင့် အမြီးကို ကျောင်းကိုမိုးထားသည့် သစ်ပင်၏အကိုင်း၌ ရစ်ပတ်ကာ ခေါင်မိုးအထက် မေးတင်ပြီး တွဲလောင်းအနေအထားဖြင့် အမြီးကို လွှတ်ချလိုက်ပြီး အဆောက်အဦ၏ မလွယ်ပေါက် တစ်ပေါက်မှ မျက်နှာကြက်အတွင်း ဝင်သွားပါသည်။ မျက်နှာကြက်ကို အသိုက်ပြုကာနေကြောင်း သေသေချာချာ တွေ့လိုက်ရပါသည်။ ငှက်တို့သည် အန္တရာယ်ကို ကြောက်သဖြင့် အသိုက်ကိုစွန့်ပြီး ဘေးကင်းရာ သွားကြပြီ။ မိမိသည် ဝါဆိုနေသည့် ရဟန်းဖြစ်သဖြင့် ဤအန္တရာယ်ကောင်နှင့်ပင် တစ်မိုးအောက် ဝါကျွတ်သည့်အထိ ဝါဆိုရပေတော့မည်။ တစ်ပါးတည်းနေသည့် တောရကျောင်းငယ်လေးဖြစ်သဖြင့် မေတ္တာမှအပ အားကိုးရာကား ခန္တီသုတ်ပရိတ်သာ ရှိတော့သည်။ ကောင်ရှည်သည် မိမိကြောက်နေသည်ကို သိ၍ပေလောမသိ၊ ထိုမှနောက်ပိုင်းကာလ ရံခါ ညည မျက်နှာကျက်ပေါ်၌ ဝုန်းဒိုင်းကျဲပြနေလေ့ရှိသည်။ ထိုအသံကြောင့် ညတစ်ရေး

နိုးသောအခါ လက်နှိပ်ဓာတ်မီးအားကိုးဖြင့် ဝဲယာ ကြည့်မိသည်။ ကြွက်ရှိတာက တော်သေးတယ်၊ သွားတာ လာတာ ခြေသံကြား ရသေး၊ ခုတော့ ဒီကောင်ကြီးက ညသန်းခေါင် မိမိကျိန်းစက်ရာ အိပ်ယာဘေးနား လာခွေနေတောင် မသိနိုင်ပါလားဟု ကြွက်ကိုပင် လွမ်းနေမိတော့သည်။

သုံးရက်ခန့်ကြာသော် ဤအန္တရာယ်ကောင်၏ လက်ချက် ကြောင့်ပင် မိမိဇီဝိန်ချုပ်ရမည့် ကံပါလျှင်လည်း မတတ်နိုင်တော့ဟု စိတ်ကို ဒုန်းဒုန်းချကာ ကံနှင့်အသက်ကို ဝေမျှလိုက်သဖြင့် စိတ်သက် သာရာ ရလာပါသည်။ သို့သော် ဝိနည်းလမ်းကြောင်းအရမူ စိတ်သက် သာရာမရဘဲ ရှိနေပါသည်။ အဘယ့်ကြောင့် ဆိုသော် သဟသေယျ သိက္ခာပုဒ်အရ အခြေလေးချောင်းသတ္တဝါတွင် ကြောင်မ၊ အခြေ နှစ်ချောင်းတွင် ကြက်မ၊ အခြေမဲ့တွင် မြွေမကို ပါရာဇိကလောက်သည့် သတ္တဝါဟု အဋ္ဌကထာ၌ လာရှိပေသည်။ ထို့ကြောင့် မိမိရင်ထဲမှ ဝိနယကုက္ကုစ္စ ခြောင့်တံကျင်ကို ဆွဲနှုတ်ပေးနိုင်စွမ်းသည့်ပုဂ္ဂိုလ် ရွှေဥမင်ဆရာတော်တစ်ပါးသာ ဖြစ်ပေတော့မည်။ သို့သော် ဆရာ သခင်ရှိရာသို့ သွားရောက်နိုင်ရန် အသွားအပြန် ကားလေးတန်၊ ခြေလျင်လေးတန်ရှိရာ ကပ္ပိယဆိုင်ရာ အကြောင်းအရာ၊ ဝါတွင်း ဖြစ်သဖြင့် အရှက်တက်ချိန်ကိစ္စ စသည်ကို အစစ ချင့်ချိန်ဝေဖန်ရပါ သည်။ ထို့ကြောင့် ရက်သတ္တတစ်ပတ်ခန့်ကြာသည့်တိုင် စိတ်သွားတိုင်း ကိုယ်မပါဘဲ ရှိနေရာမှ ကိုးရက်မြောက်သောနေ့တွင်မူ ရွှေဥမင် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ရောက်ရှိသွားပါသည်။

ဆရာတော်ဘုရား၏ ကျန်းမာရေးမျှသာ မိမိမေးလျှောက်လိုက်ရသေးသည်၊ ဆရာတော်ဘုရားကြီးက-


"တောထဲသီတင်းသုံးရတာ အဆင်ပြေရဲ့လား၊ ဆွမ်းကောမျှတရဲ့လား၊ တရားကော အဆင်ပြေ ရဲ့လား"ဟု မေတ္တာရှေ့ထားကာ မေးမြန်းတော်မူပါသည်။

"တရားလျှောက်ထားရန်နှင့် ဝိနည်းဆိုင်ရာ မေးလျှောက်ရန်ဟူ၍ နှစ်မျိုးရှိကြောင်းပါဘုရား"ဟု လျှောက်ထားရာ ပရိသတ်ရှေ့သီတင်းသုံးတော်မူရာမှ မတ်တပ်ရပ်တော်မူပြီး-

"အခန်းထဲကို သွားကြရအောင်"ဟု မိန့်တော်မူပါသည်။ အခန်းထဲ ရောက်ရှိသောအခါ မွေ့ပြဿနာကို နောက်မှ လျှောက်တော့မည် တရားအရင်လျှောက်မည်ဟု စိတ်ဖြစ်မိသဖြင့်-

"တရားအရင် လျှောက်ထားခွင့် ပြုတော်မူပါဘုရား"ဟု ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ဆရာတော်ကြီးမှ မိမိရင်ထဲမှ အဖုအကြိတ်ဖြစ်နေသည့် ပြဿနာရပ်ကို သိပြီးနှင့် သည့်အလား-

"ရဟန်းသီလက အရေးကြီးတယ်၊ ဝိနည်းဆိုင်ရာကို အရင်လျှောက်ပါလား"ဟု မိန့်ကြားတော်မူပါသည်။ တောထဲသီတင်းသုံးနေသည့် တစ်ပါးကျောင်းကလေး၏ မျက်နှာကြက်အထက် လူတစ်ရပ်မက ရှည်လျားသည့် မွေ့မည်းတစ်ကောင် ရောက်ရှိကာ တစ်ကျောင်းတည်း အတူတကွ အထက်အောက် ဝါဆိုနေရသဖြင့် ထိုမွေ့သည်



ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၇၅ - ၁၃၆၄) (ခရစ် ၁၉၁၃ - ၂၀၀၂)

"အဆောက်အဦထဲကို ဝင်တဲ့တံခါး မတူတာကြောင့် မြွေမဖြစ်စေကာမူ ဒါယိကာမ ဖြစ်စေကာမူ အာပတ်သင့်ရန် အကြောင်းမရှိပါလေ၊ ဒါ့ကြောင့် ဝိနယဂရုက ဖြစ်တော်မူကြတဲ့ ဆရာတော်ဘုရားများက နှစ်ထပ်ကျောင်းများဆောက်ကြရင် လှေကားကို အပြင်ထားတော်မူကြတယ်၊ ဝင်ပေါက်မတူတော့အောင် ကျောင်းကိုစီမံတော်မူကြတာ ဦးဇင်း"။

ကျမ်းညွှန်း

- ရွှေဥမင်ဆရာတော်ဘုရားကြီး၏ဩဝါဒ

အထီးအမ မသိရသောကြောင့် သဟသေယျအာပတ်ကို သံသယ ရှိနေသည့်အကြောင်း ပြည့်ပြည့်စုံစုံ လျှောက်ထားအပြီး၌မူ ဆရာတော် ဘုရားကြီးက-

"အဲသည်မြွေ ကျောင်းထဲကို ဝင်တဲ့တံခါးပေါက်နှင့် ဦးခေမာ ဝင်တဲ့ တံခါးတူလို့လား" ဝိနည်းရှုထောင့်မှ ဆရာတော် မေးတော် မူလိုက်သည့် မေးခွန်းသည် မြွေနှင့်အတူနေသမျှ ကာလပတ်လုံး မိမိ တစ်ကြိမ်တစ်ခါမှ မစဉ်းစားမိသော အတွေးဆကို ဆရာတော်ကြီးမှ အစဖော်ပေးတော်မူလိုက်သည်။ သူတော်ကောင်းကို ဆည်းကပ်မိသည့် တစ်ခဏ ဤမေးခွန်း တစ်ခုတည်းနှင့်ပင် ရင်ထဲမှ ဝိနယကုက္ကုစ္စ ပြေလည်သလောက် ဖြစ်သွားပါသည်။ သို့သော် ဆရာတော်၏ နှုတ်တော်မှ မိန့်ကြားတော်မူမည့် တစ်စုံတစ်ခုသော မှတ်သားဖွယ်ရာ တန်ဖိုးရှိသည့် စကားများကို နာကြားလိုပါသေးသဖြင့်-

"မတူပါဘုရား၊ ဘုရားတပည့်တော် ကျောင်းတံခါးပေါက်က ဝင်ပြီး သူကတော့ အမိုးဘက်က မလွယ်ပေါက်ကနေ ဝင်ထွက် နေတာပါဘုရား"။

"မြွေက မျက်နှာကြက်မှာဆိုတော့ တစ်မိုးတူသော်လည်း တစ်ရံမတူကြောင်းကို ဝိနည်းရှုထောင့်က ကြည့်သင့်ကြောင်းနှင့် တစ်ခါ **အဆောက်အဦထဲကို ဝင်တဲ့တံခါး မတူတာကြောင့် မြွေမဖြစ်စေကာမူ ဒါယိကာမဖြစ်စေကာမူ အာပတ်သင့်ရန် အကြောင်းမရှိပါလေ၊ ဒါ့ကြောင့် ဝိနယဂရုက ဖြစ်တော်မူကြတဲ့**

**ဆရာတော်ဘုရားများက နှစ်ထပ်ကျောင်းများ ဆောက်ကြရင် လှေကားကို အပြင် ထားတော်မူကြတာလေ၊ ဝင်ပေါက် မတူ တော့အောင် ကျောင်းကိုစီမံ**တော်မူကြတာ ဦးဇင်း"။ လျှောက်ထား စရာ မကျန်တော့အောင်ပင် ရှင်းလင်းသွားပါသည်။ သံသယလည်း ဘယ်ဆီလွင့်စင်သွားမှန်း မသိလိုက်ရပါ။

"မြွေက လူတစ်ရပ်လောက် ရှည်တာရယ်၊ လက်မောင်း လုံးလောက် ကြီးတာရယ် သစ်ပင်တက်နိုင်ပုံကြည့်ရင်တော့ လင်းမြွေ ဒါမှမဟုတ် မြွေဟောက်ဖြစ်နိုင်ပါလိမ့်မယ်၊ လင်းမြွေဆိုရင်တော့ လူတွေ့ရင် သူကဦးအောင် ထွက်ပြေးတယ်၊ မြွေဟောက်ဆိုရင်တော့ သူက ရန်မူချင်တယ်၊ ဒါပေမယ့် မြွေပွေးလိုတော့ တိတ်တဆိတ် လာရန်မူတာ မဟုတ်ပါဘူး။ ဒေါသကြီးပြီး ရှူးရှူးရှဲရှဲ အလွန် လုပ်တဲ့ကောင်တွေ လူကအသံကြားရတော့ ရှောင်တိမ်းချိန်ရတာပေါ့" ဆရာတော်ဘုရားကြီးသည် တောတောင်များ၌ ကာလရှည်ကြာ နေတော်မူသဖြင့် တောကောင်တို့၏ သဘာဝကို ကျယ်ကျယ်ပြန့်ပြန့် သိရှိတော်မူပါသည်။ မိမိမှာမူ မြွေပွေးကိုပင် မမြင်ဖူးပါ။ တစ်နေ့ ဆွမ်းခံသွားလမ်း၌ စံပယ်ပန်းပွင့်ပမာ အကွက်အကွက်နှင့် ကြည့်၍ လှသည့် မြွေတစ်ကောင် အခွေလိုက် ကားကြိတ်ထားသဖြင့် ရပ်ကြည့် နေမိပါသည်။ ထိုစဉ် ဒါယကာတစ်ဦး အနားရောက်လာသဖြင့် "ဒါဘာမြွေပါလဲ၊ အကွက်တွေ လှတယ်နော်"ဟုပြောမိရာ ထိုဒါယကာ ကြီး ရုတ်တရက် မဖြေသေးဘဲ မိမိကို သေသေချာချာ ကြည့်ပါသည်။

ထို့နောက် မဖြေချင် ဖြေချင်ဖြင့် "မြွေပွေး မြွေပွေး"ဟု တုံးတိ ဖြေသွားပါသည်။ မိမိ၌ ဗဟုသုတ ထိုမျှခေါင်းပါးလှသည့်အကြောင်း တွေးမိနေစဉ် ဆရာတော်ဘုရားကြီးမှ-

"မိမိကို အန္တရာယ် မရှိအောင်တော့ သတိပြုဖို့ လိုတယ်နော်။ ခန္ဓသုတ်ပရိတ်ကတော့ အကောင်းဆုံးပဲ။ တောမှာ သီတင်းသုံးတော်မူကြတဲ့ ရဟန်းတော်များက ခန္ဓသုတ်ပရိတ်ကို မဖြစ်မနေရွတ်ရင် ကောင်းပါတယ် ဦးဇင်း" ဆရာတော်ကြီးသည် ချိုမြိန်သော စိတ်ဓာတ်ခွန်အားကို ဖြစ်စေသော စကားများကို မိန့်တော်မူပါသည်။

**"ဝိနည်းသီလကိုသာ ပဓာနပြုပါ ဦးဇင်း၊ တော်ရုံအန္တရာယ်တွေက သီလသတ္တိကြောင့် ဖယ်ရှားပါတယ်၊ မေတ္တာကိုတော့ လက်ကိုင် ပြုရမှာနော်၊ ဒါမှ လိုနေသေးရင်လည်း သစ္စာကို အားကိုးလို့ ရပါသေး တယ်၊"** သူတော်ကောင်းကျင့်စဉ်အတွက် လက်နက်များစွာ ရှိနေသေး သည်ကို သိလာရသဖြင့် တည်ကြည်ခန့်ငြားသောစိတ်ဖြင့် အသွား လမ်းနှင့်မတူ ပြည့်ဝသည့် ယုံကြည်မှုဖြင့် တောရကျောင်းသို့ ပြန်လာ ခဲ့ပါသည်။

---

**ကျမ်းညွှန်း**

* ဒုတိယသဟသေယျသိက္ခာပဒဝဏ္ဏနာ၊ မုသာဝါဒဝဂ္ဂ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတျာဒိသာအဋ္ဌကထာ၊ (နှာ-၁၂)

* ခုဒ္ဒကဝတ္ထုနိ၊ ခုဒ္ဒကဝတ္ထုက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ၊ (နှာ-၂၄၅)

* ပဒဘာဇနီယဝဏ္ဏနာ၊ ပဌမပါရာဇိက၊ ပါရာဇိကအဋ္ဌကထာ၊ ပထမတွဲ (နှာ-၂၂၄)

## ၅၆။ ပါစိတ်, ဒုက္ကဋ် ခွဲခြားတတ်စေ

ငရုတ်သီးမျိုးစေ့၊ ငရုတ်သီးမှည့်ပဲ ပြောပါတော့၊ အပင်မှာရှိတဲ့ အခါကျတော့ အပင်က သွားခူးလိုက်မယ် ဆိုလို့ရှိရင် ဒါ ပါစိတ် အာပတ်သင့်တယ်၊ ခုတင်က ကန်စွန်းညွန့်တို့ ဘာတို့ကျတော့ ကုန်း ကန်စွန်းဖြစ်ဖြစ် ရေကန်စွန်းဖြစ်ဖြစ် အဲ့ဒါတွေက အကုန်လုံး စိုက်လို့ ရတာတွေပဲ၊ ကြံက အဆစ်မျိုးစေ့ဖြစ်တယ်၊ အညွန့်သက်သက်က အဆစ်မပါဘဲတော့ ရမှာမဟုတ်ဘူး၊ ကြံကတော့ အသာထားပါ၊ အဲဒီ ကန်စွန်းရွက်တို့ ဘာတို့ အဲဒါတွေက သူ့အပင်ကနေ ခူးလာခဲ့ပြီးသား ဆိုလို့ရှိရင် ဒါ မျိုးစေ့ထဲ ရောက်သွားပြီ၊ အဲဒါကျတော့ **မျိုးစေ့ကို မကပ္ပိဘဲ စားမယ်ဆိုလို့ရှိရင် ဘာအာပတ်သင့်မလဲ၊ အဲဒါ ဒုက္ကဋ် အာပတ်ပဲ၊ အပင်မှာ တန်းလန်းနေတဲ့အခါ ဖျက်ဆီးလို့ရှိရင် ပါစိတ် အာပတ်၊ အဲဒီနှစ်ခု မတူဘူး။**

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်၏ သာသနာပြုလမ်းညွှန် ဩဝါဒဓမ္မကထာ၊ (၂၀၁၀ ခုနှစ်) ဒုတိယတွဲ (နှာ-၁၇၆)

* ဘူတဂါမသိက္ခာပဒ၊ ဘူတဂါမဝဂ္ဂ၊ ပါစိတ္တိယပါဠိ၊ (နှာ-၅၂)

## ၅၇။ စတီး သပိတ်(ဝါ) ခွက် အပ်မအပ်ကိစ္စ

သံဃာတော်များသည် ယနေ့ခေတ်ကာလ၌ ယိုးဒယားမှ ဝင်လာသည့် စတီးသပိတ်ဖြူဖြူကို ကိုင်ဆောင်ကာ ဆွမ်းခံကြပါသည်။ အကယ်စင်စစ် မြေသပိတ်၊ သံသပိတ်မှာ အပ်စပ်ပါသော်လည်း စတီးသပိတ်၌ ကြေးဖြူစသည် ပါဝင်ခဲ့သော်ဟူသည့် သံသယဖြင့် ထိုသပိတ်ကို သပိတ်ဟု သတ်မှတ်ရမည်။ (ဝါ) ခွက်ဟု သတ်မှတ်ရမည်ကို နဘူးကျောင်းဆရာတော်ထံပါး လျှောက်ထားရာတွင်-

"ဒန်၊ သတ္တု၊ ကြေးစသည်တို့ မရောနှောသော သံသက်သက် စင်စင်ကြယ်ကြယ်ကို ရနိုင်ခဲသဖြင့် ကြေးဖြူလည်း ပါဝင်ရောနှော နိုင်သည်ဟု ထင်ပါ၏။ ထို့ကြောင့် အနည်းငယ်မျှ ပါဝင်ရုံမျှဖြင့် မအပ်ဟု မဆိုသင့်ပါ။ အပ်သော သပိတ်ဟုသာ ဆိုသင့်ပါ၏။ မိမိကလည်း အပ်သည်ဟု ယူဆပါ၏"ဟု မိန့်တော်မူပါသည်။

အပ်သောသပိတ် ယူဆနိုင်ပါသော်လည်း မည်းနက်အောင် ပြုလုပ်မှသာ သပိတ်ဟု အဓိဋ္ဌာန် တင်လောက်မည်။ မည်းနက်အောင် မဖြစ်သေးလျှင် သပိတ်အဓိဋ္ဌာန် မတင်လောက်သေးပါ။ ခွက်မျှသာ ဖြစ်သေးသည်ဟု ယူဆပါ၏။ ဤ၌ ဆက်၍ဆိုပါဦးမည်. . .

ခွက်မျှသာဖြစ်သည်ဟု ဆိုခဲ့သော ထိုသပိတ်သည် ကြေးဖြူ အပါများလျှင်မူကား ကြေးဖြူခွက်ဟုပင် ခေါ်ရပေလိမ့်မည်။ (ယေဘုယျ နည်းကို) ထောက်ဆသင့်သည်ဟု ဆိုလိုပါ၏။

ဤကြေးဖြူခွက်သည် ရဟန်းတစ်ပါးပိုင် ပုဂ္ဂလိကအဖြစ်ဖြင့် မထားသင့်ပါ မအပ်ပါ။ လူတို့၏ ဥစ္စာဖြစ်လျှင် သို့မဟုတ် သံဃိက

သံဃာပိုင်ဖြစ်လျှင် အပ်၏။ ဆွမ်းထည့်၍ စားကောင်း၏ဟု ခုဒ္ဒသိက္ခာ၌ ဆို၏။

"အကပ္ပါ ဖလိကာ ကာစ-ကံသဇာ ဂိဟိသန္တကာ။

သံဃိကာ ကပ္ပိယာ တုမ္ဗ-ဃဋ္ဋိဇာ တာဝကာလိကာ" ဟု ဆိုပါ၏။

## ၅၈။ လဟုက အာပတ်ငယ်များမှစ၍ လေးစားလိုက်နာ ကျင့်သုံးကြရန် အမြဲမပြတ် သတိပေးဆုံးမတော်မူလေ့ရှိသည်

"ဝိနယေ ဌိတေ သာသနံ ဌိတံ၊ ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု-ရယ်လို့တော့ ရွတ်ကြ ဖတ်ကြ ဟောပြောတာတွေတော့ ရှိပါရဲ့၊ ရွတ်ဖတ် ဟောပြောကြသည့်အတိုင်း ကျင့်ကြံပါမှ နေရာကျမယ်။

**သက်န်းသပိတ် ပရိက္ခရာ စသည်များကို အဓိဋ္ဌာန် ဝိကပ္ပနာပြု၍ အသုံးပြုကြပါမှ ဝိနည်းဟာ အသက်ရှိတယ်၊ တည်တယ်၊ အဓိဋ္ဌာန် ဝိကပ္ပနာမပြုဘဲ သုံးမည်ဆိုလျှင် ဆယ်ရက်လွန်က အာပတ်သင့်တာပဲ၊ အာပတ်သင့်တယ်ဆိုကတည်းက မကောင်း**

**ကျမ်းညွှန်း**

* ထာလကနိဒ္ဒေသ ခုဒ္ဒသိက္ခာ (နှာ-၉)
* သာသနဓဇသိရိပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစကအရည်ဝါသီ နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း တောင်တွင်းအရှင်စန္ဒိမာ၏ မေးခွန်း (နှာ-၇၉)
* ပတ္တသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ၊ (နှာ-၃၅၃)

**တော့ဘူး၊ အာပတ်ဆိုတာ အကုသိုလ်ကိုခေါ်တယ်၊ ဒါကြောင့် ရဟန်းတော်များအနေနဲ့ အကုသိုလ် မဖြစ်ရအောင် သက်န်း သပိတ် စသည်ကို အဓိဋ္ဌာန်တင် ဝိကပ္ပနာပြု၍ အသုံးပြုကြ" စသည်ဖြင့် သတိပေး ဆုံးမတော်မူလေသည်။**

နိဿရည်းမယူမူ၍ အမှုမဲ့အမှတ်မဲ့ နေတတ်ကြသည့် ရဟန်း တော်အချို့ကို အကြောင်းပြု၍ "နိဿရည်း မလွတ်သေးသော အချို့ ရဟန်းများ နိဿရည်းမယူဘဲ နေကြတာဟာ အာပတ်သင့်နေတာပဲ၊ ဥပဇ္ဈာယ်ယူ သဒ္ဓိဝိဟာရိက တပည့်ဟူက ဆရာကိုမြင်လျှင် နိဿရည်း ယူစရာမလို၊ အန္တေဝါသိက တပည့်များကတော့ နိဿရည်း ယူနေမှ အပြစ်လွတ်တယ်၊ ၅-ဝါပြည့်၍ ဒွေမာတိကာ စသည့် ဝိနည်း သိက္ခာပုဒ်များ၌ ကျွမ်းကျင်လိမ္မာ ပြည့်စုံလျှင်တော့ နိဿရည်း မယူဘဲလည်း နေနိုင်သည်။

ဒါပေမယ့် လေးစားမှီခိုသည့်အနေဖြင့်၊ ဂရုနိဿယအဖြစ် နိဿရည်းယူနေလျှင် အကောင်းဆုံးပဲ၊ ဒီလိုလိုက်နာ ကျင့်သုံးရမည့် အရာများကို သဒ္ဓါတရားနှင့် တတ်သိအောင်သင်ယူပြီး တတ်သိသည့် အတိုင်း ကျင့်သုံးကြပါမှ ဝိနည်းတည်တယ်။ အဲဒီ ဝိနည်းသိက္ခာပုဒ်ကို မကျင့်ကြတော့ဘူးဆိုရင်၊ ထိုဝိနည်းသိက္ခာပုဒ်သာသနာ ကွယ်နေ တာပ"ဟု တပည့်ရဟန်း သံဃာတော်များ၏ အကျိုးကို ရှေ့ရှုဆုံးမ တော်မူလေ့ရှိသည်။

---

**ကျမ်းညွှန်း**

* ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီး၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်မှ အရှင်ကိတ္တိဗလ (သာသနဓဇဓမ္မာစရိယ)၏ ရေးသီဖွဲ့မမီ ထေရ်ဂုဏ်ရည်၊ ၂၀၁၂ ခုနှစ်။ (နှာ-၁၆၀)
* ပဥ္စမကထိနသိက္ခာပဒ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကပါဠိ၊ (နှာ-၂၉၅)
* နိဿယမုစ္စနကကထာ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ၊ (နှာ-၁၁၁)

## ၅၉။ ပရိက္ခရာပစ္စည်းတွေ မရှိမသေသုံးလျှင် အပြစ်ရှိတယ်

သက်န်းဆိုတာ အဟောင်းဖြစ်ဖြစ် အသစ်ဖြစ်ဖြစ် အတူတူပဲ အပြစ်သင့်တယ်၊ ဥပမာ **တန်းပေါ်မှာ လှန်းထားတယ်ဆိုရင် ခြောက်တာနဲ့ တပြိုင်နက် သိမ်းရတယ်၊ မသိမ်းလို့ရှိရင် ဒုပ္ပရိဘောဂတဲ့၊ (မကောင်းသဖြင့် သုံးစွဲလို့) ဒုက္ကဋ်အာပတ်ကတော့ အမြဲသင့်နေတယ်၊** လူမြင်လည်း မကောင်းဘူး၊ လူမြင်လို့ရှိရင် စည်းမဲ့ကမ်းမဲ့ဖြစ်လို့ အင်မတန် အောက်တန်းကျတယ်၊ ပြီးတော့ ကျောင်းမှာ အိပ်ရာ နေရာတွေကိုလည်း အကုန်လုံး သန့်သန့်ရှင်းရှင်း လုပ်ပါ။ မိုးလင်းတာနဲ့ တပြိုင်နက် သပ်သပ်ရပ်ရပ် ဖြစ်အောင် လုပ်ထားပါ။ အကုန်လုံး အိပ်ရာတွေ စောင်တွေ ခြင်ထောင်တွေ ခေါက်ပြီးသား ဖြစ်ပါစေ၊ အမှန်ဆိုရင် ခြင်ထောင်တောင်မှ မလိုပါဘူး၊ အခုက တပည့်တော်တို့ကျောင်းမှာ ခြင်ထောင်တစ်ခါမှ မချတော့ဘူး၊ ခြင်တစ်ကောင် နှစ်ကောင်တော့ ကိုက်သေးတယ်၊ ကိုက်ပေမယ်လို့ ခေါင်းမြီးခြုံ အိပ်လိုက်တယ်။

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်၏ သာသနာပြုလမ်းညွှန် ဩဝါဒဓမ္မကထာ၊ (၂၀၁၀ ခုနှစ်) ဒုတိယတွဲ (နှာ-၅၁)

# ၆၀။ ပရိက္ခရာပစ္စည်းကို ဝိနည်းဘောင်အတွင်းမှ အသုံးပြုတော်မူသည်

ရွှေဥမင်ဆရာတော်ဘုရားကြီးသည် သပိတ်သင်္ကန်းစသည့် ပရိက္ခရာပစ္စည်းများကို လွန်စွာအလေးဂရုပြု ရိုသေသမှုပြုတော် မူပါသည်။ သင်္ကန်းနှင့်စပ်လျဉ်း၍ နည်းယူစရာများ အနည်းငယ် ဖော်ပြရပါလျှင် ဆရာတော်ဘုရားကြီး ကျန်းမာစဉ်ကာလ မိမိသင်္ကန်းကို မိမိကိုယ်တိုင် လျှော်ဖွပ်ပါသော်လည်း နောက်ပိုင်း အသက်အရွယ် ကြီးရင့်ပြီး ကျန်းမာရေး ချို့ယွင်းလာသဖြင့် ကပ္ပိယကျောင်းသားများကို သင်္ကန်း လျှော်ခိုင်းတော်မူပါသည်။ ဆရာတော်ဘုရားကြီးသည် သီးသန့် တာဝန်ရထားသော ကျောင်းသားများကိုသာ သင်္ကန်းဖွပ် လျှော်ခွင့် ပြုတော်မူပါသည်။ ထိုကျောင်းသားကိုလည်း ဆရာတော်ကြီး ကိုယ်တော်တိုင် စိတ်ချသည်အထိ သင်္ကန်းလျှော်ဖွပ်နည်း သင်ပေး ပြီးမှသာ လျှော်ခွင့်ပြုတော်မူခြင်းဖြစ်သည်။

Sunlight ဆပ်ပြာ (သို့) ရွှေဝါဆပ်ပြာဖြင့် တိုက်နည်း (သို့) ဆပ်ပြာမှုန့်သုံးရန် အတိုင်းအတာ စသည်တို့ကို အလေအလွင့် မရှိအောင် အသုံးပြုစေပါသည်။ သင်္ကန်းများကို ထုရိုက်မလျှော်ရပါ။ ရေဇလုံထဲတွင် ထည့်ပြီး လက်နှစ်ဖက်ဖြင့် ဖွပ်လျှော်ရပါသည်။ သို့မဟုတ် သင်္ကန်းလျှော်ကြမ်းပြင်ကို လက်နှစ်ဖက်ဖြင့် အသာအယာ သင်္ကန်းမနာအောင် ဖွပ်လျှော်ရပါသည်။ ပြီးလျှင် ခေါက်သိမ်းထားသော နိုင်လွန်ကြိုးဖြင့် လေသလပ်ရာနှင့် အရိပ်ရှိရာအရပ်ကိုရွေးပြီး ကြိုးတန်းကာ သင်္ကန်းလှန်းစေပါသည်။

မိုးရာသီတွင်မူ နေ၏အပူဓာတ်ရစေရန် နေပူထဲတွင် ခေတ္တခဏ လှန်းစေသော်လည်း သင်္ကန်းနှင့် မလှမ်းမကမ်းတွင် အလုပ်တစ်ခု လုပ်၍ ကပ္ပိယကျောင်းသားက သင်္ကန်းကို စောင့်ရှောက်၍ နေရ ပါသည်။ သင်္ကန်းများ ခြောက်သွေ့လျှင် ခြောက်သွေ့ချင်း ရုတ်သိမ်းပြီး သပ်ယပ်စွာ စနစ်တကျ ခေါက်သိမ်းရပါသည်။ **နေပူပူအောက်တွင်မူ သင်္ကန်းလှန်းခွင့် မပြုပါ။ ခြောက်သွေ့သည့် သင်္ကန်းများကိုလည်း ဆက်လက် လှန်းခွင့်မပြုပါ။** သင်းပိုင်သင်္ကန်း ချွတ်လဲရာတွင်လည်း သင်္ကန်းကို မကျော်ခွရပါ၊ မနင်းရပါ။ လက်တစ်ဖက်မှ သင်းပိုင်စကို ကိုင်ဆွဲကာ ကောက်ယူတတ်ရန်လည်း ရဟန်းငယ် ကိုရင်များကို သင်ပေးတော်မူပါသည်။

ရန်ကင်းတောရ သပြေပင်မှ ဦးစန္ဒိမာရဟန်းဖြစ်စ ရွှေဥမင် ဓမ္မသုခတွင် သင်္ကန်းဖွပ်လျှော်နေစဉ် တွဲဖက်ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ မထေရ်ကြီးတစ်ပါးက တွေ့မြင်ရာ-

“ဦးဇင်းလေးက ဆရာကောင်းအမှီ ရထားတာနဲ့တူတယ်၊ ဒီသင်္ကန်းလျှော်နည်းက ဘယ်ဆရာတော်ဆီက ရထားတာလဲ”ဟု မေးရာ ဂုဏ်ယူစွာဖြင့်-

“ရွှေဥမင်ဆရာတော်ဘုရားကြီးထံပါးက ငယ်စဉ်ကျောင်းသား ဘဝကပင် ရရှိခဲ့ပါသည်ဘုရား”ဟု လျှောက်ထားဖူးကြောင်း သိရ ပါသည်။

## ၆၁။ သစ်ပင်တစ်ပင်ဆိုတာ ရဟန်းအတွက် ကျောင်းတစ်ကျောင်းပါပဲ

မြောက်ဥက္ကလာပ ရွှေဥမင်တောရတွင် သိမ်သမုတ်ရန်အတွက် မြေနေရာကို ကျောင်းကြီးအရှေ့ဘက်၌ ရွေးတော်မူပါသည်။ ထိုနေရာ၌ မာလကာပင်၊ မက်လင်ချဉ်အပင်နှင့် ကံ့ကော်ပင်များရှိရာ သိမ်မြေနေရာအတွက် မလွတ်သော မက်လင်ချဉ်ပင်နှင့် ကံ့ကော်ပင်အချို့ကို ကပ္ပိခွင့်ပြုပြီး သံဃာတော်များမှ သိမ်သမုတ်ကာ သိမ်ကျောင်းဆောက်လုပ်စေပါသည်။ သိမ်အဆောက်အဦ တည်ဆောက်သည့်ကာလ ဆောင်းမှသည် နွေသို့ ရောက်လာသောကြောင့် ကျောင်းတိုက်နှင့် ဆောက်လုပ်ရေးအတွက် သက်ဆိုင်ရာ အင်ဂျင်နီယာနှင့် ဒါယကာတို့ကို မှာကြားထားပြီး ပေါင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ ရွှေဥမင်ဓမ္မသုခ၊ ကျောက်အိုင်တောရသို့ တောရိပ်ခိုလုံရန် ကြွသွားတော်မူပါသည်။ ကြွတော်မမူခင်လေး၌ ဆောက်လုပ်ရေး အင်ဂျင်နီယာဒကာကြီးက သိမ်ကျောင်းရှေ့ ကားရပ်ရန်နှင့် စကြံလမ်း ကွန်ကရစ်ခင်းရန်အတွက် နောက်ထပ် ကံ့ကော်ပင်အချို့ ကပ္ပိခွင့်(ခုတ်လှဲခွင့်)တောင်းရာ ဆရာတော်ဘုရားကြီးက သစ်ပင်ကပ္ပိခွင့် မပြုဘဲ သစ်ပင်တစ်ပင်ဖြစ်ဖို့ခက်ကြောင်း သဘာဝအတိုင်းထားရန် မိန့်တော်မူခဲ့ပါသည်။


သို့သော် ဆရာတော်ကြီး တောရိပ်တောင်ရိပ် ခိုလှုံနေစဉ်အတွင်း တာဝန်ရှိပုဂ္ဂိုလ်များနှင့် အင်ဂျင်နီယာတို့ ညှိနှိုင်းပြီး ကားရပ်ရန်နှင့် စကြံကွန်ကရစ်လမ်းအတွက် ကံ့ကော်ပင်အချို့ကို ကပ္ပိလိုက်ကြပါသည်။

ဆရာတော်ဘုရားတော်ဘုရားကြီး တောရမှသည် ရွှေဥမင်ကျောင်းသို့ ပြန်ရောက်တော်မူပြီးနောက် ဆေးသုတ်ပြီးစ ခန့်ညားထည်ဝါသော သိမ်ကျောင်းတော်သစ်ကြီးသို့ ကြွရောက်ကြည့်ရှုတော်မူပါသည်။ သိမ်ကျောင်းတော်ကြီးရှေ့ ရောက်သည်နှင့် ဝင်ဝင်ချင်း အင်ဂျင်နီယာဒကာကြီးက မီးပန်းဆိုင်း၏ မီးခလုတ်ကိုဖွင့်ကာ ခမ်းနားထည်ဝါမှုကို ပြသပြီး-

"ဒီ. . . သိမ်ကျောင်းတော်ကြီး ဆောက်လုပ်လာတာ ဆေးသုတ်ပြီးသည်ထိ ခုနစ်လကြာပါတယ်ဘုရား"ဟု လျှောက်ထားပါသည်။ သိမ်အတွင်းသို့ မဝင်သေးဘဲ တံခါးဝတွင်ရပ်လျက် ကြည့်ရှုတော်မူနေသော ဆရာတော်ကြီးက-

**"ကျောင်းတစ်ကျောင်းဖြစ်ဖို့ 'ခုနစ်လ'ပဲ ကြာတယ်။ သစ်တစ်ပင်ဖြစ်ဖို့ဆို 'ခုနစ်နှစ်'တောင် ရမှာမဟုတ်ဘူး။ သစ်တစ်ပင် ဝါးတစ်ပင်ဆိုတာ ရဟန်းသံဃာတွေအတွက် ကျောင်းပဲကွယ့်၊ ရေနံချေး မသုတ်ရတဲ့ ကျောင်းလေ**။ ရဟန်းတွေဟာ သစ်ပင်ကို မြတ်နိုးတတ်ရတယ်"ဟု ဆိုဆုံးမတော်မူပါသည်။

ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ဓမ္မသုခရွှေဥမင်တောရ မြောက်ဥက္ကလာပ ရွှေဥမင်တောရတို့၌လည်း သစ်ပင်မျိုးစုံသည် တောရဂုံမြိုင်ပမာ အုံ့ဆိုင်းကာ စိမ်းစိုလျက်ရှိပါသည်။ ရဟန်းတော်များသည် ရုက္ခမူဓုတင်ကို ထိုထိုသစ်ပင်ခြေရင်း၌ သီတင်းသုံးကာ ဆောက်တည်နိုင်သဖြင့် ရေနံချေး မသုတ်ရ၊ ဆေးမသုတ်ရ၊ သံလည်း မရိုက်ရသော ကျောင်းများပင် ဖြစ်ပေတော့သည်။



ကျေးဇူးရှင် ပန်းကုံးဆရာတော်ဘုရားကြီး
(မြန်မာ ၁၂၈၀ - ၁၃၆၃) (ခရစ် ၁၉၁၈ - ၂၀၀၁)

ပရိယတ်ကလည်း ဘာမှမရှိတော့ လူ့ဘဝတုန်းကလုပ်သလို သူတို့က ဒါလုပ်ကောင်းတာပဲဆိုပြီးတော့ လုပ်တယ်၊ ဒါ ပရိယတ္တိ မသင်ခြင်းရဲ့အပြစ်၊ ပရိယတ္တိမရှိခြင်းရဲ့အပြစ်ပဲ။

---

ကျမ်းညွှန်း

❋ ပန်းကုံးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရမဟာထေရ်၏ သာသနာပြုလမ်းညွှန် ဩဝါဒဓမ္မကထာ(ဒုတိယတွဲ)။ ၂၀၁၀ခုနှစ် (နှာ-၄၀၂)

## ၆၂။ ဝိနည်းပဋိပတ်ပါမှ ပြည့်စုံမယ်

ဖြစ်နေတာက ဝိနည်းပဋိပတ်နဲ့ ပရိယတ်ကို ခပ်ပေါ့ပေါ့ထားတယ်၊ လုပ်တဲ့ဆရာသမားတွေက နားမလည်တာ မဟုတ်ဘူး၊ ဒီတော့ ဘာအပြစ်တွေ ဖြစ်သလဲဆိုရင် ဘုန်းကြီး တစ်ခုပြောမယ်၊ ကျောင်းတိုက်တစ်ခုက ကိုယ်တော်တွေ ဆွမ်းခံလာတယ်၊ ကိုယ်တော်တွေ ဆွမ်းခံလာတော့ အပြန်မှာ ချက်စားရအောင်လို့ ဈေးထဲကို ဝင်ပြီးတော့ ငါးရှဉ့်တွေ ဝယ်တယ်၊ အဲဒီ ငါးရှဉ့်တွေက အရှင်တွေ၊ အရှင်လတ်လတ်ဝယ်ပြီးတော့ ကျောင်းကိုရောက်ရင် ချက်စားရအောင်လို့ ယူသွားတယ်၊ ဒကာတွေက ဘုန်းကြီးကို သုံးခါလောက်လျှောက်ဖူးတယ်၊ ဘုန်းကြီးကပြောတယ်၊ "မဟုတ်လောက်ပါဘူး" လို့ "ဟုတ်ပါတယ်ဘုရား တပည့်တော်တို့ ကျကျနန တွေ့ပါတယ်"ဆိုပြီး ပြောတယ်၊ ဒီတော့ ဒါ ဘယ်သူ့အပြစ်လဲ၊ ဒီ ဦးပဉ္စင်းတွေရဲ့ အပြစ်ချည်းလို့ ဘုန်းကြီးက မထင်ဘူး၊ ဦးပဉ္စင်းတွေရဲ့ အပြစ်ချည်းလို့ မဆိုလိုဘူး။

ဘာ့ကြောင့်လဲ သူတို့က လူ့ဘဝတုန်းက ကြမ်းကြမ်းတမ်းတမ်းနေလာတဲ့သူတွေ ဖြစ်လိမ့်မယ်၊ ကြမ်းကြမ်းတမ်းတမ်း နေလာပြီးတော့ အဲဒီလို နေရာကနေ သတိသံဝေဂရလို့ သာသနာထဲကိုဝင် တရားအားထုတ်၊ တရားအားထုတ်တော့ ဘုန်းကြီးတွေက တရားအားထုတ်တဲ့နည်းတွေလောက်ပဲ ပြောပြတယ်၊ တရားအားထုတ်တဲ့ နည်းတွေလောက်ပဲ ပြောပြပြီး ဝိနည်းကိုတော့ ဘယ်လိုကျင့်ရမယ်၊ ဘယ်လိုနေရမယ်ဆိုတာ ဘာမှမပြောဘူး၊ **ပရိယတ်ကလည်း ဘာမှမရှိတော့ လူ့ဘဝတုန်းကလုပ်သလို သူတို့က ဒါလုပ်ကောင်းတာပဲဆိုပြီးတော့လုပ်တယ်၊ ဒါ ပရိယတ္တိမသင်ခြင်းရဲ့အပြစ်၊ ပရိယတ္တိ မရှိခြင်းရဲ့အပြစ်ပဲ။**

နောက်တစ်ခု ပြောပြဦးမယ်၊ အခုဘုန်းကြီးတို့ မြောင်းမြ တိုက်သစ် ပဋ္ဌာနတာရုံမှာနေတဲ့ ဘုန်းကြီးဦးဓမ္မိက (တိုက်သစ် ဩဝါဒါစရိယ)ဆိုတာ ရှိပါတယ်၊ ကျွန်းကုန်းဆရာတော်ဘုရားရဲ့ တပည့်အရင်း၊ သူက ဝိနည်းအလွန်လေးစားပါတယ်၊ ဒကာထိန်ဝင်းနဲ့ အသက်အတူလောက်ပဲရှိမယ်၊ (၈၇)နှစ်လောက် ရှိမယ်ထင်တယ်။

သူ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်က နာမည်ကြီးရိပ်သာ တစ်ခု လို့ပဲ ပြောကြပါစို့၊ ရန်ကုန်မှာ နာမည်ကြီးရိပ်သာတစ်ခုကို တရားအား ထုတ်ရအောင်လို့ သွားတယ်၊ တရားအားထုတ်ရအောင်လို့ သွားတော့ ဘာတွေ့လာလဲဆိုရင် ဒကာ,ဒကာမတွေက ချက်ပြုတ်ပေးတယ်၊ အကုန်လုံး အကပ်မခံဘဲ ရဟန်းတွေက ဆွမ်းပြင်၊ အဲဒီ ခုံပေါ်တင် ဆွမ်းပြင်ပြီးမှ "လာ ဆွမ်းကပ်ကြ" ဆိုပြီးတော့ အဲဒါ အကပ်ခိုင်းတယ်၊ ပြီးတော့ ကပ္ပိစရာ ပါတာတွေကိုလည်း ဘာတစ်ခုမှ မကပ္ပိဘူး၊ ဒီအတိုင်းပဲ စားကြတယ်၊ သူစားလား, မစားလားတော့ ဘုန်းကြီး မေးမကြည့်ဘူး၊ ဒါပေမယ့်လို့ သူဘာဖြစ်လာသလဲ ဒီလောက်တောင်မှ ဝိနည်း မလေးစားတဲ့နေရာမှာ တရားအားထုတ်လို့ ဘာထူးတော့ မလဲဆိုပြီး ဖျာလိပ်ဆွဲ ပြန်လာခဲ့တယ်၊ ဘုန်းကြီးကို ပြန်ပြောပြတယ်၊ အဲဒီလို ဖြစ်နေကြပါတယ်၊ **ဒါတွေကတော့ သာမန်မျက်စိနဲ့ မမြင်ပါဘူး၊ လူတွေအနေနဲ့ သိဖို့ရာလည်း အင်မတန် ခဲယဥ်းပါတယ်။**

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်၏ သာသနာပြုလမ်းညွှန် ဩဝါဒဓမ္မကထာ၊ (၂၀၁၀-ခုနှစ်) ဒုတိယတွဲ (နှာ-၄၀၂)

* သဉ္စိစ္စသိက္ခာပဒ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ၊ (နှာ-၁၆၃)

* ဒန္တပေါနသိက္ခာပဒ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ၊ (နှာ-၁၂၁)

* ဘူတဂါမသိက္ခာပဒ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ၊ (နှာ-၅၂)



## ကျေးဇူးရှင် တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၆၁ - ၁၃၃၉) (ခရစ် ၁၉၀၀ - ၁၉၇၈)

" စာမတတ်လို့ အပါယ်မကျနိုင်ဘူး၊ သီလ မလုံခြုံရင်တော့ အပါယ်နှင့် တန်းနေတာပဲ၊ ဒါကြောင့် စာကိုဖြည်းဖြည်းသင်ပါ၊ အရေးမကြီးပါနှင့်၊ ကိုယ်ကျင့်သီလကိုသာ ဖြူစင်အောင်နေပါ၊ မညစ်နွမ်းပါစေနှင့်၊ ဘုရားသာသနာထဲကနေပြီး ဘုရားကြိုက်တဲ့ သီလကို မလိုက်နာလို့ ဘယ်ဖြစ်ပါ့မလဲ "။

ကျမ်းညွှန်း

※ သာမဏေကျော်၏ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် ဝိနည်း။ (နှာ - ၆၃)

# ၆၃။ စာပေထက် ကိုယ်ကျင့်သီလကို ဦးစားပေးတော်မူသည့်ဆရာတော်

ဆရာတော်က မကြာမကြာ ဩဝါဒပေးလေ့ရှိ၏၊ "စာမတတ်လို့ အပါယ်မကျနိုင်ဘူး၊ သီလ မလုံခြုံရင်တော့ အပါယ်နှင့် တန်းနေတာပဲ၊ ဒါကြောင့် စာကို ဖြည်းဖြည်းသင်ပါ၊ အရေးမကြီးပါနှင့်၊ ကိုယ်ကျင့်သီလကိုသာ ဖြူစင်အောင်နေပါ၊ မညစ်နွမ်းပါစေနှင့်၊ ဘုရားသာသနာထဲကနေပြီး ဘုရားကြိုက်တဲ့သီလကို မလိုက်နာလို့ ဘယ်ဖြစ်ပါ့မလဲ။"

သီလတွေ အညစ်နွမ်းခံပြီး စာပေသင်ကြားကြတာဟာ စဉ်းစားဖို့ကောင်းတယ်၊ တတ်လာတဲ့ စာပေတွေက အပါယ်မကျအောင် ကယ်နိုင်ပါ့မလား၊ ညစ်နွမ်းသွားရတဲ့ သီလတွေကရော အပါယ်မကျစေဖို့ ခွင့်လွှတ်ပါ့မလား၊ စဉ်းစားပါ၊ သတိထားပါ၊ တစ်နေရာမှာဆိုရင် မြတ်စွာဘုရားက "စိတ်ကောင်းမရှိဘဲနဲ့ သီလတွေလည်း မလုံခြုံဘဲနဲ့ စာတွေ သင်နေတာထက် အိပ်နေတာကမှ တော်သေးတယ်" တဲ့၊ ဟောထားတာရှိတယ်၊ ဟုတ်တာပေါ့၊ အိပ်နေတဲ့အချိန်မှာ ဘဝင်စိတ်ပဲ ဖြစ်တယ်၊ အကုသိုလ်စိတ် မဖြစ်ဘူး၊ ဒါ့ကြောင့် ဒီကျောင်းတိုက်မှာတော့ စာပေကို ဦးစားမပေးနိုင်ဘူး၊ ရှေ့တန်း မတင်နိုင်ဘူး၊ အနေအထိုင် ကိုယ်ကျင့်သီလ ပြည့်ဝဖို့သာ ဦးစားပေးရလိမ့်မယ်၊ အဓိကထားရလိမ့်မယ်"။

---

**ကျမ်းညွှန်း**

* သာမဏေကျော်၏ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် ဝိနည်း။ (နှာ-၆၃)

## ၆၄။ အနုတ်ဖိုဆရာတော်ဘုရားကြီးသည် အာဇီဝဝိပတ္တိမဖြစ်ရန် အထူးသတိထားတော်မူသည်

အခါတစ်ပါး ဝန်ထောက်မောင်ထင်ကျော်ထံ စာတစ်စောင် ရေးလိုက်စမ်းဟု အနီးထံပါး ခစားနေသော တပည့်တစ်ပါးကို စေခိုင်းတော်မူသဖြင့် ရေးသားပြီးလျှင် ဆရာသိစေလိုက်သည် "ဝန်ထောက်မင်း"ဟု အနီး၌ဖတ်ပြရာ တောင်ဝှေးဖြင့်တောက်တောက် ဟု ခေါက်တော်မူလိုက်လေသည်။

တစ်ဖန်ရှေးနည်း ဖတ်ပြပြန်ရာ ထို့အတူ ခေါက်ပြန်၍ **"နင်စာ ရေးသောအခါ သည်နည်းနှင်နှင် ရေးသားသလား၊ ဝန်ထောက်ဟု ရေးလျှင် မပြီးသေးဘူး၊ ဝန်ထောက်မင်းဟု မြှောက်ပင့်ချီးဝှဲ၍ ရေးသားချေသည်၊ လူဒါယကာ ဒါယိကာမတို့ကို ရိုးရိုးသားသား မရေးသား မပြောဆိုဘဲ အထက်သို့ မြှောက်ပင့်၍ ချီးမြှင့်ပြောဆို ခြင်းကို အလျှင်းမပြုအပ်၊ ပြုခဲ့လျှင် (လပန) တရားအဝင် (ဥလ္လပန သမုလ္လပန)တရားဖြစ်၍ ထိုပုဂ္ဂိုလ်အား အာဇီဝဝိပတ္တိ ဖြစ်ချေသည်၊ နောင် သည့်နှယ်မရေးသားလေနှင့်၊ ကြပ်ကြပ်သတိထား"**ဟု မိန့်ကြားတော်မူလေသည်၊ ဤအဆိုအမိန့်ကို နှစ်သိမ့်ကြည်ဖြူ နည်းယူ ကျင့်ကြံနိုင်ကြစေကုန်သတည်း။

---

**ကျမ်းညွှန်း**

* မဟာဒွါရနိကာယ ဂဏရကျွံတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ။ (၁၉၅၅ ခုနှစ်) (နှာ-၅၈၃)
* ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (အတွဲ-၁) (နှာ-၂၃)

## ၆၅။ အုတ်ဖိုဆရာတော်ဘုရားကြီးက မင်းအကိုးအကွယ်ခံမှုကို ပယ်ရှားတော်မူခြင်း

မင်းတုန်းမင်းသားကြီး သီရိမဟာသီဟသူရဓမ္မရာဇာသည် ခမည်းတော်မင်းတရားကြီး မကျန်းမမာတော်မူသည်မှစ၍ နောင်တော်မင်းတရားကြီး လက်ထက်တော်တိုင်အောင် လွှတ်တော်တက်မင်းသားကြီးအဖြစ်ဖြင့် သာသနာရေး တိုင်းရေးပြည်ရေးများကို ကြည့်ရှုစီမံ ခန့်ခွဲတော်မူရသည်။ ရဟန်းပညာရှိ လူပညာရှိတို့ကို အလွန်နှစ်သက် မြတ်နိုးတော်မူသည်။ တစ်လလျှင် လေးသီတင်းကျ လစဉ်အားဖြင့် မြသိန်းတန်ဆရာတော်ဘုရားကြီးကို မင်္ဂလာအိမ်တော်သို့ဝင်၍ ဆွမ်းလုပ်ကျွေးတော်မူသည်။ စပါးတောကျောင်းတိုက်ကား မင်းတုန်းမင်းသားကြီး၏ ကောင်းမှုတော်တည်း။ အခါတစ်ပါး၌-

"အရှင်ဆရာတော် ဘုရားကြီးမှာ လုံ့လကြိုးပမ်း၍ ကျမ်းဂန်အရပ်ရပ်ကို တပည့်တပန်း ရဟန်းသံဃာတို့အား ပို့ချသင်ကြားတော်မူရ ကာလအရှည် ကြာမြင့်ပါပြီ၊ ယခုအခါ မိမိကိုယ်စားကိုးကားလောက်ဖွယ် တပည့်အရေအတွက် အဘယ်မျှ ထွန်းကားပါသနည်းဘုရား"ဟု လျှောက်ထားလေ၏။

ထိုအခါ မြသိန်းတန်ဆရာတော်ဘုရားကြီးက-

"မင်းသား များစွာမဖြစ်ထွန်းချေ။ ယုံကြည်မှတ်ပိုက် နှစ်ခြိုက်စွာ အားထားလောက်သော တပည့်ကား တစ်ပါးတည်းသာလျှင် ဖြစ်ထွန်းချေသည်"ဟု မိန့်တော်မူလေလျှင် ထိုအရှင်၏ ဘွဲ့အမည် နေရပ်ကား မည်သို့ပါနည်းဘုရားဟု ထပ်မံလျှောက်ထားသောအခါ-

"ထိုပုဂ္ဂိုလ်၏ ဘွဲ့အမည်ကား မောင်ဥက္ကံဝံသတည်း၊ ဆရာတို့ကား မောင်ခနေဖြူဟုခေါ်ကြသည်။ နေရပ်ကား သာရဝေါမြို့တည်း" ဟု မိန့်တော်မူလေ၏။

"အရှင်ဘုရား ထိုပုဂ္ဂိုလ်ကို တပည့်တော် ဖူးတွေ့လိုပါသည်၊ နောက်သီတင်းနေ့၌ အရှင်ဆရာတော်ဘုရားကြီး ကြွလာတော်မူသောအခါ ပဉ္စာသမဏပြု၍ ခေါ်ဆောင်တော်မူခဲ့ပါရန် တောင်းပန်ပါသည်ဘုရား"ဟု လျှောက်ထားလေလျှင်-

"မင်းသား ကောင်းပြီ သူလိုက်လိုသော် ဆရာခေါ်ဆောင်ခဲ့မည်" ဟု အမိန့်ရှိတော်မူ၍ ကျောင်းတော်သို့ ပြန်လည်တော်မူခဲ့လေသည်။

နောက်သီတင်းမတိုင်မီတစ်ရက်၌ အုတ်ဖိုဆရာတော်ဘုရားကို ခေါ်တော်မူပြီးလျှင် မင်းတုန်းမင်းသားကြီးက အိမ်တော်သို့ ကြွရန် ပင့်လျှောက်လိုက်ကြောင်းကို မြသိန်းတန် ဆရာတော်ဘုရားကြီးက အမိန့်တော်ရှိသောအခါ အုတ်ဖိုဆရာတော်ဘုရားက မလိုက်ပါရမည့် အကြောင်းနှင့် မိမိဆရာအား လျှောက်ထားလေ၏။ အဘယ်ကြောင့် တပည့်မလိုက်လိုသနည်းဟု မေးမြန်းတော်မူသောအခါ **စာပေအကြည့်အရှု ပျက်ကွက်အံ့သည်စိုး၍ မလိုက်လိုပါကြောင်းဖြင့်**

**လျှောက်ထားလေ၏။** [ဤ၌ ကျောက်ထီးတန္တ အလေးပြုအပ်သော ရာဇဂုရုဆရာတော်ဘုရားကြီးဖြစ်ခြင်း၊ ထိုဆရာတော်ဘုရားကြီး၏ ဘုန်းကံသမ္ဘာကိုမှီ၍ ဖဝါးတော်အောက် နည်းနာသောက်လျက် နေရသော ဓမ္မန္တေဝါသိက နိဿိတဖြစ်ခြင်း၊ သို့ပါလျက် လောကာမိသ ကိုလည်း မငဲ့မကွက် ဂုဏ်ပကာသနကိုလည်း အချို့သူတို့ကဲ့သို့ မဖက်ဘဲ ရဲဝံ့စွာ မိန့်မြွက်တော်မူခြင်းကို တရားလမ်းမှန် စိတ်ဓာတ်ခံ ကောင်းကုန်သော ပညာရှိ သူတော်ကောင်းတို့ကား နှစ်ထောင်း ရှင်လန်း ချီးမွမ်းနူမော် မြွက်ဆိုတော်မူအံ့သည်ကား မချွတ်ပြီ။]

ထို့နောက် သီတင်းနေ့၌ မြသိန်းတန်ဆရာတော်ဘုရားကြီး ကြွရောက်တော်မူသောအခါ အုတ်ဖိုဆရာတော်ဘုရား မပါလာသဖြင့်

"အရှင်ဆရာတော်ဘုရားကြီး၏ တပည့်ရဟန်းတော်ကို မခေါ်ဆောင်ခဲ့ပါသလော"ဟု မင်းတုန်းမင်းသားက လျှောက်ထား လေသော်-

"မင်းသား၊ ဆရာကား အိမ်တော်သို့လိုက်ရန် ခေါ်ဆောင် ပေ၏။ သို့သော်လည်း သူ မလိုက်လို၍ မပါကြောင်း"ကို မိန့်တော် မူသောအခါ

"အဘယ့်ကြောင့် မလိုက်လိုပါသနည်း"ဟု လျှောက်ထား ပြန်လေလျှင်-

**"မင်းသား၊ စာပေအကြည့်အရှု ပျက်ကွက်မည်ကိုစိုး၍ မလိုက်လိုကြောင်းဖြင့် ဆရာအား လျှောက်ကြား၍ ကျောင်း၌ပင် နေရစ်သည်"ဟု မိန့်တော်မူလေသော် ပညာရှိသော ဘုန်းရှင် ကံရှင် မဟာသွေး မဟာနွယ်ဖြစ်သော မင်းတုန်းမင်းသားကြီးသည်**

**ဘုန်းကံသမ္ဘာ ဉာဏ်ပညာ ကြီးမြတ်တော်မူသည်အလျောက် စိတ်မချမ်းမမြေ့ ရှိတော်မမူဘဲ အလွန်အံ့ဩလျက် လွန်ကဲစွာ သဒ္ဓါကြည်ညိုခြင်း အထူးဖြစ်တော်မူ၍ အရှင်ဘုရား ဤစကားကို ကြားရမှ ထိုပုဂ္ဂိုလ်ကို သာ၍ပင် ကြည်ညိုလှပါသည်၊** တပည့်တော်တို့မင်းမျိုးကို ထိုထိုအရပ်က ရဟန်းတော်တို့သည် မပင့်မခေါ်ဘဲ လျက်ပင် အကျွမ်းတဝင် များစွာပြုချင်ကြပါသည်ဘုရားဟု လျှောက်ထားလေ၏။

ဤလောက၌ အချို့ရဟန်းတော်တို့ကား သာမန်ဖြစ်ကုန်သော မင်းစိုးရာဇာတို့နှင့်လည်းကောင်း၊ မင်းပါးခယမ်း မင်းမှုထမ်းအမတ်စစ်သူကြီးတို့နှင့်လည်းကောင်း၊ အကျွမ်းတဝင် ခင်မင်နှုတ်ချို ပြုလိုကြသေးသဖြင့် မဟာသွေးစစ် ဖြစ်ကြီးဖြစ်၍ ကောရာဇ်ရိုက်ရာကို သိမ်းပိုက်စိုးမြန်းတော်မူလတ္တံ့သော နန်းညွန့်နန်းလျာ မဟာဥပရာဇ် ဖြစ်ကုန်သော သူတို့နှင့်ကား ဆိုဖွယ်တစိ မရှိအောင်ပင် အကျွမ်းတဝင် ခင်မင်နှုတ်ချို ပြုလိုကြတော့သည်သာ၊ သို့ပါလျက် ယခုကိုယ်တော်ကလေးကား ငါကဲ့သို့သော ကောရာဇ်နန်းဘွား ပတ္တမြားမျက်ရစ်ဖြစ်သော မင်းကပင် ဖူးမြင်လို၍ ပင့်ဆောင်အပ်ပါလျက် မလိုက်လိုချင်ဘဲ ရှိခြင်းကား အလွန်အံ့ဩ ပြောပဖွယ်ရာကြီး ဖြစ်ပေသည်၊ ဘယ်အခါကာလမှ ထိုအရှင်ကို မျက်တွေ့ထင်ထင် ဖူးမြင်ရပါ အံ့နည်းဟု ဆင်ခြင်မြင်လျက်သာ ရှိရလေ၏။

---

**ကျမ်းညွှန်း**

* မဟာဒွါရနိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ၊ (၁၉၅၅ ခုနှစ်) (နှာ-၃၉၃-၃၉၅)

## ၆၆။ ပထမရွှေကျင်ဆရာတော်ကြီးအား မင်းတုန်းမင်းတရားကြီးက ဆွမ်းစားပင့်ရာ ဦးရာပင့်သည့် လယ်တဲသို့ကြွ

ရွှေကျင်ဂိုဏ်းတည် ပထမရွှေကျင်ဆရာတော်ဘုရားကြီးသည် မန္တလေးတောင်ခြေ ရွှေကျင်တိုက်မ၌ သီတင်းသုံးနေတော်မူစဉ် အခါက ဖြစ်သည်။

တစ်နေ့တွင် ရွှေကျင်တိုက်မနှင့် မနီးမဝေး လယ်ကြိုလယ်ကြားရှိ လယ်တဲနေ မိသားတစ်စုက ပထမရွှေကျင်ဆရာတော်အား ဆွမ်းစားပင့်ထား၏။ ထိုဆွမ်းစားသို့ ကြွရန် သပိတ်ပြင်ပြီး သက်န်းရုံနေစဉ် မင်းတုန်းမင်းကြီးကလည်း အမတ်တစ်ဦးကို "ရွှေကျင်ဆရာတော်ကြီးထံသွား၍ ဆွမ်းစားပင့်ချေဟဲ့"ဟု စေလွှတ်လိုက်၍၊ ထိုအမတ်ကြီးက နန်းတွင်းသို့ ဆွမ်းစားပင့်ရန် ရောက်ရှိလာလေသည်။

အမတ်ကြီးက "ဒကာတော် ရေမြေ့ရှင်ဧကရာဇ်က ဆွမ်းစားအပင့်ခိုင်းပါသည်ဘုရား"ဟု လျှောက်ထားသောအခါ ဆရာတော်

ကြီးသည် ရုံလက်စသက်န်းကို ဆက်ရုံပြီး သပိတ်ကိုလွယ်ကာ ထွက်ကြွသွားလေ၏။ အမတ်ကြီးသည် ဆရာတော်ကြီး၏ နောက်မှ လိုက်သွားသော် လယ်စောင့်တဲသို့ ကြွသွားပြီး၊ ထိုလယ်တဲ၌ ဆွမ်းဘုဉ်း ပေးနေကြောင်း တွေ့လေသည်။ နန်းတွင်းသို့ ပြန်ရောက်သော် မင်းတုန်းဘုရင်ကြီးက "ဘယ့်နှယ်လဲ၊ ဆရာတော်ကို ဆွမ်းပင့်လို့ ရရဲ့လား"ဟု မေးရာ၊ အမတ်ကြီးက-

**"ဆွမ်းပင့်ပါသည်ဘုရား၊ မည်သည့်စကားမျှမဆိုဘဲ သင်္ကန်း ဝတ်ရုံ သပိတ်လွယ်ပြီး ထွက်သွားရာ ရိုးပြတ်များကျော်၍ လယ်တဲကလေးသို့ ဝင်ရောက်ကာ ဆွမ်းဘုဉ်းပေးနေကြောင်း တွေ့ရပါသည်ဘုရား**"ဟု လျှောက်ထားသည်။

ထိုအခါ မင်းတုန်းမင်းကြီးက လက်သီး လက်မောင်းတန်း၍ "ငါလိုရှင်ဘုရင်တစ်ပါးက ပင့်တာတောင် အရေးမစိုက်ဘဲ ဦးရာ လူနောက် လိုက်တဲ့ဆရာတော်ကြီး"ဟု အားရဝမ်းသာ ပြောလိုက်၏။

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်နှင့်ဗုဒ္ဓမြတ်စွာသာသနာ၊(၂၀၁၁-ခု) ဒီဇင်ဘာလ တတိယအကြိမ်။ (နှာ-၄၉၆)
* ပရမ္ပရဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ၊ (နှာ-၁၀၄)

# ၆၇။ ရဟန်းက သည်ဟင်း ငါမကြိုက်၊ သည်ဟင်း ငါကြိုက်တယ်ဆိုလျှင် ပစ္စုပ္ပန်သံသရာ အကျိုးနည်း

ဆရာတော်ဘုရားကြီးကား ရဟန်းမြင်တိုင်း ပေးလှူအပ်သော ပစ္စည်းကို စင်ကြယ်ခဲသည်ဟု လက်ခံတော်မမူ၊ အလဇ္ဇီဟု ထင်ရှား သိမြင်သော ရဟန်းတို့ ရောက်လာနေထိုင်သည့် နေရာကိုလည်း ရှေဆေးတော်မူသည်၊ ဝိနည်း၌ ကျစ်လစ်တော်မူလှသည်။

မုခရဂ်သိက္ခာပုဒ်တော်ကို ရိုသေသောအားဖြင့် အချင်းခပ်သိမ်း ကွမ်းစားတော်မမူချေ၊ အခါတစ်ပါး မန်လည်ဆရာတော်ဘုရားကြီးရှေ့ မဲဓီးဆရာတော်က ပြည်ပန်းရွှေဟင်းကို တပည့်တော်မကြိုက်ပါ ဆိုမိရာ **နှုတ်ဣန္ဒြေမရှိသောရဟန်းသည် ပစ္စုပ္ပန်အကျိုးနည်း၊ သံသရာ အကျိုးနည်း၊ ငါ ဤအာဟာရကို မကြိုက်ဆိုမိခြင်းကြောင့် ထို အာဟာရကို ဒါယိကာတို့ မလှူလျှင် အလုပ်အကျွေး တပည့်တို့မှူ မစားရသည်ကား ပစ္စုပ္ပန်အကျိုးနည်း။ ငါ ဤအာဟာရမျိုးကို ကြိုက်သည်ဆို မိခြင်းကြောင့် ရအပ်သောအာဟာရကို သုံးဆောင် စားသောက်သည်ကား သံသရာအကျိုးနည်းဟု မန်လည်ဆရာ တော်ကြီး ဆုံးမစကား မိန့်ကြားတော်မူသည်။**

---

**ကျမ်းညွှန်း**

* မဟာဒွါရနိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ။(၁၉၅၅ ခုနှစ်) (နှာ-၂၇၁)

## ၆၈။ အဝေးနေသူ အနီးနေသူ နှစ်မျိုးတို့တွင် အဝေးနေသူကို ကြည်ညိုရန်လွယ်ပြီး အနီးနေသူကို ကြည်ညိုရန်ခဲယဉ်း

"တစ်ခါက အလုံဆရာတော်ကြီး ဝိသုဒ္ဓါရုံတိုက်လာပြီး ဆရာတော်ကြီးရဲ့ အနေအထိုင် အကဲခတ်ဖူးတယ်၊ အလုံ ဆရာတော်ကြီးက အလွန်ဝိနည်းလေးစားတယ်၊ ဝိသုဒ္ဓါရုံတိုက် လာတဲ့အခါမယ် သူ့ဆွမ်းသူ စားတယ်၊ အများနဲ့ မရောဘူး၊ သူများကြိုးတန်းပေါ် သက်န်းမလွှားဘူး၊ အလုံဆရာတော်ကြီးက ဝိမတိ ဋီကာအဆိုကို လိုက်တော့ ဝိနည်းဘက်မှာ တင်းမာတဲ့အယူအဆရှိတယ်။

ဆရာတော်ကြီးကတော့ ဝိမတိ ဋီကာနောက် သိပ်မလိုက်ဘူး၊ အလုံဆရာတော်ကြီးက အတော်ကြာအောင် ဆရာတော်ကြီးရဲ့ အနေအထိုင်ကို အကဲခတ်ခဲ့တယ်၊ ညဘက်နဲ့ နံနက်စောစောအချိန်မှာ ပိုပြီး သတိထားကြည့်ရှုတယ်၊ နံနက်ပိုင်းမှာ ဘယ်လောက်ပဲ စောစောကြီး လာကြည့်ကြည့်၊ ဆရာတော်ကြီး အိပ်ယာထဲလဲလျောင်းနေတာ မတွေ့

ရဘူးတဲ့၊ နောက်တော့ အလုံဆရာတော်ကြီးဟာ ဝိသုဒ္ဓါရုံဆရာတော်ကြီး အပေါ် အလွန်ကျေနပ် အားရသွားတယ်”

ဝိသုဒ္ဓါရုံဆရာတော်ကြီးက “**အဝေးနေသူ အနီးနေသူ နှစ်မျိုးတို့တွင် အဝေးနေသူကို ကြည်ညိုဖို့ လွယ်တယ်၊ အနီးနေသူကို ကြည်ညိုဖို့က အင်မတန် ခဲယဉ်းတယ်၊ အနီးနေသူ၏ အကျင့်စရိုက်ကို သိနေသောကြောင့် ဖြစ်တယ်**”ဟု အဓိပ္ပါယ်ရှိသော

‘ဒူရာသန္နေသု ဒူရာနံ၊ ပသာဒေါ သုကရော ဘဝေ။
ဒုက္ကရော အာသန္နာနံ တု၊ တေ ဟိဿ စရိတညုနော’။

ဟူသောဂါထာကို ရေးသားတော်မူခဲ့သည်။

ဝိသုဒ္ဓါရုံ ဆရာ တော်ကြီးထံ ကိုယ်တိုင်လာရောက် စုံစမ်း၍ ကျေနပ်အားရသောအခါ အလုံဆရာတော်ကြီးက “ဆရာတော်ကြီး၏ ဂါထာကို ပြင်တော်မူပါ၊ တပည့်တော်က အနီးနေလည်း ကြည်ညိုနိုင်ပါပြီ” ဘုရားဟု လျှောက်ထားသည်ဆို၏။

**ကျမ်းညွှန်း**

* ဦးမာနိတသိရီဘိဝံသ၊ ဦးနန္ဒမာလာဘိဝံသ၏ စံကင်းဆရာတော် (၂၀၀၆-ခုနှစ်) ဒုတိယအကြိမ်။ (နှာ-၉၀-၉၁)

## ၆၉။ ဝန်အပေါ့ဆုံးဖြစ်သည့် ဆရာဒကာ ဆက်ဆံရေး

ကျောင်းဒကာကြီး ဦးစုကား သံဃာတော်များအတွက် ဘယ်နေရာမှာမှ "လိုနေသည်"ဟုလည်း မရှိစေရ၊ "ပိုနေသည်"ဟုလည်း မရှိစေရ၊ အကွက်ကျကျဖြင့် ထောက်ပံ့လှူဒါန်းတတ်သူ တစ်ဦး ဖြစ်ပါပေသည်။

ကျောင်းဒကာကြီး ဦးစုသည် ကျောင်းတိုက်ထဲကို ရောက်လာခိုက် မြောင်းမြဆရာတော်ဘုရားကြီး စာချနေသည့် အချိန်နှင့် ကြုံကြိုက်လျှင် ရံခါ စူးစိုက်နားထောင်နေတတ်သည်၊ အခွင့်ရသည့် အခါ မိမိ မကျေနပ်သည့် အချက်အလက်များကိုလည်း လျှောက်ထားတတ်သည်။

ယင်းသို့လျှောက်ထားရင်း အခြေအတင် ဆွေးနွေးငြင်းခုံရသည့် အခါမျိုးမှာလည်း မိမိက ကြည်ညိုလေးစား ရိုသေအားထားရသည့် ဆရာပင် ဖြစ်နေစေကာမူ အလျှော့မပေးတတ်ပါ။ အကြောင်းအကျိုး အမျိုးမျိုးပြကာ ငြင်းခုံနေပါတော့သည်၊ သို့သော် ကျေနပ်မှု ရှိနေကြောင်းကိုကား သူ၏မျက်နှာ အနေအထားကပင် ဖော်ပြလျက် ရှိနေတတ်ပါသည်။

ထိုစဉ်က ကျောင်းဒကာကြီး ဦးစုမှာ ကိုယ်ပိုင်မော်တော်ကား တစ်စီး ရှိနေသည်၊ "အလိုရှိသောအခါမှာ မှာယူအသုံး ပြုတော်မူပါ" ဟုလည်း မြောင်းမြဆရာတော်ဘုရားကြီးကို အကြိမ်ကြိမ် လျှောက်ထားဖူးသည်၊ သို့ဖြစ်စေကာမူ မြောင်းမြဆရာတော်ဘုရားကြီးကား ကျန်းမာပါလျက် မည်သည့်အခါမျှ ကားကို မှာယူအသုံးမပြုခဲ့ဖူးပါ။

ဘုန်းတော်ကြီးသည် သာသနာရေးကိစ္စဖြင့် ရန်ကုန်ဘက်ကို

ကြွရသည့်အခါလည်း ရှိတတ်သည်၊ လပွတ္တာဘက်ကို ကြွရသည့် အခါလည်း ရှိတတ်သည်။

ရန်ကုန်ဘက်ကို ကြွရသည့်အခါ "ဘယ်နေ့ ရန်ကုန်ကို သွားမယ်" ဤမျှသာ စာရေး၍ ကျောင်းသားဖြင့် ကျောင်းဒကာကြီးထံ ပေးပို့လိုက်သည်၊ ကျောင်းဒကာကြီးကလည်း "ဘယ်သင်္ဘောနှင့် လိုက်ပါ"ဟု စာဖြင့်ပင် ပြန်လျှောက်ထားတတ်သည်၊ အချိန်တန်သည့် အခါ ကျောင်းကိုလာပင့်၍ သင်္ဘောပေါ်ရောက်မှ လက်မှတ်ဝယ်လှူ လိုက်သည်။

လပွတ္တာဘက်ကို ကြွရသည့်အခါမှာလည်း "နက်ဖြန် လပွတ္တာကို နေ့တစ်နာရီ သင်္ဘောနှင့် လိုက်မယ်၊ ကျောင်းသားကလေး တစ်ယောက်လည်းပါမယ်"ဟု တစ်ရက်ကြိုတင်၍ စာပေးထားလေ့ ရှိသည်။

"နက်ဖြန် တပည့်တော်ကားနဲ့ လာခဲ့ပါမယ်၊ လက်မှတ် သင်္ဘောပေါ်ရောက်က ရပါလိမ့်မယ်"ဟု စာပြန်လာတတ်သည်၊ မြောင်းမြဆရာတော်ဘုရားကြီးက သပိတ်ကိုပြင်၍ ကျောင်းပေါ်မှပင် စောင့်နေသည်၊ အချိန်ကျ၍ ကားရောက်လာသည်နှင့် တပြိုင်နက် ကားပေါ်ကို တက်လိုက်သွားပါတော့သည်၊ "ဘုန်းတော်ကြီးကို စောင့် နေရသည်"ဟု မရှိပါ၊ အချိန်တန်၍ ကားရောက်မလာလျှင် ကိုယ့် သပိတ်ကို ကိုယ်လွယ်၍ ဆင်းကြွလာပါတော့သည်။

ရံခါ ရိုးကူးကိုရောက်မှ ကားကို တွေ့တတ်သည်၊ ရံခါ စစ်တလင်းမှာ တွေ့တတ်သည်၊ "ကားပေါ် တက်ပါဘုရား"ဟု ပင့်မှ ကားပေါ်တက်လိုက်သွားသည်၊ "ဘယ်နေ့ပြန်မယ်၊ ကားလွှတ်ပါ"

ဟူ၍ကား မည်သည့်အခါမျှ ပြောလေ့ပြောထ မရှိပါ၊ ကိစ္စပြီးသည့်နေ့မှာ ကိုယ့်ဘာသာကိုယ် ပြန်လာ၍ သဘော်ကပ်က မည်သည့်အချိန်မျိုးမှာပင်ဖြစ်စေ ဖိနပ်မစီးဘဲ ကျောင်းကိုခြေလျင် တက်လာပါတော့သည်။

ကျောင်းမှာ လူမမာများ ရှိနေသည့် အခါမျိုးမှာမူကား "ဘယ်ကိုရင် ဘယ်ဦးပဥ္စင်း မမာဘူး၊ ဆေးရုံပို့ချင်တယ်၊ ခြေလျင် သွားနိုင်မယ်မထင်၊ ကားပါမှဖြစ်မယ်"ဟု စာရေးပေးလိုက်သည်၊ "ဘယ်အချိန်ပို့လိုက်ပါ၊ ကားလွှတ်လိုက်ပါ့မယ်၊ တပည့်တော်လည်း ဆေးရုံကစောင့်နေပါ့မယ်"ဟု ကျောင်းဒကာကြီးက စာဖြင့် ပြန်လျှောက် တတ်သည်၊ လျှောက်ထားသည့်အတိုင်းလည်း ကူညီ လုပ်ကိုင်ပေးလေ့ရှိသည်။

**မြောင်းမြဆရာတော်ဘုရားကြီး၏ ကျောင်းဒကာကြီးနှင့် ဆက်ဆံပုံမှာ ထူးဆန်းသလို ဖြစ်နေပါသည်၊ အခြားဘုန်းကြီးများ၏ ဆက်ဆံပုံနှင့် ကွာခြားလှဘိသည်၊ မည်သို့ဖြစ်စေ ဘုန်းတော်ကြီးကား ဝန်အပေါ့ဆုံး (သလ္လဟုကဝုတ္တိ) ဖြစ်အောင်သာ အမြဲကြိုးစား အားထုတ်နေထိုင်လေ့ ရှိပါသည်။**

ဤသို့ ဆရာတော်ဘုရားကြီး၏ သလ္လဟုကဝုတ္တိဂုဏ်ရောက်အောင် ဆက်ဆံပြုမူ ကျင့်သုံးနေထိုင်သည်ကို ကိုယ်တွေ့ကြုံရပြန်သည့်အခါမှာလည်း ကျောင်းဒကာကြီး ဦးစုသည် မိမိဆည်းကပ် ကိုးကွယ်ခွင့်ရသော ဘုန်းတော်ကြီးအပေါ်၌ လေးစားကြည်ညို၍ မဆုံးနိုင်လောက်အောင် ရှိနေပါတော့သည်။

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော် အရှင်ကုမာရ၏ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ (၂၀၁၁-ခုနှစ်၊ ဒီဇင်ဘာလ) တတိယအကြိမ် (နှာ-၁၀၅)

## ၇၀။ ဆရာတာဝန်နှင့် ဒကာတာဝန်

ဗာရာဏသီဆရာတော်သည် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကို မိမိစိတ်တိုင်းကျဖြစ်အောင် ဆောင်ရွက်ခဲ့သည်။ မိမိကိုယ်တိုင် ဝိနည်းသိက္ခာပုဒ်တို့ကို အသက်ကဲ့သို့ မြတ်နိုး၍ ထိုကဲ့သို့မြတ်နိုးသော စာသင်သားတို့ကို လက်ခံခဲ့သည်။ ကျောင်းတိုက် တည်စကဖြစ်၏။ တစ်ညတွင် ရှင်ငယ်ရဟန်းငယ်(၆)ပါး ခိုးထွက်၍ ရုပ်ရှင်ကြည့်ကြသည်။ တိုက်စည်းမျဉ်းအရ ဆရာတော်က ဝါတွင်းမှာပင် နှင်ထုတ်လိုက်သည်။ ဗာရာဏသီတိုက်၏ တိုက်အမ ဒေါ်သိန်းတင်သည် စာသင်သား(၆)ပါးတောင် လျော့သွားမည်စိုး၍ ဆရာတော်အား လာရောက်၍ အသနားခံလျှောက်ထားသည်။ ငါ လျှောက်လျှင် ရမည်ဟုလည်း ထင်နေသည်။

ထို့ကြောင့် "ဆရာတော်ဘုရား တိုက်တည်စဖြစ်သဖြင့် သံဃာအားနည်းသွားပါမည်ဘုရား။ သို့ပါ၍ ရုပ်ရှင်ကြည့်မိသော သံဃာ ၆-ပါးကို မနှင်ပါရန် လျှောက်ထားပါသည်ဘုရား"ဟု လျှောက်ထား၏။ ဆရာတော်က **"ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်း လေးပါး လှူဒါန်းဖို့သာ တိုက်အမတာဝန်ဖြစ်သည်။ ကျောင်းတိုက်ကိစ္စ မရှုပ်နှင့်"**ဟု မိန့်ကြားလိုက်သည်။

---

**ကျမ်းညွှန်း**

* စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဘဝနှင့်သာသနာ၊ တပည့်များစုပေါင်းပူဇော်သည်၊ (၂၀၀၇ ခုနှစ်) (နှာ-၃၆၂)

# ၇၁။ ဆရာတော်ဦးဗုဓ်ထံမှ စကားတစ်ခွန်းနာရ၍ သေပျော်ခဲ့သူ နန်းမတော်မယ်နု

နန်းမတော်မယ်နုသည် ရာဇဝင်မကောင်းလှသော်လည်း စံပြု ထိုက်သော သတ္တိစွမ်းရည်ရှိလှသည်။ ရေချကွပ်မျက် ခံရတော့မည့် ဆဲဆဲ သူ ဆည်းကပ်ကိုးကွယ်ခဲ့သော ဆရာတော်ဦးဗုဓ်ကို နောက်ဆုံး ဖူးမြော်ပါရစေဆိုသဖြင့် ဆရာတော် ဦးဗုဓ်ထံ ပို့ပေးကြသည်။

ဆရာတော့်ရှေ့တော်မှောက်ရောက်လျှင် မယ်နုက-

"ဆရာတော်ဘုရား တပည့်တော်မ ယနေ့ပင် ရေချကွပ်မျက် ခံရပါတော့မည်"ဟု လျှောက်၏။ ဆရာတော်ဦးဗုဓ်က-

"ဟဲ့ . . . မယ်နု၊ သူကြွေးရှိရင် ဆပ်ရမှာပေါ့"ဟု တစ်ခွန်းသာ မိန့်လိုက်သည်။ မယ်နုသည်-

"ငါ့ဆရာတော်သည် ငါ ကိုးကွယ်ခဲ့သည့် ကာလတစ်လျှောက် ငါ့ကို အရေးတယူ စကားတစ်ခွန်းမျှ မမြွက်ဟခဲ့။ ယခု ဆရာတော် စကားတစ်ခွန်း ငါနာရပြီ။ ငါသေပျော်ပြီ"ဟု ဦးချကာ ရာဇဝတ်သား တို့နောက် လိုက်ပါသွားသတတ်။

---

**ကျမ်းညွှန်း**

* စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဘဝနှင့်သာသနာ၊ တပည့်များစုပေါင်းပူဇော်သည်၊ (၂၀၀၄ ခုနှစ်) (နှာ-၃၆၃)

## ၇၂။ ပိဋကပါတ်ဝတ်ဖြင့် အသက်မွေးတော်မူသည့် မင်းဆရာတော်

ကြက်သွန်ခင်း ဆရာတော်ဘုရားကြီးသည် ရတနာပူရ ဆင်ဖြူမင်း၏ မင်းဆရာဖြစ်တော်မူပါသည်။ မင်းဆရာ ဖြစ်ပါသော်လည်း အတိရေက လာဘ်ကိုပယ်၍ ပိဋကပါတ်ဝတ်ဖြင့်သာ အသက်မွေးတော်မူပါသည်။ မင်းကေရာဇ်လှူအပ်သော ကျောင်းကိုစွန့်၍ အာရညကင်စုတင်ကို ဆောက်တည်တော်မူသည်။

မန်လည်ဆရာတော်က-

"ကိုယ်တော်အရှင် တောနေတော်မူသည်မှာ မည်သည့်တရားကို အားထုတ်တော်မူပါသနည်း"ဟု လျှောက်လျှင်၊

"ဘုရားတရားကို အားထုတ်သည်"ဟု ကြက်သွန်ခင်း ဆရာတော်က မိန့်တော်မူသည်။

"ဘုရားတရားကို အားထုတ်တော်မူသည်ကို မမိန့်သော်လည်း အမြင်ဖြင့်ပင် သိရပါပြီ။ ဘုရားတရားအများရှိသည်တွင် မည်သည့်

တရားကို အထူးအားဖြင့် အားထုတ်တော်မူသည်ကို သိလိုပါသည်။ အန္တေဝါသိက တပည့်ကိုကဲ့သို့ မှတ်ထင်တော်မူ၍ ဟုတ်တိုင်းမိန့်တော်မူပါ။ ကိုယ်တော်အရှင် အားထုတ်တော်မူအပ်သော တရားအထူးကို နည်းယူအားထုတ် လိုပါသောကြောင့် အသနားတော်မြတ်ခံပါသည်”ဟု တစ်ဖန်လျှောက်လျှင်-

“ပတတ်တွင်းဝင်ဖြောင့် မီးကောက် ကျည်စွပ်ဖြောင့်၊ မည်သည့်တရားကို အထူးအားဖြင့် အားထုတ်သည်မရှိ။ ကာယဝိဝေကကို ရလျှင် များစွာသော ကုသိုလ်ဓမ္မပွါးကြောင်းဟု နှလုံးပိုက်၍ ဖြည့်ကျင့်မြဲတရားကို ဖြည့်ကျင့်လျက်၊ ပစ္စဝေက္ခဏာလေးပုဒ်ကို ဆင်ခြင်၍ တောနေအားထုတ်သည်”ဟု မိန့်တော်မူသည်။

ထိုကြက်သွန်ခင်း ဆရာတော်ဘုရားကြီးသည် သက်တော်ရွယ်တော် ရင့်သည်တိုင်အောင် ဆွမ်းခံဝတ်ကို ဖြည့်တော်မူသည်။ ကိုယ်တော်နှင့် အလုပ်အကျွေး သီတင်းသည် သူတော်ဝတ် လူတစ်ယောက်စာမျှလောက်လျှင် ဆွမ်းခံပြန်ကြွတော်မူသည်။ ပစ္စည်း၌ မက်မောတော်မမူ၊ တစ်ရံရောအခါ ရဟန်းတစ်ပါး များစွာသော ဆွမ်းဟင်းလျာ စားဖွယ်စားရာအစုံကို တပည့်ဝန်ထမ်း တစ်ထမ်းနှစ်ထမ်းနှင့် စစ်ကိုင်းမြို့မှ ထွက်လာသည်ကို ကြက်သွန်ခင်း ဆရာတော်ဘုရားကြီးနှင့် ပက်ပင်းပါ ကြုံတွေ့၍ “ငါ့ရှင်၊ သင်၏မယား မာ၏လော”ဟု မေးတော်မူသည်။

စရစ်ဆရာတော် လွန်ပြီးနောက် တူတော်တပည့်ရင်း ရှင်သာပုံကို မင်းဧကရာဇ်က သာသနာပိုင်ထည့်လျှင် အရှင်သူမြတ်လည်း စိတ်ပျို

ကိုယ်နူဖြစ်၍ ဝါသနာအလျောက် သိုင်းကိုင်နှင့် ဆွမ်းခံဝင်သည်ကို ကြက်သွန်ခင်းဆရာတော်ဘုရားကြီးနှင့် ပက်ပင်းပါကြုံ၍-

"သာပုံ၊ ကြယ်နှင်တံနှင့် နင့်ကို လူကြောက်ချိမ့်မည်လော၊ ကြောက်လောက်အောင် အမြောက်ဆောင်"ဟု မိန့်တော်မူသည်။ ထိုအရှင်လည်း အရှက်ရ၍ ဝန်ချသည်။ မကြာမတင်လည်း လွန်လေသည်။ ပဌမပြန်ခဏ်းကိုလည်း "စရစ်၊ နင်တို့လက်ဖွေ့ပွဲ မပြီးသေးဘူးလော"ဟု ကြက်သွန်ခင်းဆရာတော်ဘုရားကြီး မိန့်တော်မူသည်။ ကြက်သွန်ခင်း ဆရာတော်ဘုရားကြီးသည် ဆရာတော်အများနှင့် နန်းတော်မှပြန်လာရာ-

"တပည့်တော်ကျောင်းမှာ ဆွမ်းဘုဉ်းပေးပါ"ဟု စရစ် ဆရာတော်က လျှောက်လျှင်-

"ရှင်ဘုရင်သည် ဝန်ကြီးအိမ်မှာ ထမင်းစားသည်ဟု နင်တို့ကို ဘယ်သူ ပြောသနည်း"ဟု မိန့်တော်မူသည်။ ထိုဆရာတော် ဘုရားကြီးကား သက်တော် (၈၃)၊ ဝါတော် (၆၃) သက္ကရာဇ် (၁၁၃၇)ခုနှစ် ပျံလွန်တော်မူသည်။

---

**ကျမ်းညွှန်း**

* မဟာဒွါရ နိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရ နိကာယ သာသနဝံသ ဒီပနီ။ (၁၉၅၅ခုနှစ်) (နှာ-၂၅၁)

# ၇၃။ ရွှေဥမင်ဆရာတော်ဘုရားကြီးသည် ကြွတော်မူရာ သပိတ်ပါသည်

ဘုရားရှင်သာသနာတော်၌ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပစသော ဖဘုရားရှင်၏ ရဟန်းတပည့်များ အဆက်ဆက်သည်လည်းကောင်း၊ ဥပ္ပလဝဏ္ဏာစသော ဘိက္ခုနီ အဆက်ဆက်သည်လည်းကောင်း၊ သွားလေရာရာ သပိတ်ပါသောကြောင့် အမြဲတမ်း သပိတ်ဖြင့် ဆွမ်းခံကာ ဘုဉ်းပေးတော်မူကြပေ၏။

အထက်ပါ သာသနာရှေ့ဆောင်များ ကဲ့သို့ပင် ရွှေဥမင်ဆရာတော်သည်လည်း တစ်သက်လုံး လွန်တော်မူသည့်အထိ သပိတ်ကို အမြဲမြတ်နိုးတော်မူ၏။ နေ့စဉ်အမြဲတမ်း ဆွမ်းခံကြွတော်မူ၏။ မပျံလွန်မီ သုံးနှစ်ခန့် သက်တော်(၈၇)ခန့်အထိ အမြဲဆွမ်းခံတော်မူ၏။ နောက်ပိုင်းတွင် ဒူးတုန်ပြီး ခြေမသယ်နိုင်အောင် ဖြစ်သောကြောင့်သာ ဆွမ်းခံနားလိုက်ကြောင်း မိန့်ကြား၏။

ဘုရားရှင်အစထား၍ သံဃာတော်များစွာသည် ခရီးဒေသစာရီ လှည့်လည်ရာ၌ ဆောင်မြဲသပိတ် အမြဲပါသကဲ့သို့ ရွှေဥမင်ဆရာတော်သည်လည်း မည်သည့်ခရီးသို့ မည်သည့်ယာဉ်ဖြင့် သွားသွား မည်မျှဝေးဝေး သပိတ်အမြဲပါတော်မူ၏။ ဆောင်မြဲသပိတ် ပါမြဲဖြစ်၏။ ထေရဝါဒသာသနာအတွက် သပိတ်သည် လိုတရဖြစ်ပေသည်။ သံဃာတော်တစ်ပါးသည် သပိတ်ကို လွယ်လျက်၊ ပိုက်လျက်၊ သက်န်းရုံဖြင့် ကြွလာသည်မှာ လွန်စွာကျက်သရေ ရှိပါပေ၏။ ဖူးမြင်ရသူတို့ လွန်စွာလည်း ကြည်နူးရသည့် မြင်ကွင်းပါပေတည်း။

ရွှေဥမင်ဆရာတော်သည် မည်သည့်နေရာမှာမဆို ဆောင်မြဲသပိတ် ပါရှိသကဲ့သို့ မည်သည့်နေရာမှာပင် ဆွမ်းဘုဉ်းပေးရစေ သပိတ်ဖြင့်သာ အမြဲတမ်း ဘုဉ်းပေးတော်မူ၏။ ရွှေဥမင်ဆရာတော် သပိတ်အစား ပန်းကန်ဖြင့် ဘုဉ်းပေးသည်ကို မမြင်ဖူးခဲ့ရပေ။ မြောက်ဥက္ကလာပရွှေဥမင်မှာဖြစ်စေ၊ ရွှေဥမင် ဓမ္မသုခမှာဖြစ်စေ ဆွမ်းစားအုန်းမောင်းခေါက်လျှင် ဆရာတော်ကိုယ်တိုင် ဆွမ်းစားကျောင်းသို့ သံဃာတန်းဖြင့် ကြွမြဲဖြစ်သဖြင့် ဆရာတော်ဘေးမှ မသိမသာကပ်လျက် ဆရာတော်၏ သပိတ်ကို ကပ္ပိယဒါယကာ တစ်ဦးဦးက သူ့ထက်ငါ ပိုက်ပွေ့လျက် တရိုတသေယူလာ၍ ကပ်ကြသည်။ ဆွမ်းဘုဉ်းပြီးသော် ဆရာတော်ကိုယ်တိုင် မိမိသပိတ်ကို အမြဲဆေးတော်မူသော်လည်း ကုသိုလ်ရှင် စေတနာရှင် ကပ္ပိယဒကာများက အလိုက်တသိ ယူ၍ ဆေးပေးခြင်းဖြင့် ဝေယျာဝစ္စကုသိုလ်ကို အရအမိယူသည်ကိုလည်း တွေ့ရပေသည်။ ကြည်နူး ဝမ်းသာရပေသည်။

ဒိဋ္ဌာနုဂတိက သဘာဝအတိုင်း ရွှေဥမင်ဆရာတော်၏ တပည့်များစွာလည်း ဆောင်မြဲသပိတ်ပါကြ၏။

၁။ ဆရာတော်၏တပည့် ဓမ္မဒူတဆရာတော်သည် ပျံလွန်တော်မူသည်အထိ ခရီးမည်မျှဝေးဝေး မည်မျှကြမ်းကြမ်း အမြဲတမ်း သပိတ်လွယ်လျက်သာ ဓမ္မဒေသနာခရီး နှင်တော်မူ၏။ သပိတ်ဖြင့်ပင် ဆွမ်းဘုဉ်းပေးတော်မူ၏။

၂။ ဆရာတော်၏ တပည့်ကြီးတစ်ပါး ဖြစ်တော်မူသော လက်ရှိအစင် ဝေဠုဝန်တောရကျောင်းဆရာတော် ဘုန်းကြီးဦးဝဏ္ဏိတလည်း မည်သည့်အချိန်မဆို မည်သည့်နေရာမဆို ဆောင်သပိတ် အမြဲတမ်း ပါလျက် ခရီး နီး၊ ဝေး၊ ကြမ်း၊ နုကို သပိတ်အရင်းတည်လျက်သာ သွားရောက်ခြင်း သီတင်းသုံးခြင်း ပြုသည်မှာ ယခုသက်တော်(၇၀)ကျော်အထိဖြစ်၍ သီတင်းသုံးဖော်များ တပည့်သံဃာများ တပည့် ဒကာ၊ ဒကာမများ အားကျမဆုံး အတုယူမဆုံး ကြည်နူးဝမ်းသာမဆုံး ရှိကြပေသည်။

---

**ကျမ်းညွှန်း**

* အုတ်ဖိုဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၏ ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ ဘဝပုံရိပ်တစ်စိတ်တစ်ဒေသ။



ကျေးဇူးရှင် ဓမ္မဒူတဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၅၀ – ၁၃၃၇) (ခရစ် ၁၈၈၉ – ၁၉၇၆)

## ၇၄။ ဓမ္မဒူတဆရာတော်ဘုရားကြီးသည် ခရီးသွားတိုင်း သက်န်းရုံ သပိတ်လွယ်တော်မူသည်

အခုထိ တပည့်တော် ခရီးသွားတိုင်း သင်္ကန်းရုံ သပိတ်လွယ်တယ်ဆိုတာ ဟန်လုပ်နေတာ မဟုတ်ဘူး။ သမဏသာရုပ္ပ ရဟန်းအသွင် တင့်တယ်မှုရှိအောင်၊ ကိုယ်တိုင်လည်း ရဟန်းရယ်လို့ သမဏသညာ မပျောက်အောင်၊ ရဟန်းတွေရဲ့ ခရီးသွားကျင့်ဝတ်ကိုလည်း လိုက်နာရာရောက်အောင် နေတာပါ။ ဟန်လုပ်တာ မဟုတ်ပါဘူး။ သာသနာနှင့်ဟန်လုပ်တာ မတန်ပါဘူး။

## ၇၅။ ဓုတင်တိစီဝရိတ်ဆောင်ပုဂ္ဂိုလ်သည် သားရေနွယ်ဆောင်မှ ဓုတင်ပြည့်စုံသည် မဟုတ်ပါ

ဓုတင်တိစီဝရိတ်ဆောင် ပုဂ္ဂိုလ်များသည် သားရေနွယ်ရှိမှ ဖြစ်မည်ဟု ဆိုကြပါသော်လည်း သားရေနွယ်ရှိမှ ဖြစ်သည်ဟူသော စကားသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ မရှိပါ။ ဓုတင်္ဂဝိနိစ္ဆယကျမ်း၌လည်း မရှိပါ။ ဆက်လက်၍ သားရေနွယ်၏ အရွယ်အတိုင်းအရှည်ပမာဏလည်း မရှိပါဟုသာ ဆိုချင်ပါ၏။ “မဇ္ဈိမပမာဏေန” ညောင်စောင်းလောက်ပမာဏဟု ဝိနည်းပါဠိတော်၌ ရှိနေသော်လည်း ထိုညောင်စောင်း ပမာဏကို ဘုရားခွင့်ပြုခဲ့ခြင်း မရှိပါ။

---

**ကျမ်းညွှန်း**

* ဓမ္မဒူတဆရာတော်ဘုရားကြီး၏ အဆုံးအမများစာအုပ်။ ၁၉၉၈-ခုနှစ် (နှာ-၄၇)

သားရေနွယ်၌ တွေးကြံဖွယ်ရှိနေသည်မှာ ဓုတင်တိစီဝရိတ် ဆောင်ရဟန်းက လေးထည်မြောက် သင်္ကန်းကို ရှောင်ကွင်းလိုသဖြင့် လေးထည်မြောက် မဖြစ်အောင် သားရေနွယ်ကို ဆောင်သည်ဟု ယူဆသင့်ကြောင်းကို တွေးကြံမိပါ၏။ သားရေနွယ်သည် သင်္ကန်း မဟုတ်သောကြောင့် တိစီဝရိတ်မပျက်ဟု မှတ်အပ်ကြောင်း ကျေးဇူးရှင် နဘူးကျောင်း ဆရာတော်ဘုရားကြီး မိန့်တော်မူဖူးပါသည်။

## ၇၆။ ဝိနည်းတိစီဝရိတ်နှင့် ဓုတင်တိစီဝရိတ်အဓိဋ္ဌာန် ခြားနားမှု သိကောင်းစရာ

ဝိနည်းတိစီဝရိတ်နှင့် ဓုတင်တိစီဝရိတ်ဟူ၍ နှစ်ပါးရှိရာ ဝိနည်းတိစီဝရိတ် အဓိဋ္ဌာန်တင်ရာတွင်

**ဣမံ/တေ သံဃာဋိံ အဓိဋ္ဌာမိ။**

ဤ/ထိုသင်္ကန်းကို ငါ၏ ကိုယ်ပိုင်ဒုကုဋ်ဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏။

**ဣမံ/တေ ဉတ္တရာသင်္ဂံ အဓိဋ္ဌာမိ။**

ဤ/ထိုသင်္ကန်းကို ငါ၏ ကိုယ်ပိုင်ဧကသီဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏။

**ဣမံ/တေ အန္တရဝါသကံ အဓိဋ္ဌာမိ။**

ဤ/ထိုသင်္ကန်းကို ငါ၏ ကိုယ်ပိုင်သင်းပိုင်ဟူ၍ စိတ်၌ စွဲစွဲမြဲမြဲ မှတ်ထားပါ၏။

---

**ကျမ်းညွှန်း**

* သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ နဘူးကျောင်း ဆရာတော်ဘုရားကြီးမှ မြစ်သား ဦးကောသလ္လသို့ အဖြေကျမ်းစာအုပ်။

* မဟာဝဂ္ဂပါဠိ (ဝိနယပိဋကတ)၊ သဗ္ဗဓမ္မပဋိကွေ့သော (နှာ-၂၈၁)

ဤသို့ သင်္ကန်းသုံးထည်ကို နာမည်အသီးသီးဖြင့် ဝိနည်းတိစီ ဝရိတ်တင်ထားပါက ဂရုတစိုက် အမြတ်တနိုး စောင့်ရှောက်သည့် အနေဖြင့် နေ့စဉ် အရုဏ်တက်ချိန်၌ ထိုသင်္ကန်းသုံးထည်ကို ခြုံဝတ် ဆင်ထားရမည်။ မဝတ်မရုံလျှင် နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း ရှိနေရမည်။ နှစ်တောင့်ထွာ ဟတ္ထပါသ်အပြင်သို့ ရောက်ရှိနေပါက သင်္ကန်းနှင့် တစ်ညဥ့်ကင်းကွာသည် မည်၏။ နိဿဂ္ဂိပါစိတ် အာပတ် သင့်၏။ ထိုသင်္ကန်းကို အခြားရဟန်းတစ်ပါးပါးအား ပေးစွန့်၍ ပါစိတ် အာပတ်ကို ဒေသနာပြောကြား ကုစားရသည်။

မချွတ်မယွင်း အာပတ်မသင့်နိုင်သောနည်းကား အရုဏ်တက် ချိန်၌ သင်္ကန်းနှင့် (၂-တောင့်ထွာ) အနီးကပ်၍ နေထိုင်ကာ စောင့် ရှောက်လျက် ဆောင်နည်းပင်ဖြစ်ပါသည်။ ဤနည်းဆောင်လျှင် နိဿဂ္ဂိ ပါစိတ်အာပတ် မသင့်နိုင်ပါဟု ခိုင်မြဲစွာ မှတ်အပ်၏။

ဓုတင်တိစီဝရိတ်ကား သင်္ကန်း(၃)ထည်ကို ယခင်နည်း အဓိဋ္ဌာန် မတင်ဘဲ ဝိကပ္ပနာပြု၍(သို့မဟုတ်) ပရိက္ခာရစောဠအဓိဋ္ဌာန်တင်၍ ဆောင်ထားရ၏။ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်နည်းကား (၁)ထည် ထည်ကို **"ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ"**ဟုဆို၍ တင်ရ၏။ (၃)ထည်တို့ကို **"ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"**ဟုဆို၍ တင်ရ၏။ ဤဓုတင်တိစီဝရိတ်ကိုဆောင်သော ရဟန်းသည် အရုဏ် တက်ချိန်၌ သင်္ကန်းနှင့် (၂-တောင့်ထွာ) မကွာအောင် နေရန်မလိုပါ။ ချမ်းသာ လွတ်လပ်စွာ နေနိုင်ရကား ဆောင်လွယ်သောနည်း ဖြစ်ပါ၏ဟု ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီးမှ မိန့်ကြားတော်မူပါသည်။

**ကျမ်းညွှန်း**

* သာသနဓဇသိရိပဝရ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း တောင်တွင်းအရှင်စန္ဒိမာ၏ ပုစ္ဆာ (နှာ-၈၁)
* ပထမကထိနသိက္ခာပဒဝဏ္ဏနာ၊ စီဝရဝဂ္ဂ၊ နိဿဂ္ဂိယကဏ္ဍ၊ ပါရာဇိကအဋ္ဌကထာ (တွဲ-၂) (နှာ-၂၂၇)

## ၇၇။ ပံသုကူစုတင်ဆောင်ရဟန်းသည် သက်န်းအလှူခံရုံမျှဖြင့် ဓုတင် ပျက် မပျက် ဝိနိစ္ဆယ

**“ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ”**ဟု လူက လှူဒါန်းလာသော သင်္ကန်းကို ပယ်ချခြင်းကို ထောက်လျှင် ပံသုကူဆောင်ရဟန်းသည် ပံသုကူမဟုတ်သော (လူကလှူသော) သင်္ကန်းကို အလှူခံသောခဏ၌ ဓုတင်ပျက်၏။ သို့သော်လည်း **မဟာဋီကာအလိုအားဖြင့် မိမိသုံးဆောင်လိုသော စိတ်ဆန္ဒဖြင့် အလှူခံမှသာ ဓုတင်ပျက်၏ဟုဆိုသဖြင့် ထိုစိတ်ဆန္ဒမရှိလျှင် မပျက်ဟု အဓိပ္ပာယ်ဆိုက်ရောက်နေပါ၏။**

**စုလ္လဋီကာအလို မိမိသုံးဆောင်လိုသော စိတ်ဆန္ဒမရှိဘဲ လှူသောဒါယကာ၏ စိတ်ကြည်လင်မှုကို စောင့်ထိန်းခြင်းငှာ မပယ်မူ၍ အခြားရဟန်းအားပေးမည်ဟု နှလုံးသွင်း၍ အလှူခံလျှင် ဓုတင်မပျက်ဟု မိန့်ဆို၏။**

ဆိုခဲ့သောစကားများ၏ အလိုမှာ အလှူခံရုံမျှဖြင့် ဓုတင်

ပျက်ခြင်းသည် မသေချာပါ။ (မသုံးဆောင်လိုဟူသော) စိတ်ကြောင့် ခုတင်မပျက်လည်း ဖြစ်နိုင်သေး၏ဟု မှတ်ပြီးလျှင် **ဝတ်ရုံသုံးဆောင်မှသာ ခုတင်ပျက်ခြင်းသည် သေချာသည်။ ခိုင်မာသည်ဟူ၍မှတ်အပ်၏။ ကျေးဇူးရှင် နဘူးကျောင်း ဆရာတော်ဘုရားကြီး၏ အလိုက အလှူခံရုံမျှဖြင့် ခုတင်ပျက်သည်ဟု ယူပါ၏။ အလှူခံယူထားသော သင်္ကန်းကို စွန့်လှူပြီးလျှင် ခုတင်သစ် ပြန်၍ ဆောက်တည်ရမည်ဟု ပြတ်သားစွာပင် မိန့်ကြားတော်မူပါသည်။**

တစ်ဖန် ရဟန်းတစ်ပါးထံက ခေတ္တငှား၍ ဝတ်အပ်သော သင်္ကန်းသည် "ဂဟပတိဒါန"လူက လှူသောသင်္ကန်းဖြစ်လျှင်ပင် ထိုသင်္ကန်းကို ဝတ်ရုံသုံးဆောင်ခြင်းဖြင့် ပံသုကူခုတင်မပျက်ဟု မှတ်အပ်သည်။ ခုတင်အရာသည် သိမ်မွေ့လွန်းပါ၏။ ရဟန်းတစ်ပါးက ရဟန်းတစ်ပါးထံမှ ငှါး၍ဝတ်ခြင်းမဟုတ်ဘဲ ပိုင်ရှင်ရဟန်းက အပြီးအပြတ် ပေးလှူသဖြင့် ဝတ်ရုံသုံးဆောင်ခြင်းဖြစ်ပါမူကား ပံသုကူခုတင် မပျက်ပါ။ အဘယ့်ကြောင့်နည်းဟုမေးလျှင် လူကလှူသော သင်္ကန်း မဟုတ်၊ ရဟန်းကလှူသော သင်္ကန်းဖြစ်ခြင်းကြောင့်တည်းဟု ဖြေဆိုအပ်၏။ ပံသုကူခုတင်ဆောင် ထေရ်ရှင်များ နည်းယူမှတ်သားစရာ ကောင်းလှပေတော့သည်။

---

**ကျမ်းညွှန်း**

* သာသနဓဇသိရီပဝရ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ နဘူးကျောင်း ဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း မြစ်သား ဦးကောသလ္လ၏ အမေးပုစ္ဆာ (နှာ-၄၉)

## ၇၈။ ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ ဝိနည်းပဋိပတ်

ရဟန်းအဖြစ်သို့ ရောက်သည်မှစ၍ ဝိနည်းပိဋကဆိုင်ရာ ပါဠိ အဋ္ဌကထာတို့ကို ဂန္ထန္တရနှင့်တကွ လေ့လာသင်ကြားတော်မူရာ ရဟန်းတစ်ဝါရလျှင်ပင် တိပိဋကဝိဒူ ဖြစ်တော်မူသည်။ ပဋိပတ်အရာ၌လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒတော်အတိုင်း မယုတ်မယိုစေမူ၍ ပင်ကိုသဒ္ဓါစာတ်ခံ ရင့်သန်တော်မူသည့်အလျောက် မကျန်းမာတော်မူသည့်အခါကို ချန်လှပ်၍ အခါခပ်သိမ်း နံနက်အရုဏ်မတက်မီ အိပ်ရာမှ ထတော်မူပြီးကာလ နိသဇ်ဓုတင်၊ ရုံခါရုက္ခမူဓုတင်၊ အဗ္ဘောကာသိကဓုတင်တို့ကို ဆောက်တည်လေ့ရှိသည်။ နေလွဲကွမ်းစား ဆေးဝါးသောက်မှု အလျဉ်းမရှိ၊ အချင်းခပ်သိမ်း ရှောင်ကြဉ်တော်မူသည်။ **စတုမဓုစသော ဆေးပစ္စည်းများကိုပင် ဂေလည အကြောင်းမရှိဘဲ သုံးဆောင်တော်မမူချေ။ မြို့ရွာအတွင်း ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်း၊ လှည်းစီးခြင်း တို့ကိုလည်း ပြုတော်မမူချေ။ လူပြွမ်းသော မီးရထား မီးသင်္ဘောတို့ဖြင့် ရုံခါ ခရီးကြွတော်မူသည့်အခါ သဟသေယျသိက္ခာပုဒ်တော်ကို စောင့်ထိန်းတော်မူသောအားဖြင့် လဲလျောင်း၍ ကျိန်းစက်တော်မမူဘဲ နိသဇ်ဓုတင်ဖြင့်သာ သီတင်းသုံးလေ့ ရှိတော်မူသည်။**

ကုလဒူသန အနေသနစသည်တို့ဖြင့် ရအပ်သောပစ္စည်းဟူ၍ အသက်ထက်ဆုံး တစ်စုံတစ်ရာမျှ ရှိတော်မမူ၊ တစ်ပါးသူလှူသော ပစ္စည်း၌ပင် အဓမ္မိယလဒ္ဓဟု သိလျှင် ထင်လျှင် အသုံးပြုတော်မမူပေ။ စွန့်ပစ်တော်မူသည်။

---

**ကျမ်းညွှန်း**

* ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတထေရ်၏ ရွှေကျင်နိကာယသာသနာဝင်၊ (၂၀၁၁-ခုနှစ်) (နှာ-၁၃၉)
* သန္နိဋ္ဌိကာရကသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ၊ (နှာ-၁၀၅)

## ၇၉။ အာရည်ကြိုက်စုတင်ဆောင် ပုဂ္ဂိုလ်နှင့် ဥတုပြဿနာ

ပုရိမဝါဆိုသော ရဟန်းသည် သီတင်းကျွတ်လပြည့်၌ ဝါကျွတ်ပြီး၊ ပစ္ဆိမဝါဆိုသော ရဟန်းကား တန်ဆောင်မုန်းလပြည့်၌ ဝါကျွတ်ပါသည်။ အာရညကင်ဓုတင်ဆောင်ပုဂ္ဂိုလ်ကား မိုးလေးလ၊ ဆောင်းလေးလ၊ နွေလေးလအားဖြင့် ဂိမှန္တဥတု၊ ဝဿန္တဥတု၊ ဟေမန္တဥတု အားဖြင့်သာ အာရညိကဓုတင်ကို ယူကြပါသည်။

သုံးဥတုအနက် တစ်ဥတုကိုနေလျှင် မုဒုအဆင့်သာ ရှိပေမည်။ “ယထာပရိစ္ဆိန္နေကာလေ”ကို ဖွင့်ပြရာ၌ စူဠဋီကာက “မုဒုကဿ ပရိစ္ဆိန္နေဂိမှန္တဥတုမှိ”ဟု ဖွင့်ပြသောကြောင့် မုဒုပုဂ္ဂိုလ်သည် နွေဥတု (၄-လ) တော၌နေမှ မုဒုအာရညိကဓုတင်ရသည်ဟု ဆိုကြ၏။

ရှေးမဟာဋီကာ၌ကား “မုဒုကဿ ဧကောဥတု”ဟု ဥတုဝိသေသ ဥတုအမည် အထူးမပြုဘဲ ဆိုထားပါ၏။ **ယင်းသို့ဆိုသောကြောင့် နွေဖြစ်စေ၊ မိုးဖြစ်စေ၊ ဆောင်းဖြစ်စေ၊ ဥတုတစ်ခုခု၌ တောမှာနေလျှင် မုဒုအာရညကင်ရသည်ဟူသော အယူအဆကို ယူနေကြကုန်၏။ ဤအယူကို ဓုတင်္ဂဝိနိစ္ဆယ ဆရာက ထောက်ခံသည်ဟု သိအပ်၏။** (ဆရာတို့ကား ရှေးမဟာဋီကာနည်းကို ကြိုက်ကြကုန်၏)ဟူသော ဤစကားဖြင့် ထောက်ခံသည်ဟု မှတ်အပ်၏ဟု ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီးက မြစ်သား ဦးကောသလ္လ အမေးကို ဖြေကြားတော်မူပါသည်။

---

**ကျမ်းညွှန်း**

* သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစကအရညဝါသီ နဘူးကျောင်း ဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း မြစ်သား ဦးကောသလ္လ၏မေးခွန်း (နှာ-၅၂)

# ၈၀။ တောရဆောက်တည်ကာ နေထိုင်ဆောင်လို့ကြသည့် လဇ္ဇီသူမွန်ရဟန်းမြတ်များ ကြို့တင်သိသင့်သည့် အင်္ဂါရပ်များ

ကျေးဇူးရှင် နဘူးကျောင်း ဆရာတော်ဘုရားကြီးသည် တော၌ နှစ်ပေါင်းများစွာ လှည့်လည် သီတင်းသုံးတော်မူခဲ့ပြီး တော၌ပင် တစ်ဘဝ နိဂုံးချုပ်တော်မူခဲ့ပါသည်။

ထို့ကြောင့် တောရဆောက်တည်ကာ နေလိုတော်မူကြသည့် နှောင်းခေတ်လဇ္ဇီသူမွန် ရဟန်းကောင်းများ မှတ်သားသိရှိနိုင်ရန် တောင်တွင်း ဦးစန္ဒိမာ၏ အမြော်အမြင်ကြီးမားစွာ မေးမြန်းလျှောက်ထားမိသဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သဘာဝယုတ္တိ အာဂမယုတ္တိကျ ဖြေဆိုနိုင်သည်ကို နှောင်းပုဂ္ဂိုလ်များ လေ့လာနိုင်ပေတော့သည်။

ပဉ္စိမေ ဘိက္ခဝေ အာရညိကာ၊ ကတမေပဉ္စ၊ မန္ဒတ္တာ မောမူဟတ္တာ အာရညိကော ဟောတိ၊ ပါပိစ္ဆော ဣစ္ဆာပကတော အာရညိကော ဟောတိ၊ ဥမ္မာဒါ စိတ္တက္ခေပါ အာရညိကော ဟောတိ၊ ဝဏ္ဏိတံ ဗုဒ္ဓေဟိ ဗုဒ္ဓသာဝကေဟီတိ အာရညိကော ဟောတိ၊ အပ္ပိစ္ဆတံယေဝ နိဿာယ, သန္တုဋ္ဌိံယေဝ နိဿာယ, သလ္လေခံယေဝ နိဿာယ, ပဝိဝေကံယေဝ နိဿာယ, ဣဒမတ္ထိတံယေဝ နိဿာယ အာရညိကော ဟောတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စ အာရညိကာ။

**ဘိက္ခဝေ၊** ရဟန်းတို့၊ **အာရညိကာ၊** တောနေရဟန်းတို့သည်။

**ဣမေပဉ္စ၊** ဤငါးပါးတို့ပင်တည်း။ **ကတမေပဉ္စ၊** ဘယ်ငါးပါး တို့နည်း ဟူမူကား။ **မန္ဒတ္တာ မောမူတတ္တာ၊** နုန့်နှေးတွေဝေ သည်၏ အဖြစ်ကြောင့်။ **အာရညိကော၊** တော၌နေသည်။ **ဟောတိ၊** ဖြစ်၏။ **ပါပိစ္ဆော ဣစ္ဆာပကတော၊** ယုတ်မာသော အလိုဆိုးရှိ၍ အလိုဆိုးသည် လွှမ်းမိုးအပ်သည်ဖြစ်၍၊ **အာရ ညိကော၊** တော၌နေသည်။ **ဟောတိ၊** ဖြစ်၏။ **ဥမ္မာဒါစိတ္တ က္ခေပါ၊** ရူးသွပ်ခြင်း စိတ်ပျံ့လွင့်ခြင်းကြောင့်၊ **အာရညိကော၊** . . . သည်၊ **ဟောတိ၊** . . . ၏။ **ဗုဒ္ဓေဟိ ဗုဒ္ဓသာဝကေဟိ၊** ဘုရားနှင့် ဘုရား၏ တပည့်တို့သည်။ **ဝဏ္ဏိတံ၊** ချီးမွမ်းအပ်၏။ **ဣတိ၊** ဤသို့ သိ၍။ **အာရညိကော၊** . . . သည်။ **ဟောတိ၊** . . . ၏။ **အပ္ပိစ္ဆတံယေဝ၊** အလိုနည်းသည်၏ အဖြစ်ကို သာလျှင်။ **နိဿာယ၊** မှီ၍။ **သန္တုဋ္ဌိံယေဝ၊** ရောင့်ရဲတင်း တိမ်ခြင်းကိုသာလျှင်။ **နိဿာယ၊** မှီ၍။ **သလ္လေခံယေဝ၊** ကိလေသာ ခေါင်းပါးခြင်းကိုသာလျှင်။ **နိဿာယ၊** မှီ၍။

**ပဝိဝေကံယေဝ၊** ဆိတ်ငြိမ်ခြင်းကိုသာလျှင်။ **နိဿာယ၊** မှီ၍။ **ဣဒ မတ္ထိတံယေဝ၊** ဤအကျင့်ကြောင့် မင်္ဂဖိုလ်နိဗ္ဗာန် ဟူသော အကျိုးရှိသည်ဟု သိသည်၏အဖြစ်ကို။ **နိဿာယ၊** မှီ၍။

**အာရညိကော၊** တော၌နေသည်။ **ဟောတိ၊** ဖြစ်၏။ **ဘိက္ခဝေ၊** ရဟန်းတို့၊ **အာရညိကော၊** တောနေ ရဟန်းတို့သည်။ **ဣမေ ခေါပဉ္စ၊** ဤငါးပါးတို့ပင်တည်း။

## အကျဉ်းမှတ်ရန်လင်္ကာ

နုံအတွေဝေ[၁]
လိုဆိုးတွေနှင့်[၂]
ရှုးလေစိတ်ပျံ့[၃]
ချီးမွမ်းအံ့ညီ[၄]
ခုငါးမျိုးလေ[၅] ဤငါးထွေ၊ တောနေရဟန်းတည်း။

တောနေရဟန်း(၅)မျိုးတို့တွင် နောက်ဆုံး ငါးပါးမြောက် ရဟန်း၌ ဟောတော်မူသော မိရာ (၅)ပါးတို့ကို "ခုတခမ္မ"တို့ဟူ၍ မိန့်ဆိုကြကုန်၏။

**အပ္ပိစ္ဆတာ စ သန္တုဋ္ဌိ၊ သလ္လေခ ပဝိဝေကတာ။**
**ဣဒမတ္ထိတာ ပဉ္စေသာ၊ ခုတခမ္မာတိ ဝုစ္စရေ။ ။**

**ရစနာ** တော၌နေလိုသော ရဟန်းသည် ထိုတရား (၅)ပါး တို့နှင့် ပြည့်စုံ ညီညွတ်ရပေလိမ့်မည်ဟု မှတ်ထားပါလော။ ဤ၌ အပ္ပိစ္ဆတာ-သန္တုဋ္ဌိတာ- တို့ကားအလိုနည်းခြင်း ရောင့်ရဲလွယ်ခြင်း ဟူသော အလောဘစေတသိက်တည်း။ သလ္လေခတာ-ပဝိဝေကတာ တို့သည်ကား ခေါင်းပါးခြင်း ဆိတ်ငြိမ်ခြင်းသဘောကြောင့် အလောဘ-အမောဟတို့၌ အကျုံးဝင်ကုန်၏။ ဣဒမတ္ထိတာသည်ကား ဤအကျင့် သည် မဂ်ဖိုလ်နိဗ္ဗာန် ဟူသောအကျိုး ရှိသည်ဟု သိသောဉာဏ်ပင် တည်း။ ဤသို့ ကောက်ချက်ချ၍ ယူရပါ၏။

တောသို့သွားသော ရဟန်းမှာ ဤတရားငါးပါးကို ဆောင် ယူကာ ပါသွားသင့်ပါ၏။ ထို့ပြင် မေတ္တာ၊ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားများလည်း ပါသွားသင့်ပေ၏။ **မဟိစ္ဆာခေါ်၊ လောဘတဏှာ ကား ပါမသွားသင့်သော တရားဖြစ်ပါ၏။**

**သိရှိထားရမည့် အချက်များမှာ ရွာနှင့်တောရကျောင်း အကွာအဝေးတာ(၅၀၀)ကျော် ရှိသင့်သည်ကို သိထားရမည်။ထို့ပြင် ကောင်းကင်ရှိ နက္ခတ်တာရာတို့ကို အလုံးစုံ မသိသော်လည်း အနည်းငယ်မျှကိုကား သိထားရမည်။**

မည်ကဲ့သို့သော တောမျိုးတွင် နေထိုင်သင့်သနည်း? မေးခွန်း အဖြေကား-

**"ရေနီးရွာနီး၊ လမ်းကောင်းပြီး၊ တသီးဆိတ်ငြိမ်ကျောင်း" ပင်ဖြစ်ပါ၏။**

**ရေနီးဟူသည် ရေအမြဲ စီးဆင်းသောချောင်းနှင့်နီးခြင်း၊ မြစ်နှင့်နီးခြင်း၊ မြေကြီး၌ တွင်းတူးလျှင် ၁၀-တောင် ၁၅-ပေအတွင်း ရေထွက်ခြင်း ဤ ၃-မျိုးတစ်ခုခုရှိလျှင် ရေနီးသည်မည်၏။**

**ရွာနီးဟူသည် ၄-တောင် ၆-ပေရှိသော တာဖြင့် တာ (၅၅၀) (၇၀၀) (၈၀၀)ရှိသောရွာသည် ရွာနီးမည်၏။**

**လမ်းကောင်းဟူသည် ချောက်ကမ်းပါးပြတ်သို့ ဆင်းသွားသော လမ်း, တောင်ကြီးပေါ်သို့ တက်သွားရသောလမ်း, ဤ လမ်းမျိုးမဟုတ်လျှင် လမ်းကောင်းဟုပင် ဆိုလောက်ပါ၏။**

**ဆိတ်ငြိမ်ဟူသည် မော်တော်ကားယာဉ်များသွားသော လမ်းရှည် စသည်နှင့် မြို့ကြီးများနှင့် မနီးမကပ်လျှင် ဆိတ်ငြိမ်သည် မည်၏။ ဤကဲ့သို့ ဆိတ်ငြိမ်သော တောရကျောင်း၌ နေထိုင် သင့်ပါ၏။**

---

**ကျမ်းညွှန်း**

* အင်္ဂုတ္တရနိကာယ၊ ပဉ္စကနိပါတ်၊ အရညဝဂ္ဂ၊ အာရညိကသုတ္တ(နှာ-၁၉၃)

# ၈၁။ ဂူဖြူဆရာတော်ဘုရားကြီးသည် ဝိနယဓရသော မဟာတံ၊ ခုတင်ဓရလည်း ဖြစ်တော်မူသည်


ဂူဖြူတောရဆရာတော်ဘုရားကြီး အရှင်မေဓာသည် သုတ္တန် ဝိနည်း အဘိဓမ္မာ ပိဋကသုံးရပ်လုံးကိုပင် ထိုးဖောက်တတ်မြောက်အောင် လေ့လာ သင်ကြားတော်မူခဲ့၏။ ဝိနည်းပိဋကဌ်မူ သာ၍ စိတ်ဓာတ် ထက် သန်တော်မူခဲ့၏။ စိတ်ဓာတ် ထက်သန်တော်မူသည့်အားလျော်စွာ **ဝိနည်းငါးကျမ်း ပါဠိတော်ကို အဋ္ဌကထာနှင့်တွဲ၍ အခေါက်ပေါင်း (၅၂)ခေါက် ပို့ချတော်မူခဲ့သည်ဟု သိရသည်။ ထို (၅၂)ခေါက်လုံး နိဿယလွတ် ဒေါင်းဒေါင်းပြေး ပို့ချတော်မူခဲ့သည်။** ပဋ္ဌိပတ်၌လည်း အထုံဝါသနာ ပါတော်မူသဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကိုလည်း အကြိမ် များစွာ ပို့ချတော်မူသည်ဟူ၏။

ဂူဖြူတောရဆရာတော်ကြီးသည် ပိဏ္ဍပါတ် တိစီဝရိက် အာရ ညကင် သပဒါနစာရိကစသော ဓုတင်တို့ကိုလည်း အမြဲ ဆောက်တည် တော်မူသည်။ **သက်တော် (၉၁) ရဟန်းသိက္ခာဝါတော် (၇၂)ဝါရ ပျံလွန်တော်မူခါနီး (၁၁)ရက်မျှသာ ပိဏ္ဍပါတ်ဓုတင် ပျက်တော် မူသည်ဟု သိရသည်။**

---

**ကျမ်းညွှန်း**

* ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ရွှေကျင်နိကာယ သာသနာဝင် ၂၀၁၁ခု၊ တတိယအကြိမ်။(နှာ-၃၁၁)



## ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၇၃-၁၃၅၄) (ခရစ် ၁၉၁၂-၁၉၉၃)

"ဒကာကြီး၊ ဘုန်းကြီး ရဟန္တာမဟုတ်ပါဘူး၊ ရဟန္တာဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဖူး ဒကာကြီး။"

ကျမ်းညွှန်း

❋ မောင်သုတ၏ သုတဗုဒ္ဓဝင် (နှာ-၁၂၃)

## ၈၂။ ဘုန်းကြီးရဟန္တာ မဟုတ်ဘူး၊ ရဟန္တာဖြစ်ဖို့ဆိုတာ မလွယ်ဘူး

မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးကို လူအများက 'ရဟန္တာ'ဟု ယုံကြည်ထားကြရာ ဆရာတော်ကြီးက မိမိရဟန္တာမဟုတ်ကြောင်း ထင်ရှားပြခဲ့သည့် ဖြစ်ရပ်တစ်ခုလည်း ရှိခဲ့သည်။ ဧရာဝတီတိုင်း မြန်အောင်မြို့သို့ တရားဟောကြွရောက်စဉ်က မြန်အောင်မြို့၌ မြင်းခြံဇာတိ ပရိက္ခရာကုန်သည် ဦးရွှေလှိုင်ဆိုသူ ဒကာကြီးတစ်ဦးသည် မိမိတိုက်သို့ ရဟန္တာအရှင်မြတ်တစ်ပါး ကြွလာကြောင်း ကြိုတင်၍ အိပ်မက် မြင်မက်ထားရာ ဆရာတော်ကြီး မြန်အောင်မြို့သို့ရောက်၍ ဖူးတွေ့ ရလျှင်ပင်-

"ဤအရှင်မြတ်သည် ငါ၏အိပ်မက်ထဲ၌ ဖူးတွေ့ခဲ့ရသော ရဟန္တာပါပေတည်း"ဟု ပီတိသောမနဿ အထပ်ထပ် ပွားပြီးလျှင်-

"ဆရာတော်ဘုရားကြီးဟာ ရဟန္တာအရှင်မြတ်ပါပဲဘုရား၊ တပည့်တော်ကို သမ္မာဒေဝနတ်များက ကြိုတင်၍ အိပ်မက် ပေးထားပါသည်ဘုရား"ဟု နှုတ်မှထုတ်၍ပင် လျှောက်ထားမိလေသည်။ ဤတွင် ဆရာတော်ကြီးက ပြုံးတော်မူ၍-

"ဒကာကြီး၊ ဘုန်းကြီး ရဟန္တာမဟုတ်ပါဘူး၊ ရဟန္တာဖြစ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး ဒကာကြီး"ဟု ဘွင်းဘွင်းရှင်းရှင်း ငြင်းဆိုတော်မူသည်။ ဦးရွှေလှိုင်ကမူ-

"အရှင်ဘုရား ဘယ်သို့ပင် ငြင်းစေကာမူ အရှင်ဘုရားဟာ ရဟန္တာအစစ်ပါပဲဘုရား"ဟု ဇွတ်အတင်းထပ်၍ လျှောက်ထားနေသဖြင့် နောက်ပါတပည့်ဖြစ်သူထံ **မိမိသောက်နေကျ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးကို တောင်းယူ၍ ဆောင့်ကြောင့်ထိုင်လျက် လက်တစ်ဖက်က ဆေးလိပ်ခွက်ကိုခံကာ မီးခြစ်ကို ရှဲခနဲခြစ်ပြီး ဆေးလိပ်မီးညှိ၍ အားရပါးရ နှစ်ဖွာသုံးဖွာမျှ ရှူရှိုက်တော်မူပြီးလျှင်-**

**"ဒကာကြီး ဒါလားဗျ ရဟန္တာ၊ ရဟန္တာဆိုတာ ဒီလိုပလိဗောဓတွေ မရှိတော့ဘူး"ဟု ဟန်ဆောင်မှုကင်းစွာ မိန့်ကြားတော်မူလေသည်။** (သက်တော် ၇၀-အတွင်း ဆေးလိပ်သောက်စဉ်က မိန့်ကြားတော်မူခဲ့သော စကားတော် ဖြစ်ပါသည်။)

## ၈၃။ ရွှေကျင်ဆရာတော်၏ ဂါရဝတရားနှင့် နိမာနတရား

အုတ်ဖိုဆရာတော်ဘုရားက "ရွှေကျင်ဆရာတော်အရှင် သင်ကြားလိုသော ကျမ်းဂန်များ ယခုပါလာ၏။ သို့သော်လည်း တပည့်တော်သည် ကလာပ်ဝိဒဂ်စသော နာဂရီဗင်္ဂလီ ဘာသန္တရကျမ်းဂန်များကို သင်ကြားနေရပါသောကြောင့် အားလပ်ခွင့် မရသဖြင့် စာပို့ချခြင်းကို မပြုနိုင်ပါ။ အားလပ်ခွင့် ရသောအခါ လာရောက် မေးမြန်း

ကျမ်းညွှန်း

[1] မောင်သုတ၏ သုတဗုဒ္ဓဝင် (နှာ-၁၂၃)

တော်မူပါ။ အရှင်မေးမြန်းသမျှ အချက်တို့ကို လှစ်မြွက်ဖြေကြားပါအံ့” ဟု အခွင့်ပြုလိုက်လေသည်။

ထိုနေ့ကို အစပြု၍ တစ်ဝါတွင်းလုံးပင် ရွှေကျင်ဆရာတော်ဘုရား မေးသမျှကို အာစရိယမုဋ္ဌိမချန် ပြန်လှန်ဖြေကြားတော်မူသည်ဖြစ်၍ အုတ်ဖိုဆရာတော်ဘုရားနှင့် ရွှေကျင်ဆရာတော်ဘုရား နှစ်ပါးကုန်သော သူမွန်သူမြတ်တို့သည် “ကလျာဏာမိမုတ္တိကာ ကလျာဏာမိမုတ္တိကေဟိ သဒ္ဓိံသံသန္ဒန္တိ သမေန္တိ ”ဟူသော နိဒါနဝဂ္ဂဓာတု သံယုတ်ပါဠိတော်နှင့် အညီ ညီအစ်ကိုအရင်းမက မေတ္တာသက်ဝင် ချစ်ခင် ကြည်ညိုခြင်း ပြင်းစွာဖြစ်တော်မူကြသတည်း။

ဤသို့သော ကျေးဇူးဥပကာရကို ထောက်မျှော်၍ ရွှေကျင် ဆရာတော်ဘုရားကြီးသည် အသက်ထက်ဆုံး အုတ်ဖိုဆရာတော် ဘုရားကြီး၏ အဆုံးအမကို ခံယူလိုက်နာတော်မူသည်။ ဒဏ်ထား တော်မူလျှင်လည်း ကြည်သာစွာ ဒဏ်ထမ်းတော်မူသည်။ အုတ်ဖို ဆရာတော်ဘုရားကြီး၏ ထံမှောက်သို့ ဆိုက်ရောက်တော်မူလာလျှင် ဆရာတော်ဘုရားကြီး၏ ခြေတော်အစုံကို လက်နှစ်ဖက်ဖြင့် ကိုင်ယူ၍ မိမိနဖူးဖြင့် ပွတ်သပ်လျက် ရှိခိုးတော်မူသည်၊ ရွှေကျင်ဆရာတော် ဘုရားကြီးကား အုတ်ဖိုဆရာတော် ဘုရားကြီးအောက် (ငါးဝါ)သာ ငယ်သတည်း။

---

**ကျမ်းညွှန်း**

* မဟာဒွါရနိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ။ (၁၉၅၅ ခုနှစ်) (နှာ-၃၉၆-၃၉၇)

## ၈၄။ အချိန်မကျသေး၍ အဘိဓဇဘွဲ့ လက်မခံသည့် ဆရာတော်ဘုရားကြီး

၁၃၄၃-ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရက ဆရာတော်ဘုရားအား အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တော် ဆက်ကပ် လှူဒါန်းလိုပါကြောင်း လာရောက်လျှောက်ထားကြရာ ဆရာတော်ဘုရားက-

**“ဘုန်းကြီးရဲ့ရှေ့က ကွဲရမည့်ဆရာတော်ကြီး၂-ပါး ရှိနေကြောင်း၊ ပဲခူးမြို့မဆရာတော်ကြီးနှင့် ခရမ်းကိုင်းကုန်းဆရာတော်ကြီးတို့ဖြစ်ကြောင်း ဤနှစ်ပါး၏ရှေ့က မိမိ မသွားဝံ့ပါကြောင်း”** မိန့်ကြား၍ ငြင်းပယ်တော်မူလိုက်သည်။

ဆရာတော်ဘုရား၏ ဤမိန့်ကြားချက်အရ ၁၃၄၃-ခုနှစ်တွင် ခရမ်းကိုင်းကုန်း ဆရာတော်ကြီးအား လည်းကောင်း၊ ၁၃၄၄-ခုနှစ်တွင် ပဲခူးမြို့မ ဆရာတော်ကြီးအားလည်းကောင်း ‘အဘိဓဇမဟာရဋ္ဌဂုရု’ ဘွဲ့တော် ဆက်ကပ်လှူဒါန်းခဲ့ပြီး ၁၃၄၅-ခုနှစ်ကျမှ မင်းကွန်းဆရာတော်ဘုရားအား ‘အဘိဓဇမဟာရဋ္ဌဂုရု’ ဘွဲ့တော် ဆက်ကပ် လှူဒါန်းခဲ့လေသည်။ အလွန် ကြည်ညိုဖွယ်ကောင်းသော ဆရာတော်ဘုရားပါပေတည်း။

မင်းကွန်းဆရာတော်ဘုရားသည် ၁၃၄၅-ခုနှစ် ‘အဘိဓဇမဟာရဋ္ဌဂုရု’ ဘွဲ့တော် ဆက်ကပ်ခံရချိန်တွင် သက်တော် ၇၂-နှစ်သာ ရှိသေးရာ အဘိဓဇဆရာတော်များအနက် သက်တော်အငယ်ဆုံး အဘိဓဇဆရာတော် ဖြစ်တော်မူသည်။

---

**ကျမ်းညွှန်း**

* မောင်သုတ၏ သုတဗုဒ္ဓဝင် (နှာ-၉၇)

## ၈၅။ ဘွဲ့တွေကြောင့် သီလသိက္ခာရှိသည် မဟုတ်ပါ

ရွှေဟင်္သာဆရာတော်ဘုရားကြီး အဘိဓဇဘွဲ့ရပြီးစက ဒေါ်မြ ညွှန့်တို့က ဆရာတော်ကြီးထံ စာထည့်သည်။ စာအိတ်ပေါ် လိပ်စာ တပ်ရာ၌ 'ရွှေဟင်္သာဆရာတော်ဘုရားကြီး၊ အဘိဓဇမဟာရဋ္ဌဂုရု' ဟူ၍ ရေးမိသည်။ ဆရာတော်ဘုရားကြီးထံမှ စာပြန်လာသည်။ ထိုစာတွင် **'ဘုန်းကြီးထံ စာရေးသည့်အခါ စာအိတ်၌ လိပ်စာတတ် လျှင် အဘိဓဇတွေ ဘာတွေ မထည့်ဘဲ ရိုးရိုးသားသားရေးလျှင် ကောင်းပါသည်။ သည်ဘွဲ့တွေကြောင့် သီလဂုဏ်သိက္ခာ ရှိသည် မဟုတ်။ ပင်ကိုယ်သီလသိက္ခာရှိမှသာ ဂုဏ်ရှိခြင်းဖြစ်သည်'** ဟူသော စကားပါလာသည်။ ဆရာတော်ဘုရားကြီးသည် ၁၃၅၇-ခု၊ သီတင်း ကျွတ်လဆုတ် (၁)ရက်နေ့ သက်တော် (၁၀၂)တွင် ပျံလွန်တော် မူပါသည်။

## ၈၆။ သပြေကန်ဆရာတော်ဘုရားကြီး၏ ဂါရဝ နိဝါတဂုဏ်

ရောဝတီတိုင်း မြောင်းမြကုန်းသာဆရာတော် ဦးပညာဝါသည် ၁၃၄၆-ခုနှစ်တွင် မျက်စိ ခွဲစိတ်ကုသခံယူရန် သပြေကန်ဆရာတော် ကိုပင် မှီခို၍ ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက်၌ ဝါဆိုရ၏။ ဦးပညာဝါ ကား ဆရာတော်ဘုရားကြီးထက် (၂-၃)ဝါခန့် ကြီးသည်။

---

**ကျမ်းညွှန်း**

* စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဘဝနှင့်သာသနာ၊ တပည့်များစုပေါင်းပူဇော်သည်၊ (၂၀၀၄ ခုနှစ်) (နှာ-၃၃၅)



ကျေးဇူးရှင် သပြေကန်ဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၇၂ - ၁၃၅၆) (ခရစ် ၁၉၁၁ - ၁၉၉၅)

တစ်နေ့တွင် သပြေကန်ဆရာတော်မှာ သပြေကန်သို့ နေ့ချင်း ပြန်ကြွရန် ကိစ္စပေါ်လာ၏။ ထိုအချိန်က သန်လျင် ရန်ကုန်ကားလမ်းက မပြီးသေး။ ထို့ကြောင့် သပြေကန်သို့ တိုက်ရိုက်သွားမရဘဲ၊ သင်္ဘော တစ်တန် ကားတစ်တန်ဖြင့် သွားရသော အချိန်ဖြစ်၏။ သပြေကန် ဆရာတော်သည် နံနက်စောစော အရုဏ်ဆွမ်း ဘုဉ်းပေးအပြီး အငှား ကားကလည်းရောက်လာ သင်္ဘောမမီမှာလည်း စိုးရိမ်စိတ်ကြောင့် ဆရာတော် ဦးပညဝါကို အမှတ်မရဘဲ အလျင်အမြန်သွားခဲ့သည်။

ညနေ သပြေကန်က ပြန်လာတော့ မိမိနေရာသို့ မသွားသေးဘဲ ဆရာတော် ဦးပညဝါရှိရာ ကျောင်းဆောင်သို့ ကြွလာကာ မိမိ တပည့် ဖြစ်သူ ဦးပညဝါအား ကျကျနန ရှိခိုးဦးချ၍-

"တပည့်တော် နံနက်က တစ်ပါးတခြားကို နှလုံးသွင်းမိလို့ ခွင့်မပန်ဘဲ ဖြစ်သွားပါတယ်၊ မထီမဲ့မြင်သဘော ဖြစ်သွားပါတယ်။ တပည့်တော် စိတ်မကောင်းပါဘူး၊ တောင်းပန်ပါတယ်၊ နောင်လည်း ဒါမျိုးမဖြစ်ရအောင် သတိထားပါ့မယ်"ဟု မိမိကိုယ်ကို နှိမ့်ချကာ ဂါရဝ⌧ နိဝါတတရားဖြင့် လျှောက်ထားတော့၏။ ဆရာတော်ဦးပညဝါမှာ တောင်းပန်လျှောက်ထားသူက မိမိ၏ ဆရာဖြစ်ရုံမျှမက ကိုယ်က မှီခိုနေရသူလည်းဖြစ် အသက်နှင့်ဝါမှလွဲ၍ အရာရာမှာ ကိုယ့်ထက် ဂုဏ်ရှိန် မြင့်မားသူက တောင်းပန်နေ၍ အားလည်းအားနာ မျက်နှာ လည်း မထားတတ်ဖြစ်ခါ-

"ရပါတယ်၊ ရပါတယ်၊ ကိစ္စမရှိပါဘူး ကိစ္စမရှိပါဘူး" ဟူသော စကားသာ တွင်တွင်လျှောက်၍ နေတော့သည်။

---

**ကျမ်းညွှန်း**

* သပြေနွယ်၏ သာရိပုတ္တအလား ဒို့ဆရာတော်ဘုရား။ သပြေကန်ထေရ ရာပြည့်ဂုဏ်ပူဇော (၂၀၁၂-ခုနှစ်) (နှာ-၃၆၅)

# ၈၇။ ဒါယကာဝန်ကြီးက ဘာလိုသလဲလို့မေးရင် "ဘာမှမလိုဘူးလို့" ပြန်ပြောလိုက်ပါ

ဝန်ကြီးတစ်ပါးသည် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ မြောက်ဥက္ကလာပကျောင်းတွင် ဒုလ္လဘရဟန်းဝတ်ပြီး တရားအားထုတ်သွား၏။ အတူနေကြည့်သောအခါတွင်မှ ဆရာတော်၏ ကြည်ညိုစရာအချက်များစွာကို ပို၍ တွေ့သွား၏။ ထို့ကြောင့် ဒုလ္လဘရဟန်း ထွက်သွားသောအခါ မင်္ဂလာဒုံစစ်ဆေးရုံမှ ဗိုလ်မှူးကြီးတစ်ဦးကို တာဝန်ပေးခဲ့၏။ တာဝန်ကား ဆရာတော်၏ ကပ္ပိယကိုခေါ်ပြီး ရိပ်သာအတွက် လိုအပ်ချက်ကို မေးမြန်းပါ။ လိုအပ်ချက်ကိုသိရလျှင် သူ့ဆီကို အကြောင်းကြားပါ။ သိန်းပေါင်းမည်မျှကုန်ကုန် လှူဒါန်းမည်ဟူသော ကတိစကားပင်ဖြစ်၏။ ထို့ကြောင့် ဗိုလ်မှူးကြီးက ဆရာတော်ထံ ဖုန်းဆက်ပြီး ကပ္ပိယကို လွှတ်ပေးဖို့ လျှောက်ထား၏။ ဆရာတော်သည် ကပ္ပိယ ဦးခင်မောင်ကိုခေါ်ပြီး ယခုလို အမိန့်ရှိ၏။

**“ဒကာကြီး ဟိုက ဆရာတော်အတွက်ရော ကျောင်းအတွက်ရော ဘာလိုလဲလို့ မေးခဲ့ရင် ဘာမှမလိုဘူးလို့ ဖြေလိုက်၊ တကယ်လည်း ဘာမှမလိုအပ်ဘူး၊ ဘယ်ဆရာတော်ကိုလှူလှူ သေချာတွေးကြည့်ရင် ဘုရားရှင်ရဲ့ သာသနာကို လှူတာချည်းပဲ၊ ဒါကြောင့် ဒါနပြုတဲ့အခါ ပုဂ္ဂိုလ်စွဲနဲ့ မလိုအပ်တဲ့နေရာမှာ အလကားဖြစ်အောင် မလှူသင့်ဘူး၊ ဘုန်းကံကြီးတဲ့ ဆရာတော်ကလည်း တကယ်လိုတဲ့နေရာမှာ ဒကာတွေ လှူတတ်အောင် သွန်သင်ပြသင့်တယ်၊ မဖြစ်မနေ လှူချင်ပါတယ်ဆိုရင်တော့ တို့ကျောင်းဘေးက စာသင်တိုက်မှာ ဆွမ်းစားကျောင်းကြီး ဆောက်နေတာ တစ်ဝက်နဲ့ ရပ်ထားရတယ်၊ ဒီကျောင်းကြီးအတွက် လှူဖို့ ဆရာတော်က အကြံပေးလိုက်ကြောင်း ပြောပြပါ။”**

ဆရာတော် အမြင်ကျယ်သကဲ့သို့ ဝန်ကြီးမှာလည်း ဆိုဆုံးမလွယ်သူ (သုဝစပုဂ္ဂိုလ်) ဖြစ်သည်။ ဆရာတော် ညွှန်ပြသော စာသင်တိုက်မှ ဆွမ်းစားကျောင်းကြီးကို ပြီးစီးသည်အထိ ဆောက်လုပ်လှူဒါန်းသွားသည်။

---

**ကျမ်းညွှန်း**

* မေတ္တာရှင် (ရွှေပြည်သာ)၏ ဆရာကောင်းကို ရှာဖွေခြင်း။

## ၈၈။ ခန္ဓာကိုယ်ကိုမငဲ့မကွက်ဘဲ ဒါယကာတို့၏ သဒ္ဓါကို ချီးမြှောက်တော်မူရှာသည့် သူတော်ကောင်းများ

တစ်ခုသောကာလတွင် ရွှေဥမင်ဆရာတော်ကြီး သီတင်းသုံးတော်မူရာ မြောက်ဥက္ကလာပ ရွှေဥမင်တောရသို့ ပြည်ပသဘော်အင်ဂျင်နီယာ ဦးငွေးဝင်းသည် နိုင်ငံခြားမှ ပြန်ရောက်လာပါသည်။ သူသည် ထိုခေတ်က နာမည်ကြီးသော SE.1.8 ဆလွန်း ကားသစ်တစ်စီးကိုလည်း ဝယ်ယူတင်သွင်းခဲ့ပါသည်။ ထိုကားလေးကို သဘော်ရုံးမှ ထုတ်ယူလာသောနေ့တွင်ပင် အိမ်သို့မမောင်းသေးဘဲ ရွှေဥမင်ဆရာတော်ကြီးထံတော်ပါးသို့ ပထမဦးစွာ မောင်းလာပါသည်။ ဆရာတော်ကြီးထံပါးရောက်သော် ရိုသေစွာ ဝတ်ပြုပြီး-

"ဆရာတော်ဘုရား အချိန်မရွေး သွားလိုသော ခရီးအတွက် ဤကားသစ်လေးဖြင့် လိုက်ပါပို့ဆောင်ခွင့်ပြုကာ ချီးမြှောက်ပေးတော်မူပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။ လျှောက်ထားပြီးယနေ့အဖို့လည်း ဦးဦးဖျားဖျား လိုက်ပါပို့ဆောင်ခွင့်ပြုကာ ချီးမြှင့်ပေးစေလိုကြောင်းပါဘုရား။" လျှောက်ထားလာပါသည်။

ထိုအခါ ဆရာတော်ကြီးက-

"ဟာ. . အတော်ပဲ ဒီကလည်း ဘုရားဖူးကြွချင်နေတာကဲ. . ကဲ သက်န်းပြင်ပြီးတော့ ကြွကြတာပေါ့"ဟု မိန့်တော်မူပြီး အနီးရှိသားအဖနှစ်ဦးကိုလည်း လိုက်ခဲ့ကြဟု မိန့်တော်မူပါသည်။ ကပ္ပိယကျောင်းသား သားအဖနှစ်ဦးသည် ပျော်ရွှင်ကြသကဲ့သို့ ဦးငွေးဝင်း

လည်း အတိုင်းမသိ ဝမ်းမြောက်ပေသည်။ ဆရာတော်ကြီး ခရီးကြွရာတွင် အသုံးပြုလေ့ရှိသော သက်န်းနှင့် ယပ်တောင်တို့ကို အခန်းထဲဝင်ကာ ယူတော်မူပါသည်။ ထို့နောက် ကားသစ်လေးပေါ် သို့ ကြွရောက်တော်မူပါသည်။ ကြွလိုတော်မူရာ ခရီးစဉ်ကို ပို့ဆောင်ရန် ပြုံးပြုံးရွှင်ရွှင်ဖြင့် ငံ့လင့်နေသော ဦးဌေးဝင်းအား-

"ရွှေဥမင်ဘုရားကို ကြွလိုကြောင်း"မိန့်တော်မူပါသည်။ ရွှေဥမင်စေတီဟူသည် ရွှေဥမင်စာသင်တိုက် တောင်ကျောင်းရှိ စေတီတစ်ဆူဖြစ်ပါသည်။ ဆရာတော်ကြီး စံကျောင်းတော်မှ ပေ (၆၀၀)ခန့်သာ ကွာဝေးမည် ထင်ပါသည်။ ရွှေဥမင်ဘုရားစေတီ စောင်းတန်းထိပ်တွင် ကားလေးကိုရပ်စေပြီး ဒကာဦးဌေးဝင်းကို ဒီလောက်ဆိုရင် ကျေနပ်ပါရန် မိန့်တော်မူပြီး ပြန်လွှတ်လိုက်ပါသည်။ ရွှေဥမင်စေတီတော်ကို ကန်တော့ပြီး ကျောင်းသို့ ကပ္ပိယသားဖနှစ်ဦးနှင့်အတူ ခြေကျင်ပြန်ကြွလာပါသည်။ အနည်းဆုံး ရွှေတိဂုံဘုရားကို ပို့ခွင့်ရတော့မည်ဟု ထင်ထားသည့် ဦးဌေးဝင်းနှင့် ကားသစ်လေးစီးပြီး ရွှေတိဂုံဘုရားဖူးရတော့မည်ဟု ထင်နေသော ကပ္ပိယသားဖနှစ်ဦးတို့၌ကား အမှတ်မထင် ချီးမြှောက်မှုနှင့် ဆုံးမမှုတို့ကို မမေ့နိုင်စရာ ကြုံဆုံရတော့သည်။ **သူတော်ကောင်းပုဂ္ဂိုလ်တို့သည် မိမိတို့ ဝိနည်းဘောင်အတွင်းမှ သတ္တဝါတို့၏ သဒ္ဓါတရားကို ဖြစ်သည့်နည်းဖြင့် ချီးမြှောက်တော်မူရခြင်းမှာ စိတ်မပင်ပန်းသော်လည်း ကိုယ်ခန္ဓာ ပင်ပန်းတော်မူကြမည်မှာ သေချာပါသည်။**

# ၇၉။ ၂၆ ကားလှူဒါန်းသောဒကာ၏ သဒ္ဓါတရားနှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ် ရောင့်ရဲနိုင်သည့်ဂုဏ်

မန္တလေးတိုင်း တိုင်းမှူးက မင်းကွန်းဆရာတော်ဘုရားကြီးအား S.E ကားလေး လှူမည်ဖြစ်ပါကြောင်း လာရောက်လျှောက်ထား၏။

"ဘုန်းကြီးက တောဆိုတော့ ကားကောင်းကောင်း မလှူပါနဲ့၊ မလိုပါဘူး။ ဂျစ်ကားလေးလောက်ပဲ လှူပါ" အမိန့်ရှိလိုက်သည်။ ထိုမိန့်ကြားချက်ကို အထူးကြည်ညို သဘောကျသွားသော တိုင်းမှူးက လမ်းကြမ်း ခရီးကြမ်းနှင့် အသင့်တော်ဆုံးဖြစ်သည့် လေးဘီးယက် အီဇူဇူးကား အသစ်စက်စက်ကို လှူလိုက်ပါတော့သည်။

ရန်ကုန်သို့ ရောက်ပြန်သောအခါ ရန်ကုန်မှ ဗိုလ်ချုပ်တင်လှက တစ်ဖန် ကားလှူပြန်ရာ-

"မန္တလေးတိုင်းမှူးက လှူပြီးပြီ၊ လက်မခံပါရစေနဲ့။ ဘုန်းကြီးကို လောဘကြီးတယ် ထင်ကြလိမ့်မယ်"ဟု ပြောဆိုကာ လှူဒါန်းသည်ကို လက်မခံ။ ဗိုလ်ချုပ်တင်လှကလည်း လက်ခံရန် အကြိမ်ကြိမ်လျှောက်၏။ လက်မခံ။ နောက်ဆုံး ငြင်းမရတော့မှ-

"ဒကာကြီး၊ ဘုန်းကြီးအလှူခံမယ်၊ လောဘကြီးတယ်လို့တော့ မထင်နဲ့နော်။ လက်နှိပ်စက်တစ်လုံး လှူပါ။ မြင်းခြံမြို့နယ် သံဃနာယကအဖွဲ့မှာ လက်နှိပ်စက် မရှိသေးဘူး။ အဲဒီကို လှူချင်လို့ပါ"ဟု မိန့်လိုက်ရာ ထိုည ညတွင်းချင်းပင် ၁၀-နာရီကျော်ကျော် အချိန်ခန့်၌ လက်နှိပ်စက်တစ်လုံး လာရောက် လှူသွားပါတော့သည်။

---

**ကျမ်းညွှန်း** * ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ်စာစောင်။ (၂၀၁၁-ခုနှစ်)မှမေဓာ့ယာဉ်ပုံမော်ကွန်းကျောင်းသားဟောင်း၏ စပ်မိစပ်ရာ (နှာ-၂၅၆)

## ၉၀။ ဒါယကာလှူဒါန်းသည့်ကားကို ရွှေဥမင်ဆရာတော်ဘုရားကြီး ရေစက်ချအလှူခံတော်မူပြီးသည်နှင့် ထိုကားအလှူရှင် ဒါယကာကိုပင် ပြန်စွန့်တော်မူသည်

ရွှေဥမင်ဆရာတော်ဘုရားကြီး၏ ဘုန်းတန်ခိုးကြောင့် ကားဝယ်လှူနိုင်လောက်သော လုပ်ငန်းကြီးတစ်ခု ရရှိပါစေဟု ဦးစိန်ဝင်း အဓိဋ္ဌာန်ပြု၏။ ထိုကဲ့သို့ အဓိဋ္ဌာန်ပြုပြီး ရက်ပိုင်းအတွင်းမှာပင် လွှတ်တော် အဆောက်အဦးကြီးတစ်လုံးအတွက် သံချိသံကွေး အလုပ်အားလုံးကို ရလိုက်၏။ လုပ်ငန်းပြီးစီး၍ လက်ခငွေများ ထုတ်ပြီးသည့်နေ့မှာပင် အကောင်းစား ကားတစ်စီး ရောင်းချင်၍ ဦးစိန်ဝင်းကို လာစပ်၏။ ဦးစိန်ဝင်း ကားကို ချက်ချင်းငွေချေကာ ဆရာတော်ကျောင်းထဲ တောက်လျှောက် မောင်းသွားခဲ့၏။

ဆရာတော် သီတင်းသုံးသော အဆောင်ရှေ့ ကားရပ်ပြီးသည်နှင့် အပေါ်ထပ်သို့ ဝမ်းသာအားရ ပြေးတက်သွား၏။ ဆရာတော်ကို တွေ့သည်နှင့် ကမန်းကတန်း ဦးချပြီး ဝမ်းသာအားရ လျှောက်ထားမိ၏။

"ဆရာတော်ကို ကားလှူဖို့ အဓိဋ္ဌာန်ပြီး အလုပ်လုပ်တာ အောင်မြင်တဲ့အတွက် ကားလှူဖို့ လာတာပါဘုရား။ ကားလည်း ပါလာခဲ့ပြီ၊ တပည့်တော်ကို သနားချီးမြှင့်သောအားဖြင့် အလှူခံတော်မူပါဘုရား"

"ဒကာကြီးရယ်. . . ရထားတဲ့ ခန္ဓာကြီးကို စောင့်ရှောက် ပြုစုရတာပဲ ပင်ပန်းဆင်းရဲလွန်းလို့ ဒကာကြီး လှူတဲ့ကားကြီးကို မစောင့်

ရှောက်နိုင်တော့ပါဘူး၊ ဒါကြောင့် အလှူမခံပါရစေနဲ့၊ ပြီးတော့ ဒကာကြီးကို မေးဦးမယ်၊ ရဟာန်းနဲ့ ကားနဲ့က ဘယ်လိုများ သက်ဆိုင်လို့လဲ။” ထိုစကားကို ဆရာတော်သည် ပြုံး၍ ရိုးရိုးသားသား မေးနေခြင်း ဖြစ်၏။

လက်ဝါးပေါ်မှာ ရှိနေသော ဆံချည်ထွေးသည် မည်သို့မျှ မသိသာသော်လည်း မျက်စိထဲဝင်သွားသော ဆံချည်မျှင် သေးသေးတစ်စသည်ပင် မနေနိုင် မထိုင်နိုင်အောင် ဒုက္ခပေး၏။ လောဘများသူနှင့် လောဘနည်းသူတို့၏ ပစ္စည်းဥစ္စာအပေါ် သဘောထားမှုမှာ ထိုမျှမကကွာခြား၏။ လောဘများပြီးသား သူအတွက် မည်မျှပင် ပစ္စည်းဥစ္စာများသည် တိုးလာသည်ဖြစ်စေ မသိသာသော်လည်း လောဘကိလေသာကို တစ်နေ့ထက်တစ်နေ့ ပါးအောင်၊ ကုန်အောင် လုပ်နေသော သူအတွက်ကား ကားအသစ်ကြီးနှင့်အတူ ပါလာသည့် လောဘ၏ ပူလောင်မှုကိုလည်း ဝိပဿနာဉာဏ်ဖြင့် သိနေသည်သာဖြစ်၏။

ဦးစိန်ဝင်းသည် ဘာမျှမလျှောက်တတ်တော့ဘဲ မျက်နှာညှိုးကျသွား၏။ ထိုအခါ ဆရာတော်က-

“ကဲ ကဲ ဒကာကြီး သိပ်လှူချင်နေတယ်ဆိုတော့လည်း အလှူခံရတော့မှာပေါ့၊ ရေစက်ခွက်ကလေး ကိုင်၊ ရေစက်ချပေးမယ်”ဟု မိန့်တော်မူလိုက်မှ ဦးစိန်ဝင်းမျက်နှာသည် ပီတိရှိန်ဖြင့် ဝင်းထိန်သွား၏။ ကားအလှူ ရေစက်ချပြီးသည်နှင့် ဆရာတော်က အမိန့်ရှိ၏။

“ကဲ- ဒကာကြီး အလှူလည်း အောင်မြင်သွားပါပြီ၊ ဘုန်းကြီးကို လှူပြီးသွားပြီဆိုတော့ ဒီကားကြီးကို ဘုန်းကြီး ပိုင်သွားပြီ၊ ဘုန်းကြီးပိုင်တဲ့ကားကို ဘုန်းကြီးဘာလုပ်လုပ် ဒကာကြီး တားပိုင်ခွင့် ရှိသလား”

"မရှိပါဘူးဘုရား ဆရာတော်ကြိုက်သလို လုပ်နိုင်ပါတယ်"

"အဲဒါဆိုရင် ဒကာကြီးကို ပြန်စွန့်လိုက်တယ်၊ ဒကာကြီး ကြိုက်သလို အသုံးပြုပေတော့၊ ဒကာကြီး ရည်ရွယ်ချက်က ဘုန်းကြီး သွားရာလာရာမှာ အဆင်ပြေအောင်ဆိုတော့ သွားလာဖို့ ကိစ္စရှိတဲ့ အခါ ဒကာကြီးကို ခေါ်ပါ့မယ်"

ဆရာတော်၏ ကျင့်စဉ်၊ ရည်ရွယ်ချက်၊ စေတနာတို့ကို နားလည် သွားပြီဖြစ်သည့်အတွက် ဦးစိန်ဝင်းတစ်ယောက် ဝမ်းသာပီတိဖြစ်မိ၏။

"မြန်မာပြည်မှာ သည်လိုလောဘ ခေါင်းပါးသည့် ရဟန်းတော် တွေလည်း ရှိနေသေးပါလား"ဟူသော အတွေးနှင့် ဆရာတော်အပေါ် ဆတက်ထမ်းပိုး ပို၍ ကြည်ညိုမိ၏။

ဆရာတော်ကို ဦးချပြီး ကျောင်းပေါ်မှ ဆင်းလာခဲ့၏။ သစ်လွင်တောက်ပသော ကားလေး၏ ဘေးနားသို့ရောက်သည်နှင့် ခဏရပ်ပြီး ကျောင်းပေါ်သို့ လှမ်းကြည့်မိ၏။ **'ဆရာတော်သည် သူ့ကို လာလှူသော ကားလေး၏ အမျိုးအစားနှင့် အရောင်ကို ထွက်များ ကြည့်လေမလား'ဟူသော ရည်ရွယ်ချက်ကြောင့်ပင်ဖြစ်၏။ ဆရာတော်ကား တစ်စွန်းတစ်စပင် ပေါ်မလာပါ။ ဦးစိန်ဝင်း ကျေနပ်စွာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း ဆရာတော်ရှိရာ ကျောင်း အပေါ်ထပ်သို့ လက်အုပ်ချီမိုး ရှိခိုးကန်တော့ကာ ကားမောင်းထွက် သွားတော့သည်။**

---

**ကျမ်းညွှန်း**

* မေတ္တာရှင် (ရွှေပြည်သာ)၏ ဆရာကောင်းကို ရှာဖွေခြင်း

# ၄၁။ ထူးခြားသော အပ္ပိစ္ဆဂုဏ်ရှင် တိပိဋကစရေဆရာတော်ဘုရားကြီး

ဆဋ္ဌသင်္ဂါယနာ မတင်မီအချိန်, တင်နေဆဲအချိန်တို့၌ သင်္ဂါယနာ ကိစ္စများကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူသော မင်းကွန်း တိပိဋကစရေဆရာတော်အား ရှုရှားအစိုးရက-

"သာသနာရေးကိစ္စ ကြွရောက်ရာ၌ အဆင်ပြေပြေ ကြွရောက် အသုံးပြုနိုင်ရန် မော်တော်ယာဉ်တစ်စီး လှူဒါန်းလိုပါကြောင်း" လျှောက်ထားပြီး ကျည်ကာ သံမဏိမော်တော်ကားတစ်စီး လှူဒါန်း လာပါသည်။ ထိုကားကို နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက တစ်ဆင့် လှူဒါန်းရာ ဆရာတော်က-

"ဘုန်းကြီးက တောထဲမှာနေတဲ့ တောဘုန်းကြီးဖြစ်ပါတယ်၊ တောဘုန်းကြီးအဖို့ ဒီလိုကားမျိုး စီးလို့မလျော်ပါ။ အစိုးရရဲ့ စေတနာ ကိုငဲ့ပြီး ဆဋ္ဌသင်္ဂါယနာတင် ကာလအတွင်းမှာသာ စီးနင်းအသုံး

ပြုပေါ့မယ်၊ သင်္ဂါယနာပွဲပြီးက အစိုးရရဲ့ကားသာ ဖြစ်ပါစေ” ဟူသော ကန့်သတ်ချက်ဖြင့် ၅-ရက်မျှ လက်ခံအသုံးပြုပြီး အစိုးရသို့ ပြန်လည် လွှဲအပ်တော်မူခဲ့သည်။

သင်္ဂါယနာပွဲအပြီးတွင် ထိုကားကိုပင် နိုင်ငံတော်အစိုးရက လှူဒါန်းပြန်ရာ ဆရာတော်က ယခင် မိန့်ကြားခဲ့သည့် မူကိုပင် ပြန်လည် မိန့်ကြားကာ အတန်တန် ငြင်းဆန်တော်မူသည်။ စကားပြော ကောင်းသော ဝန်ကြီးချုပ်ဦးနုက ပရိယာယ်ကြွယ်ကြွယ်ဖြင့် ထိုကားကို လက်ခံတော်မူပါရန် လျှောက်ထားပြန်သည့်အခါ ဆရာတော်သည် မပြောလျှင် မပြီးသဖြင့်-

“ဒကာကြီး၊ ရဟန်းတို့အသုံးအဆောင် ပရိက္ခရာထဲမှာ မော်တော်ကား မပါဘူးဗျ”ဟု အမိန့်ရှိပြီး ငြင်းပယ်တော်မူခဲ့သည်။ ထူးခြားသော အပွိစ္ဆဂုဏ်ရှင်ပါတည်း။

---

**ကျမ်းညွှန်း**

* မောင်သုတ၏ သုတဗုဒ္ဓဝင် (နှာ-၇၃)

## ၉၂။ ယထာလာဘ သန္တောသ ဖြစ်အောင်နေကြပါ

ဆရာတော် မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရောက်ခါစ တပည့်များကို သတိထားဖို့ ဩဝါဒ ပေးတော်မူလေ့ရှိ၏။

**“မင်းတို့ဆွမ်းမဖိတ်ကြနဲ့၊ ရသမ္ဘနှင့် ကျေနပ်ပါ၊ ကိုယ့်ကိုယ်ကို ကျေနပ်တတ်အောင်လည်း အလေ့အကျင့် လုပ်ကြပါ။ သက်န်း ကျကျနနရုံ၊ စက္ခုန္ဒြေချ၊ ရှေ့ကို လေးတောင်ခန့်မျှသာကြည့်၊ မနှေးမမြန်ကြွ၊ လမ်းမကြီးအတိုင်းလျှောက်၊ အိမ်ပေါက်ရောက်တော့ (စကားမပြောဘဲနဲ့)ရပ်၊ တတ်နိုင်လျှင် လောင်းလိမ့်မယ်၊ မတတ်နိုင်လျှင် ‘ကန်တော့ဆွမ်းပါဘုရား’လို့ ဆိုလိမ့်မယ်၊ ဆိုတဲ့အခါ ရှေ့ဆက်သွား၊ ဒါပဲပေါ့၊ ဒါ သူတော်ကောင်းတို့ရဲ့ ထုံးစံပဲ။”**

“ဆွမ်းမပြည့်စုံလို့၊ ဆွမ်းဟင်းမပြည့်စုံလို့ဆိုပြီး မဖိတ်ကောင်းဘူး၊ လောင်းပါ, လှူပါလို့ မပြောကောင်းဘူး၊ သူပေါဒနဝိညတ္တိ သိက္ခာပုဒ်အရ အာပတ်သင့်တယ်၊ ဂိလာနမဟုတ်ဘဲနဲ့ မတောင်းကောင်းဘူး၊ တို့အမရပူရက (ဆွမ်းဟင်း မလုံလောက်ရင်သာရှိရမယ်) ဆွမ်းကတော့ ပြည့်စုံအောင် ရနိုင်ပါတယ်၊ ဟင်းမရခဲ့ပေမယ့် အားမငယ်ကြနဲ့၊ နေ့စဉ်ပွဲတိုင်းပွဲတိုင်း တစ်ပွဲလျှင် ဟင်းနှစ်ခွက်တော့ ဘုန်းကြီးက ပေးနေတာပဲ၊ ဒါဆိုရင် စားလို့ဖြစ်တာပဲ၊ တော်ရောပ၊ ပါးစပ်ကို အလိုမလိုက်ကြနဲ့၊ ထိုက်သလောက်နဲ့ ကျေနပ်ကြ။”

“ငါ ငယ်ငယ်က ပခုက္ကူသွားစာသင်တော့ မျက်နှာပူရတဲ့ဘဝကြုံခဲ့ရတယ်၊ ရောက်လို့ သုံးရက်လောက်တော့ အာဂန္တုအဖြစ်နဲ့ ဆရာ

တော်တွေက ကျွေးလို့ စားရပါတယ်၊ အဲဒီရက်ကလွန်ရင် ဆွမ်းခံထွက်ရမယ်၊ ဆွမ်းခံထွက်တဲ့အခါ ဆွမ်း, ဆွမ်းဟင်း ပြည့်စုံဖို့ဆိုပြီး 'ဆွမ်းဖိတ်' ထားတဲ့အလေ့ ရှိကြပါတယ်။ ['ဆွမ်းဖိတ်သည်' ဆိုသည်မှာ အများအားဖြင့် ညနေပိုင်းခန့်တွင် ရပ်ကွက်ထဲသွား၊ ရလောက်မယ်ထင်တဲ့ အိမ်ကိုဝင်၊ မိမိ ဆွမ်းခံလာသည့်အခါ ဆွမ်း, ဆွမ်းဟင်းလောင်းဖို့ ပြောရသည့်အလုပ်ကို ဆိုလိုသည်။] ငါ့ကိုလည်း ဆွမ်းဖိတ်ပေးမယ်ဆိုပြီး ဘုန်းကြီး'ပဏ်'ဆိုတဲ့ ကိုယ်တော်ကြီးက ရှေ့ဆောင်တယ်၊ ရပ်ကွက်ထဲ သွားကြတော့ သားသားနားနားနဲ့ သပ်သပ်ရပ်ရပ်ရှိတဲ့ အိမ်ကြီးတစ်အိမ်ရှေ့မှာ ရောက်သွားကြတယ်။ အဲဒီမှာ ငါနဲ့ရွယ်တူလောက်ရှိတဲ့ အမျိုးသမီးကလေးက အိမ်ဝမှာ ဆန်ဆေးလို့ အိမ်ထဲမှာလည်း လူကြီးတွေတချို့ မြင်ရတယ်၊ ထုံးစံအတိုင်း အိမ်ဝမှာ ဝင်ရပ်ကြတာပေ့ါလေ။

ဒီတော့ အိမ်ရှင်တွေက မေးလျှောက်တယ် 'ဘာအလိုရှိပါသလဲဘုရား'တဲ့၊ ထုံးစံအတိုင်း လျှောက်တာပေ့ါ၊ သူတို့ သိကြပါတယ်၊ အဲဒီတော့ ဘုန်းကြီးပဏ်က နောက်ကလိုက်လာတဲ့ငါ့ကို လက်ညှိုးထိုးပြီး 'ဟောဒီကိုယ်တော်ကလေးက စာသင်ချင်ရှာလွန်းလို့ မိဝေးဖဝေးက ရောက်လာ. . .'

အဲဒီအချိန်မှာ သူ ဘာတွေရှေ့ဆက်ပြောတယ်တော့ ငါ မကြားတော့ဘူးဟေ့၊ ငါ့မှာ ရှက်လွန်းလို့ ခေါင်းတွေ, နားပန်းတွေ ကြီးလာပြီး ပူထူသွားတော့တယ်၊ မျက်စိတွေလည်း မမြင်ရတော့ဘူး၊ အဲဒီတင် တစ်ချိုးတည်း ငါ နောက်ပြန်လှည့် သုတ်ခြေတင်ပြေးလာခဲ့တော့တာပဲ၊ ကျောင်းရောက်မှ အိပ်ရာထဲ စိတ်မောကိုယ်မော ပစ်လှဲပြီး ဝမ်းနည်းပမ်းနည်း ဖြစ်ခဲ့ရဖူးတယ်။"

# ကိုယ့်စိတ်ကိုယ် အားတင်းခဲ့

"ခက်ပြီ၊ ငါတော့ခက်ပြီ၊ ဘယ့်နှယ့်လုပ်ရပ့ါမလဲ၊ (မြောင်းမြ ဆရာတော်လောင်း) ဆရာဘုန်းကြီးက ငါ့ကို နိကာယ်ငါးရပ် ပိဋကတ်တွေ အနက်ဉာဏ်ကြီးစေချင်လို့ ပခုက္ကူကို လွှတ်လိုက်တာ၊ ငါကလည်း ဒီဆွမ်းကိစ္စနဲ့ တစ်ဒုက္ခ၊ ဘယ့်နှယ်လုပ်ရပ့ါ ရင်တလှပ်လှပ် ဖြစ်ခဲ့ရတယ်။

နောက်တော့မှ ဟယ်. . . ခုဖြစ်ရတဲ့ကိစ္စက ဆွမ်းမရတာမှ မဟုတ်ဘဲ၊ ဆွမ်းဖိတ်တဲ့ ကိစ္စကိုသာ ငါ ဝန်လေးနေရင်တာ၊ ဒီတော့ ဆွမ်းမဖိတ်ဘဲ ငါ ဆွမ်းခံမယ်၊ အိမ်ထဲမဝင်ဘဲ ရပ်မယ်၊ မီရင် လောင်းလိမ့်မယ်၊ မမီရင် ငါက ရှေ့ဆက်သွားရုံပဲ၊ ဒါဟာ "ဥဒ္ဒေနယာပေတိ" ဆွမ်းခံရှာမှီးခြင်းဖြင့် အသက်မွေးတယ်ဆိုတာ သူတော်ကောင်းတို့ရဲ့ ထုံးစံအလုပ်ပဲ၊ အဲသလို ကိုယ့်စိတ်ကို အားတင်းခဲ့တယ်။

ဒီလိုနဲ့ ဆွမ်းမဖိတ်ပါဘူး၊ အိမ်စဉ် လျှောက်ရပ်ပါတယ်၊ ဘုံလောင်းကိုလည်း သွားတယ်၊ အဲလိုပဲ ရသမျှနဲ့ မျှတခဲ့တာပဲ၊ ဖိတ်ထားတဲ့ သူလောက်တော့ ဆွမ်းဟင်း မပြည့်စုံဘူးပေါ့၊ ရလာတဲ့ ဟင်းကလည်း အများအတွက်ချက်ရတဲ့ ဘုံလောင်းဟင်းဆိုတော့ ဆီတို့, ပျားတို့နဲ့ စိုစိုဖတ်ဖတ် ဝင်းဝင်းစက်စက်တော သိပ်မရှိဘူး။

တစ်ခါတော့ ငါ့ထက် နည်းနည်းကြီးတဲ့ မိတ်ဆွေတစ်ပါးက ဆွမ်းခံပြန်လာတဲ့ ငါနဲ့ ကျောင်းပေါက်ဝမှာ တွေ့တယ်၊ ငါ့သပိတ်ကို သူ လှပ်ကြည့်တယ်၊ ဆွမ်းတို့, ဟင်းတို့က စားချင့်စရာ သိပ်မဟုတ်တော့ "မင်းလောက်သာ ဆင်းရဲရင် ငါတော့ စာသင်မနေတော့ဘူး"တဲ့၊ သူက အားပေးသွားရှာတယ်။

---

**ကျမ်းညွှန်း**

* သာမဏေကျော်၏ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် ဝိနည်း (နှာ-၁)

* သက္ကစ္စဝဂ္ဂ၊ သေခိယကဏ္ဍ၊ ပါစိတ္တိယပါဠိ၊ (နှာ-၂၅၃)

## ၉၃။ အမရပူရမြို့တည် မင်းတရားကြီးလက်ထက် မင်းဆရာဖြစ်လာသည့် မင်းရွာဆရာတော်ဘုရားကြီး၏ လောလုပ္ပစာရနှင့် သန္တုဋ္ဌိတဂုဏ်

မင်းရွာဆရာတော်ဘုရားကြီးကား ကျမ်းဂန်ဝါစင်္ဂတ အရအမိ များသည်။ ဆွမ်းဘုဉ်းပေးစိမ့်သောငှာ ကပ်လာအပ်ကုန်သော **များစွာကုန်သော ဆွမ်းဟင်းလျာခွက်တို့ကို အာရုံမပြုဘဲ မျက်စိမှိတ်၍ နှိုက်တော်မူသည်။ နှိုက်မိသောဆွမ်းခွက်၌ နှိုက်မိသောဟင်းလျာကို ဘုဉ်းပေးတော်မူသည်။ အခြားခွက်တို့၌ရှိသော ဟင်းလျာကို ဘုဉ်းပေးတော်မမူ။** ဤခွက် ထိုခွက် ကောင်းနိုးရာရာရှာ၍ စားသည်ကို လောလုပ္ပစာရဟု မိန့်တော်မူသည်။ ဆွမ်းကိစ္စပြီးလျှင် ရေဆေး၍ လက်မသည်းခွံမျှ လွှာက်ကိုစားတော်မူ၍ ကွမ်း (၂)ယာ သုံးဆောင်တော်မူပြီးလျှင် လုပ်ရေကျင်း၍ ထိုနေ့စားခြင်း ကိစ္စကို ပြီးစေတော်မူသည်။

သူတစ်ပါးအား ကဲ့ရဲ့သောစကားကို ဆိုမည်ထား၍ ကဲ့ရဲ့စကား ပြောလာသူတို့၏ အသံကိုမျှလည်း ခေါင်းမငြိမ့်ချေ။ မင်းရွာဆရာတော် သို့စဉ် သိမ်းဆည်းတော်မူသည်။ မင်းကျောင်းဆရာတော် ဖြစ်လျက် လည်း သိက္ခာတော်ငါးဆယ်ကျော်အောင်ပင် ဆွမ်းခံဝတ်ကို ဖျက်တော် မမူ၊ ပိဏ္ဍစာရိကဝတ်ကို ဖြည့်တော်မူသည်။ နေပူ မိုးရွာ ဘိနပ်မစီး ထီးမဆောင်းချေ။ ပစ္စည်း၌လည်း သပိတ်တစ်လုံး သင်္ကန်းသုံးထည်သာ၊ ထိုမှတ္တင်းသမျှကို အကုန်စွန့်တော်မူသည်။ မင်းရွာဆရာတော်ဘုရား ကြီးသည် ကျော်အောင်စံထားဆရာတော်ဘုရားကြီး တပည့်တည်း။ သက်တော်(၈၁)နှစ်၊ ဝါတော်(၆၁)ဝါရှိလျှင် မင်းရွာကျောင်းတိုက်အတွင်း အနောက်မြောက်ထောင့် လည်ပေါ်ကျောင်း၌ သက္ကရာဇ်(၁၁၆၆) ခုနှစ်တွင် စံလွန်တော်မူသည်။ လွန်တော်မူအံ့သောအခါ အယုတ်သဖြင့် ဒေသနာကံကိုမျှမပြု။ မုန်တောဆရာတော် ဟောအပ်သော သတိပဋ္ဌာန် သုတ်ကို နာလျက်လွန်တော်မူသည်။

---

**ကျမ်းညွှန်း**

* မဟာဒွါရနိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ။ (၁၉၅၅ ခုနှစ်) (နှာ-၂၇၄)

## ၉၄။ လာဘ်လာဘ အခြွေအရံကျော်စောမှုကို မလိုလားသည့် ဆရာတော်ဘုရားကြီး

စံကျောင်းဆရာတော်၏ လာဘ်လာဘ အခြွေအရံ ကျော်စောမှုကို မလိုလားခြင်းမှာလည်း စံပြုလောက်ပါသည်။ ၁၂၉၉-ခုနှစ် ဗြိတိသျှအစိုးရတို့လက်ထက်၌ အဂ္ဂမဟာပဏ္ဍိတတံဆိပ်ကို အလှူခံရတော့မည့် လအနည်းငယ်ခန့်က ဖြစ်သည်။ ထိုအချိန်က ယခုသိရီမင်္ဂလာဆရာတော်ဟု ထင်ရှားမည့် ဘဒ္ဒန္တရာဇိန္ဒသည် ရဟန်းဖြစ်စအခါဖြစ်သည်။ အရှင်ရာဇိန္ဒသည် နောင်စတုတ္ထစံကျောင်းဆရာတော်ဟု ထင်ရှားလတ္တံ့သော ဝံသာနုတိုက်ကျောင်းဘုန်းကြီး အရှင်ဝိမလထံ၌ အနီးကပ်နေရသူတပည့်ဖြစ်သည်။

တစ်နေ့တွင် စာတိုက်မှယူလာသော စာများကို အိတ်ထဲမှ သွန်ထုတ်လိုက်ရာ နီနီရဲရဲ ချိပ်တံဆိပ် ရိုက်ထားသည့် စာအိတ်ကြီးကို တွေ့ရသဖြင့် ပြုန်းခနဲကောက်ယူကာ-

“ဒီစာအိတ်က ဆရာတော်ကြီးကို အဂ္ဂမဟာပဏ္ဍိတတံဆိပ် လှူမည့်အကြောင်းကြားစာလား မသိဘူး’ဟု လွှတ်ခနဲပြောလိုက်မိသည်။ ဝံသာနုဘုန်းကြီးက ‘မင်း-ဘာဖြစ်လို့ သိတာလဲ’ဟု မေးသည်။

‘ဘာရယ်မဟုတ်ပါ၊ တပည့်တော် စိတ်ထင်တာနှင့် ပြောမိတာပါ’ ဟု လျှောက်ထားလိုက်သည်။ ဝံသာနုဘုန်းကြီးက စာအိတ်ကို သေသေချာချာကြည့်ပြီး ‘အေး-ဟုတ်မလားမသိဘူး၊ ဒီစာ ဆရာတော်ထံ ငါကိုယ်တိုင် ကပ်မယ်’ဟုပြောကာ ဆရာတော့်ထံသွား၍ စာကို ဆက်ကပ်ပါသည်။ ဖောက်ကြည့်သည့်အခါ အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်

လျှုဒါန်းမည့် အကြောင်းကြားစာဖြစ်နေသည်။ ထိုအခါ **စံကျောင်း ဆရာတော်က 'မင်းတို့ ဒီအကြောင်း ဘယ်သူ့မှ မပြောနဲ့၊ လှုပ်လှုပ် ရွရွလည်း ဘာမှမလုပ်ကြနဲ့၊ ဒါ ဘာမှထူးခြား ကြီးကျယ်တဲ့ကိစ္စ မဟုတ်ဘူး'ဟူ၍ မိန့်လိုက်ကြောင်း ပြန်ပြောသည်။**

တပည့်များမှာ ဝမ်းသာလှသဖြင့် ဆရာတော့်စကားကို မေ့သွားကာ အချင်းချင်း ဝမ်းမြောက်ဝမ်းသာ ပြောဆိုကြသည်။ တစ်တိုက်လုံး လှုပ်လှုပ်ရွရွဖြစ်သွားသည်။ ညအခါ သီတင်းကျွတ်လကဲ့သို့ မိမိတို့ကျောင်းများ၌ ဆီမီးများ ထွန်းညှိကြသည်။ ဆရာတော်မြင်၍ မေးမြန်းသိရှိသည့်အခါ 'မောင်ပဉ္စင်းတွေ အပြောအဆိုခက်သည်။ ငါကိုယ်တိုင်တားမြစ်ထားပါလျက် နားမထောင်ကြ၊ ဆရာ့စကား နားမထောင်တဲ့ တပည့်တွေနဲ့ အတူတူနေရတာ စိတ်ချမ်းသာစရာမကောင်း'စသည်ဖြင့် အပြစ်တင်ကာ နောက်နေ့ နံနက်စောစောတွင် တပည့်ရဟန်း တစ်ပါး နောက်ပါခေါ်၍ ညောင်တုန်းမြို့နှင့် (၇)မိုင်ခန့် ဝေးသော လင်းဝန်ရွာ ရွှေဟသာကျောင်းသို့ ကြွသွားသည်။

တိုက်အုပ်ဆရာတော် (နောင်-ဒုတိယစံကျောင်းဆရာတော်) သိသည့်အခါမှ လင်းဝန်သို့ ကိုယ်တိုင်လိုက်သွား၍ 'နောင် ဒီလိုမဖြစ်စေရပါ'ဟု တာဝန်ယူကာ ပြန်ပင့်သဖြင့် (၄-၅)ရက်ခန့် ဆက်လက်နေပြီးမှ ပြန်ကြွလာသည်။ **အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ပတ်သက်၍ ပျံလွန်တော်မူသည်အထိ မည်သည့်ချီးကျူးပွဲ၊ ဂုဏ်ပြုပွဲကိုမျှ မလုပ်ဝံ့ကြပါ။**

ထိုခေတ်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မှာ အလွန်တရာရှားပါး၍ ရွှေကျင်ဂိုဏ်း တစ်ခုလုံး၌ပင် ထိုဘွဲ့ဆက်ကပ်ခံရသော

ဆရာတော်မှာ မရှိသလောက် ရှားပါသည်။ အလားတူ ဖြစ်ရပ်မျိုးကို ထပ်မံ ကြုံတွေ့ရသေးသည်။

၁၃၀၈-ခုနှစ်တွင် ကျင်းပသော ရွှေကျင်ဂိုဏ်းအစည်းအဝေး ကြီးမှ ဆရာတော်အား တွဲဖက်ဥက္ကဋ္ဌ မဟာနာယက (ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင်)အဖြစ် တင်မြှောက်ခဲ့သည်။ ဆရာတော်သည် ကျန်းမာရေးအခြေအနေကြောင့် ထိုအစည်းအဝေးသို့ မတက်ခဲ့။ တိုက်အုပ်ဆရာတော် ဦးကလျာဏကိုသာ တက်ရောက်စေသည်။

အစည်းအဝေးသို့ မစေလွှတ်မီ တိုက်အုပ်ဆရာတော်အား-

'ဂိုဏ်းအစည်းအဝေးကြီးက တို့ကို ရာထူးတစ်ခုခုပေးလျှင် ဘာရာထူးမှ လက်မခံရဘူး'ဟု သေချာစွာ မှာလိုက်သည်။ အစည်း အဝေးကြီးက စံကျောင်းဆရာတော်အား တွဲဖက်သာသနာပိုင်အဖြစ် တင်မြှောက်ပါသည်ဟု ကြေညာသောအခါ တိုက်အုပ်ဆရာတော်က ထိုမှာကြားချက်ကို ထုတ်ဖော်လျှောက်ထား၍ အစည်းအဝေး၏ ဆုံးဖြတ်ချက်ကို လက်ခံယူဆောင် မသွားဝံ့လိုပါကြောင်း လျှောက် ထားသည်။ နာယကဆရာတော်ကြီးများက-

**'ဒီလို ရာထူး မလိုချင်တဲ့သူကိုမှ သံဃာကပို့ပြီး ရာထူးပေး ချင်တာ၊ လက်ခံယူဆောင်သွားရမည်'ဟု အတင်းအကြပ် အပ်နှံ သည်။ ဤသည်မှာလည်း ဆရာတော်၏ အလိုနည်းပါးမှု ဂုဏ်အင်္ဂါ တစ်ရပ်ပင်ဖြစ်သည်။**

---

**ကျမ်းညွှန်း**

* စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဘဝနှင့်သာသနာ၊ တပည့်များစုပေါင်းပူဇော်သည်၊ (၂၀၀၄ ခုနှစ်) (နှာ-၁၃၃)

## ၉၅။ ပြည်တွင်း၌ သာသနာပြုတော်မူရသည်ကိုပင် အားမရသေးသည့် တိပိဋကဆရာတော်ဘုရားကြီး

တိပိဋကမင်းကွန်းဆရာတော်သည် 'နိုင်ငံခြားသို့ ကြွရောက် သာသနာပြုဖို့' လျှောက်ထားလာမှု မှန်သမျှကို ငြင်းပယ်တော်မူခဲ့ သည်ချည်း ဖြစ်သည်။

**"တခြားစွမ်းနိုင်တဲ့ ဆရာတော်တွေ ကြွကြပါလိမ့်မယ်၊ ဘုန်းကြီးကတော့ ကိုယ့်ပြည်တွင်းမှာတောင် နှံ့အောင် သာသနာ မပြုရသေးဘူး"**ဟု မိန့်ကြား၍ နိုင်ငံရပ်ခြားသို့ တစ်ခါမှ ကြွတော် မမူခဲ့ပေ၊ ဗုဒ္ဓဂယာသို့ပင် ဘုရားဖူးမကြွခဲ့။

**"ဘုန်းကြီးတို့ အထွဋ်အမြတ်ထားတဲ့ နေရာမှာ ဘာသာ ခြားတွေ မတော်တရော် လုပ်နေတာတွေ့ရရင် အလကားနေရင်း အကုသိုလ် ဖြစ်နေပါ့မယ်"**ဟု အမိန့်ရှိတော်မူသည်။

---

**ကျမ်းညွှန်း**

* မောင်သုတ၏ သုတဗုဒ္ဓဝင် (နှာ-၁၄၉)

# ၉၆။ ပထမရွှေကျင်ဆရာတော်ဘုရားကြီး နောက်ဆုံးချိန်ထိ ရွတ်ဆိုတော်မူသွားသည့် ပါဠိဂါထာတော်

ရွှေကျင်ဆရာတော်ဘုရားကြီးများ သိက္ခာပုဒ် လွန်ကျူးပြီးတော့ အများပြောနေကြတဲ့အတိုင်းဆိုရင် အာပတ်အသင့်ခံတာ မရှိဘူး၊ အာပတ် မသင့်စေရဘူး၊ အလုံးစုံ ဖြူစင်သန့်ရှင်းပြီးတော့ သီလဝန္တ အစစ်ကြီး ဖြစ်တော်မူတယ်၊ ပျံလွန်တော်မူခါနီး အခါကာလ ကိုယ့်သီလ ကိုယ်အာရုံပြုပြီးတော့ ဝမ်းမြောက်လွန်းလို့ ဝမ်းသာလွန်းလို့ ငါ့ဘဝနောက်ဆုံးချိန်ကို ရောက်ပါပကောလို့ အမှန်သိတဲ့အချိန်မှာ ဒိပြင် စကားတွေ မပြောတော့ဘဲ. . .

**ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။**
**ပညတ္တံ လောကနာထေန၊ နဘိန္ဒေ သီလသံဝရံ။**

ဒီဂါထာကို တစ်ခေါက်ပြီး တစ်ခေါက် ဆက်ပြီးတော့ ရွတ်ဆိုနေတော်မူတာပဲ။ တစ်ခါတစ်ခါ ရပ်ပြီးတော့ "ကြားရဲ့လား ဘိုးသူတော်"၊ "ကြားပါတယ်ဘုရား။"

တော်ကြာရွတ်၊ တော်ကြာထပ်ရွတ်၊ တော်ကြာထပ်ရွတ်၊ တဖြည်းဖြည်းအသံက တိမ်သွားပြီးတော့ နောက်ဆုံးကျတော့ အသံမကြားရဘဲ နှုတ်ခမ်းလေးလှုပ်လှုပ်ပြီးတော့ အတော်ကြာတော့ ဇီဝိန်ချုပ်ပြီးတော့ စံတော်မူသွားရတယ်။

ဆရာတော်ဘုရားကြီးရွတ်တဲ့ဂါထာက-**ပါတိမောက္ခံ**-ပါတိမောက္ခသံဝရ သီလကို၊ **ဝိသောဓေန္တော**-သုတ်သင်သော ရှင်းလင်းသော အပြစ်ကင်းအောင် နေလိုသော ရဟန်းသာမဏေသည်၊ **ဇီဝိတမ္ပိ**-အသက်ကိုသော်လည်း၊ **အပ္ပေဝဇဟေ**-စွန့်သော်လည်း စွန့်လိုက်ရာ၏၊ **လောကနာထေန**-မြတ်စွာဘုရားသခင်သည်၊ **ပညတ္တံ**-ပညတ်တော်

မူအပ်သော၊ **သီလသံဝရံ**-သီလစောင့်စည်းခြင်းကို၊ **နဘိန္ဒေ**-မချိုး မဖျက်ရာ။

အဓိပ္ပါယ်ကတော့ စောင့်စည်းရမယ့်နေရာမယ် ရွှေကျင်ဆရာတော်ဘုရားကြီးများ ဩဝါဒအတိုင်းဆိုရင် ယခုလို နေလွဲတဲ့အခါ ရေသောက်ချင်တယ်၊ ရေငတ်တယ်၊ ရေအိုးစင်တွေ့ပြီ **"ရေအိုးထဲကရေကို လူကလည်းသောက်၊ ခလေးကသောက်၊ လူကြီးကသောက်၊ ဒီရေအိုးစင်မျိုး ရေမသောက်ရဘူး၊ ဒီရေထဲ ဘာပါလည်း၊ ဘာမှမပါပါဘူး၊ ရေချည်းပဲ ကြည်လင်လိုက်တာ၊ သန့်ရှင်းလိုက်တာ၊ သို့ပေတယ်လို့ ဒီရေခွက်က အာမိသမစင်ကြယ်တဲ့ ခလေးသူငယ်များ၊ လူများသောက်သွားတဲ့ ရေခွက်ဖြစ်လို့ ဒီရေခွက်နဲ့ ဘုန်းကြီးများ ခပ်ပြီးတော့ သောက်မယ်ဆိုရင် ဆရာတော်ဘုရားကြီးများ အလိုမရှိဘူး၊ မသောက်စေချင်ဘူး။"**

အကယ်၍ သောက်မယ်၊ အာမိသကလည်း မစင်ဘူး၊ လက်ဖက်စားထားတဲ့လူတွေက ဒီရေခွက်နဲ့ သောက်၊ တော်ကြာ ဘုန်းကြီးက ဒီရေခွက်နဲ့ ခပ်ပြီးတော့ ရေထပ်သောက်၊ လက်ဖက်အာမိသလေး မပြောပလောက်ပါဘူး၊ ဝမ်းထဲဝင်သွားရော၊ ဝိကာလဘောဇန ဖြစ်သွားရော၊ အဲဒီလို အာပတ်ကလေးမှ မသင့်စေရဘူး၊ ရှောင်ကြဉ်ရမယ် ရေငတ်လှချေရဲ့၊ အလွန်ပဲ သောက်ချင်တယ်၊ ဒီရေ မသောက်ရင်လည်း ဒီလက်ဖက်နံ့လေး ကွမ်းနံ့လေး မပြောပလောက်ပါဘူး၊ အာပတ်သင့်ချင်သင့်ပါစေတော့၊ ရေသောက်မယ်၊ ဒီလို သိက္ခာပုဒ် ပညတ်တော်ကို မဖျက်ရဘူး။

---

**ကျမ်းညွှန်း**

* အဘိဓ္ဓဇမဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယ ဓမ္မသေနာပတိ သမ္မုတိသံဃရာဇာသာသနာပိုင် ဝိသုဒ္ဓါရုံ သက်တော်ရှည်ဆရာတော်ကြီး၊ စံကင်းဆရာတော်ကြီး၏ ဩဝါဒဓမ္မကထာ၊ (၁၉၇၆-ခုနှစ်) ဒုတိယအကြိမ်။ (နှာ-၃၀-၃၁)
* ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (အတွဲ-၁) (နှာ-၃၅)

## ၉၇။ ဝိသုံ့ဂါမသိမ်သမုတ်ရာတွင် သစ္စာဆိုတော်မူသည်

ဒုတိယအကြိမ် ကုလားနှင့်စစ်ဖြစ်၍ မြန်မာနိုင်ငံအောက်ပိုင်းကို ကုလားသိမ်းယူပြီးနောက် ရှစ်နှစ် ကိုးနှစ်အတွင်း သီမာသမ္မုတိကံကို မရွက်ဆောင်ကြချေ၊ ကုလားမင်းသည် ခေတ္တမျှလာရောက် အုပ်စိုးသော မင်းဖြစ်သည်၊ တစ်ကြောင်းလည်း သူတစ်ပါးနိုင်ငံကို ဗလက္ကာရ နိုင်ထက်စီးနင်း တိုက်ခိုက်သိမ်းယူ၍ မင်းမူခြင်းသည် ပထဝိသာမိ မြေပိုင်ရေပိုင်မဟုတ်၍ ထိုမင်းက ဝိသုံဂါမဘောဇကမြေစား ပေးသနားသော်လည်း ဝိသုံဂါမ, မဖြစ်ဟု အယူရှိကြသည်။

ထိုအခါ အုတ်ဖိုဆရာတော်ဘုရားကြီးက ကျောင်းဒါယကာ မြို့အုပ်မင်းဦးစိမ်းနှင့် တိုင်ပင်၍ အလိုရှိရာမြေကို နယ်နိမိတ် သတ်မှတ်စေလျက် ဖယ်ရာခေါ် မဟာဝန်ရှင်တော်မင်းကြီးလည်း သာသနာတော်နှင့်စပ်လျဉ်း၍ မြန်မာတလိုင်းတို့ ထုံးစံ ပေးရမည် မပေးရမည်ဟု ဘုရင့်အမိန့်တော် မရှိသဖြင့် ရုတ်တရက် မပေးသေး၊ အင်္ဂလန်ပြည် ဝိတိုရိယဘုရင်မကြီးထံ စာတင်သွင်း လျှောက်ထားမေးမြန်း ရလေသည်။

ဝိတိုရိယဘုရင်မကြီးကလည်း ရုတ်တရက် အမိန့်မပြန်၊ ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးထံ ဘာသာထုံးစံ ဟုတ်, မဟုတ် မေးမြန်းတော်မူလေသည်၊ မင်းတရားကြီးက ဗုဒ္ဓသာသနာ ထုံးစံအရ ဝိသုံဂါမ ဘောဇက မြေစားတောင်းခံလျှင် တောင်းသူအား ပေးအပ်ရကြောင်း၊ တောင်းခံသမျှ ပေးသင့်သည့် အကြောင်းများကို စာပြန်လိုက်လေလျှင် ဘုရင်မကြီးက ဗုဒ္ဓသာသနာထုံးစံအရ ဝိသုံဂါမ

ဘောဇက မြေစားတောင်းခံသူအား ငါ၏ကိုယ်စားလှယ်ပြု၍ပေးစေဟု မဟာဝန်ရှင်တော်မင်းကြီးထံ အမိန့်ထုတ်ပြန်လေသည်၊ ထိုအမိန့်တော်ကိုရရှိမှ မဟာဝန်ရှင်တော်မင်းကြီးက ကျောင်းဒါယကာ မြို့အုပ်မင်း ဦးစိမ်းအား ဝိသုံဂါမဘောဇကမြေစား ပေးသနားလေသည်၊ ခြောက်လခန့်ကြာမှ ရရှိလေသတည်း။

ဆရာတော်ကြီးသည် ထိုဝိသုံဂါမမြေအတွင်း၌ ကလျာဏီကျောက်စာတမ်းနှင့် ကျမ်းဂန်အထွက် ဤနှစ်ချက်ကို နယဂ္ဂါဟမူလျက် နောင်အခါ လဇ္ဇီကုက္ကုစ္စကဝိနယဓရ ရဟန်းတို့ နှစ်မြို့ဖွယ်ဖြစ်အောင် ပရိသသာမွတ္တိအရာ၌ ပရူပဝါဒမျှ မဖြစ်စေခြင်းငှါ နောင်လာ နောက်သားတို့ နည်းယူကြစေရန် ရည်သန်တော်မူလျက် တပည့်များကို စည်းဝေးစေ၍ မိန့်တော်မူသည်မှာ-

"ငါ့ရှင်တို့၊ ငါသည် သာသနာတော်၌ ရဟန်းဖြစ်သည်မှစ၍ ဝုဋ္ဌါနကံအာပတ် မသင့်စဖူးကြောင်းကို သစ္စာဆိုမည်၊ ငါ့ရှင်တို့လည်း ငါကဲ့သို့ သစ္စာဆိုဝံ့မှ သိမ်သမုတ်ရာ၌ ပါဝင်ကြရမည်၊ သစ္စာမဆိုဝံ့က ပရိဝါသ်, မာနတ် အဗ္ဘာနကံဖြင့် စင်ကြယ်စေကြရမည်"ဟု မိန့်တော်မူလျှင် အရှင်ဆရာတော်ဘုရားကြီး၏ အမိန့်ဩဝါဒအတိုင်း လိုက်နာကျင့်ကြံ၍ အလွန်စင်ကြယ်သော သံဃာ့ပရိသတ်ဖြင့် ဆရာတော်ဘုရားကြီး ဦးစီးကာ ကလျာဏီသိမ်သမုတ်သည့်အတိုင်း သမုတ်တော်မူကြလေသည်။

---

**ကျမ်းညွှန်း**

* မဟာဒွါရနိကာယ ဂဏာရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ (၁၉၅၅ ခုနှစ်) (နှာ-၄၄၂-၄၄၃)

## ၃၈။ သက်ရှယ်ကြီးရင့်သည့်ကာလ အသက်မစွန့်မီမှ သိက္ခာကို့စွန့်ကာ သူ့တော်ဝတ်ဖြင့် ဘာဝနာကျင့်တော်မူကြသည်

ငရုံ့ဘို ရှင်ကလျာဏဆရာတော်ဘုရားကြီးသည် တပည့်တပန်းတို့အား ကျမ်းဂန်တတ်မြောက် လိမ္မာအောင် ပို့ချ၍၊ ရဟန်းတရား၌လည်း အလေးအမြတ် အရိုအသေပြု၍ ကျင့်ဆောင်တော်မူသည်။ သုစိတ္တာလင်္ကာရဆိုသည့် ကျမ်းကိုလည်း မာဂဓဘာသာမှ ပါဠိ စီရင်တော်မူသည်၊ မန်လည်ဆရာတော်ဘုရားကြီးစသော တပည့်များလည်း ထင်ရှားလှသည်၊ ယင်းသို့သော ဂုဏ်ရှင်ဖြစ်တော်မူသော ဆရာတော်ဘုရားကြီးသည် ငါအိုမင်းပြီ၊ သိက္ခာပုဒ်တော်လည်း များပြားလှသည်။ တချို့ ကျင့်မိသော်လည်း တချို့မကျင့်မိရှိနိုင်သဖြင့် အာပတ်နှင့် ပျံလွန်လျှင် နိရယပေတ ဂတိနှစ်ရပ်၌ ဖြစ်တတ်သည်ဟု မိန့်တော်မူကာ သိက္ခာကိုစွန့်၍ သီတင်းသည် သူတော်ဝတ်နှင့် ကျောင်းစွန်တဲဆိုးမှာ ဘာဝနာမှုဖြင့်နေသည်ဟု ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားကြီး မိန့်တော်မူဖူးကြောင်း မှတ်ရဖူးသည်။

ပဋ္ဌင်းခံသည့်ကာလ သမ္ပတ္တိငါးပါးတွင် ပရိသာသမ္ပတ္တိ ပြည့်စုံခဲ့သည်ဟူသော သက်ာကို ဖျောက်ခြင်းငှာ သီတင်းသည် အဝတ်နှင့်နေသည်ဟု ကျေးဇူးရှင် ဆင်တဲဆရာတော်ဘုရာကြီး မိန့်တော်မူဖူးပါသည်။ ဆပ်ပြာကုန်းတွင် တိုက်တည်၍ စာချနေတော်မူစဉ် ဆွမ်းခံလမ်းလယ်ကြားဝယ် အုတ်တံတားတည်စေမိသည်၊ လယ်ရှင်နှစ်ဦးတို့တရားဖြစ်ကြ၍ ကြေးငွေအများ ကုန်ကျသည်၌ သက်ာရှိ၍ ထို သက်ာကို ဖျောက်ခြင်းငှာ သီတင်းသည်လူဝတ်နှင့် ဘာဝနာကို အားထုတ်သည်ဟု အိုးထိန်းတောင် သက်တော်ရှည်ဆရာတော်ကြီးက မိန့်တော်မူကြောင်း ဖတ်လိုက်ရပါသည်။

မန်လည်ဆရာတော်ဘုရားကြီး၊ ရွှေတောင်ဆရာတော်ဘုရားကြီးတို့လည်း သိက္ခာကို စွန့်တော်မူပြီးမှ လွန်တော်မူကြပါသည်။ ရွှေစေတီဆရာတော်ဘုရားကြီးကား လွန်တော်မမူမီ ခုနစ်ရက်ကပင် သိက္ခာကို စွန့်တော်မူသောဟူ၏၊ **ဝိနယဂရုက ဆရာတော်ဘုရားကြီး အချို့သည် ဤသို့ပင် အသက်ကိုမစွန့်မီ သိက္ခာကိုစွန့်ကာ သီတင်းသည်၊ သူတော်ဝတ်ဖြင့် ဘာဝနာမှုနှင့်သာ တစ်ဘဝတာကို ကုန်ဆုံးစေတော်မူကြောင်း ကျမ်းဂန်များမှ လေ့လာမှတ်သားရပါသည်။**

---

**ကျမ်းညွှန်း**

* တတိယနံမော်ဆရာတော်ဘုရားကြီးအရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီကျမ်း (၁၈၃၇-ခုနှစ်) (နှာ-၆၅-၁၃၅)

# ၉၉။ သိမ်သမုတ်ကဲ့သို့ သံဃာ့ကံဆောင်ရာတွင် ရဟန်းသီလ သတိပြုစရာ

စစ်ကိုင်းတောင်ရိုး၊ ကျစွာချောင် ရွှေမျက်မှန်ဆရာတော်ကြီး ဦးဝိဇယ (၁၂၅၀-၁၃၂၉)သည် ဝံသာနုခေတ်က ထိတ်ထိတ်ကြဲ ဝံသာနု ဘုန်းတော်ကြီးတစ်ပါး ဖြစ်တော်မူပါသော်လည်း ဆရာသမား ကောင်း များစွာ၏ လက်အောက်၌ နေထိုင်ကြီးပြင်း လာခဲ့ရသည် ဖြစ်၍ ဝိနည်းကို ကျွမ်းကျင်ရိုသေသော ဝိနယဂရုကပုဂ္ဂိုလ် ဖြစ်တော် မူလေသည်။

တစ်ခါသော် သိမ်သမုတ်ရန် ကိစ္စတစ်ခု ကြုံလာသည်။ သိမ် သမုတ်ရန် သံဃာစာရင်းတွင် ဆရာတော်တစ်ပါးကို ထည့်သွင်းဖို့ လိုနေသဖြင့် တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းပြု အရှင်သီလာနန္ဒာ ဘိဝံသလောင်းလျာ ဦးပဥ္စင်းက ဆရာတော်ကြီး သတိမေ့နေသည် ထင်၍ ဆရာတော်တစ်ပါး ကျန်ပါကြောင်း လျှောက်ထားရာ ဆရာ တော်ကြီးက ပြုံး၍-

**"မောင်သီလာနန္ဒ၊ အဲဒီဆရာတော်ဟာ ငယ်ငယ်တုန်းက အန္တိမသို့ ရောက်လောက်တဲ့ အပြစ်တစ်ခုနဲ့ အဖမ်းခံရပြီး အပြစ် ပေးတောင် ခံခဲ့ရတယ်။သူတကယ် အန္တိမ ရောက်, မရောက်တော့ ငါလည်းမသိဘူး။ ဒါပေမယ့် သိမ်သမုတ်လို ကိစ္စမျိုးကျတော့ ဒီလို ပုဂ္ဂိုလ်တွေကို ရှောင်ရတယ်၊ မိတ်ဆွေပဲဆိုပြီး အားနာနေလို့ မဖြစ်ဘူး"**ဟု မိန့်တော်မူပါသည်။

---

**ကျမ်းညွှန်း**

* ဦးအောင်မွန်(မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ (၂၀၀၆-ခုနှစ်) ပထမအကြိမ်။ (နှာ-၄၇)

## ၁၀၀။ သိမ်အရာသည် ခက်ခဲနက်နဲ

လယ်တီတောရဘုန်းကြီး အရှင်ဉာဏသည် မိမိတစ်ပါးတည်း သီတင်းသုံးစဉ်အခါက တလုံးတောရ သိမ်သို့ကြွ၍ ဥပုသ်ပြုကံ ဆောင်ခြင်းစသည် ပြုတော်မူခဲ့ပါသည်။ ဘုန်းတော်ကြီး အရှင်ဉာဏ မထေရ်မြတ်သည်မူကား ဝိနည်းပိဋကတည်းဟူသော တောတောင်၌ ကျက်စားနေသော ဝိနယရေဝိနယပါမောက် ခြင်္သေ့ကြီးတစ်ဆူ ဖြစ်တော် မူသည်နှင့်အညီ မိမိ၏ကျောင်းတိုက်အတွင်း၌ သမုတ်မည့်သိမ်ကို တစ်စုံတစ်ရာ ယုံမှားသံသယ မဖြစ်စေဘဲ မနောရထပူရီ အလီလီသော သမ္ပတ္တိတို့ဖြင့် ဝိနည်းကံတို့ကို စီစဉ်ဆောင်ရွက်တော်မူခဲ့လေသည်။ သိမ်အရာသည် အလွန် ခက်ခဲနက်နဲကြောင်းကို ဘုန်းတော်ကြီး အရှင် ဉာဏက တပည့်တို့အား မိန့်ကြားတော်မူခဲ့ဖူးသည်မှာ-

"သိမ်အရာမည်သည် အလွန်ခက်ခဲလှ၏၊ နက်နဲလှ၏၊ ကျမ်းဂန် လည်းတတ်ပါမှ၊ အာစရိယ လဒ္ဓေါပဒေသလည်း ကောင်းလှပါမှ၊

ဝိနည်းခိုရ်ပုဂ္ဂိုလ်ကြီးများ ပြုလုပ်သည်ကိုလည်း တွေ့ဖူး ကြုံဖူးပါမှ နေရာကျ စီရင်တတ်သည်။ တော်ကာလျော်ကာဆရာနှင့် ထိုက်တန်သော အမှုပင်မဟုတ်”ဟူ၍ ဖြစ်သည်။

ထိုသို့ သိမ်သမုတ်တော်မူရာတွင် ဘုန်းတော်ကြီးသည် နောင်လာဆက်ပွား တပည့်တို့အား နည်းရစေခြင်းငှာ တိုက်သံဃာ အားလုံးကိုခေါ်ယူပြီး အထပ်ထပ် သွန်သင်ပြသ နည်းပေးတော်မူခဲ့ပါသည်။ လယ်တီဘုန်းတော်ကြီးသည် လယ်တီကျောင်းတိုက်၏ ညီညာ ပြန့်ပြူးပြီး မြေမြင့်မောက်သော နေရာကို သတ်မှတ် ပိုင်းခြားတော်မူကာ ကျောင်းဒါယကာတို့ကို အစိုးရမင်းထံ ဝိသုံဂါမသိမ် အမိန့်ခံစေတော်မူသည်။ ထိုစဉ်အခါက မင်းပြောင်းမင်းလွဲဖြစ်ပြီးစ အခါဖြစ်၍ မြန်မာမင်းလက်ထက်က သိမ်သမုတ်ရန် မြေပုံနှင့်မတူ၍ ကုက္ကုစ္စသံသယများစွာ ဖြစ်ကြရလေသည်။

---

**ကျမ်းညွှန်း**

* မြတ်ဆုမွန်၏ လယ်တီဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ်၂၀၀၇-ခုနှစ်၊ ဒီဇင်ဘာလ။ (နှာ-၃၂၆)

## ၁၀၁။ ကမ္မဝါဖတ်ခဲ့ စကားပြောမိပါက ယဿ နက္ခမတိ၊ သော ဘာသေယျ-ဖြစ်သဖြင့် ကန့်ကွက်သည့်နှယ် ဖြစ်တတ်သည်

သံဃာတော်များ၏ သီလအရာ၌ အသက်တမျှ အရေးပါသည့် ပရိဝါသ်၊ မာနတ်နှင့် အဗ္ဘာန်ကံ ဆောင်ရာတွင် သံဃာ့ပရိသတ် အရေ အတွက်သည် ဝိနည်းခွင့်ပြုချက်အတိုင်း လိုအပ်ပါသည်။

ပရိဝါသ်နှင့် မာနတ်အတွက် သံဃာအနည်းငယ်နှင့် ဆောင်ရွက် နိုင်ပါသော်လည်း အဗ္ဘာန်ကံအတွက်မူ ဝိနည်းခွင့်ပြုချက် သံဃာအပါး (၂၀)ဖြစ်ပြီး ကျေးဖူးရှင် နဘူးကျင်း ဆရာတော်ဘုရားကြီး၏ ဆန္ဒမှာမူ အနည်းဆုံး သံဃာအပါး (၃၀)ဖြင့် ကံဆောင်ရမည်ဖြစ်ပါသည်။

တောရကျောင်းများတွင် သာမန်အားဖြင့် သံဃာအပါး (၃၀) ကျော် စုစည်းမိရန် ခက်ခဲတတ်ပါသည်။ ထို့ကြောင့် အဗ္ဘာန်ကံ ဆောင်ရမည့် သံဃာတော်များအဖို့ ချမ်းသာလွယ်ကူစွာ ကံဆောင် နိုင်ရန် ရွာကျောင်းဆရာတော်များအား ပင့်သည့်နည်းနှင့် သံဃာ တော်များရှိရာ စာသင်တိုက်များသို့ ကြွရောက်ကာ ကံဆောင်သည့် နည်းဟူ၍ ရှိပါသည်။ နဘူးကျင်း ဆရာတော်ဘုရားကြီးသည် နှစ်နည်းစလုံးကို ကျင့်သုံးတော်မူပါသည်။

တစ်ခုသော ဝါကျွတ်ကာလ၌ အဗ္ဘာန်ကံဆောင်ရန် အကြောင်း ပေါ်ပေါက်လာသဖြင့် မြို့ပေါ်တစ်နေရာ စာသင်သား သံဃာများရာ စာသင်တိုက်သို့ သွားရောက်ရန် ဆုံးဖြတ်ပေးတော်မူပါသည်။ ဆရာ တော်ဘုရားကြီးသည် သံဃာ့ကံဆောင်မှု ကိစ္စအဝဝကို တပည့်

များအား သိစေ၊ တတ်စေ၊ ကျင့်စေသကဲ့သို့ မိမိကိုယ်တိုင်လည်း စံပြ ကျင့်တော်မူပါသည်။ စာသင်တိုက်များမှ ရဟန်းငယ်များကိုလည်း ဝိနည်းရေးရာ ဗဟုသုတ သင်ပြပေးလိုသည့် ဆန္ဒရှိသည်ဟု ယူဆရ ပါသည်။ အကြောင်းမှာ ကျောင်း၌ ကံဆောင်နိုင်ပါသော်လည်း စာသင်တိုက်များသို့ ပင်ပန်းခံကြွတော်မူခြင်း၏ ရည်ရွယ်ချက်မှာ မိမိထင်သည်ထက် ပို၍ ကြီးမားကျယ်ပြန့်မည်ဟု ထင်ပါသည်။

စာသင်တိုက် တစ်ခုသို့ရောက်ရှိပြီး သိမ်ထဲဝင်ကြရာတွင် စာသင်တိုက် ဆရာတော်ဘုရားကြီး၏ အစီအစဉ်မှာလည်း စာသင် သား ရဟန်းငယ်များကိုပါ အဗ္ဘာန်ကံဆောင်သည့် အတွေ့အကြုံ၊ ကမ္မ ဝါစာဖတ်သည့် အတွေ့အကြုံကို လက်တွေ့မျက်တွေ့ ရှိစေလိုသည်။ သို့သော် ရဟန်းငယ်များ ကမ္မဝါစာကို ဖတ်ရာတွင် အဆင်မပြေ သည်နှင့် စာသင်တိုက် ပဓာနနာယက ဆရာတော်ဘုရားကြီးက-

"ကိုယ်တော် ဒီလိုမဖတ်ရဘူး၊ ဒါကို သတိပြုရတယ်"ဟု မိန့်တော်မူပါသည်။ ထိုအခါ နဘူးကျောင်းဆရာတော်ဘုရားကြီးက စာသင်တိုက် ဆရာတော်အား "ဆရာတော်ဘုရား ကမ္မဝါဖတ်နေတုန်း ခုလို မကန့်ကွက်ရပါဘုရား"ဟုလျှောက်ရာ စာသင်တိုက်ဆရာတော် ကလည်း "ပြုပြင်ပေးတာပါဘုရား၊ မှားမှာစိုးလို့ပါဘုရား"ဟု လက်အုပ် ချီမိုး လျှောက်ထားပါသည်။

ထိုအခါ နဘူးကျောင်းဆရာတော်ဘုရားကြီးက "ကမ္မဝါဖတ်တဲ့ အခါ **သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ**-လို့လာ ပါတယ်ဘုရား။ စာအလိုအရ အကြင်အရှင်အား နှစ်သက်ခြင်းသည်

ရှိ၏။ ထိုအရှင်သည် ဆိတ်ဆိတ်နေရာ၏။ အကြင်အရှင်အား နှစ်သက်ခြင်းမရှိ၊ ထိုအရှင်သည် ပြောဆိုရာ၏လို့ ပြတဲ့အတွက်၊ ဦးပဉ္စင်းလေးတွေ ဖတ်နေတဲ့ ကမ္မဝါကို "ဒီလိုမဟုတ်ဘူး" စသည် ပြောဆိုမိတာဟာ စေတနာကောင်းနှင့် ထောက်ပြတာ ဖြစ်ပါသော်လည်း ဒါက စာသင်ဆောင်လည်း မဟုတ်ဘဲ သိမ်ထဲကံဆောင်နေသခိုက် ဖြစ်တာမို့ **"ယဿ နက္ခမတိ၊ သော ဘာသေယျ"** ဆိုတဲ့ အတွက် စကားပြောတာကသည်ပင်လျှင် နက္ခမတိ ဖြစ်သွားပါပြီ။ ဒါကြောင့် အစက ကမ္မဝါပြန်ဖတ်ရပါမယ်ဘုရား"ဟု မိန့်တော်မူရာ၊ စာသင်တိုက် ဆရာတော်ဘုရားကြီးလည်း ကျေနပ်လက်ခံတော်မူပြီး တပည့်သံဃာ ပရိသတ်အတွက်လည်း ကံဆောင်ရာတွင် တစ်သက်အမှတ်တရ ဆုံးမဩဝါဒတစ်ခု ရလိုက်လေပြီ။

## ၁၀၂။ ရဟန်းခံနှင့် ပရိက္ခရာရှစ်ပါး၏ အရေးပါမှု

"ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ ပရိက္ခရာရှစ်ပါး၊ ပရိက္ခရာရှစ်ပါးနဲ့ အားကြီးပြောကြတယ်၊ ရဟန်းခံတဲ့နေရာမှာ ပရိက္ခရာရှစ်ပါးလုံး မလိုပါဘူး၊ ပရိက္ခရာဆိုတာ"အသုံးအဆောင်"လို့ အဓိပ္ပာယ်ရတယ်၊ ရဟန်းတော်များအတွက် အနည်းဆုံး အကျဉ်းဆုံး ပိုင်ဆိုင်ခွင့်ရှိတဲ့ အသုံးအဆောင် ပစ္စည်းကိုသာ ပြောတာ၊ ဒါတွေစုံမှ ရဟန်းခံနိုင်တယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး၊ ရဟန်းခံခါနီး မေးတာတောင် ကြည့်ပါလား၊

---

**ကျမ်းညွှန်း**

* သုတ္တဝိဘင်္ဂ၊ သမုစ္စယက္ခန္ဓက၊ စူဠဝဂ္ဂပါဠိ၊ (နှာ-၁၀၇)

လိုရင်းဖြစ်တဲ့ "သပိတ်သက်နီး"ပဲမေးတယ်၊ **"ပရိပုဏ္ဏံ တေ ပတ္တစီဝရံ"** တဲ့၊ ဒါပဲမေးတယ်၊ တခြား ပဲခွပ်တို့၊ အပ်တို့၊ ရေစစ်တို့၊ ခါးပန်းကြိုး တို့ကိုတောင် မမေးဘူး အရေးမကြီးလို့၊ ဒါကို သတိရှိကြပါ၊ သင်္ကန်း လည်း တိစီဝရိတ် သုံးထည်လို့ မဆိုပါဘူး၊ သင်္ကန်းပဲ သာမန်လောက် မေးတာ၊ ဒါကြောင့် ခါးဝတ်ဖို့နဲ့ ကိုယ်မှာရုံဖို့၊ ကိုယ်မှာ ရန်းဖို့ရှိရင် ပြီးတာပဲ၊ အဲဒါပရိက္ခရာရှစ်ပါး ပါမှ ပါမှနဲ့ ပြောနေကြတယ်၊ ပါတာကို အပြစ်ရှိတယ်လို့ မပြောလိုပါဘူး၊ "ပါမှ ဖြစ်တယ်" ဆိုတဲ့ အယူအဆကို ပြောနေတာ၊ အမှန်က သင်္ကန်းကြီးပါပါ, မပါပါ ခါးဝတ်နှင့် ရုံဖို့, ရန်းဖို့ ပါပြီးတာပဲ။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းကပေါ့ ခုနစ်ဝါလောက်တုန်းက ဆရာတော်ကြီးတစ်ပါးက ဘုန်းကြီးကို မေးတယ်၊ သံဃာထဲမှာ "သင်္ကန်းကြီး မပါဘဲနဲ့ ရဟန်းခံလို့ ဖြစ်တယ်ဆိုတာ ဟုတ်သလား"တဲ့ မေးတယ်၊ "ဟုတ်ပါတယ်"လို့ပဲ ဖြေလိုက်တယ်။ "ဘာကြောင့်လဲ"တဲ့၊ သူက အကြောင်းပြကို မေးနေပြန်တယ်၊ "သင်္ကန်းကြီးပါမှရယ်လို့" အထူးမိန့်မှတ်တာမှ မဟုတ်ဘဲ၊ "သင်္ကန်းကြီးဆိုတာက အေးတဲ့ရာ သီမှာ အအေးဒဏ်ကို ကာကွယ်နိုင်ဖို့သာ ခွင့်ပြုတာပဲ"လို့ ဖြေလိုက် တော့ သူသဘောမကျဘူး၊ မကျေနပ်ဘူး၊ မကျေနပ်ပေမယ့် ဘုန်းကြီးက ပြန်မငြင်းပါဘူး၊ ဆရာတော်ကြီးလည်းဖြစ်၊ သံဃာထဲလည်း မေးတာကိုး၊ ငြင်းရင်လည်း ဘုန်းကြီးက နိုင်မှာ အမှန်ပဲ ဒါ၊ သို့သော် မငြင်းတော့ ပါဘူး၊ လျှော့ပေးလိုက်ပါတယ်။

---

**ကျမ်းညွှန်း**

* သာမဏေကျော်၏ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးနှင့်ဝိနည်း။ (နှာ-၉၉)

## ၁၀၃။ သံဃဉပုသ်ပြုကြရမည်

လယ်တီဆရာတော်သည် လယ်တီတောရ၌ မိမိတစ်ပါးတည်း သီတင်းသုံးနေတော်မူစဉ်အခါက လပြည့်လကွယ်နေ့တိုင်း ပုဂ္ဂလ အဓိဋ္ဌာန် ဉပုသ်ကိုပြုတော်မူထားပြီး၊ နောက်ပိုင်းတွင် မိမိနှင့်အယူဝါဒ တူမျှသော တလုံးဆရာတော် ဦးဝါယာမိန္ဒထံ ကြွသွားကာ တလုံး တောရသိမ်၌ ဉပုသ်ပြုတော်မူလေ့ ရှိပါသည်။

လယ်တီတောရအတွင်း၌ သီတင်းသုံးလျက်ရှိကြသော သံဃာတော်တို့သည် ဓုတင်ဆောင်၍ တရားဘာဝနာအလုပ်ကို အချိန်ပြည့် အားထုတ်နေထိုင်ကြသော ပုဂ္ဂိုလ်များဖြစ်၍ **'ငါတို့သည် စင်ကြယ်နေတယ်၊ ငါတို့မှာ အကုသိုလ်မရှိ၊ သို့ဖြစ်၍ ဉပုသ် ပြုသွားရန်မလို'**ဟူသော အတွေးအကြံမျိုး မဝင်မိကြစေခြင်းငှာ ရဟန္တာအရှင်မဟာကပ္ပိနကို မြတ်စွာဘုရားရှင်က **'ဂစ္ဆ တွံ သံဃကမ္မံ၊ မာ နော အဂမာသိ**=သင်သည် ရဟန်းတို့ ဉပုသ်ကံပြုရာသို့ သွား ပါလော့၊ မသွားဘဲ မနေပါနှင့်'ဟု ခပ်တင်းတင်းပင် တိုက်တွန်း တော်မူသကဲ့သို့၊ လယ်တီဆရာတော်ကြီးကလည်း တိုက်သံဃာ အပေါင်းတို့အား 'သံဃဉပုသ် ပြုကြရမည်'ဟု အလေးထား သြဝါဒ ပေးတော်မူခဲ့ပါသည်။

---

**ကျမ်းညွှန်း**

* မြတ်ဆုမွန်၏ လယ်တီဆရာတော်ကြီး၏ ဘဝဖြစ်တော်စဉ်၂၀၀၇-ခုနှစ်၊ ဒီဇင်ဘာလ။ (နှာ-၃၄၈)
* မဟာကပ္ပိနဝတ္ထု၊ ဉပေါသထက္ခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၁၄၃)

# ၁၀၄။ ရဟန်းခံကမ္မဝါဖတ်ရာတွင် သံဃာတစ်ပါး လှိုနေသောကြောင့် ကျောက်ဆင်းတုကို ရဟန်းလောင်းရှေ့ချထားကာ ကမ္မဝါဖတ်သည့် ရဟန်းခံပွဲ


နဘူးကျောင်းဆရာတော်ဘုရားကြီးသည် ပျဉ်းမနား ထန်းတစ်ပင်တောရနှင့် ရမည်းသင်းမြို့ နဘူးကျောင်းတောရတို့တွင် အခါအားလျော်စွာ သီတင်းသုံးတော်မူပါသည်။ ဆရာတော်ဘုရားကြီး သီတင်းသုံးရာသို့ အနယ်နယ် အရပ်ရပ်မှ သံဃာတော်များသည် ဓုတင်ဆိုင်ရာ နည်းခံရန် ဝိနည်းဆိုင်ရာ ခဲရာ ခဲဆစ်များကို မေးမြန်းလျှောက်ထားကြရန် ကြွတော်မူလေ့ ရှိကြပါသည်။

ဆရာတော်ဘုရားကြီးသည် တောရဆောက်တည်တော်မူသည့် အစောပိုင်းကာလများ၌ တပည့်ရဟန်းပရိသတ် ထားတော်မမူဘဲ တစ်ပါးတည်း ဧကစာရီ နေတော်မူခဲ့ပါသည်။ နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ဦးဆုံးတပည့် ပျဉ်းမနား မဟာမြိုင်တောရ ဆရာတော်လောင်းလျာ အရှင်ဇောတိက နှင့် ပင်းဒယ အရှင်နရိန္ဒတို့ နှစ်ပါးပင်ဖြစ်လေသည်။ နဘူးကျောင်းဆရာတော်ဘုရား၏ ခြေတော်သို့ ခိုလှုံရောက်ရှိလာတော်မူသည့် အရှင်ဇောတိကသည် ဆရာတော်ဘုရားကြီးထံပါးမှ ပါဠိစာပေများကို သင်ကြားတော်မူခဲ့ပြီး ဝိနည်းနှင့်

ခုတင်ဆိုင်ရာကိုလည်း ဆရာတော်ဘုရားကြီး ထံတော်ပါးမှ နည်းနာနိဿယများ ခံယူခဲ့ပါသည်။

နဘူးကျောင်းဆရာတော်ဘုရားကြီးသည် ထိုကာလမှ ရဟန်းတော်များ လက်ခံလာခဲ့ရာ လွန်တော်မူပြီး နောက်ပိုင်းကာလ ဆရာတော်ဘုရားကြီး ထူထောင်တော်မူခဲ့သည့် နေပြည်တော် ဒက္ခိဏသီရိမြို့ ထန်းတပင်တောရကျောင်း၌ ရံခါ သံဃာအပါးငါးဆယ်ကျော်မျှ ပရိဝါသ်ဆောက်တည်ခြင်း၊ မာနတ်ကံ၊ အဗ္ဘာန်ကံများကို ဆောင်လျက်ရှိကြောင်း ထန်းတပင်တောရ၏ ပဓာနနာယက ဆရာတော် ဦးကေဝလမှ မိန့်တော်မူပါသည်။

ဆရာတော်ဘုရားကြီး သက်ရှိထင်ရှားရှိစဉ်ကာလ ဤတောရကျောင်းသို့ အနယ်နယ် အရပ်ရပ်မှ သံဃာတော်များ ဆုံဆည်းကာ မိမိတို့၏ရင်ထဲမှ ခုတင်ဆိုင်ရာ၊ ဝိနည်းဆိုင်ရာ မေးမြန်းလျှောက်ထားစဉ် ရဟန်းတော်တစ်ပါးက မိမိရဟန်းမှုဖြစ်ပါလေစဟု သံသယဖြစ်ကာ ဤသို့မေးလျှောက်လေသည်။ “ဆရာတော်ဘုရား၊ တပည့်တော် ရဟန်းပြုစဉ် သံဃာပင့်လျှောက်ထားပါသော်လည်း သံဃာလေးပါးသာ ကြွရောက်တော်မူလာကြပြီး တစ်ပါးလိုနေပါသည်ဘုရား။ အချိန်မှာလည်း နှောင်းနေပြီ။ ထပ်မံ၍လည်း သံဃာကြွရန် မရှိတော့သဖြင့် ဓမ္မာရုံပေါ်မှ ကျောက်ဆင်းတုတစ်ဆူကို တပည့်တော်အပါအဝင်ဒါယကာ သုံးဦးက ပင့်လာ၍ ကမ္မဝါဖတ်ကြားမည့် သံဃာ့ပရိသတ်အလယ်၌ထားကာ ဥပသမ္ပဒကမ္မဝါစာကို ဖတ်ကြားတော်မူကြပြီး



ကျေးဇူးရှင် နဘူးကျောင်းတောရဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၈၃ - ၁၃၆၆) (ခရစ် ၁၉၂၁ - ၂၀၀၄)

ဘုရားတပည့်တော်အား ရဟန်းပြုပေးတော်မူပါသည်ဘုရား။ ဘုရား တပည့်တော် ဟိုယခင်က သံသယကုက္ကုစ္စ မရှိခဲ့ပါသော်လည်း ဆရာတော်ဘုရားကြီး ခြေတော်ရင်း၌ ဝိနည်းအကြောင်းများ နည်းခံ မှတ်သားလာရာမှ တပည့်တော် စိတ်နှလုံး မသာမယာဖြစ်ကာ တပည့်တော် ရဟန်းဖြစ်ပါသလားလို့ အတွေးဝင်ကာ ပင်ပန်းနေပါ သည်ဘုရား"ဟု သူ ရဟန်းဖြစ်ရာ သမိုင်းကြောင်းကို ရှည်လျားပြည့်စုံ စွာ လျှောက်ထားလေသည်။ ကြားနာရသည့် သံဃပရိသတ်အဖို့ သာသနာတော်၌ ဤမျှပင် ကပိုကရို ဖြစ်နေပါပကောလားဟု နှလုံး မသာမယာ ဖြစ်နေကြစဉ် ဆရာတော်ဘုရားကြီးမှ-

**"သံဃာငါးပါးနှင့် ဆောင်ရမည့်ကံကို တပည့်တော် ဆန္ဒကတော့ သံဃာနှစ်ဆ ဆယ်ပါးနှင့် ကံဆောင်စေချင်တယ်၊ သံဃာနှစ်ဆယ့်တစ်ပါးနှင့် ကံဆောင်ရမည် အဗ္ဘာန်ကံကို သံဃာ လေးဆယ် မရှိတောင်မှ သုံးဆယ်တော့ ရှိစေချင်ပါတယ်။ ဘာ့ကြောင့် ခုလို သံဃာအပို ဆောင်ရတာလဲဆိုရင် သည်သံဃာ့ ပရိသတ်ထဲ ပါရာဇိကကျပြီးသားရဟန်း ဘယ်နှစ်ပါး ပါမယ် မှန်းမှ မသိတာ၊ ပါရာဇိက ဒုတိယအာပတ်က ခက်သား၊ သင့်လို့ သင့်မှန်းသိဖို့ တော်တော်သိမ်မွေ့တယ်၊ ဒါကြောင့် အရေးကြီးတဲ့ သံဃာ့ကံမျိုးမှာက အပိုဘက်က ယူထားတာ ကောင်းပါတယ်၊ ကိုယ်တော့်ဟာက သံဃာတောင်မပြည့်လို့ ကျောက်ဆင်းတုပါ ရေတွက်ရတာဆိုတော့ ဘယ်ကောင်းတော့မလဲ၊ ခဏနေ သိမ်ထဲ ကံဆောင်တဲ့အခါ ဥပသမ္ပဒကမ္မဝါ ဖတ်ပေးပါ့မယ်။"**

"မှန်ပါဘုရား"

"ဘယ်နှစ်ဝါရှိပြီလဲ" သနားကရုဏာသံဖြင့် မေးမြန်းတော်မူပါသည်။

"ဘုရားတပည့်တော် နှစ်ဝါရှိပါပြီဘုရား"ဟု ဖြေကြားပါသည်။

"ရဟန်းမဖြစ်ခဲ့တဲ့အတွက် ဝါကိုတော့ ဒီနေ့ကမ္မဝါဖတ်ပြီးမှပဲ ရဟန်းရက်ချုပ်အရ ဝါကိုယူတာ ပိုပြီးသင့်ပါတယ်"

ဆရာတော် ဘုရားကြီးထံတော်ပါး မိမိရဟန်းဖြစ်ရာကို သံသယရှိတော်မူကြသည့် သံဃာတော်များစွာ ရောက်ရှိကာ သူတို့ ရင်ထဲမှ သံသယမြားကို နုတ်ပယ်နိုင်ခဲ့ကြပါသည်။ သံသယကြီးတော်မူရှာသည့် ရဟန်းတော် အချို့သည် ရရှိပြီးဝါကို ပယ်ရှားကာ ထန်းတပင်သိမ်မှ ကမ္မဝါဖတ်ပြီးသည့်အချိန်ကိုသာ ငါရဟန်းဖြစ်ပေပြီဟု နှလုံးသွင်းတော်မူသူလည်း ရှိသကဲ့သို့ အချို့မှာလည်း ရဟန်းဖြစ်စဉ် သိမ်ကိုလည်းကောင်း ပရိသတ်ကိုလည်းကောင်း ကမ္မဝါကိုလည်းကောင်း သံသယရှိကာ ထန်းတပင်သိမ်၌ ကမ္မဝါဖတ်ပြီး မိမိတို့၏ သံသယကို ပယ်ဖျောက်တော်မူပါသည်။ ဝါကိုမူ ပယ်ဖျောက်ခြင်း မရှိပေ။ ဆရာတော်ကြီးကမူ ရဟန်းတော်များ သီလစင်ကြယ်ရေးနှင့် မိမိတို့၏ သီလဆိုင်ရာ သံသယပယ်ဖျောက်ရေးကိုသာ ပဓာနပြုပေးကာ ကြောင့်ကြစိုက်တော်မူပါသည်။

# ၁၀၅။ မင်းကွန်းတိပိဋကတ်ဆရာတော်ဘုရားကြီး၏ သိမ်ထပ်၊ ကံထပ်၊ သိက္ခာထပ်ခြင်းဆိုင်ရာ အယူအဆ

ဆရာတော်ကြီးသည် လယ်တီဆရာတော်ဘုရားကြီးအား-

"လူဝတ်ကြောင်များကို အဘိဓမ္မာမျက်စိ ဖွင့်ပေးတော်မူသွားသူ"အဖြစ် လွန်စွာ ကြည်ညိုလေးစားတော်မူသည်။ လယ်တီဆရာတော်ဘုရားကြီး၏ သံခိပ်လင်္ကာများကို အမြတ်တနိုးထား ရွတ်ဆိုပြီး တရားပွဲများ၌ အကျယ်ချဲ့ထွင်၍ ဟောကြားတော်မူလေ့ ရှိသည်။ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထသံခိပ်လင်္ကာများကို စကားပြေ ရေးသားဖွင့်ပြပြီး "ပရမတ္ထသံခိပ်အဖြေ စကားပြေကျမ်း" ကို စီရင်တော်မူသည်။

လယ်တီဆရာတော်ဘုရားကြီးကို ဤမျှလောက် ကြည်ညိုလေးစားသော မင်းကွန်းဆရာတော်ကြီးသည် လယ်တီဆရာတော်ဘုရားကြီး၏ မူတစ်ခုကိုမူ မယူဘဲထားသည်ကို အံ့သြဖွယ်ရာ တွေ့ကြရသည်။

လယ်တီဆရာတော်ဘုရားကြီးက **"ရဟန်းတော်များအား သိက္ခာထပ်ပေးသည်မှာ မြတ်ဗုဒ္ဓ၏ အာဏာဒေသနာ ကမ္မဝါစာဖြင့် ဝိုင်းဝန်းရွတ်ဖတ် မန်းမှုတ်ပေးခြင်းဖြစ်၍ သိက္ခာထပ်ခံရသူ ရဟန်းတော်အတွက် ရဟန်းတို့ဆိုင်ရာ ဘုန်းတန်ခိုး အာနုဘော်များ တိုးတက်စေတတ်သဖြင့် လွန်စွာ အကျိုးများသည်**"ဟု ယူဆပြီး မိမိကျောင်းတိုက်ရှိ ရဟန်းတော်များအား သိက္ခာထပ်စေတော်မူသည်၊

သိက္ခာထပ်ပေးမည့် ဒကာ ဒကာမ မရှိလျှင် ကိုယ်တော်တိုင်ပင် သင်္ကန်း သပိတ် ပရိက္ခရာများ လှူဒါန်း၍ သိက္ခာထပ်ပေးတော်မူသည်။ (အဘိဓဇ သပြေကန်ဆရာတော်ဘုရားကြီး မိန့်ကြားချက်)။

မင်းကွန်းဆရာတော်ကြီးသည် ဤအချက်တစ်ခုကို မယူခဲ့ပေ၊ မိမိအား သိက္ခာထပ်လိုကြောင်း လျှောက်ထားလာသူများအနက် သာသနာတော်အား ကျေးဇူးများသူ သုံးလေးဦးမှတစ်ပါး အားလုံးကိုပင် ငြင်းပယ်၍ ထိုသူတို့မှာ ပရိက္ခရာဒါနဖြစ်စေရန် သင်္ကန်းသပိတ် ပရိက္ခရာမျှကိုသာ အလှူခံတော်မူခဲ့လေသည်။

## ၁၀၆။ နောက်မှဖြစ်သော နှလုံးပူပန်မှုကြောင့် သာသနာမှ လျှောကျတတ်သည်

မင်းကွန်းတိပိဋကရေဆရာတော်ကြီး မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် ၁၃၅၀-ပြည့်နှစ်(၁၉၈၈-ခုနှစ်)က မင်းကွန်းရွာနှင့် အနီးဝန်းကျင်တွင် အချို့သောရွာကလေးများ ဆန်အခက်အခဲရှိ၍ ဆန်လုပွဲဖြစ်ကြရာ ဓမ္မနာဒတိုက်က သံဃာအချို့ ထိုဆန်လု လာသူများကို စောင့်ဖမ်းရန် အားထုတ်နေကြ၏။

**ကျမ်းညွှန်း**

* မောင်သုတ၏ သုတဗုဒ္ဓဝင် (နှာ-၁၂၆)

ထိုအကြောင်းကို ဆရာတော်ကြီး သိတော်မူလျှင် ဆန်လိုအပ်နေသော ကျေးရွာများသို့ အိမ်ထောင်အလိုက် ဆန်များ ဝေခွဲလှူဒါန်းပေးပြီး ဆန်ကိစ္စ မကျေမနပ်ဖြစ်နေကြသော ဓမ္မနာဒ သံဃာတော်တို့အားလည်း ဩဝါဒစကားမိန့်ကြားတော်မူသည်မှာ-

"ဦးဇင်းတို့ . . ၊ အားလုံးစုံတုန်း တပည့်တော်ပြောမယ်။ ညကို ဒီမှာ စောင့်ကြ၊ ရှောက်ကြတယ်။ ဒီကို မတော်တရော် မဟုတ်တယုတ်လူတွေလာလို့၊ သူတို့ကို ကင်းကတွေ့လာလို့ ဖမ်းတယ်⊠ရိုက်တယ်ပြုတယ်ဆိုရင် **ဦးဇင်းတို့ အနေနဲ့ 'ချဟ'လို့ မပြောကြနဲ့နော်။ 'ချဟ'ဆိုလို့ ဟိုလူတွေက လက်လွန်ပြီး သေသွားရင် အဲဒီ 'ချဟ' တိုင်း 'ချဟ'တိုင်း ကိုယ့်မှာ တာဝန်ရှိတယ်။ ဟုတ်ပြီလား ဦးဇင်းတို့။ အဲဒီဟာတော့ သတိပြုထား၊ 'သိပ်မရိုက်ပါနဲ့ဗျာ''သိပ်မရိုက်ပါနဲ့ဗျာ' သာပြော၊ သိလား။ 'ချဟ'လို့ မပြောနဲ့။ ပြီးတော့ ဦးဇင်းတို့လည်း ဝင်မရိုက်နဲ့ ဟုတ်လား။ သူတို့လူတွေလောက် ဦးဇင်းတို့ နာအောင် မရိုက်နိုင်ဘူး၊ လူတွေရိုက်လို့ သေတဲ့ဥစ္စာ ကိုယ်ရိုက်လို့ သေတယ် ဖြစ်လိမ့်မယ် သိလား။ အဲဒီတော့ ပစ္ဆာတာပဆိုတာ 'နောက်မှဖြစ်တဲ့ နှလုံးပူပန်မှု'၊ အဲဒီပစ္ဆာတာပ နှိပ်စက်ပြီးတော့ သာသနာက လျှောကျတဲ့လူတွေပေါ့။ နောက်ပိုင်း လူ့ဘောင်ရောက်ကုန်တယ်။ ဘာမှ စားရ သောက်ရတာ မဟုတ်ဘဲနဲ့ ကိုယ်အလကား နစ်နာတယ်"ဟူ၍ ဖြစ်သည်။**

---

**ကျမ်းညွှန်း**

* ဦးအောင်မွန်(မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ ၂၀၀၆-ခုနှစ်၊ ပထမအကြိမ်။ (နှာ-၅၅-၅၆)

## ၁၀၇။ ရဟန်းတော်များ လေဆိပ်နယ်ခြားဂိတ် အကောက်ခွန်ဂိတ်တို့ကို ဖြတ်သန်းကြသွားရာ၌ သတိမူစရာ

တတိယနံမော်ဆရာတော်ဘုရားကြီး၏ ဆရာ့ဆရာ ကျောက်ဆည်မှ အရှင်ဝရဓမ္မဘုန်းတော်ကြီးဘုရားသည် ပဋ္ဌင်းပျိုကာလ ပခန်းနီဆရာတော် အရှင်ကဝိသာရဘုန်းကြီးဘုရားထံ စာသင်သွားသည့်ကာလ လမ်းခုလတ်ဝယ်ထားသည့် ကင်းနား(အကောက်ခွန်ဌာန) သို့ ရောက်လျှင် လူတစ်ယောက်သည် သူ့တွင်ပါလာသည့် အထုပ်ကို ရဟန်းလက်ထဲပေး၍ ကင်းကို လွန်စေခဲ့သည်။

ရဟန်း၏ သပိတ်သက်န်းစသည်ကိုမူ ထိုသူယူ၍ ကင်းလွန်မှ ရဟန်းတော်လက်ထဲ သပိတ် သက်န်းကို အပ်ပြီးသားအထုပ် ပြန်ယူသောအခါတွင် မထေရ်မြတ် သတိရ၍ "ငါ ကင်းသူခိုး ဖြစ်ချေပြီ"ဟု သက်ာမကင်း ရှိလာသည်။ ငါ၌အကယ်၍ရဟန်းတရားမရှိတုံအံ့၊ ငါ့အားခရီးအကြားဝယ် အပြစ်မကပ်စေလင့်၊ အကယ်၍ ရှိတုံအံ့၊ ငါ့အား ဤသိက္ခာကျစေတော့ နောက်မှ သိက္ခာယူမည်ဟု ထိုသူ့အထံ ၌ပင် သိက္ခာချလေတော့သည်။

ပခန်းနီဆရာတော်ထံပါးသို့ရောက်မှ "အပြစ်မရှိ သိက္ခာမစွန့်လင့်"ဟု မိန့်တော်မူပြီး ပခန်းနီဘုန်းကြီးဘုရား သိက္ခာ တင်ပေးတော်မူလေသည်။

**ယခုအခါ Toll Gate များ၊ လေဆိပ်များ၊ နယ်ခြားဂိတ်များ၌ ဖြတ်သန်းကြသွားရာတွင် အထူးပင် အလေးဂရုမူရမည့် သိက္ခာပုဒ် ဖြစ်ပေသည်။**

---

ကျမ်းညွှန်း

* တတိယနံမော်ဆရာတော်ဘုရားကြီးအရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီကျမ်း (၁၈၃၇-ခုနှစ်) (နှာ-၆၅)

* ဝိနီတဝတ္ထု၊ ဒုတိယပါရာဇိက၊ ပါရာဇိကပါဠိ။ (နှာ-၇၈)

## ၁ဝ၈။ အလဇ္ဇီရဟန်းထံ၌ နိဿရည်းယူသင့် မယူသင့်

ရဟန်းတစ်ပါးသည် အလဇ္ဇီရဟန်းထံ၌ နိဿရည်းယူသင့် မသင့်၊ စာပေသင်ကြား သင့်မသင့်ကို တွေးတော ကြံဆမိသည့် မြစ်သား ဦးကောသလ္လမှ ကျေးဖူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီးထံပါး လျှောက်ထားခဲ့သဖြင့် ဆရာတော်ဘုရားကြီး၏ ဖြေကြားမှုကို အောက်ပါအတိုင်း မှတ်သားရပါသည်။

**“န အလဇ္ဇီနံ နိဿာယ ဝတ္ထဗ္ဗံ”ဟု အလဇ္ဇီရဟန်းထံ၌ နိဿရည်းယူ၍ မနေရဟု ရှိပါ၏။ နိဿရည်း မယူရဟု မရှိပါ။**

ဤနေရာတွင် ယူ၍မနေရ၊ မယူရ၊ ဤစကားနှစ်ခု အတူတူဟု ထင်မိပါ၏။ “စာပေမသင်ကြားရ”ဟူသော မေးခွန်းပါစကားသည် ဓမ္မသမ္ဘောဂ ဓမ္မပရိဘောဂ-ဟူသော စကားတို့၏ ဆက်စပ်သော စကား ဖြစ်နေပါ၏။ လဇ္ဇီရဟန်းသည် အလဇ္ဇီရဟန်းအား ပစ္စည်းပေးခြင်း၊ ယူခြင်း၊ ပြုလျှင် အာမိသ သမ္ဘောဂ ပြုလုပ်သည်မည်၏။

ပါဠိစာပေကို သင်ပေးခြင်း၊ သင်ယူခြင်းပြုလျှင် ဓမ္မသမ္ဘောဂ ပြုသည်မည်၏။ ထိုနှစ်ခုလုံးပင် မအပ်ဟု အဋ္ဌကထာ၊ ဋီကာတို့၌ အဆိုရှိနေရကား မသင်ကြားရဟု ပညတ်ချက်ရှိသကဲ့သို့ ဖြစ်သည်ဟု

မှတ်အပ်၏။ ပါဠိမျာ:၌-

**ဧကော အလဇ္ဇီ အလဇ္ဇီသတမ္ပိ ကရောတိ။**

**လဇ္ဇီနမေဝ ဟိ အလဇ္ဇိနာ သဟ တဒုဘယပရိဘောဂါ န ဝဋ္ဋန္တိ။**

လူသာမဏောတို့၌မူ အပြစ်မဖြစ်ပါ။ သို့သော် ရဟန်းဖြစ်ပြီးမှ အလဇ္ဇီရဟန်းကို မှီ၍နေလျှင်မူ ဒုက္ကဋ်အာပတ်သင့်၏။ ဗာလ အဗျတ္တ ရဟန်းက ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးလျှင် ဒုက္ကဋ်အာပတ်သင့်၏။ အလဇ္ဇီရဟန်းက ရဟန်းခံပေးသောဝတ္ထု မတွေ့သေးဟု ဆိုချင်ပါ၏။

ပိဋကတ်သုံးပုံကို အခေါက်ခေါက် ကြည့်ရှုလေ့လာပြီး၍ ခုတင်ဆောင် ဝိနယဂရုက လဇ္ဇီပေသလ ဖြစ်တော်မူသည့် ကျေးဇူးရှင် နဘူးကျောင်းဆရာတော်ဘုရားကြီး၏ အတွေးအခေါ် အယူအဆ ကျမ်းညိုနှိုင်းပုံ အဆုံးအဖြတ်နှင့် လက်တွေ့ကျကျ ကျင့်သုံးနည်းများသည် အလွန်ပင် တန်ဖိုးကြီးမားသည့်အပြင် အချိန်အခွင့် ယူပြီး၍ စိတ်ရှည်လက်ရှည် အထောက်အထား ယုတ္တိယုတ္တာနှင့်တကွ စနစ်တကျ ဖြေရှင်းသနားတော်မူသည့်အတွက်လည်း နှောင်းခေတ် သဒ္ဓါတရား ထက်သန်ကြသည့် ရဟန်းတော်များအဖို့ အဖိုးမဖြတ်နိုင်သည့် ရတနာများ ဖြစ်ပေသည်။

**ကျမ်းညွှန်း**

* သာသနဓဇ သိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစက အရညဝါသီ ကျေးဇူးရှင်နဘူးကျောင်း ဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း၊ (နှာ-၅၃-၅၄)
* အလဇ္ဇီနိဿယဝတ္ထုနိ၊ မဟာခန္ဓက၊ မဟာဝဂ္ဂပါဠိ (နှာ-၁၂၇)
* ရူပိယ သိက္ခာပဒဝဏ္ဏနာ၊ ပါရာဇိကကဏ္ဍ အဋ္ဌကထာ-၂ (နှာ-၂၇၃)
* ရူပိယသိက္ခာပဒဝဏ္ဏနာ၊ ဝိမတိဝိနောဒနီဋီကာ-၁ (နှာ-၃၃၈)

## ၁၀၉။ ရဟန်းတော်သည် လူထုကိုယ်စားလှယ်၊ လွှတ်တော်အမတ်၊ ပါတီအဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားရန် ဝိနည်းတော်က ခွင့်ပြုပါသလား?

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌမကွေးဆရာတော် (AD ၁၉၂၂-၂၀၁၀)ထံပါး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ရွာတော်မြို့ ပညာပဿ နာရာမကျောင်းတိုက် ကမ္ဘာ့ဗုဒ္ဓသေဝကသံဃအဖွဲ့ ပဓာနနာယက ဆရာတော်အရှင်ပညာဇောတ မေးမြန်းလျှောက်ထားသည့် ပုစ္ဆာ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အချို့သောထေရဝါဒ ရဟန်းတော်များသည် အစိုးရကိုဖြစ်စေ၊ နိုင်ငံရေးပါတီ တစ်ခုခုကိုဖြစ်စေ ထောက်ခံခြင်း၊ ဆန့်ကျင်ခြင်းပြု၍ စည်းရုံး၊ ဟောပြောခြင်း၊ ကိုယ်တိုင် လူထုကိုယ်စားလှယ်အဖြစ် တစ်ခုခုသောပါတီမှ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခြင်းများ ပြုနေကြပါသည်။ ရဟန်းတော်သည် လူထုကိုယ်စားလှယ်၊ လွှတ်တော်အမတ်၊ ပါတီအဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားရန် ဝိနည်းတော်က ခွင့်ပြုပါသလား?ဟု မေးမြန်းလျှောက်ထားပါသည်။



ကျေးဇူးရှင် မကွေးဆရာတော်ဘုရားကြီး

(မြန်မာ ၁၂၈၄ - ၁၃၇၂) (ခရစ် ၁၉၂၂ - ၂၀၁၀)

ကျေးဇူးတော်ရှင် မကွေးဆရာတော်ဘုရားကြီးမှ ရဟန်းတို့သည် လူထုကိုယ်စားလှယ်၊ လွှတ်တော်အမတ်၊ ပါတီအဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားခြင်း၊ အစိုးရကိုဖြစ်စေ၊ နိုင်ငံရေးပါတီ တစ်ခုခုကိုဖြစ်စေ ထောက်ခံခြင်း၊ ဆန့်ကျင်ခြင်းပြု၍ စည်းရုံးဟောပြောခြင်း၊ ကိုယ်တိုင် လူထုကိုယ်စားလှယ်အဖြစ် တစ်ခုခုသောပါတီမှ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခြင်းများသည် ရဟန်းတော်တို့အား မသင့်မတော် မလျော်မလျောက်ပတ်သည့် လူမှုကိစ္စများသာ ဖြစ်ခြင်းကြောင့်-

(၁) "ဂိဟိသံသဋ္ဌော ဝိဟရတိ အနနုလောမိကေဟိ ဂိဟိသံသဂ္ဂေဟိ"

(၂) "ဝိဝိဓမ္ပိ အနာစာရံ အာစရန္တိ" စသည်ဖြင့် ပြဆိုအပ်သောပါဠိတို့၌ သွင်းယူရမည့် အကျင့်ဆိုးများသာ ဖြစ်ကုန်၏။

**ထို့ကြောင့် ထိုသို့သော လူမှုကိစ္စများကို ရဟန်းများလုပ်ဆောင်ရန် ဝိနည်းတော်က ခွင့်မပြုပါ။ ရဟန်းတော်တို့အား မသင့်မတော် မလျော်မလျောက်ပတ်သော မြတ်စွာဘုရား စက်ဆုပ်အပ်သည့် ဗုဒ္ဓပဋိက္ကုဋ္ဌ လူမှုကိစ္စတို့ကို ရဟန်းတော်များ အထူးရှောင်ကြဉ်သင့်လှပေသည်။**

**ကျမ်းညွှန်း**

* စူဠဝဂ္ဂပါဠိ၊ ကမ္မက္ခန္ဓက (နှာ-၉-၁၈-၃၁-၂၃)

* နိုင်ငံတော် သံဃာမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဘိဓဇမဟာရဋ္ဌဂုရု၏ ဘဝဖြစ်တော်စဉ်နှင့် သာသနာတော်ရေးရာ ဆောင်ရွက်ချက်များ။ (နှာ-၂၄၄) (၁၉၉၈-ခုနှစ်)

## ၁၁၀။ သံသရာဝဋ်ဆင်းရဲက လွတ်ချင်လို့ သာသနာတွင်းကို ဝင်လာတာပါ

တခြားနေရာမှာ ဘယ်လိုဖြစ်ဖြစ် တပည့်တော်တို့ဆီမှာ ကတော့ ဘယ်တော့မှ အပျက်မခံပါနဲ့၊ တပည့်တော်တို့ သာသနာတွင်း ကို ဝင်လာတာ၊ အဲဒီ အချောင်နေရအောင်လို့ ဝင်လာတာမဟုတ်ဘူး၊ သာသနာတွင်းကို ဝင်လာတာဟာ သာသနာစည်းမျဉ်းကို လိုက်နာ ပြီးတော့ ကုသိုလ်ရအောင်နေမယ်၊ ဒီလိုနေလို့ရှိရင် သံသရာဝဋ် ဆင်းရဲက လွတ်မြောက်နိုင်တယ်ဆိုပြီးတော့ ဒီလိုရည်ရွယ်ချက်နဲ့ လာကြတယ်၊ ဒီတော့ ရည်ရွယ်ချက် အပျောက်မခံပါနဲ့၊ ရည်ရွယ်ချက် အတိုင်း အကုသိုလ် မဖြစ်ရအောင်နေပါ။ သိလျက်သားနဲ့ အဲဒီ အလုပ် မျိုး ဘာတစ်ခုမှ မလုပ်နဲ့။ ဗုဒ္ဓမြတ်စွာက ပညတ်ထားသမျှ သိက္ခာပုဒ် တွေကို အကုန်လုံး မချွတ်ယွင်းစေရအောင် ကျင့်ကြံမယ်၊ ဒီဝိနည်း သာသနာ ငါတို့သန္တာန်မှာ တည်နေစေရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ အဲဒီလို စိတ်ဓာတ်ကို ထားပြီးတော့ အမြဲတမ်း နေထိုင်သွားကြပါ။ အဲဒီလိုနေနိုင်ရင် အင်မတန် တန်ဖိုးရှိပါတယ်။

---

**ကျမ်းညွှန်း**

* ပန်းကုံးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရမဟာထေရ်မြတ်၏ သာသနာပြုလမ်းညွှန် ဩဝါဒဓမ္မကထာ၊ (၂၀၁၀ ခုနှစ်) ဒုတိယတွဲ။ (နှာ-၆၄-၆၅)

## ၁၁၁။ ဂိလာနက ရုတ်တရက် ထွေးအံလိုက်စဉ် ထွေးခံမရှိက လက်ခုပ်ဖြင့် ခံယူတော်မူသည်

စံကျောင်းဆရာတော်နှင့် တိုက်အုပ်ဆရာတော်တို့သည် တပည့်များအပေါ် မေတ္တာကရုဏာ အလွန်ကြီးတော်မူကြ၏။ မကျန်းမမာ ဖြစ်ခဲ့လျှင် တပည့်များကို ကိုယ်ဖိရင်ဖိ ပြုစုတော်မူလေ့ရှိကြသည်။

ထိုအကြောင်းနှင့် စပ်လျဉ်း၍ "ရွှေဟင်္သာတောရသမိုင်း"၌ ရွှေဟင်္သာဆရာတော်က ဤသို့ ရေးသားခဲ့လေသည်။

"စံကျောင်းဆရာတော်, တိုက်အုပ်ဆရာတော် ၂-ပါးလုံးပင် တိုက်တွင်း၌ ဂိလာနပုဂ္ဂိုလ်ရှိလျှင် ရောဂါကြီးလျှင် ကြီးသလို, ငယ်လျှင် ငယ်သလို စွမ်းနိုင်သလောက် ဆေးဝါးခတ်စာ ဆရာသမားတို့နှင့် စောင့်ရှောက် ကုသတော်မူကြပါသည်၊ ကိုယ်တိုင်လည်း ကြည့်ရှုပြုစုတော်မူကြသည်၊ **ပကတိအားဖြင့် သန့်ရှင်းစွာ နေတော်မူကြသော်လည်း ဂိလာနအား ပြုစုသောအခါ ဂိလာနက ရုတ်တရက် ထွေးအံလိုက်ပါလျှင် ထွေးခံအနီးအနား၌ အသင့်မရှိပါက လက်ခုပ်ဖြင့် ခံယူလိုက်ကြသည်ကို ကိုယ်တိုင် မြင်ခဲ့ရဖူးပါသည်၊ ဝမ်းရောဂါဖြစ်နေသော ဦးပဥ္စင်းတစ်ပါးကို ရောဂါလွန်၍ ပျံလွန်သည်အထိ အညစ်အကြေးတို့အကြား၌ မရွံမကြောက် ပြုစုတော်မူကြသည်ကိုလည်း တွေ့ကြုံရဖူးပါသည်၊ ဆေးဝါးအကူအညီသာမက အနီးမှထိုင်၍ ပရိတ်မေတ္တာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ ပန်းဆီမီး ရေချမ်း စသည်တို့ကို ဖန်တီး၍လှူစေခြင်း အနီးအနားမှ သီတင်းသုံးကာ စိတ်ရွှင်လန်း ချမ်းသာဖွယ် တရားစကားများကို**

**ပြောကြားခြင်းဖြင့်လည်းကောင်း ဖေးမစောင့်ရှောက် ပြုစုတော်မူကြသည်၊** သို့ကြောင့် ဤစာရေးသောဘုန်းကြီး တောင့်တဖူးသည်မှာ ပြောပလောက်အောင် မကျန်းမမာ ဖြစ်ခဲ့လျှင် ဆရာတော် ၂-ပါးတို့ အနီးအပါး၌သာ ဖြစ်ပါစေဟု တောင့်တမိဖူးသည်။

ဤစာရေးသော ဘုန်းကြီးတစ်ဦးတည်းကိုပင် ဆရာတော်များ တော်တော် ပြုစုကုသ ပေးတော်မူကြရရှာသည်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၌ နေစဉ်က ချူချာ၍ ရောဂါများလှသည်၊ စစ်ကိုင်းတောင်ရိုး ရောက်ခါမှ တဖြည်းဖြည်း ကျန်းမာ၍ ရောဂါပါးလာတော့သည်၊ ရွှေဟင်္သာတောရတိုက်၌ သာမဏေဘဝက အနာမီး အနာစက်တွေ တစ်ကိုယ်လုံး ပေါက်ဖူးသည်၊ အိပ်ရာမှ မထနိုင်အောင် ပြည်စေးများသည် သင်္ကန်းနှင့်ကပ်၍ အိပ်ရာပေါ်၌ လှဲ၍သာ နေရသည်၊ တစ်ဖက်မှ တစ်ဖက်သို့ စောင်းလိုလျှင် ပြည်စေးများနှင့် ကပ်နေသော သင်္ကန်းကို ဆင်းရဲစွာခွါပြီးမှ စောင်းရလှည့်ရ ထိုင်ရသည်၊ စံကျောင်းဆရာတော်ဘုရားသည် တစ်နေ့လျှင် ၄,၅-ကြိမ် ကြွလာကာ ကိုယ်တိုင် ရေနွေးနှင့်ဆွတ်၍ ပြည်စေးကပ်နေသော သင်္ကန်းကို ခွါ၍ ဖန်ရည်ဆေးပေးတော်မူသည်၊ ဆေးလိမ်းပေးသည်၊ ဆေးတိုက်သည်၊ ရေချိုးပေးတော်မူသည်၊ ချွေးအောင်းပေးတော်မူသည်၊ ဤမျှလောက် ဂိလာနများကို စောင့်ရှောက်တော်မူသည်၊ ဆရာတော်များ၏ အချိုပွဲ၌ နွားနို့တစ်ဖန်ခွက်ပါရှိရာ ဆရာတော်များ ဘုဉ်းပေးတော်မူကြသည်မရှိ၊ ဂိလာနတို့ကို ပေးလိုက်သည်ကိုသာ တွေ့မြင်ရပေသည်။

---

**ကျမ်းညွှန်း**

* အရှင်နန္ဒမာလာဘိဝံသ၏ ရွှေဟင်္သာဆရာတော် ဘဝနှင့်စာပေ အထွေထွေ (၁၉၇၇ ခုနှစ်) (နှာ-၉၆)

# ၁၁၂။ ရွှေဥမင်ဆရာတော်ဘုရားကြီးသည် တပည့်များကို နားလည်လွယ်သည့် ပုံဝတ္ထုများဖြင့် သာကေပြကာ ဆိုဆုံးမတော်မူလေ့ရှိပါသည်

ရွှေဥမင်ဆရာတော်ကြီးသည် နေ့လယ် (၁)နာရီဝန်းကျင်တွင် ကျောင်းဝန်းကိုပတ်ပြီး စင်္ကြံလျှောက် ကြည့်ရှုတော်မူလေ့ရှိပါသည်။ တစ်နေ့၌ (၇)နှစ်သားကိုရင်လေး ရှင်စန္ဒိမာသည် ကျောင်းဒေါင့်ရှိ ကုဋီရေအိမ်သို့သွားရာ ကုဋီရှေ့တွင် ခွေးမစင်ပုံ(၃)ပုံကို တွေ့မြင်ရာ ညနေ (၄)နာရီ အမှိုက်ကောက်ချိန်ရောက်မှ လာပြီး သန့်ရှင်းရေး လုပ်တော့မယ်ဟုတွေးကာ ကုဋီထဲသို့ ဝင်ခဲ့ပါသည်။ ကုဋီအထဲသို့ မဝင်ခင် စင်္ကြံလျှောက်နေတော်မူသော ဆရာတော်ကြီးကို လှမ်းမြင်ခဲ့ပါသည်၊ ကိုရင်လေး ကုဋီမှ ထွက်လာသောအခါ ဆရာတော်ကြီးမှ ကိုရင်လေးကို ရပ်စောင့်နေတော်မူသည်ကို တွေ့ရပါသည်။

"ကိုရင်လေး လာပါဦး"ဟု မိန့်တော်မူရာ ဆရာတော်ကြီးထံ လက်ကန်တော့ထိုးပြီး ကိုရင်လေး ကြွသွားပါသည်။

"ကိုရင်လေးကို ပုံပြင်ပြောမလို့ကွ၊ နားမထောင်ချင်ဘူးလား?"

"နားထောင်ချင်ပါတယ်ဘုရား"

"အေး. . . ဟိုးရှေးတုန်းက သက်တော်ရှည် ဆရာတော်ကြီးတစ်ပါးမှာ အလွန်ဆော့ကစားသန်တဲ့ ကိုရင်လေးတစ်ပါး ရှိသတဲ့ကွယ့်။ တစ်နေ့မှာ အဲဒီကိုရင်လေးက လမ်းဘေးမှာရှိတဲ့ ခွေးမစင်ပုံတွေကို

ကျော်ခွပြီး သွားလိုက်တာကို ဆရာတော်ကြီးက တွေ့လိုက်တယ်ကွ၊ ဆရာတော်ကြီးက ကိုရင်လေး ကျော်ခွသွားတဲ့ ခွေးမစင်ပုံတွေကို အကုန်ကျုံးပစ်တော်မူသတဲ့ကွ၊ ပြီးတော့ ကိုရင်လေးကို ခေါ်မေးတော်မူတယ်။

"ကိုရင်လေးက ရွှေပုံတွေ မမြင်ဘူးလား၊ ဘာလို့ကျော်သွားတာလဲ၊ မလိုချင်လို့လား"တဲ့။

"တပည့်တော် ရွှေပုံတွေ လိုချင်ပါတယ်ဘုရား၊ ဘယ်နားမှာလဲဘုရား"လို့ ကိုရင်လေးကလျှောက်တော့-

"အေး. . . ကိုရင်လေး မတွေ့ဘဲ ကျော်သွားလို့ ဘုန်းကြီးအခုလေးပဲ ယူသိမ်းပြီးပြီ၊ (၃)ပုံတောင်ကွ၊ ကြည့်မလား"လို့ မိန့်တော်မူသတဲ့။

"ကြည့်ပါ့မယ်ဘုရား"လို့ ကိုရင်လေးက ပြန်လျှောက်တော့-

"ဒီမှာကွ"လို့ ဆရာတော်ကြီးက ကျုံးပြီးလွှင့်ပစ်ထားတဲ့ ခွေးမစင်ပုံတွေကို ပြတော်မူသတဲ့။

"အေးကွ. . . အမှိုက်တို့ မစင်ပုံတို့ဆိုတာ ရွှေပုံတွေကွ။ ကုသိုလ်ရွှေပုံတွေ၊ ကျောင်းဝန်းထဲမှာ အဲ့ဒါတွေကို သန့်ရှင်းရေး လုပ်လိုက်ရင် လုပ်တဲ့သူက ရွှေပုံတွေရတာနဲ့ အတူတူပဲ ကိုရင်။ ရွှေကုသိုလ်တွေ အများကြီး ရသွားတယ်။ နောက်ဆို ကိုရင်လေးက ခွေးမစင်တွေ၊ အမှိုက်တွေတွေ့ရင် ရွှေကုသိုလ်တွေ အများကြီးရပြီဆိုပြီး ဝမ်းမြောက်ဝမ်းသာစွာနဲ့ လုပ်သတဲ့ကွယ့်။ ယခုတော့ ဘုန်းကြီး ရွှေပုံတွေ အကုန်

ယူပြီးပြီ။ နောက်တော့မှ ကိုရင်လေး ယူတော့ပေါ့နော်”ဟု မိန့်ကြားတော်မူလို့ “အဲဒီလိမ္မာတဲ့ ကိုရင်လေးဟာ နောက်ဆိုရင် အမှိုက်တွေ၊ ခွေးမစင်ပုံတွေကို တွေ့တွေ့ချင်းပဲ ကျုံးတော့တာပဲ”တဲ့။

“အေး. . ကိုရင်လေးရေ၊ ပုံပြင်ထဲက ဆရာတော်ကြီးက ရွှေပုံတွေ အကုန်ယူသွားပေမယ့် ဒို့ကတော့ ကိုရင်လေးအတွက် ရွှေပုံတစ်ပုံ ချန်ထားခဲ့တယ်။ အမြန်ယူလိုက်ဦး၊ သူများတွေ့လို့ လက်ဦးသွားဦးမယ်။”

“မှန်ပါဘုရား၊ တပည့်တော် ရွှေကုသိုလ်ပုံတွေကို အမြန်ကျုံးယူလိုက်ပါမယ်ဘုရား။”

ရွှေဥမင် ဆရာတော်ဘုရားကြီးသည် ကိုရင်လေးများကို ချစ်တတ်ပြီး တစ်သက်တာ ဝေယျာဝစ္စကုသိုလ်အုတ်မြစ်ကို မှတ်သားစဖွယ် ပုံဝတ္ထုများဖြင့် ချပေးတော်မူခဲ့ပါသည်။

## ၁၁၃။ သူတော်ကောင်းတို့သည် သတ္တဝါတို့အပေါ် မေတ္တာ ကရုဏာ တန်းတူထားနိုင်တော်မူကြပါသည်

သူတော်ကောင်းကြီးများသည် မည်သည့်သတ္တဝါကိုမှ မိမိကို အကြောင်းပြုကာ မပင်ပန်းစေချင်ကြပေ။ မဆင်းရဲစေချင်ကြသည်မှာ ဓမ္မတာပင်တည်း။

ရွှေဥမင်ဆရာတော်ဘုရားကြီးသည် သီတင်းသုံးတော်မူရာ ကျောင်းခန်းထဲမှ ခြင်များကို လက်ကိုင်ရှည်ပါ ခြင်ဖမ်းဇကာဖြင့်

ကိုယ်တိုင် ဖမ်း၍သော်လည်းကောင်း၊ ကပ္ပိယဒကာ၊ ကျောင်းသားများကို ဖမ်းစေ၍သော်လည်းကောင်း ကျောင်းအပြင်သို့ ပြန်လွှတ်ပေးတော်မူလေ့ရှိပါသည်။ တစ်ညသ၌ ကပ္ပိယဒကာကြီး ဦးတင်ထွန်းက ခြင်တစ်ကောင်ကို ဖမ်းမိပြီး နောက်ထပ်တစ်ကောင် ဖမ်းပြီးမှသာ အပြင်ထွက်၍ ခြင်လွှတ်ရန် စိတ်ကူးထားဟန်တူပါသည်။ ထို့ကြောင့် ခြင်ဖမ်းဇကာကို လက်ဖြင့်အသာအယာ ပိတ်ထားလျက် သူတွေ့ထားသည့်ခြင် နောက်ထပ်တစ်ကောင်ကို ဖမ်းနိုင်ရန် ကြိုးစားနေပါသည်။ ကပ္ပိယ၏ဆောင်ရွက်ချက်ကို မြင်တော်မူသည့် ဆရာတော်ဘုရားကြီးက-

“ဖမ်းမိထားတဲ့ခြင်ဟာ ပင်ပန်းနေလှပြီ ကပ္ပိယ၊ မြန်မြန်ချမ်းသာသွားအောင် အပြင်ထွက်လွှတ်ပေးပါလား။ နောက်တစ်ကောင် ဖမ်းရမှ ဆိုရင်သူ့အတွက် ဆင်းရဲလှပါတယ်ကွယ်”ဟု ဆုံးမတော်မူခဲ့ပါသည်။

ထိုနည်းငှင်း ဆရာတော်ဘုရားကြီးကျောင်းမှ ဓမ္မာရုံသို့ ကြွလာတော်မူစဉ် ဆရာတော်ကြွတော်မူမည့် စင်္ကြံလမ်းပေါ်၌ ခွေးတစ်ကောင် ခွေအိပ်နေပါသည်။ ထိုခွေးကို ဝေးရာသို့ မောင်းထုတ်ပြီး လမ်းရှင်းရန် ဟန်ပြင်နေသော ကပ္ပိယဒကာကြီးကို-

“ဟဲ့ . . ဒကာ၊ မလုပ်လိုက်ပါနဲ့၊ သူ့ဖာသာသူ ချမ်းချမ်းသာသာ အိပ်နေပါစေ။ ဒီဘုန်းကြီးအတွက်ကြောင့်တော့ သူတစ်ပါး မဆင်းရဲပါစေနဲ့ကွယ်”ဟု မိန့်တော်မူသည်ကို ဖတ်ရှုခြင်းအားဖြင့် ရွှေဉမင်ဆရာတော်ဘုရားကြီး၏ ရင်ထဲမှ သတ္တဝါများအပေါ် ထားရှိသည့် မေတ္တာ ကရုဏာကို ပေါ်ပေါ်လွင်လွင် ထင်ဟပ်စေပါသည်။

## ၁၁၄။ အရုဏ်တက်ချိန်ဟာ ဝိကာလဘောဇနသိက္ခာပုဒ်အတွက် အရေးကြီးသလို ပရိဝါသ်, မာနတ်အတွက်လည်း အရေးကြီးပါတယ်

**အရုဏ်မတက်ခင် စားရင်တော့ ဝိကာလဘောဇန သိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်တယ်၊ တစ်နေ့လုံး, တစ်ညလုံး မစားဘဲ ရှောင်ကြဉ်လာခဲ့ပြီးမှ အရုဏ်တက်ခါနီး တစ်နာရီခန့်, နာရီဝက်ခန့်အတွင်းမှာ စားသုံးမိလို့ အာပတ်သင့်ရတယ်ဆိုရင် တစ်နေ့လုံး, တစ်ညဥ့်လုံး ရှောင်ကြဉ်လာခဲ့တာတွေဟာ အလကားလို ဖြစ်သွားတယ်၊ ဝမ်းနည်းစရာပဲ။**

ဝိနယာလင်္ကာရဋီကာမှာ အရုဏ်တက်ချိန်နှင့်စပ်ပြီး ဆုံးဖြတ်ထားတာ ရှိပါတယ်၊ သင့်လည်း သင့်ပါတယ်၊ နေမထွက်မီ ၁-နာရီ ၂-နာရီခန့်ဖြင့် အရုဏ်တက်သည်ဟု သတ်မှတ်အပ်ကြောင်း ပြဆိုထားပါတယ်၊ အဲဒီမှာ တစ်နာရီ နှစ်နာရီဆိုတာက ဘာနာရီလဲဆိုရင် အဲဒီဋီကာရေးတဲ့ ခေတ်တုန်းက မြန်မာပြည်မှာ စက်နာရီ မပေါ်သေးဘူး၊ နေ့နာရီ ၃၀, ညဥ့်နာရီ ၃၀ ဆိုတဲ့ မြန်မာနာရီကို အသိအမှတ် ပြုနေတဲ့အခါ ဖြစ်တယ်၊ ဒါကြောင့် အဲဒီဋီကာမှာ ပြဆိုထားတဲ့ နာရီဟာ မြန်မာနာရီဖြစ်ကြောင်း သိသာပါတယ်၊ အဲဒီမြန်မာနာရီ ၁-နာရီမှာ ယခုစက်နာရီဖြင့် ၂၄-မိနစ် ရှိတယ်။

ဒါကြောင့် နံနက်လင်းစပြုတဲ့အချိန်မှာ နေထွက်မည့် အရပ်ဆီသို့ စောင့်မျှော်ကြည့်နေရင် နေမထွက်မီ မိနစ် ၅၀-ခန့်လောက်မှာ စဉ်းငယ်နီသောအရောင် ပေါ်လာတာကို တွေ့ရပါလိမ့်မယ်၊ အဲဒီ စဉ်းငယ်နီတဲ့အရောင် ပီပီသသ ပေါ်လာတဲ့အချိန်ကို "အရုဏ်

တက်ချိန်” လို့ မှတ်ယူနိုင်ပါတယ်၊ စက်နာရီအလိုအားဖြင့် နေမထွက်မီ မိနစ် ၅၀-ခန့်အချိန်မှာ အဲဒီအရုဏ်ရောင်ကို တွေ့မြင်ရတတ်ပါတယ်၊ ဒါကြောင့် နေမထွက်မီ မိနစ် ၅၀-ခန့်အချိန်ကို အစောဆုံး အရုဏ်တက်ချိန်လို့ မှတ်ယူသင့်ပါတယ်၊ ဒါပေမယ့် ရှင်ရဟန်းများ, ဥပုသ်သည်များမှာ အဲဒီအချိန်ထက် ၅-မိနစ် ၁၀-မိနစ်ခန့် နောက်ချပြီး စားသုံးလျှင် သာပြီး သံသယကင်းဖွယ် ရှိပါတယ်။

နေထွက်ချိန် နာရီကိုတော့ မြန်မာလနှင့် ကိန်းသေမှတ်ထားရင် အတိအကျ မဖြစ်နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ မြန်မာလက ဝါထပ်ပြီးခါစမှာ အချိန်မှန်ပေမယ့် တစ်နှစ် တစ်နှစ်မှာဆိုယင် ၁၀-ရက် သာသာလောက် စောစောလာပါတယ်၊ ၃-နှစ်ခန့် ၂-နှစ်ကျော်ခန့်မှာ ရက် ၃၀-လောက် စောနေတဲ့အတွက် ပထမဝါဆို တစ်လလုံးကိုပယ်ပြီး ဒုတိယဝါဆို တစ်လ ထပ်ရတယ်၊ ဒါကြောင့် မြန်မာလနှင့်ဆိုရင် နေထွက်ချိန်ဟာ အတိအကျ မှတ်ယူထားလို့ မဖြစ်ဘူး။

**အဲဒီ အရုဏ်တက်ချိန်ဟာ ဝိကာလဘောဇန သိက္ခာပုဒ်အတွက် အရေးကြီးသည့်ပြင် ပရိဝါသ်, မာနတ် ဆောက်တည်ရာမှာလည်း အရေးကြီးပါတယ်၊ အရုဏ်မတက်သေးဘဲ ပရိဝါသ်, မာနတ်ကိုချမိရင် အဲဒီရက်ဟာ “ရတ္တိစ္ဆေဒ” ဖြစ်သွားပါတယ်၊ စာရင်းမဝင်တော့ပါဘူး၊ ဒါကြောင့် ပရိဝါသ်, မာနတ်အတွက်ဆိုရင် နေမထွက်မီ စက်နာရီဖြင့် တစ်နာရီခွဲခန့်က ဆောက်တည်ပြီးတော့ နေထွက်ခါနီး မိနစ် ၂၀-လောက်ကျမှ ဝတ်ကိုချရင် သာပြီး စိတ်ချရပါတယ်။**

---

**ကျမ်းညွှန်း** ✱ မစိုးရိမ်ဆရာတော် ဝက်လက်ဦးတိဿ စုဆောင်းသည့် မဟာစည်ဆရာတော်ဘုရားကြီး၏ မဟာစည် ဝိနယဝိနိစ္ဆယသင်္ဂဟ၊ ၁၉၈၆ ခုနှစ်၊ ဒုတိယအကြိမ်။ (နှာ-၂၁၂)

✱ ဝိကာလဘောဇနသိက္ခာပဒ၊ ပါစိတ္တိယကဏ္ဍ၊ ပါစိတ္တိယပါဠိ၊ (နှာ-၁၁၄)

# ၁၁၅။ ဝနဝါသီတောပျော် ဆရာတော်ဘုရားကြီးသည် တောရဆောက်တည်တော်မူကြသည့် ရဟန်းတော်များကို ကောင်းကင်ကြယ်ကြည့်နည်း အနည်းငယ်ဖြစ်စေ သိစေချင်ပါသည်

ဝိနယဂရုက လဇ္ဇီပေသလ သိက္ခာကာမ ဖြစ်တော်မူသည့် ကျေးဇူးရှင် နဘူးကျင်း ဆရာတော်ဘုရားကြီးသည် မိုးကောင်းကင် ကြယ်များကို ဥတုရာသီသာသည့် ညဦးည၌နက် မိုးသောက်ကာလ အမြဲလက်မလွတ်တမ်း ကြည့်ရှုကာ မှတ်သားတော်မူလေ့ရှိပါသည်။ စာရေးသူအပါအဝင် အနီးနေ တပည့်သံဃာတော်များအား မိုးကောင်း ကင်ပြင်ကို လက်ညှိုးညွှန်ကာ ကောင်းကင်ကြယ်များ၏ အမည်၊ တည်နေရာ၊ ရွေ့လျားပုံကို ရှင်းပြတော်မူပါသည်။ ရံခါ မိမိကြည့်နေကျ ကြယ်စုအကြား ဂြိုဟ်များ ဝင်ရောက်လာတတ်ရာ-

"ဦးခေမာ၊ မောင်ရင့်ဆိုင်းထမ်းနားကို ကြယ်တစ်လုံး ရောက်နေတာ တစ်ပတ်လောက်ရှိနေပြီ အဲဒါ ကိုယ်တော်သတိပြုမိရဲ့လား?"

ရံခါ၌လည်း "ဖျောက်ဆိပ်က ပျောက်သွားပြန်တယ်၊ ခနသိဒ္ဓိ နက္ခတ်တော့ မကြာခင် မွန်းတည့်တော့မယ်ထင်တယ် ကိုယ်တော်၊ ပြီးခဲ့တဲ့လက သဘော်ကြယ် ညဦးပိုင်းမှာပဲ မွန်းတိမ်းသွားတယ် ကိုယ်တော် သတိထားမိသလား၊ အရဏ်တက်ခါနီး နေရဲ့ရှေ့က ကြယ်ပြောင်ပြောင်တစ်လုံးတွေ့နေတာ ငါးရက်လောက်ရှိနေပြီ၊ အဲဒါ ဘာကြယ်ဖြစ်မလဲ ကိုယ်တော်၊ မြောက်ဖက်က ဗျိုင်းကတော့ ခူဝံကို ပတ်နေလေရဲ့"

အာရညိကေန ဘိက္ခုဝေ ဘိက္ခုနာ (ပ) နက္ခတ္တပဒါနိ ဥဂ္ဂဟေတဗ္ဗာနိ သကလာနိ ဝါ ဧကဒေသာနိ ဝါ

ဒိသာကုသလေန ဘဝိတဗ္ဗံ၊ ဣဒံ ခေါ ဘိက္ခဝေ
အာရညိကာနံ ဘိက္ခူနံ ဝတ္တံ၊ ယထာ အာရညိကေဟိ
ဘိက္ခူဟိ သမ္မာ ဝတ္တိတဗ္ဗန္တိ။ (စူဠဝဂ္ဂပါဠိ-၃၈၅)

**ဘိက္ခဝေ၊ ရဟန်းတို့။ အာရညိကေန၊ လူသူမနီးသော တော၌ မွေ့လျော်ကာနေသော။ ဘိက္ခုနာ၊ ရဟန်းသည်။ သကလာနိ၊ အလုံးစုံကုန်သော။ နက္ခတ္တပဒါနိဝါ၊ နက္ခတ်တို့ကို လည်းကောင်း။ ဧကဒေသာနိ၊ တစ်စိတ်တစ်ဒေသဖြစ်ကုန်သော။ နက္ခတ္တပဒါနိဝါ၊ နက္ခတ်တို့ကိုလည်းကောင်း။ ဥဂ္ဂဟေတဗ္ဗာနိ၊ သင်ကြားအပ်ကုန်၏။ ဒိသာကုသလေန၊ အရပ်မျက်နှာ၌ လိမ္မာသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။**

နဘူးကျောင်းဆရာတော်ဘုရားကြီးသည် မြတ်ဘုရား၏ အာဏာ ဒေသနာတော် လာရှိသည့်အတိုင်း အလေးဂရုပြု စိတ်ဝင်တစား ရှု လွှန်းသည့် မိုးကောင်းကင်ကြယ်နှင့် အရုဏ်ချိန်ကို မိမိလည်း မျက်ခြေ ပြတ်၍ မဖြစ်တော့ပေ။ မျက်ခြေပြတ်သွားလျှင် ဆရာတော်ဘုရားကြီး စိတ်ဝင်စားနေသည့် မိုးကောင်းကင်ပြင်ကြီးနှင့် မိမိ ဝေးကွာ သွားပေ တော့မည်။

ဆရာတော်ဘုရားကြီးသည် ရုံခါကြယ်များဖြင့် တန်ဆာဆင် ထားသည့် မိုးကောင်းကင်အောက်၌ ထိုင်၍မိန့်တော်မူတတ်သကဲ့သို့ ရုံခါ၌မူ ကြယ်မမြင်ရသေးသည့် ညနေပိုင်းအချိန်၌လည်း မိန့်တော် မူလေ့ရှိပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီး မိန့်တော်မူလျှင် အချိန်မရွေး ပြန်လည်လျှောက်ထားနိုင်ရန် စာရေးသူသည် သဘာဝ မိုးကောင်းကင်ရှိ ကြယ်လနက္ခတ် တာရာနှင့်တကွ အရုဏ်တက်ချိန် ကိုပါ တပည့်ကောင်းပီသစွာ ကြိုတင် လေ့လာဖတ်ရှုရုံမက ပကတိ

မိုးကောင်းကင်ပြင်နှင့်လည်း ရင်းရင်းနှီးနှီး ရှိနေရန် လှံ့လကြိုးကုတ် အားထုတ်ထားရပေသည်။

"ကောင်းကင် ကြယ်တွေ ဂြိုဟ်တွေ သွားလမ်းကြောင်းကို သိနိုင်တဲ့ စာအုပ်များ မရှိဘူးလားကိုယ်တော်"

"ရှိပါတယ်ဘုရား၊ ကမ္ဘာကထုတ်တဲ့ ဇယားတွေလည်း ရှိပါတယ်၊ မြန်မာကလည်း တစ်နှစ်တစ်ခါ ထုတ်ပါသေးတယ်ဘုရား"

"စာအုပ်တွေ ဇယားတွေလက်ဝယ်ရှိထားရင် သိပ်ကောင်းတာပေါ့"

"မှန်ပါဘုရား တပည့်တော် စုဆောင်းပါ့မယ်ဘုရား"

"ပညာရှင်မဆန် လူပြိန်းတွေနားလည်အောင် ရေးသားထားတဲ့ ကောင်းကင်ကြယ်ကြည့်နည်း စာအုပ် မတွေ့ဖူးသေးဘူး၊ မြန်မာစာ တတ်ရင် ကြယ်ကြည့်နိုင်တဲ့ စာအုပ်တစ်အုပ်ရှိရင် တောနေရဟန်းတွေ ကောင်းကင်ကြယ် အနည်းငယ်ဖြစ်စေ ကြည့်ရှုတတ်ကြမယ်"

"တင်ပါ့ဘုရား"

"ကောင်းကင် ကြယ်တွေ ဂြိုဟ်တွေအပြင် နေသွားလမ်းကြောင်းလည်း ကိုယ်တော်တွက်နိုင်တယ် မဟုတ်ဘူးလား"

"တင်ပါ့ဘုရား၊ ပညာရှင်များရဲ့ကျမ်းများ ဇယားကားချပ်များရဲ့ အထောက်အကူ ယူခွင့်ရရင်တော့ မှန်ကန်တိကျတဲ့ အဖြေကို တွက်နိုင်လောက်ပါတယ်ဘုရား၊ အတော်အတန်ကိုလည်း လွန်ခဲ့တဲ့ ဆယ့်ငါးနှစ် လောက်ကတည်းက ဘုရားတပည့်တော် ဝါသနာအား လျော်စွာ မိုးကောင်းကင်ပုံတွေ ဆွဲထားပြီးသား ရှိပါတယ်ဘုရား"

"ဒါဆိုရင် ကိုယ်တော် စွမ်းနိုင်လောက်ပါတယ်၊ ကမ္ဘာသုံး ပြက္ခဒိန်အလိုက် တိကျတဲ့ အရုဏ်တက်ချိန်၊ နေထွက်ချိန်၊ နေဝင်ချိန်နှင့်

ကောင်းကင်ကြယ်ကြည့်နည်းကို ကြိုးစားကြည့်စမ်းပါ ကိုယ်တော်”

စာမူကြမ်းအဆင့် ပြီးစီးရန်ကိုပင် အချိန်ကာလနှစ်များစွာ ကြာသည့်တိုင် အချိန်ယူတိုင်းတာ တွက်ချက်ရုံမက မျက်မြင်သုတေသန အကြိမ်ကြိမ်ပြုပြီးနောက် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ လက်ဝယ်သို့ ဆက်ကပ်နိုင်ခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် မိမိနှစ်များစွာကြာ ကြိုးပမ်းကာ သုတေသနပြု ရေးသားခဲ့သည့် ကောင်းကင်ကြယ်နှင့် နေဝင်၊ နေထွက်၊ အရုဏ်တက်ချိန်ကို လွယ်လွယ်ကူကူ သဘောတူလက်ခံခဲ့ခြင်း မဟုတ်ပေ။ ဆရာတော်ဘုရားကြီးကိုယ်တိုင် အခါများစွာ မျက်မြင်တွေ့ရှိချက်ကို အရပ်ဒေသ တည်နေရာ ပြောင်းလဲမှတ်တမ်းတင် စိစစ်ကာ ကာလများစွာကြာမှ နှုတ်တော်မှ မှတ်ချက်စကားတစ်ခွန်း မိန့်ကြားတော်မူခဲ့ပါသည်။

“ဦးခေမာ တွက်ထားတဲ့ အရုဏ်တက်ချိန် နေဝင်ချိန်က အားကိုးလောက်ပါတယ်”

နဘူးကျောင်း ဆရာတော်ဘုရားကြီးသည် နေထွက် မွန်းတည့် အရုဏ်တက်ချိန်တို့ကို ရောက်လေရာရာ ဒေသတိုင်း၌ ပကတိ မိုးကောင်းကင်ကိုကြည့်ကာ မှတ်တမ်းတင်တော်မူလေ့ ရှိပါသည်။ ရံဖန်ရံခါ ကျန်းမာရေးအဆင်မပြေဘဲ ရှိနေလျှင်မူ ရဟန်းငယ် တစ်ပါးပါးအား ကိုင်နေကျ ခါးပိုက်ဆောင် Digital နာရီကို ပေးအပ်ကာ-

“နာရီ လွတ်မကျစေနဲ့၊ ခလုတ်တွေ မနှိပ်မိစေနဲ့၊ လက်ဖဝါးပေါ်ကို တင်ပြီး၊ မိနစ်၊ စက္ကန့်ထိ မှတ်သားလာခဲ့ပါ”

ဟု သေသေချာချာ ပြည့်ပြည့်စုံစုံ မှာကြားလေ့ ရှိပါသည်။ ဆရာတော်

ဘုရားကြီးသည် နေမွန်းတည့်အချိန်ကိုမူ ကိုယ်တိုင်စစ်ဆေးကာ မှတ်တမ်းတင်တော်မူလေ့ရှိပါသည်။ သီတင်းသုံးရာ ကျောင်း၏ အပြင်ဘက် အရပ်မျက်နှာအားဖြင့် နေသွားလမ်းကြောင်းနှင့် လိုက်လျောညီထွေမည့် တောင်ဘက်မျက်နှာတွင် သစ်သားတစ်ပြားပေါ်၌ စက်ဘီးစပုတ်တံ တစ်ချောင်းကို အင်္ဂလိပ်အက္ခရာ U သဏ္ဍာန်ကွေးကာ ဘောလုံးကွင်းရှိ ဂိုးတိုင်ပမာ သစ်ပြားပေါ် စိုက်ထားပါသည်။ နေမွန်းတည့်ချိန်၌ နေအရိပ်သည် စပုတ်တံ၏ အပေါ်တန်းနှင့် တန်းနေပေလိမ့်မည်။ ထိုမိနစ် စက္ကန့်အချိန်သည် မွန်းတည့်ချိန်ပင်ဖြစ်ကြောင်း မှတ်တမ်းတင်ထားတော်မူပါသည်။ ရမည်းသင်းမြို့နယ် နဘူးကျင်း တောရ၌မူ နေနာရီတစ်ခု ပြုလုပ်ထားရှိရပါသည်။

ဆွမ်းကို တစ်နေ့တစ်ကြိမ်သာ ဘုဉ်းပေးတော်မူလေ့ရှိပါသဖြင့် ဆွမ်းခံပြီးလျှင် အများအားဖြင့် ကျောင်းထဲ၌သာ ကျမ်းစာများ ရေးသားခြင်း၊ စာဖတ်ခြင်းဖြင့် သီတင်းသုံးတော်မူပါသည်၊ ရဟန်းတစ်ပါးပါးက အကြောင်းကြီးငယ် ကိစ္စရပ်များကို အရေးတကြီး လျှောက်ထားရန်ရှိလျှင်မူ အရုဏ်တက်ချိန်၌သော်လည်းကောင်း၊ နေမွန်းတည့်ချိန်၌သော်လည်းကောင်း၊ နေဝင်ချိန်၌သော်လည်း ကောင်း ဆရာတော်ဘုရားကြီး၏ ကျောင်းရှေ့ စောင့်ဆိုင်းနေမည်ဆိုလျှင် ဧကန်မုချ ဆရာတော်ဘုရားကြီးအား ဖူးမြင်လျှောက်ထားခွင့် ရတတ်ပေသည်။ စာရေးသူအနေဖြင့်လည်း ထိုအချိန်ကို အကြိမ်ကြိမ် ဖူးမြင်ကာ လျှောက်ထားရန်များကို လျှောက်ထားခွင့် ရခဲ့ဖူးပါသည်။ အနယ်နယ် အရပ်ရပ်မှ ရဟန်းတော်များ၏ ဝိနည်းဆိုင်ရာ ခဲရာခဲဆစ် မေးခွန်းတို့ကို မဆိုင်းမတွ စာပေကျမ်းဂန် အကိုးအကားဖြင့် မေး

လျှောက်သည့် ပုဂ္ဂိုလ်ရင်ထဲ ကျေနပ်သည့်အထိ အချိန်များစွာပေးကာ ဖြေကြားပေးတော်မူလေ့ရှိပါသည်။ ရံခါ ကိုရင်ငယ်လေးများ၏ မေးခွန်းကိုပင် စိတ်ပျော်ရွှင်စွာ ဖြေကြားပေးတော်မူကာ သင့်တော်သည့် ဩဝါဒစကားများ ပေးတော်မူမြဲဖြစ်ပါသည်။

သို့ပါသော်လည်း ဆရာတော်ဘုရားကြီးသည် လူပရိသတ်ကို တွေ့လိုသည့်ဆန္ဒ လိုလိုလား မရှိပေ၊ ဝါတွင်းကာလများတွင် ဆွမ်းစားချိန်မှအပ ကျောင်းဝင်းတံခါးကို ဝါဆိုလပြည့်နေ့မှသည် သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့တိုင် ပိတ်စေတော်မူပါသည်။ ရဟန်းသံဃာများ အကြောင်းအားလျော်စွာ ပရိဝါသ်၊ မာနတ်စသည့် သံဃာ့ကံဆောင်ရန်ရှိလျှင် ဝင်ထွက်ခွင့် ပြုတော်မူလေ့ရှိသော်လည်း လူပုဂ္ဂိုလ်များအတွက်မူ သီတင်းကျွတ်ပြီးမှသာ ကျောင်းဝင်းထဲ ဝင်ထွက်ခွင့် ရပါသည်။

ကျေးဇူးရှင် နဘူးကျင်းဆရာတော်ဘုရားကြီး တစ်သက်တာ တောပျော်နေတော်မူခဲ့သည့်အကြောင်းကို ကြားရသူအဖို့ပင် ကြည်ညို ပီတိ ရင်မှာအတိဖြစ်ကာ တောရဆောက်တည်လိုစိတ်များ တဖွါးဖွါး ပေါ်ပေါက်လာကြသည်ကို ကြားနေရပါသည်။ ယနေ့ဆရာတော်ဘုရားကြီး၏ ဥပနိဿယခံ တောနေရဟန်းတပည့်ကောင်းများ ပြည်တွင်း ပြည်ပ၌ များစွာရှိနေကြပါသည်။ လဇ္ဇီပေသလ သိက္ခာကာမ မဟာထေရ်မြတ်တစ်ပါး၏ သာသနာတော်၌ စွမ်းဆောင်ချက်သည် လောကကို မျက်ကွယ်ပြုကာ လွန်တော်မူသွားသည့် ကာလရှည် ကြာသည့်တိုင် နောင်လူသားများအဖို့ အတုယူ အားကျကြည်ညိုမဆုံး ဖြစ်ရပါပေသည်။

---

**ကျမ်းညွှန်း**

* ဝိနယပိဋက၊ စူဠဝဂ္ဂပါဠိ၊ ဝတ္တက္ခန္ဓက၊ အာရညိကဝတ္တကထာ၊ စာမျက်နှာ (၃၈၃)။

## စာမျက်နှာအညွှန်း


| စဉ် | ဘွဲ့တော်အမည် | စာမျက်နှာ |
|---|---|---|
| ၁ | မန်လည်ဆရာတော် | ၉၂၊၁၃၉ |
| ၂ | မင်းရွာဆရာတော် | ၁၈၇ |
| ၃ | ရွှေတောင်ဆရာတော် | ၉၅ |
| ၄ | ဂူဖြူတောရဆရာတော် | ၆၅၊၁၆၅ |
| ၅ | လယ်တီဆရာတော် | ၉၃၊၂၀၀၊၂၀၆ |
| ၆ | ကျေးဇူးရှင် နံ့မော်ဆရာတော်ဘုရားကြီး | ၁၄ |
| ၇ | နံ့မော်အရှင်သာရမဥ္ဇူဆရာတော် | ၅၅ |
| ၈ | ဗဟင်ရှင်မုနိန္ဒဃောသ ဆရာတော် | ၉၊၁၄ |
| ၉ | တူရွှင်းခြေဆရာတော် | ၇ |
| ၁၀ | အုတ်ဖိုဆရာတော် | ၄၀၊၅၅၊၁၃၂၊၁၃၃၊ ၁၉၅ |
| ၁၁ | မဟာဒွါရနိကာယ ဂဏာရက္ခိတ သိရီသောဘနထေရ် | ၅၉ |
| ၁၂ | ဆရာတော်ဦးဗုဓ် | ၁၄၆ |
| ၁၃ | ပထမရွှေကျင်ဆရာတော် | ၁၃၇၊၁၆၈၊၁၉၃ |
| ၁၄ | ဘုန်းတော်ကြီးဦးသီလ | ၈၀ |

## စာမျက်နှာအညွှန်း


| စဉ် | ဘွဲ့တော်အမည် | စာမျက်နှာ |
|---|---|---|
| ၁၅ | ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော် | ၁၄၀၊ ၁၅၉ |
| ၁၆ | နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော် | ၁၀၇ |
| ၁၇ | ဒသမရွှေကျင်သာသနာပိုင် မြောင်းမြဆရာတော် | ၁၊၁၅၊၁၉၊၃၀၊၃၉၊၆၇၊၆၉၊၉၈၊၁၀၆၊၁၄၂ |
| ၁၈ | ဒွါဒသမရွှေကျင်သာသနာပိုင် ရွှေဟင်္သာဆရာတော် | ၄၈၊၅၀၊၇၉၊၁၇၁ |
| ၁၉ | စတုတ္ထစံကျောင်းဆရာတော် | ၄၊၅၄၊၆၁၊၇၀၊၁၈၉၊၂၂၂၊၁၄၆ |
| ၂၀ | တောင်မြို့မဟာဂန္ဓာရုံဆရာတော် | ၃၁၊၇၁၊၁၃၁၊၁၈၄၊၂၀၄ |
| ၂၁ | မဟာစည်ဆရာတော် | ၆၊၄၂၊၄၆၊၆၂၊၂၂၈ |
| ၂၂ | သပြေကန်ဆရာတော် | ၁၇၊၁၀၁၊၁၇၁ |
| ၂၃ | မင်းကွန်းတိပိဋကဓရဆရာတော် | ၆၆၊၁၆၇၊၁၇၀၊၁၇၈၊၁၈၂၊၁၉၂၊၂၁၂၊၂၁၃ |
| ၂၄ | ရွှေဥမင်ဆရာတော် | ၇၂၊၈၂၊၉၀၊၁၀၈၊၁၂၃၊၁၂၅၊၁၅၀၊၁၇၄၊၁၇၆၊၁၇၉၊၂၂၄၊၂၂၆ |

## စာမျက်နှာအညွှန်း


| စဉ် | ဘွဲ့တော်အမည် | စာမျက်နှာ |
|---|---|---|
| ၂၅ | ပန်းကုံးဆရာတော် | ၃၆၊၇၈၊၉၇၊၁၀၃၊၁၁၈၊ ၁၂၂၊၁၂၈၊၂၂၁ |
| ၂၆ | နဘူးကျင်းဆရာတော် | ၂၂၊၈၇၊၁၁၉၊၁၅၄၊ ၁၅၅၊၁၅၇၊၁၆၀၊၁၆၁၊ ၂၀၂၊၂၀၇၊၂၁၆၊၂၃၀ |
| ၂၇ | ဗာရာဏသီဆရာတော် | ၂၇၊၃၄၊၁၂၀၊၁၄၅ |
| ၂၈ | ညောင်လေးပင်တောရတိုက် ဆရာတော်အရှင်အရိယမထေရ် | ၁၂ |
| ၂၉ | ဓမ္မဒူတဆရာတော် | ၁၅၄ |
| ၃၀ | ကျေးဖူးရှင်မကွေးဆရာတော် | ၂၁၈ |
| ၃၁ | လဇ္ဇီပေလသလ သိက္ခာကာမ မထေရ်မြတ်ကြီးများ | ၅၊၂၆၊၃၇၊၁၄၇၊၁၉၇၊ ၁၉၉၊၂၁၅ |

# ကိုးကားမှီငြမ်းပြုသည့်ကျမ်းများ

၁။ ပါရာဇိကပါဠိ၊ အဋ္ဌကထာ

၂။ ပါစိတ္တိယပါဠိ၊ အဋ္ဌကထာ

၃။ မဟာဝဂ္ဂပါဠိ

၄။ စူဠဝဂ္ဂပါဠိ၊ အဋ္ဌကထာ

၅။ အင်္ဂုတ္တရပါဠိ၊ အဋ္ဌကထာ

၆။ ကင်္ခါဝိတရဏီ အဋ္ဌကထာ

၇။ ဝိနယသင်္ဂဟ အဋ္ဌကထာ

၈။ ဝိမတိဝိနောဒနီဋီကာ

၉။ ခုဒ္ဒသိက္ခာ

၁၀။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အတွဲ(၁)

၁၁။ မဟာဒွါရနိကာယ ဂဏရက္ခိတ သိရီသောဘနထေရ်၏ မဟာဒွါရနိကာယ သာသနဝံသဒီပနီ

၁၂။ တတိယနံမော်ဆရာတော်ဘုရားကြီး အရှင်ဝိနန္ဒာသဘ၏ သီလဝိသောဓနီကျမ်း

၁၃။ အဘိဓဇ မဟာရဋ္ဌဂုရု၊ ရွှေကျင်နိကာယ ဓမ္မသေနာပတိ သမ္မုတိသံဃရာဇာသာသနာပိုင် ဝိသုဒ္ဓါရုံသက်တော်ရှည် ဆရာတော်ကြီး စံကင်းဆရာတော်ကြီး၏ ဩဝါဒဓမ္မကထာ

၁၄။ ဥူးမာနိတသိရီဘိဝံသ၊ ဥူးနန္ဒမာလာဘိဝံသတို့ ပြုစုသည့် စံကင်းဆရာတော်

၁၅။ မစိုးရိမ်ဆရာတော် ဝက်လက်ဦးတိဿ စုဆောင်းသည့် မဟာစည်ဆရာတော်ဘုရားကြီး၏ မဟာစည်ဝိနယဝိနိစ္ဆယသင်္ဂဟ

၁၆။ မဟာစည်ဆရာတော်ဘုရားကြီး၏ တုဝဋ္ဋကသုတ်တရားတော်

၁၇။ ပန်းကုံးဆရာတော် အရှင်ကုမာရ၏ ဝိသုဒ္ဓါရုံ မြောင်းမြဆရာတော်နှင့် ဗုဒ္ဓမြတ်စွာသာသနာ

၁၈။ ပန်းကုံးဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်၏ သာသနာပြုလမ်းညွှန် သြဝါဒဓမ္မကထာ

၁၉။ ဦးအောင်မွန်(မြတ်ဆုမွန်)၏ ကျောင်းကန်အနီးမှ အဖိုးတန်ပုံဝတ္ထုများ

၂၀။ ဦးအောင်မွန်(မြတ်ဆုမွန်)၏ လယ်တီဆရာတော်ကြီး၏ ဘဝဖြစ်စဉ်

၂၁။ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ

၂၂။ သာမဏေကျော်၏ မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် ဝိနည်း

၂၃။ သာမဏေကျော်၏ မဟာစည်ဆရာတော်ဘုရားကြီး၏ ထူးခြားသော အတွေးအမြင်များ

၂၄။ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ရွှေကျင်နိကာယသာသနာဝင်

၂၅။ အရှင်နန္ဒမာလာဘိဝံသ၏ ရွှေဟသ်ာဆရာတော်
ဘဝနှင့်စာပေ အထွေထွေ

၂၆။ ရွှေဟသ်ာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက် ရာပြည့်မော်
ကွန်းတင်စာစောင်မှ ဦးနု(ဓမ္မာစရိယ)၏ ကောင်းရာတု၍
ကောင်းမှုမြတ်နိုး

၂၇။ သပြေကန်ထေရ ရာပြည့်ဂုဏပူဇာ

၂၈။ သပြေနွယ်၏ သာရိပုတ္တရာအလား ဒို့ဆရာတော်ဘုရား
သပြေကန်ထေရ ရာပြည့်ဂုဏပူဇာ

၂၉။ စတုတ္ထစံကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ ဘဝနှင့်သာသနာ၊
တပည့်များ စုပေါင်းပူဇော်သည်

၃၀။ ကျေးဇူးရှင် ဗာရာဏသီဆရာတော်ဘုရားကြီး၏
နှစ်တစ်ရာပြည့် အထိမ်းအမှတ်စာစောင်

၃၁။ ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
သက်တော် (၁၀၀)ပြည့် အထိမ်းအမှတ်စာစောင် (၂၀၁၁-ခုနှစ်)မှ
မေခေ့ယဉ်ပျံ့ မော်ကွန်းကျောင်းသားဟောင်း၏ စပ်မိစပ်ရာ

၃၂။ အုတ်ဖိုဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ၏ ရွှေဥမင်ဆရာတော်
ဘုရားကြီး၏ ကြည်ညိုဖွယ်ရာ ဘဝပုံရိပ် တစ်စိတ်တစ်ဒေသ

၃၃။ သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစက အရှည်ဝါသီ
နဘူးကျင်းဆရာတော်ဘုရားကြီးမှ မြစ်သားဦးကောသလ္လသို့
အဖြေကျမ်းစာအုပ်

၃၄။ သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစက အရညဝါသီ နဘူးကျောင်းဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း တောင်တွင်းအရှင်စန္ဒိမာ၏ မေးခွန်း

၃၅။ သာသနဓဇသိရီပဝရ၊ ဓမ္မာစရိယ၊ ဂဏဝါစက အရညဝါသီ နဘူးကျောင်း ဆရာတော်ဘုရားကြီး၏ ပုစ္ဆာအဖြေကျမ်း မြစ်သား ဦးကောသလ္လ၏ အမေးပုစ္ဆာ

၃၆။ ဓမ္မဒူတဆရာတော်ဘုရားကြီး၏ အဆုံးအမများစာအုပ်

၃၇။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မကွေးမြို့ မဟာဝိသုတာရာမတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဘိဓဇမဟာရဋ္ဌဂုရု၏ ဘဝဖြစ်တော်စဉ်နှင့် သာသနာတော်ရေးရာ ဆောင်ရွက်ချက်များ

၃၈။ ဦးဝေပုလ္လ (အဂ္ဂမဟာပဏ္ဍိတ)၏ မြင်းခြံကိုးဆောင်မူ မဟာပရိတ်ကြီး နိဿယသစ်

၃၉။ ဓမ္မာစရိယ ဦးဌေးလှိုင်၏ မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ

၄၀။ မေတ္တာရှင် (ရွှေပြည်သာ)၏ ဆရာကောင်းကို ရှာဖွေခြင်း

၄၁။ မောင်သုတ၏ သုတဗုဒ္ဓဝင်